
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၂၂၂၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၃၀၀၀၄၁၂
အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဖွန်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/-
ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၁၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ရာဇဝင်သစ်၏ ဒုတိယရင်အုံ/သျှင်မ၊ –ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၂။
၂၄၈ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ရာဇဝင်သစ်၏ ဒုတိယရင်အုံ



## အခန်း (၁)

"ဟာ!... မဖြစ်နိုင်တာကို ..."

လက်ညှိုးထိုးပြလိုက်တာတွေကို မြင်ကတည်းက ခေါင်းခါပြီးသား ဖြစ်သွား၏။ ဘေးမှာ သာယာ က ပြုံးစိစိနဲ့ကြည့်နေသည်။

ဒီလိုပဲ ဘာဖြစ်ဖြစ် မကိုင်ရ ခိုင်းလိုက်တိုင်း ခေတ်ဦး ခေါင်းခါ၊ လက်ခါနဲ့၊ ပြီးတော့လည်း ပြီးရတာပါပဲ။

"ခေတ်ဦး .. နင် ပြိုင်မှာလား၊ မပြိုင်ဘူးလား"

"ဟ .. ပြိုင်စရာလား၊ မုန့်စားတိုင်း ပြိုင်တဲ့နည်းတွေ ရှိနေပြီ၊ ကလေးကလား .. ဂိမ်းဝင်ဆော့မယ်"

"လုံးဝမဆော့ဘူး.. ပညာတွေသုံးရမှာ၊ လုံးဝမဆော့ဘူး.. ဦးနှောက်ကို အနားပေးထားတဲ့အချိန်မှာ ကစားဖို့အတွက်နဲ့ ခိုင်းစရာလား"

တကယ်ကျတော့ ဂိမ်းကစားတိုင်း ခေတ်ဦး ကို သူမ ဘယ်တုန်းကမှ မနိုင်သောကြောင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ နင့်ဟာတွေကို ငါမှမကြိုက် .."

"ဘာ!..."

"မုန့်တွေကို ပြောတာ .."

စားပွဲပေါ်မှာ ဟမ်ဘာဂါသုံးခုစီ တစ်ပွဲစီ ပြင်ထားသည်။ စိုစိုညိုဟောက်ဟောက်နှင့် စိမ်းဆော်နံနေတာက မကြိုက်လို့လား မသိ။ ဟမ်ဘာဂါကို သူ ဘယ်လိုမှ စားမရခဲ့ပေ။ ပြီးတော့ ကိုလာတစ်လုံးစီတဲ့ ကိုလာကို သူ မကြိုက်ပေ။ ဘယ်လိုအနံ့ကြီးမှန်း မသိဘူးလို့ ပြောတိုင်း မကိုင်ရှ က ရယ်ခဲ့၏။ ပြောတာ ရှိသေးသည်။

"ခေတ်ဦး .. နင်ဟာလေ .. မိန်းကလေးထက် ဆိုးတယ် သိလား အိမ်မှာဇီဇာကြောင်တာက လူမသိဘူး၊ ကျောင်းမှာ လာကြောင်လို့က တော့ နင် ငါလုပ်တာနဲ့ပဲ ရည်းစားထားခွင့်လေးတောင် ရမှာမဟုတ်ဘူး" တဲ့ ...။

မကိုင်ရှ တို့က အပြောနဲ့အလုပ် တကယ်ညီပါသည်။ တော်ရုံကိစ္စဆို ဘာဖြစ်ဖြစ် သူမကြောင့် ဖုံးလို့ဖိလို့မရ ...။

ပုပုရွရွ၊ သေးသေးမွှားမွှား ဘာကောင်မဆို အကုန်ကြောက်တတ်သော သူ့ကို ဖားပျံကလေးတွေကောက်လာပြီး ကုပ်ပိုးအကျီစထဲနေ ထည့်လို ထည့် ...၊

တစ်ခါ ဘယ်သူ့အိတ်ထဲကပါပြီး ကန်တင်းကျမှ ထွက်ဖို့သတိရ ပုံပေါ်သော ပိုးဟပ်က စားပွဲစွန်းကနေ သူ့ရင်ဘတ်ကို ပြေးကပ်၏။

"ဟာ!... ဟ .. လုပ်ပါဦး .."

မကိုင်ရှ ရှေ့မှာမှ အလန့်တကြားထခုန်တော့ ဘာမှန်းညာမှန်းမသိ လိုက်ဘဲ ပြီးသွားရမည့်ကိစ္စက မပြီးတော့ဘဲ ...



BURMESE CLASSIC .com



"ပိုးဟပ်လေးများဟယ် .."

ဆိုပြီး မြေပြင်ပေါ်ကျသွားပြီးသည့်ပိုးဟပ်ကို ပြန်ဖမ်းပြီး လွယ်အိတ်ထဲ ပြန်ထည့်၏။

"ဟာ!... မလုပ်နဲ့လေ၊ ဘာလုပ်တာလဲ .. မကိုင်ရှ နော် .."

သူက ထွက်ပြေး၊ မကိုင်ရှ က လိုက်နှင့် စားပွဲတွေကို ပတ်ပြေးရင်း...

"ပိုးဟပ်ကိုများ အသေကြောက်တယ်၊ ကြည့်ထားကြ .. အဲဒီ ပုဂ္ဂိုလ်ကြီးကို .."

မကိုင်ရှ က လိုက်လည်း လိုက်၊ အော်လည်း ပြော ...၊ ဖားဆိုလည်း ဖားမို့လို့ သူ ရှုံတတ်မှန်းသိလျှက်နှင့် လက်ဝါးထဲ မရောက်ရောက်အောင် ဉာဏ်နီဉာဏ်နက်တွေဆင်ပြီး ထည့်ပေးတတ်၏။

ကြောက်ဖို့ကို ဘယ်လိုမှဟန်ဆောင်လို့မရသော သူ့မှာလည်း ခဏခဏပဲ အရှက်တွေကွဲ ...၊ ထို့ကြောင့် သာယာ ကလည်း မကိုင်ရှ ကွယ်ရာမှာ သူ့ကို ပြောဖူး၏။

"မင်းကွာ .. ဟိုကလည်း အစကသန်သန်၊ မင်းကလည်း လွန်ပါတယ်၊ ယောကျ်ားပဲကွ .. ကြောက်လည်း နည်းနည်းပါးပါး ဟန်ဆောင်ဦးမှပေါ့"

"ဟာ!... ရှုံစရာကြီးကို ဘယ်လိုလုပ် ဟန်ဆောင်နေမလဲ၊ ဖားကို ကြည့်ဦး .. အေးစက်စက် ပျော့စိစိနဲ့၊ ဘယ်လောက် မသတီစရာကောင်းလဲ၊ အဲဒီသရဲမလေး ဒါတွေကိုင်ဖို့ သိပ်ဝါသနာပါတယ်"

"ဟုတ်တယ် .. သရဲမလေးပဲ၊ ဒါပေမယ့် မင်း ဒေါသတွေဖြစ်ရင်း နဲ့ပဲ မုန်းလို့တော့ မရဘူးမို့လား"

"မင်းရော .. မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်သုံးခုနဲ့ အအေးတစ်ပုလင်းကို သေဆေးကျွေးတာကျနေတာပဲ"

"ဟ .. ငါမှမကြိုက်တာ၊ နင် ငါမကြိုက်တာတွေ သက်သက်မှာပြီးတော့ .."

"သက်သက်မှာတယ်လို့တော့ မပြောနဲ့၊ ဟိုမှာ ဆိုင်ထဲ နင် ဝင်မေးကြည့်ပါလား၊ ခေါက်ဆွဲကြော်၊ အသုပ် ဘာမှမရှိတော့ဘူး၊ ငါတို့တွေ ဘာမှမ မစားရသေးတာ၊ စကားတွေ ရှည်နေလိုက်ရတာဟာ ..၊ ရော့.. စား .."

ခေတ်ဦး ပါးစပ်ပြင်လိုက်တာနဲ့ သာယာ က ပန်းကန်ကို ထပ်ဆွဲ၍ ပိုတိုးပေးကာ ...

"အဲဒါနဲ့ ဘာမှလည်း မစားလိုက်ရဘဲ အခန်းပြန်ဝင်ရတော့မယ်၊ စားလိုက်ကွာ ..၊ ကဲ .. အချိန်သတ်မှတ်၊ နိုင်ရင် ဘာလဲ .. ရှုံးရင် ဘာလဲ"

"ဟဲ .. ဟဲ .."

မကိုင်ရှ က လက်ဝါးလေးနှစ်ဖက် ပွတ်ပြီး ခါးမတ်မတ်ပြင်သည်။ သိသားပဲ ..၊ ခေတ်ဦး ဘယ်လိုမှ နေလို့မရဘူးဆိုတာ ..။

ဘာပဲဖြစ်ဖြစ် သတိတော့ထားရမည်။ ပိုးကောင်၊ မွှားကောင် ကြောက်တတ်တာကလွဲလျှင် ခေတ်ဦး က စာတော်သည်။ မလုပ်ဘူးဆို အရှင်း .. လုပ်ပြီဆို ဘာဖြစ်ဖြစ် ထိပ်ဆုံးရောက်ချင်တဲ့သူ ..။ ပြိုင်ပြီဆို နိုင်ချင်တဲ့လူမျိုး ..။

"ဝမ်း တူး သရီး စရေမယ်၊ စားချိန်က တစ်မိနစ်၊ နှစ်မျိုးစလုံး အများဆုံးကုန်တဲ့လူက အနိုင် .."

"နိုင်တော့ ဘာရမှာလဲ"

ခေတ်ဦး က မကြည်မလင်နှင့် မေးသည်။ မကိုင်ရှ က မျက်လုံး





ညီအစ်ကိုနှစ်ယောက်လုံး မကိုင်ရှ ရဲ့ ရုပ်သေးရုပ်တွေလိုပါပဲ။ နာမည်ကိုက နိမိတ်ပြေးနေတာဖြစ်မည်။ မိဘတွေကလည်း အဖေချင်းရော၊ အမေချင်းရော သူငယ်ချင်းတွေဖြစ်သည့်အဖြစ်က မကိုင်ရှ နဲ့ သူတို့ အမြွှာညီအစ်ကိုက တစ်လတည်း၊ တစ်ရက်တည်း အတူတူမွေးခဲ့ကြသည့် ဖွားဖက်တော်တွေ ဖြစ်သည်။

ခေတ်ဦး တို့ ညီအစ်ကိုက မနက်ပိုင်းမှာ မွေးကြ၏။ မကိုင်ရှ ကို မွန်းတည့်ဆယ့်နှစ်နာရီကျမှ မွေးသည်။ ချစ်လိုက်ကြသည့် သူငယ်ချင်းတွေ ..၊ ကိုယ်ဝန်တွေအပ်ကြမှ ပြန်ဆုံကြပေမယ့် မွေးတော့လည်း တစ်နေ့တည်းအတူတူ ဖြစ်နေပြန်သည်။

မွေးဖွားပြီးတာနဲ့ ခေတ်ဦး တို့ကပဲ ခြံချင်းနီးအောင် ပြောင်းလာခဲ့ကြသည်တဲ့။ တကယ်ဆို မေမေတို့ကိုက သားချည်းပဲမွေးလို့ဆိုပြီး မကိုင်ရှ ကိုပဲ သွားခေါ် ချီပိုးနေခဲ့ကြတာ ..၊ ဒါကြောင့် ဒီကလေးမ အိမ်နှစ်အိမ်ကို ခွဆိုးနေတာဖြစ်မည်။ ငယ်ငယ်ကတည်းက ဒါဆိုဒါ .. မေမေတို့ကိုယ်တိုင်က ...

"သားရယ် .. ကိုယ့်ညီမလေးပဲ .. လိုချင်တာပေးလိုက်ပါ၊ သားတို့က အကြီးလေ၊ ညီမလေးကို အလိုလိုက်ရမယ်"

ဆိုတာမျိုးတွေ ..၊ ခုတော့ အလိုလိုက်ရလွန်းလို့ ကိုယ့်ရင်ထဲမှာ ကိုယ့်အလိုနဲ့ ကိုယ့်ဆန္ဒ ရှိသေးရဲ့လားတောင် မသိ။ မျက်ခုံးထူထူနှစ်ဖက်ကို တွန့်ကုပ်ထားရင်း အလိုမကျတာကို သိသာအောင် ပြနေသည်။ မကိုင်ရှ က ဂရုမစိုက် ..။

"ဟမ်ဘာဂါ သုံးခုများ .. မိန်းကလေးတွေတောင် ကုန်တယ်"

ဟု မုန့်ပွဲကို သူ့ရှေ့ ထပ်တိုးပေးရင်း ပြန်စ၏။



www.burmeseclassic.com

www.burmeseclassic.com



လေးပြူး၍ တမင်စိုက်ကြည့်ကာ ...

"အင်း .. နိုင်ရင် ..၊ နိုင်တဲ့လူကို ရှုံးတဲ့လူက 'ကြိုက်တာ ခိုင်းနိုင်ပါတယ်'လို့ ပြောကြေး .."

"ဘာ!..."

သာယာ ကတော့ ဘာမှဝင်မပြောတော့ပါ။ သူ့အတွက် ဟမ်ဘာဂါနဲ့ ကော်ဖီကိုပဲ အေးအေးဆေးဆေး စားနေလိုက်၏။ ဘာဖြစ်ဖြစ် ဘာပြိုင်ပြိုင် သူက ဒိုင်လူကြီး လုပ်နေကျ ..၊

"နေပါဦး .. ကြိုက်တာခိုင်းပါလို့ ပြောရုံပဲလား၊ ခိုင်းတာကို ထပ်လုပ်ဖို့ရော ပါသေးလား"

"အိုး .. ပါတာပေါ့၊ ရှုံးတဲ့လူကို နိုင်တဲ့လူက ကြိုက်တာ တစ်ခုခု ခိုင်းလို့ရတယ်"

"ဟာ!... အဓိပ္ပာယ်မရှိတာ .."

"လောင်းကြေးလေ .. ဘာဖြစ်ဖြစ်ပေါ့၊ နင်က ဘာဖြစ်လို့ ပူနေရတာလဲ၊ ခပြိုင်ရသေးဘူး .. ရှုံးမှာကို ကြိုသိနေသလိုပဲ"

ပြောလို့ရမလား ..၊ အသံမထွက်သော်လည်း မျက်လုံးဖြင့်ပို့သည့် e-mail က ပိုမြန်သည်။

မကိုင်ရှ ကလည်း သိသည်။ ခေတ်ဦး ကိုများ မကိုင်ရှ ဘယ်တုန်းက ရှုံးဖူးလို့လဲ ..၊ နိုင်ဖို့ ရှုံးဖို့ အကြိတ်အနယ် ဘယ်လိုပဲ ကြိုးစားကြိုးစား မကိုင်ရှ မှာ နိုင်ဖို့နည်းတွေက များမှများ ..။

"ကဲ .. အဆင်သင့်ပြင် .."

"နေဦးလေ ..၊ နင့်လောင်းကြေးကို ငါမှ သဘောမတူတာ၊ ပြိုင်ပွဲဆိုတာ နိုင်မယ်လို့ပဲ သတ်မှတ်လို့ရတာမှ မဟုတ်ဘဲ၊ တော်ကြာ ငါရှုံးသွားရင် နင် ပေါက်ကရတွေ လျှောက်လုပ်ခိုင်းမှာ .."





"ငါ ရှုံးသွားရင်လည်း နင်ခိုင်းတာ လုပ်ရမှာပဲလေ၊ ငါတောင် လောင်းရဲသေးတာ၊ နင် ယောက်ျားမဟုတ်ဘူးလား"

လုပ်ပြီ ..၊ ခေတ်ဦး မျက်စောင်းကြီးရှယ်တော့ သာယာ က ပြုံးနေသည်။

"စပြီနော် .. ဝမ်း .. တူး .. သရီး ..."

"ဟ!..."

စပစ်လိုက်တာ ဖွတ်ကြီး ..၊ သရီး ဆိုတာနဲ့ မကိုင်ရှ က ဓားလေးနဲ့ ခက်ရင်းကို ကိုင်ပြီးသား ဖြစ်သွား၏။ သူ့မှာ ပုလင်းကိုင်ရမလို၊ ခက်ရင်း ကိုင်ရမလိုနှင့် ဒေါသလည်းဖြစ်၊ ဖြစ်ချိန်လည်းမရတော့ဘဲ ပျာယာခတ်သွား၏။

"ဘာလုပ်နေတာလဲကွ .. ဟိုမှာ ဝါးနေပြီ"

ဒါကျတော့ အစ်ကိုဖြစ်သူ ဒုက္ခရောက်မှာ စိုးရှာသည်။ ခေတ်ဦး ကို သာယာ က သတိပေး၏။ သူ ဓားနဲ့ခက်ရင်းကိုကိုင်ကာ ဟမ်ဘာဂါကို ဖဲ့ယူသည်။ ပါလာသမျှ ပါးစပ်ထဲ မဆန့်မပြဲ ထိုးထည့်၏။

နှစ်ခုကုန်တော့မှ အအေးသောက်ဖို့ကို သတိရသည်။ နှစ်ခုစလုံး မျိုချရမည့်အဖြစ်မို့ ပုလင်းကိုဆွဲလိုက်ရင်းကြည့်တော့ မကိုင်ရှ ပုလင်းက တစ်ဝက်လျော့နေပြီ။ သူ မျက်လုံးပြူးသွား၏။

ဟာ .. နောက်ဆုံးတစ်ခု၊ မကိုင်ရှ က ဟမ်ဘာဂါကို လက်နှင့် ဒီတိုင်းကိုင်၍ ပါးစပ်ထဲထည့်သည်။ သူ တစ်ချက်ကြောင်သွားပြန်ပြီ။

အစားအသောက်ကို လွန်စွာ သပ်ရပ် သန့်ပြန့်စွာ စားတတ်သော ခေတ်ဦး ဟာ ငယ်ငယ်ကတည်းက ခုချိန်ထိ ထမင်းကို လက်နဲ့ တစ်ခါ



www.burmeseclassic.com

မှ မစားခဲ့ဖူးပေ။ မေမေ အကျင့်လုပ်ပေးထားသဖြင့် ရင်ဘတ်မှာ ပဝါလေးတစ်ထည်ခံ၍ ပေါင်ပေါ်မှာလည်း ပဝါတစ်ထည်၊ တစ်ထည်က ပန်းကန်ဘေးမှာ ..၊ ထမင်းကို နှစ်ဇွန်းသုံးဇွန်းလောက် ပါးစပ်ထဲထည့်ပြီးတိုင်း မပေဘဲလည်း သုတ်ပစ်တတ်သည့်အကျင့်ကြောင့် ..၊

ဘယ်လိုလုပ်ရမှန်း မသိတာက စက္ကန့်တွေကြာသွားပြန်သည်။ မထူးစိတ်ပိုက်၍ ပျော့စိစိ ဟမ်ဘာဂါကို လက်နဲ့ကိုင်ဖို့ အားတင်းလိုက်နိုင်သည့်အချိန်မှာ မကိုဋ္ဌ က ပါးစပ်ထဲ ထိုးသိပ်ထည့်နေပြီ။ နှုတ်ခမ်းလေးတွေလှလှနှင့် ဒါတွေအကုန်ဝင်အောင် ထိုးသိပ်ထည့်ဖို့များ ဘယ်လိုလုပ်ပစ်လိုက်သည် မသိ ..။

စိတ်က ယောက်ယက်ခတ်သွားကာ ဟမ်ဘာဂါကို ကိုင်ထားလိုက်ပြီးမှ ဘယ်လိုမှမနိုင်တော့ဘူးဆိုတာကို သိလိုက်ပြီး အရှုံးလည်း မပေးနိုင် ..။

ဘာဖြစ်လဲ ..၊ ရှုံးရှုံးနိုင်နိုင် ဒူးမထောက် လက်မမြှောက်၊ သူ ဒီတိုင်းကိုင်၍ ပါးစပ်ထဲ သူမလိုပဲ ထိုးသိပ်သွင်းလိုက်သည်။ ပြီးတော့ အအေးပုလင်းကို ကိုင်လိုက်တာနဲ့ ...

"အား .. ဗိုက်ကို အီဝသွားတာပဲ၊ ဒီတစ်ခါ နိုင်ရတာ ကောင်းလိုက်တာ .."

တစ်သျှူးကိုဆွဲယူရင်း ကြွေးကြော်သံက နားထဲမှာ ထူပူသွား၏။ မကြိုက်မနှစ်သက်တာကို မျိုချနေရင်း ရှုံးပြီဆိုတာလည်း အတိအလင်း သိလိုက်ရတော့ ပုလင်းကို ဆောင့်ချလိုက်၏။

"အဲဒါ နင် လုလည်လုပ်တာ .."

"ဘာလဲ .."





ချက်ချင်း စကားပြောလို့မရသဖြင့် ပါးစပ်ထဲကဟာတွေကို သွားထွေးပစ်ရသေးသည်။ ထိုအခါကျမှ သူတို့အဖြစ်ကို ဘေးစားပွဲတွေ စိတ်ဝင်တစားကြည့်နေကြမှန်း သူ သိလိုက်ရ၏။

အားလုံးသည် သိသာစွာ ခိုးခိုးခစ်ခစ် ရယ်နေကြ၏။ ခေတ်ဦး မျက်နှာခနီနီနှင့် ခုံမှာ ပြန်ထိုင်လိုက်ကာ ...

"ဟမ်ဘာဂါကို လက်နဲ့ ဘာဖြစ်လို့ကိုင်တာလဲ၊ သူ့ပစ္စည်း သူ့ထုံးစံစားပါလား"

ခေတ်ဦး က မျက်နှာရှေ့တိုးပြီး ခပ်ကျိတ်ကျိတ်ပြောသော်လည်း...

"ဩော် .. ဖြစ်မှဖြစ်ရလေ၊ မုန့်စားတာများ ပါးစပ်ထဲရောက်ဖို့ကို ဘယ်လိုထည့်ထည့်ပေါ့ .. ငါက စည်းကမ်းစနစ်တွေ ထည့်ရှုဦးမှာလား၊ ပြိုင်ပါတယ်ဆိုမှ ဒါကုန်မှ နိုင်မှာ၊ ကုန်ရင်ပြီးရော .. နင်လည်း နိုင်ချင်ရင် ကုန်အောင်စားလေ၊ ကိုယ့်ဟာကိုယ် စားတာသောက်တာလေးကို ကညာစစ်နေပြီးတော့ .."

အော်ကြီးဟစ်ကျယ် ထပြောချလိုက်တာ ..၊ သွားပြီ ..။

"နင် .."

"ဘာဖြစ်လဲ .. ဘာဖြစ်တာလဲ၊ ရှုံးပြီမို့လား .. ဝန်ခံလိုက်"

ခေတ်ဦး က ဘေးကိုဝေ့ဝဲကြည့်ရင်း မတ်နေသည့်ခါးက လျော့ကျသွား၏။

"ကဲ .. ဟုတ်ပါပြီ၊ ငါက ဒိုင်လူကြီး၊ ခေတ်ဦး ရှုံးသွားတာ မှန်တယ်၊ မင်းက ဝန်ခံလိုက် .."

ခေတ်ဦး က ဘာမှမပြောဘဲ ပါးစပ်ပြင်လိုက်၊ ပြန်မျိုချလိုက် ..။

"ခေတ်ဦး .. ပြောလေ၊ နင် ရှုံးပြီဆိုတာ .."

www.burmeseclassic.com



စိတ်ကတိုနေပါတယ်ဆိုမှ မယ်မင်းကြီးမက ဂျပန်ဝက်အူထက် ဆိုးနေ၏။

"သာယာ ပြောနေပြီဥစ္စာ ..၊ တော်တော် ကြားချင်နေလား"

"ကြားချင်တာပေါ့၊ စီရင်ချက်ချတာတောင် တရားခံက ဝန်မခံရင် ချလို့မရဘူး .. သိရဲ့လား"

"ကဲပါ .. ဟုတ်ပါပြီ၊ ဝန်ခံပါပြီ .. ခင်ဗျားလေးကို၊ ပြော .. နိုင်းချင်တာသာ နိုင်းပေတော့ .."

"ဒီလိုပဲ ဖြစ်ရမယ်"

မကိုင်း က ပါးရိုးနှစ်ဖက်ပေါ်အထိ နှောင့်ယှက်ချင်နေသည့်ဆံပင်ရှည်တွေကို နားရွက်တစ်ဖက်စီမှာ ညှပ်ပစ်လိုက်ပြီး ရယ်သည်။ မျက်လုံးတွေကို ဟိုဒီအရှေ့မှာ ကဲန်တင်းကိုလာနေသော ဆရာမ မြမြတ်ခြယ်ကို မြင်လိုက်၏။

"ပြောလေဟာ .. နင်ကလဲ၊ အချိန်မရှိတော့ဘူး"

သာယာ က ထပ်ပြီး သတိပေး၏။

"ပြောမယ် .."

မကိုင်း က ခေါင်းညိတ်ပြီး ခါးလေးမတ်ကာ စားပွဲစွန်းမှာ ကပ်လိုက်၏။ စူပုပ်ပုပ် ခေတ်ဦး မျက်နှာကို အနီးကပ် သေချာစိုက်ကြည့်ပြီးမှ ...

"ဟိုးမှာ .. တွေ့လား"

ဘာလဲဆိုသော ရှာဖွေခြင်းဖြင့် ခေတ်ဦး က လိုက်ကြည့်၏။ ခေါင်းတော့ကြီးနေပြီ ဖြစ်သည်။ မကိုင်း တို့ နှိပ်စက်ပြီဆို မညှာမတာ။

"တွေ့လား .. ခေတ်ဦး"





"ဘာလဲ .."

"ရော့ .."

ဘာလဲဆိုတာကို မဖြေဘဲ မကိုင်း က အပြာရောင်ပို့စကဒ်လေး တစ်ခု ထုတ်ယူလိုက်ကာ ...

"ဟင်!..."

သုံးယောက်လုံးကို ခေတ်ဦး သိသည်။ ဘယ်သူ့ကို လက်ညှိုးထိုးတော့မယ်ဆိုတာလည်း ချက်ချင်း တွေးမိလိုက်လေသည်။

"အလယ်က အဝါရောင်လေးနဲ့ သိတယ်မို့လား၊ စုလတ်နွယ်နွယ်တဲ့"

"သိတယ် .. ဘာဖြစ်လဲ"

အဲဒီတစ်ယောက်နဲ့ မကိုင်း သူ့ကို အသေ 'စ' သည်။ အခု ဘာလုပ်ဦးမလို့လဲ ..၊

"ဒီပို့စကတ် နင် သွားပေး .."

"ဘာ!..."

ဒါကျတော့ သူက ကျယ်ပြီး မကိုင်း တို့က တိုးတိုးညက်ညက်လေး မျက်နှာငုံ့လာပြီး ...

"လောင်းထားတာလေ .. ငါနိုင်းတာ နင်လုပ်ရမှာပဲ၊ ဟိုမှာ နီးနီးနားနားရှိတုန်း သွားနော်၊ အတန်းထဲပြန်ဝင်သွားလည်း လိုက်ပေးရမှာပဲ"

"မကိုင်း .. နင် လုပ်ပုံမဟုတ်ဘူးနော်၊ အဆင်မသင့်ရင် ပါးရိုက်ခံဦးမယ်"

"လုံးဝ မရိုက်ဘူး၊ နင်ကသာ ဒါလေးသွားပေးရင် စု က နင့်ကို ခံလ်ကမ်းပါ၊ ကဲ .. သွားဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြင်ဟာ ခိုင်းဟာ .. အမိပ္ပာယ်မရှိဘူး၊ ဘာလဲ .. နှင် ငါ့ကို တစ်ဖက်လှည့်နဲ့ အောင်သွယ်နေတာလား"

"ဘာတွေဖြစ်ဖြစ်ဟာ .. နင့်အတွက် ပြဿနာမရှိဘူးလို့ ပြောပြီး ပြီ၊ ကဲ .. မြန်မြန်သွားပါ"

"ဟာ .. ဘာဆိုင်လို့လဲ၊ ဒါက အခုသွားပေးလိုက်လို့ ပြီးသွားမှာ လား၊ နောက်ထပ် ပေရှည်လာမှာတွေ ဘယ်သူရှင်းမှာလဲ"

"ငါ ရှင်းမယ် .."

သာယာ လည်း ခေါင်းကုတ်နေပြီ။ စုလတ်နွယ်နွယ် က ဆံပင် တိုတို၊ ကိုယ်လုံးလှလှလေးနှင့် မျက်နှာလေးလည်း လှပါသည်။ ခေတ်ဦး ကိုလည်း သဘောကျနေတာ ပေါ်လွင်လွန်းလို့ သူငယ်ချင်းတွေလည်း စနောက်နေခဲ့ကြ၏။ ပြီးတော့ မကိုင်ရွှေ နှင့် အတန်းတူ သူငယ်ချင်းတွေ။

ပြဿနာတွေ သိပ်မရှိနိုင်ပါ။ ဒါပေမယ့် ခေတ်ဦး က စုလတ် ကို နည်းနည်းလေးမှ စိတ်ဝင်စားခဲ့တာ မဟုတ် ...။

"ဟဲ့ .. သွားလေ၊ ဟိုမှာ ဝေးနေပြီ"

"မကိုင်ရွှေ .. နင် ..."

"ဩော် .. သွားပါဆိုမှ၊ အထဲမှာ ဘာမှမပါဘူး"

ခေတ်ဦး က စာအိတ်ကို သေချာထောင်ကြည့်၍ ...

"တကယ် မပါဘူးလား"

"ဩော် .. ပါစရာလား၊ နင့်ကို ဒီလိုခိုင်းဖို့ ငါက ကျိတ်ကြံစည် ခဲ့တာမှ မဟုတ်တာ၊ အဲဒီပို့စကတ် နင် မသိဘူးလား၊ မနေ့က ငါတို့ ဓာတ်ပုံသွားရိုက်ပြီးပြန်တော့ မမေ့ဓာတ်ပုံအဟောင်း ကူးယူလာတဲ့ဟာ ထည့်လာတာလေ"





ခေတ်ဦး မျက်မှောင်ကုတ် မပြေသေးပါ ...၊

"တခြားဟာ ခိုင်းပါဟာ၊ ငါ .. အဲဒါ .."

"မလိုချင်ဘူး .. ခိုင်းချင်တာခိုင်းမယ်လို့ ပြောပြီးသား၊ နင် ထမှာ သား .. မထဘူးလား"

"မကိုင်ရွှေ ရာ .. နင် တကယ် သူများကိုဒုက္ခပေးဖို့ဆို လျှပ်တစ်ပြက် အကြံအစည်တွေက ထွက်သလားမမေးနဲ့၊ တော်တော်ပြဿနာရှာတယ်"

ခေတ်ဦး ချိတုံချတုံနဲ့ ထရရှာ၏။ သာယာ က ပြုံးပြုံးကြီးဖြစ်သွား လျက် လက်ပိုက်ထားသော ဇာတောင်နှစ်ဖက်ကို စားပွဲပေါ်တင်လိုက် သည်။ ဒီပွဲက စိတ်ဝင်စားဖို့တော့ အကောင်းသားဟု ထင်လိုက်မိဆဲ...

"ဟာ!... ဟ .. သွားပြီ .."

မကိုင်ရွှေ နေရာမှ ဆတ်ခနဲ ထရပ်လိုက်လျှင် ...

"မကိုင်ရွှေ .. ဘာလုပ်မလို့လဲ"

"ခဏလေး .. ခဏလေး၊ နင် ပျော်သွားလိမ့်မယ်၊ ကြည့်နေ .."

"မကိုင်ရွှေ .."

သာယာ ခေါင်းနပန်းကြီးသွားလေသည်။ ထဆွဲလို့လည်း မရ တော့ ..။ ဘာလုပ်မလို့လဲ မသိဘဲ မကိုင်ရွှေ က သင်္ချာဆရာမ ဒေါ်မြမြတ် ခြယ် ဆီကို ပြေးသွားပြီဖြစ်၏။

"ဆရာမ .. ဆရာမ .."

"ဟင်!..."

"ဟိုမှာလေ .. တွေ့လား၊ ရှပ်လက်ရှည်အဖြူနဲ့တစ်ယောက် ..."

ဆရာမလည်း လှည့်ကြည့်တော့မြင်၏။ ခေါင်းညိတ်ပြလိုက်ခော ...

မကိုင်ရွှေ ထိုးသည့်လက်ညှိုးက ခေတ်ဦး ကျောပြင်ကနေ ရှေ့ ...



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြန်ကာ ...

"ဟိုးမှာ စုလတ်နွယ်နွယ် လေ .. တစ်နေ့က Bio ကတစ်ယောက် နဲ့ပြဿနာတက်လို့ ပါမောက္ခဆီ ရောက်သွားတဲ့တစ်ယောက် .."

"ဟင် .. အေး၊ အဲဒါ ဘာဖြစ်လို့လဲ"

"ရုပ်အဖြူနဲ့လူက စုလတ် ကို တစ်ဖက်သတ်ကြိုက်နေတာ ဆရာမရဲ့၊ အဲဒါ မကိုင်ရဲ့သူငယ်ချင်းပါ၊ မနေ့က စုလတ် နဲ့ ဟိုတစ် ယောက်ကိစ္စကို တစ်ဖက်သတ်သဝန်တိုပြီး အခု ပြဿနာသွားရှာတာ သိလား"

"အိုကွယ် .."

"ဟုတ်တယ် ဆရာမ၊ ကန်တင်းမှာ Bio ကကောင် ရှိနေလို့ တမင်ရန်စပြီးသွားတာတဲ့၊ ဒီကောင့်ရှေ့မှာ ငါ စာပေးပြမယ်ဆိုပြီးတော့ လေ .."

"ဒုက္ခပါပဲ"

"ဟိုမှာ ဟိုကောင်ကလည်း ဖင်ကြွနေပြီ၊ သွားတားပါ ဆရာမ ရယ် .. ဆရာမ တားမှ ရမှာ၊ တော်ကြာ နှစ်ယောက်ထဖြစ်ကုန်ရင် ဒီတစ်ခါ မလွယ်ဘူး"

"အေး .. အေး .."

Bio ကဆိုတဲ့တစ်ယောက်ကို ဆရာမက လိုက်ကြည့်နေသဖြင့် ထိုင်မလို ထမလိုဖြစ်နေသော မျက်စိမျက်နှာပျက်နေသော သာယာ့ ကို လက်ညှိုးထိုးပြလိုက်သည်။

"ဟယ် .. ဟုတ်လား .."

ဆရာမ ခြေလှမ်းကျဲနှင့် လိုက်ပါတော့သည်။





ခေတ်ဦး ဘာမှမသိ ..။

ဘာဖြစ်လဲ ..၊ 'ရော့ .. မကိုင်ရဲ့ ပေးခိုင်းလိုက်တာ၊ ဘာပါလဲတော့ မသိဘူး' လို့ ပြောလိုက်ရင် ..၊ ကိုယ့်စိတ်ကိုယ်တင်းပြီး မျက်နှာမော့ နိုင်ကောင်းလျှောက်သည်။

အနားရောက်တော့ ချက်ချင်းမခေါ်ဖြစ်သေးဘဲ ဒီတိုင်း ကပ်လိုက် နေမိသေးသည်။ ပြီးတော့မှ ...

"စုလတ်နွယ်နွယ် .."

"ဟင်!..."

ထူးလိုက်တာမဟုတ်ဘဲ သုံးယောက်စလုံး ပြိုင်တူရပ်သွားကာ လှည့်ကြည့်လိုက်ကြ၏။ သူ့ကိုမြင်တော့ စုလတ် မျက်နှာလေး တစ်မျိုး တစ်မည်လေး ဖြစ်သွား၏။

"ဘာလဲဟင် .."

အပြာရောင်ပို့စကတ်လေးနှင့် သူ့မျက်နှာနီနီကို တွဲစပ်အဖြေရှာ ရင်း ပြုးစစ ရှက်ကိုးရှက်ကန်းလေး ဖြစ်သွား၏။

"ဒီမှာ .."

"အမလေး .. ဒီမှာတွေ ဘာညာတွေ လုပ်မနေနဲ့၊ ပေးစမ်း .. အဲဒီစာ .."

ရုတ်တရက် သူ့လက်မောင်းကို နောက်ကနေ ဆုပ်ဆွဲလိုက်ပြီး ပို့စကတ်ကိုလည်း ဆွဲယူသွား၏။

လှည့်ကြည့်လိုက်တော့ ဆရာမ ...၊

"ဟင်!... မင်း .. ကယ်မက်စထရီကတစ်ယောက် မဟုတ်လား"

"ဟုတ်ကဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



မရင်းနှီးပေမယ့် ဆရာမက သူ့ကို မျက်မှန်းတန်းမိနေ၏။ စုလတ်ကိုလည်း စိတ်မရှည်စွာ လှည့်ကြည့်တော့ ...

"သွားတော့ .. သွား ..၊ ညည်းဝို့မှာ ပြဿနာတစ်ခုက မပြီးသေးဘူး၊ နောက်တစ်ခုကို သမင်လည်ပြန်ကြည့်ချင်သေးတယ်၊ ဒီနေရာမှာ စကားရပ်ပြောစရာလားဟင် .. သွားလေ"

"ဆရာမ .."

"ဩော် .. သွားပါဆိုမှ .."

စုလတ် က ဖြေရှင်းဖို့ ကြိုးစား၏။ ခေတ်ဦး လည်း ထူပူသွားသည်။

အနားမှ ဖြတ်သန်းသွားကြသော ကျောင်းသားတချို့က ရပ်ကြည့်နေကြသည်။ တချို့က ပြုံးစိစိတွေနှင့် ဘာတွေပြောသွားကြမှန်း မသိ။

ပို့စကတ်ကို ဆရာမကကိုင်၍ စုလတ် နဲ့ သူနဲ့ကြားမှာ ဆူပူနေသော အဖြစ်ကြောင့် ...

"ဆရာမ .. ကျွန်တော်က .."

"ပြောမနေနဲ့ .. ဒီစာ ဆရာမ သိမ်းလိုက်ပြီ၊ သွားတော့ .. နှစ်ယောက်စလုံး ဒီတစ်ခါ ပါမောက္ခဆီရောက်ရင် မလွယ်ဘူး .. နားလည်လား၊ မင်း တော်တော်မိုက်ရူးရဲလုပ်ပါလား"

ဆရာမက ကဲန်တင်းဆီကို စိုးရိမ်သောမျက်လုံးများနှင့် ခဏခဏ လှမ်းကြည့်သဖြင့် ခေတ်ဦး လှည့်ကြည့်လိုက်သည်။

မကိုင်ရှ နှင့် သာယာ ..။ ကျန်သည့်မျက်နှာတွေရော ဒီမှာချည်းပါလား ..၊ မကိုင်ရှ သည် သာယာ့ လက်မောင်းကိုဆွဲထားလျက် ထိန်းချုပ်ရခက်နေသလိုမျိုး ..။





"ဘာလဲ .. မင်းက ပြန်လှည့်ကြည့်ပြီး စိန်ခေါ်နေတာလား၊ ဟိုမှာ ...ည်း လူမိုက်လေးတစ်ကောင်၊ သွားတော့ဆို .. သွား .."

ဆရာမကတော့ ပြဿနာမဖြစ်ရအောင် တိတ်တိတ်ကျိတ်ရှင်း...းတာပါပဲ။ တက္ကသိုလ်မှာ ဆရာ၊ ဆရာမတွေအားလုံး ကျောင်းသား...တွေအပေါ်မှာ သူငယ်ချင်းလို တရင်းတနှီး ခေါ်ပြောဆက်ဆံကြသည်။

တကယ်ပြဿနာရှိနေလို့ ဖြေရှင်းပေးတာဆို သူ တကယ်ပဲ ...ကျေးဇူးတင်မှာပါ၊ ခု ဘာလဲ ..၊ သွားပြီ ..။

မကိုင်ရှ တစ်ခုခုလုပ်ချလိုက်ပြီဆိုတာကို သိသည်။ ဘာမှန်းတော့ ...သိသေး ..၊ ဒေါသတွေရော၊ ရှက်တာတွေရော စုပြုံကာ ခေတ်ဦး ...မျက်နှာကြီး ရဲတွတ်နေသည်။

မကောင်းဘူး ..၊ အဲဒီကောင်မလေး ဘယ်တုန်းကမှကို မကောင်း...တာ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"ဘာ !... ဒါလေးများ ဟုတ်လား .."

"ဟုတ်တယ်လေ .. ဘာဖြစ်သွားလဲ .. နင်က .."

"မကိုင်ရှ .. နင်ဟာလေ .."

လက်သီးဆုပ်ကြီးကို ဆုပ်လိုက်၊ ဖြန့်လိုက်နှင့် တကယ်ကျတော့ အံတောင် တင်းတင်းမကြိတ်ရဲပါ ..။

"ပြီးတာလည်း ပြီးပြီကွာ .. တော်ကြာ ကိုယ့်ဒေါသနဲ့ကိုယ် ပြန်ချော့ရဦးမယ်" တဲ့။ သာယာ သတိပေးလိုက်တာကို တွေးပြီး ပင့်သက် ရှိုက်လိုက်ရသည်။ ဒေါသဘယ်လောက်ဖြစ်ဖြစ် မကိုင်ရှ ကို သူ စိတ် မဆိုးနိုင်။ အပြစ် ပြောစရာတွေ့လို့ရော ပြောရက်ခဲ့တာ ရှိလို့လား ..။

ခုံတန်းလေးမှာ ထိုင်ချလိုက်ပြီး ကျေကျေနပ်နပ်လေး ပြုံးလျက် မထိုင်သေးဘဲ ရပ်နေသော မကိုင်ရှ ကို ရှုးစိုက်ကြည့်မိသည်။

အရပ်လည်း အနေတော်၊ ကိုယ်လုံးလည်း လှသည်။ ခါးလောက် ထိရှည်သော ရွှေသိုရောင်ဆံနွယ်များက ထူးထူးခြားခြား လှ၏။





ဘယ်လောက်စကားတတ်တတ်၊ ဘာတွေပြောပြော စိတ်ဆိုးလို့ မရလောက်အောင် လှနေသည်က နှုတ်ခမ်းလေးတွေ ဖြစ်၏။ ထောင့်ချိုးလေးတွေ ညီနေသည်။ အထူအပါးညီကာ ပြည့်ပြည့်သိပ်သိပ်လေးဖြစ်၏။ ပြီးတော့ အစားမက်သော သူမသည် နှုတ်ခမ်းနီဆိုးဖို့ မလိုပါ။

အစားစားလိုက်၊ ဖိသုတ်လိုက်နှင့် အစဉ်သဖြင့် သူမ နှုတ်ခမ်းလေးတွေက စိုရဲထွေးအိနေတတ်ပြန်သည်။ စကားနိုင်လုကြပြီဆို အဲဒီ နှုတ်ခမ်းလေးကို စိုက်ကြည့်မိတာနဲ့ သူ ရှုံးပြီ။

ဘာဖြစ်လို့ နေရာတကာ သည်းခံဖို့ချည်းဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ်တောင် ဒေါသဖြစ်မိခဲ့၏။ ခုလည်း လုံးထွေးပျို့တက်လာသည့် ဒေါသများကို ပင့်သက်ရှိုက်၍ မှုတ်ထုတ်ပစ်လိုက်ခြင်းဖြင့် ရှင်းလိုက်ရ၏။

"စေတနာကို နားမလည်လိုက်တာ ခေတ်ဦး ရယ် .."

သည်းခံပါတယ်ဆိုမှ စော်ကားပြန်ပြီ။ ထိုစကားကို ပြန်စပြီး ခေတ်ဦး ဘေးမှာ မကိုင်ရှ ထိုင်၏။

"စုလတ် ကို ကြိုက်တဲ့သူတွေ ဘယ်လောက်ပေါလဲ နင် သိလား၊ Bio ကကောင်း အတင်းလိုက်စကားပြောလို့ ဟိုတစ်နေ့က ပြဿနာ တက်ကြတာလေ"

"အဲဒါ ဘာဖြစ်လဲ ..၊ သူများကကြိုက်တာနဲ့ပဲ ငါက ကြိုက်ရ မှာလား"

"ကြိုက်ချင်မှကြိုက်ပေါ့၊ ဒါပေမယ့် သူကတော့ နင့်ကိုတကယ်.."

"တော်ပြီ .. တော်ပြီ၊ အဲဒါ မပြောနဲ့တော့ .."

"အံမယ် .."



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ရှ က သူ့ဘက်ကို ဆောင့်ခနဲ လှည့်ကြည့်ကာ လက်မောင်းကိုလည်း တံတောင်နှင့်တွတ်၍ ...

"နင်က ဘာလဲ၊ နှင်းဆီဖြူ မဟုတ်လို့လား"

"ပါလာပြန်ပြီ .."

"ဟုတ်တယ်လေ၊ နှင်းဆီဖြူ နဲ့ကျတော့ ဟိုတွဲဒီတွဲ၊ စုလတ် နဲ့ နှင်းဆီဖြူ ဘယ်သူပိုလှလဲ၊ နှင်းဆီဖြူ က ဖြူဖြူခြောက်ခြောက်ရှည်ရှည်၊ ဆံပင်ကြီးဖွေ့ဝဲနေတာနဲ့ပဲ သဘောကျနေရောလား"

"ဘယ်သူက သဘောကျတာလဲ၊ ဘာတွေလာပြောနေတာလဲ"

"နင့်ကိုလေ ..၊ နင့်မျက်လုံးကြီးကို ငါသိလို့ ပြောတာ၊ အမြွှာညီအစ်ကိုဆိုပေမယ့် ရုပ်ချင်းလည်း သိပ်မတူဘူး၊ ပြီးတော့ သာယာ က ခပ်နွဲ့နွဲ့ဆိုတော့ နင့်လိုမှမဖြောင့်တာ၊ ကောင်မလေးတွေဝိုင်းနေတယ်ဆိုပြီး ဘဝင်မြင့်မနေနဲ့၊ နင့်နားမှာရှိတာတွေထက် စုလတ် က ပိုလှတယ်"

"နင့်ထက် ပိုလှလို့လား"

"ဘာ!..."

မကိုင်ရှ မျက်လုံးပြူးသွားတော့ ခေတ်ဦး က အရွဲ့တိုက်ပြီး ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ .. မေဂျာကွင်းရွေးတော့ နင်မတက်ဘူး၊ မတက်လို့ မရတာပဲ၊ တကယ်ဆို တက္ကသိုလ်တစ်ကွင်းလုံးမှာ နင့်လောက်လှတာ တစ်ယောက်မှမရှိဘူး၊ နင်ပြောသလို အလှဆုံးကို ရွေးရမယ်ဆိုရင်.."

"ခေတ်ဦး နော် .. ငါ ရိုက်မိတော့မယ်၊ စကားပြောတာ ရိုးရိုးသားသား ပြော .."

"နင်ကလည်း ဆန်းဆန်းပြားပြားတွေ သင်မပေးနဲ့၊ ငါ ကျောင်း





သင်ခန်းစာကလွဲပြီး ဘာမှစိတ်မဝင်စားဘူး"

"ဟွန်း .. ဒီရုပ်က .."

မကိုင်ရှ က မျက်စောင်းထိုးသည်။

"ဒီရုပ် .. ဘာဖြစ်လဲ၊ ပြောလေ .."

တစ်ဖက်လှည့်သွားသည့် မကိုင်ရှ လက်မောင်းကို ခေတ်ဦး က ဆွဲလှည့်၏။ မကိုင်ရှ က လွှဲရုန်းပစ်ကာ ...

"ဘာမှစိတ်မဝင်စားတဲ့လူက နှင်းဆီဖြူ နဲ့ ကန်တင်းမှာထိုင်ဖို့၊ မွေးနေ့လက်ဆောင်ပေးဖို့၊ စာကြည့်တိုက်မှာ ခေါင်းချင်းဆိုင်ပြီး စာဖတ်ဖို့ .. အားလုံး အတူတူပဲနော်၊ သွားကြီး တဖြဲဖြဲနဲ့လေ .."

"ဟ .. အဲဒါက ဖိုင်နယ်မှာ ဘာဖြစ်ဖြစ် ငါတို့ပါရတာပဲ၊ နှင်းဆီဖြူ က .."

"ဂျပ်စတင်း တင်းနစ်လေ၊ တင်းနစ် သိပ်တော်တာပဲဟာ၊ နင်က ရော်ဂျာဖက်ဒါရာ .."

"ဟုတ်တယ် .. ကစားကြတော့လည်း အတူတူဖြစ်နေတာ .."

"တခြားနေရာတွေမှာလည်း တူတာတွေရှိပါသေးတယ်၊ ဘာလို့ ရှောင်လွှဲနေတာလဲ၊ ဟုတ်ရင် ဟုတ်တယ်ပေါ့"

"ဘာလဲ .. နင်က ငါတွဲနေတာကို မကြိုက်လို့လား"

"ခေတ်ဦး .."

မကိုင်ရှ မျက်နှာလေးက ဒေါသဖြစ်တော့လည်း လှ၏။ အဖုအပိန့် မရှိ၊ ကြည်စင်နေသည့်ပါးပြင်လေးနှစ်ဖက်မှာ မသိမသာ ရဲတက်လာသည်။ မျက်လုံးလေးတွေလည်း ပိုလက်လာတတ်၏။

ပြီးတော့ ဒေါသဖြစ်လျှင် ပိုရှည်ထွက်လာသလိုထင်ရသည့် မျက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကော့တို့ကလည်း ပိုလှလာပြန်သည်။ မကိုဋ္ဌ ကို စိုက်ကြည့်၍ ခေတ်ဦး က ပြုံးသည်။

"မကိုဋ္ဌ .. နင် ငါ့ကို ကောင်မလေးတွေနဲ့ လျှောက်စမနေနဲ့"

"'စ'နေတာ မဟုတ်ဘူး .. နင် ငါ့သူငယ်ချင်းကျမှ မတူမတန် သလို လုပ်နေတာကို ဒေါသဖြစ်လို့ .."

"ငါ နေတတ်သလိုနေတာပဲ၊ ဂိစ္စရှိရင် ခေါ်မယ်၊ ပြောမယ်၊ မရှိဘဲနဲ့ ဘာလုပ်မှာလဲ"

"ကိစ္စက အဲဒီ နှင်းဆီဖြူ နဲ့ပဲ ရှိနေတယ်ပေါ့"

"အေးလေ .. ရှိတဲ့အကြောင်းတွေ ငါပြောပြီးပြီပဲ"

"စုလတ် ကိုကျတော့ ငါက မိတ်ဆက်ပေးတာတောင် မခေါ်ချင် သလိုလို၊ မပြောချင်သလိုလိုနဲ့၊ လမ်းတွေ့တာတောင် မမြင်ချင်ယောင် ဆောင်သွားတယ်တဲ့"

ခေတ်ဦး က ဒေါသဖြစ်စရာ ကြီးကြီးကျယ်ကျယ်ပုံစံနဲ့ ပခုံးတွန့် ရယ်သည်။

"ထင်လို့ပါ၊ ငါ တကယ်မမြင်တာ .."

"သေလိုက် .."

မကိုဋ္ဌ က ဆတ်ခနဲ ထရပ်၏။ ခေတ်ဦး ကပျာကယာ ထလိုက် တာတောင် မမီ ..။

"ဘယ်လိုဖြစ်သွားတာလဲ၊ နေပါဦး .."

"အတန်းထဲ ဝင်တော့မလို့ .. နေခဲ့"

"အစောကြီးရှိသေးတာကို ..၊ နေဦး .."

ခေတ်ဦး က လက်ကိုလှမ်းဆွဲ၏။ မကိုဋ္ဌ ခါချပစ်သည်။ အိမ်မှာ





လည်း ဒီလိုပဲနေကြပေမယ့် ကျောင်းမှာ ထိတာကိုင်တာ မကိုဋ္ဌ မကြိုက် ပေ။ ခေတ်ဦး ကလည်း ရုပ်က မခေ။ သူမမှာလည်း မပေါ်လွင်ချင်လို့ ကို မရဘဲ ပေါ်လွင်နေခဲ့သည်။ ထို့ကြောင့် ခေတ်ဦး ရယ်၊ မကိုဋ္ဌ ရယ်၊ သာယာ ရယ် သုံးယောက်အတွဲကို ကျောင်းသားတိုင်း မသိတဲ့သူ မရှိ..။ ရင်းနှီးတဲ့သူငယ်ချင်းတွေကသာ သူတို့အကြောင်းကို သိကြသည်။

တခြားလူတွေကတော့ ရှေ့သွားနောက်လိုက်ညီသော ခေတ်ဦး နဲ့ မကိုဋ္ဌ ကို ဘာလိုလို သတ်မှတ်ထားကြပြီးဖြစ်သောကြောင့် ..၊

အထူးသဖြင့် မကိုဋ္ဌ ဘယ်လောက်လှလှ အနားကပ်ဖို့ မကြိုးစား ကြတော့ပေ။ တချို့ကျတော့ ဖွတ်လိုက်၊ ဖွတ်ပြော ..။ ဘာပဲဖြစ်ဖြစ် တစ်မျိုးတမည်ထင်ကုန်ကြတာ ကောင်းတော့ကောင်းပါသည်။ တခြား ပြဿနာတွေ မရှင်းရတော့ဘဲ အေးဆေး သွားလာနေလို့ရ၏။

ဒါပေမယ့် ဟုတ်လည်းမဟုတ်ဘဲ ထင်နေကြတာကိုတော့ တစ်ခါ တလေ ရှက်စိတ်ဝင်မိခဲ့၏။ တွဲဖြစ်ခဲ့ကြတာကလည်း အမေ့ဝမ်းက ကျွတ်ကတည်းကဆိုတော့ ခွဲမနေနိုင်ကြ ..။

ကိုယ့်အတွေးနဲ့ကိုယ် မကိုဋ္ဌ က အတန်းရှေ့ရောက်လာ၏။ ခေတ်ဦး ကလည်း ပါလာခဲ့သည်။ တိုက်ဆိုင်စွာ စုလတ် ကလည်း အတန်းထဲက ထွက်လာလျှင် ...

"ဟယ် .. မကိုဋ္ဌ .. ပြန်လာပြီလား၊ ငါက ဒီနေ့ မစားရတော့ဘူး ထင်နေတာ .."

"နင်ကလဲ .. နာရီဝက်တောင် လိုသေးတဲ့ဟာ .."

ခေတ်ဦး အချိန်မီနောက်ဆုတ်ဖို့ ပြင်ပေမယ့် မကိုဋ္ဌ က ဖျတ်ခနဲ လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပေးလိုက်လေ .. ခေတ်ဦး"

"ဟင်!... ဘာလဲ .."

ဘာမှမရှိတော့ မကိုငွ် ဘာပြောလိုက်မှန်း မသိ ...။

"ဩော် .. ပီကေနှစ်ခုကို ပြောတာ .."

ပြောပြောဆိုဆို သူမ ပဲ လှည့်လာပြီး ခေတ်ဦး လက်ထဲက စာအုပ်နှစ်အုပ်နှင့်ရောကိုင်ထားသည့် ပိုက်ဆံအိတ်ပြားလေးကို ဆွဲယူလိုက်သည်။

ကြည့်စမ်း ...၊ အိတ်ကိုဆွဲယူပြီးတော့ ဘာမှလည်းရှိတာ မဟုတ်ဘဲနဲ့ ထုတ်လိုက်တော့ သူမ ပိုက်ဆံအိတ်ထဲက ဖြစ်သည်။ ဒါပေမယ့် ကျောနဲ့ကွယ်ပြီး ထုတ်ပစ်လိုက်တာကို စုလတ် ကတော့ မြင်မှာမဟုတ်ပေ။ တကယ် သူ့ဆီက နှိုက်ယူသွားတာပဲ ထင်သွား၏။

"ရော့ .. ငါ သူ့ကို ဝယ်ခိုင်းလိုက်တာ .."

"ဟင် .. ဟုတ်လား၊ ဒါဆို သူ့ကိုပဲ ပေးလိုက်မယ်နော်"

ပိုက်ဆံမပေးဘဲ မှာလိုက်ပုံရသည်။ ရှေ့ကိုလျှောက်လာပြီး ပီကေနှစ်ခုဖိုးလေးကိုပေးတော့ သူ ဘယ်လိုလုပ်လက်ဖြန့်ယူရမလဲ။ နေပါစေ.. မပေးပါနဲ့လို့ပဲ ပြောဖြစ်သောအခါ ကိစ္စက ဒီနဲ့တင်မပြီးတော့ပါ ..။

"ဟိုနေ့က ဆရာမ တလွဲထင်ပြီး ဆူလိုက်တာလေ၊ အဲဒါ စုလတ်နားလည်တယ် သိလား၊ သူ့အတွက် စိတ်မကောင်းပါဘူး"

ဘာညာသာရကာတွေ ထပ်ဖြစ်ကုန်ပြီး ဇာတ်လမ်းက စ၏။

မကိုငွ် ...၊ သူမ က စာအုပ်ကိုပိုက်၍ 'မှတ်ထား ..' ဟု ပြောနေသလိုမျိုး စုလတ် တို့နောက်ကနေ ပြုံးတော်မူနေလိုက်တာ ...။

နင် .. သိမယ် ...။





အခန်း (၃)

လူကြီးတွေ စကားပြောကြပြီဆို စီးပွားရေးတွေ၊ လူမှုရေးတွေ၊ ပိုဆိုးတာက ဘယ်နေ့၊ ဘယ်ဓမ္မာရုံမှာ ဘယ်ဆရာတော်ဟောကြွမည်၊ ဆရာတော်က တရားဟော ဘယ်လိုကောင်းသည်။

အနားမှာ ထိုင်မနေချင်လို့ ခြေလှမ်းပြင်တာနှင့် 'ဒါ ဘယ်လဲ' ဆိုပြီး ဘွားက လက်ကို ဖိဆုပ်ထားတတ်၏။ ထို့ကြောင့် နားထောင်လိုသည်ဖြစ်စေ၊ မထောင်ချင်ဘူးဖြစ်စေ ထိုင်နေရတော့သည်။

"လူငယ်တွေ အဲဒါခက်တာပဲ၊ သူတို့စိတ်ဝင်စားတာ ကိုရီးယားမင်းသမီးတွေ ဘယ်လို၊ မင်းသား ဘယ်လိုချောတာ၊ ကြော်ငြာထဲမှာ ဘယ်မင်းသမီး ဘယ်လိုဖက်ရှင်ဝတ်လဲ၊ သူတို့ကိုယ်သူတို့ ငါးပါးသီလ ခံတတ်ရုံနဲ့ ဗုဒ္ဓဘာသာဖြစ်ပြီ မှတ်နေတယ်၊ ဆရာတော် သီလပေးပြီဆို ရှစ်ပါးစလုံး ပီပီသသမရလို့ ရောကောသောကော ဖြီးဖြန်းတာတွေ ပါသေး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားနော် .. မကိုင်ရှ အဲဒီလို ဟုတ်လို့လား"

လက်ကိုဆုပ်ကိုင်ထားရင်ပဲ တော်ပြီပေါ့။ ထိုင်လည်းနေရသေးသည်၊ လူတွေစုံနေကာမှ ကဲ့ရဲ့တာတော့ လွန်သည်ထင်၏။ ခေတ်ဦးရဲ့ ဖေဖေနဲ့မေမေကတော့ ကဲ့ရဲ့သည့်မျက်လုံးတွေနှင့် မဟုတ်ပါ။ ချစ်စနိုးနဲ့ ရယ်နေကြတာဖြစ်သည်။

ဒါပေမယ့် ဘွားရဲ့စကားတွေ ဒီမှာတင် မရပ်ဘူးဆိုတာ သိနေသဖြင့် မကိုင်ရှ မျက်နှာလေး ရှုံ့မဲ့ စူပုပ်နေ၏။

"သမီးရယ် .. ညည်းတူမ ဘယ်လောက်ဆိုးလဲ သိလား၊ ဘိုးအေဘွားအေတွေနဲ့နေပြီးတော့ ခုချိန်ထိ မေတ္တာသုတ် မရဘူး၊ ပရိတ်တော်တွေ၊ ပဋ္ဌာန်းတွေ မရွတ်ဖတ်တတ်တာ ထားပါဦး၊ မေတ္တာသုတ်တော့ မရသင့်ဘူးလား .. ယောကျ်ားလေးဖြစ်ပြီး ခေတ်ဦး တို့ညီအစ်ကိုဆို ဘုရားစာ၊ တရားစာ မရတာ ဘာမှမရှိဘူး"

ဘွား ပြောနေတာကို မကျေနပ်ပါ။ ပြန်လည်ချေပစရာလည်း ဘာစကားမှ အစရှာမရသဖြင့် မကိုင်ရှ လက်ချောင်းလေးတွေ ပွတ်လိမ်ချိုး၍ ထုပြည့်သောနှုတ်ခမ်းလေးတွေကို လူကြီးတွေသိအောင် တမင်စူထော်ထားသည်။

ဒေါ်ခေမာဦး က မကိုင်ရှ တစ်ကိုယ်လုံးကို ခြုံငုံကြည့်ပြီး ပြုံးသည်။ ထို့နောက် ပွတ်လိမ်ဆုပ်ချိုးရင်း နီရဲသိုမှောင်နေရှာသည့် လက်ချောင်းလေးတွေပေါ်ကနေ ထပ်အုပ်ကိုင်လိုက်ကာ ...

"လက်ချောင်းလေးတွေ သွေးခြည်ဥကုန်ပြီ သမီးရဲ့၊ စိတ်မကောက်နဲ့တော့ သိလား .. ဘွား က ချစ်လို့ ဆုံးမတာပါ၊ သမီးလေးက ဘာဖြစ်လို့ ဘုရားရှိခိုးတွေ စုံအောင် မကျက်ထားတာလဲ၊ မေဦး ကို ပြောပါဦး"





"ကျက်တယ် မေဦး ရဲ့ .. အကြာကြီးကျက်နေရတော့ ပျင်းတာပေါ့"

"ဟုတ်တာပေါ့ကွ၊ လူငယ်ဆိုတော့ ဒီလိုပဲပေါ့"

ဦးအောင်ခန့် က ရယ်မောရင်း ဝင်ပြောပြန်သည်။

"မေနှယ် ကလဲ .. သမီးလေးက လိမ္မာပါတယ်၊ မိန်းကလေးသဘာဝကိုက ချက်ပြုတ်၊ ဘုရား၊ တရား ဇာတ်ရက်စွအားလုံးဆိုတာ သေင်ရဘဲ သူ့အလိုလို တတ်မြောက်သွားတာပါ၊ အသက်အရွယ်၊ အချိန်အခါက သူတို့ကို သင်သွားပါလိမ့်မယ်"

ဦးအောင်ခန့် စကားကို ကြားတော့ ဒီလင်မယား ကိုယ့်မြေးလေးတို့ သူ့ကလေး ကိုယ့်ကလေးမခွဲဘဲ ချိုပိုး ထိန်းကျောင်းလာခဲ့သည့် မေတ္တာတို့ကို ခံစားမိလိုက်သည်။ ကြည်နူးစိတ်လည်း ဖြစ်မိ၏။

သူတို့ကလေးနှစ်ယောက်ကိုကျတော့ ယောကျ်ားလေးတွေမို့ ဘာသာရေးနှင့် ကင်းကွာလို့မရဘူးဆိုပြီး စည်းကမ်းတွေ တင်းကျပ်သည်။ နှစ်နဲ့ မွေး၏။ မကိုင်ရှ ကိုဆို ဘယ်သူဆူတာမှ မခံခဲ့ပါ ..။

"မိန်းကလေးက ဆုံးမရင် နာခံလွယ်ပါတယ်၊ မဆူပါနဲ့"

"သမီးလေး .. ဘွားဘွားရိုက်ရင် မေဦး တို့ဘက်ကို ပြေးလာခဲ့"

ဒီလိုပဲ အမြဲ ကာဆီးကာဆီး ...၊ ခေတ်ဦး တို့မှာ ဘိုးဘွားတွေ ရှိတော့ပါ။ မကိုင်ရှ ကျတော့ မိဘနှစ်ပါးစလုံး မရှိတော့ပေ။ သူမ ဘယ်တန်းအောင်ပြီးသည့်နှစ်မှာပဲ အဖေဖြစ်သူက ခရီးသွားရင်း ကားတိုက်ဆိုးဒဏ်ဖြင့် သေဆုံးသွားခဲ့သည်။ ထိုစိတ်နှင့်ပဲ အမေဆုံးတော့ မိဘနှစ်ပါးဆုံးသွားတာ တစ်နှစ်တောင် မကွာလိုက်ပေ ..။

အစကတည်းက အလိုလိုက်ခံခဲ့ရသည့် မကိုင်ရှ ဟာ မိဘမဲ့လေးဖြစ်သွားတော့ ပိုဆိုးသွား၏။ ဆူစရာတွေ့လည်း မဆူရက်၊ ရိုက်ဖို့ဆိုလက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တောင် မရွယ်ရက်ခဲ့ပေ ...။

ဦးအောင်ခန့် တို့ လင်မယားမှာလည်း သူတို့နဲ့ ထပ်တူပါပဲ။ အလွန်ချစ်ခဲ့ကြသည့်သူငယ်ချင်းတွေ ...၊ ခုလည်း သူငယ်ချင်းတွေ ပြန် ဆုံစည်းကြဖို့ သူတို့ကိုယ်တိုင် နီးနီးနားနား လာပြောင်းနေခဲ့ကြတာ ဖြစ်သည်။

ဒီကြားထဲမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြတော့ ကျန်ခဲ့ သည့်သမီးလေးဖြစ်သော မကိုင်ရှု ကိုပဲ ရင်သွေးနဲ့ထပ်တူ ချစ်ခဲ့ကြသည်။

ဒေါ်ခေမာဦး ကိုယ်တိုင်က သူမကိုယ်သူမ မေမေဦး လို့ ထည့်ထည့် ပြောတတ်သလို မကိုင်ရှု ရဲ့ဘွားကိုလည်း မေမေနွယ် ဟုခေါ်ရင်းကနေ မေနွယ် ဖြစ်သွားခဲ့၏။ ဦးမြတ်ကျော် ကိုကျတော့ ဖေဖေကျော် ကနေ ဖေကျော် ဖြစ်ခဲ့သည်။

ဦးမြတ်ကျော် နှင့် ဒေါ်မျိုးနွယ် တို့ကလည်း သားနဲ့သမီး ဆုံးသွား ခဲ့ကြပြီးမှ ဦးအောင်ခန့် တို့လင်မယားကို သားသမီးလိုပဲ သဘောထား ရင်းနှီးခဲ့ကြသည်။

ခေတ်ဦး တို့ကိုလည်း ကိုယ့်မြေးတွေလို မှတ်ခဲ့ပြီးသား ...၊ သူစိမ်း တွေဖြစ်နေပြီး မစိမ်းသက်ခဲ့သော မိသားစုနှစ်စုမို့ သူ့သား ကိုယ့်မြေး ခွဲခြားခဲ့တာ ဘာမှမရှိပေ။ ထို့ကြောင့် မကိုင်ရှု ကိုဆို ဒေါ်ခေမာဦး ဘာမှ အပြစ်မမြင် ...။

သူမ အိမ်ကိုပဲသွားသွား၊ ဒီမှာပဲ လာထိုင်ပစေ၊ မကိုင်ရှု ကိုပဲ အမြတ် တနိုး ပွေ့ဖက်ယုယတတ်တဲ့သူ ဖြစ်သည်။ ပြီးတော့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ ခွင့်လွှတ်ပြုံးနှင့် အမြဲတမ်း ကြည့်ခဲ့၏။

ဒေါ်မျိုးနွယ် က လင်မယားနှစ်ယောက်၏ မျက်နှာပေါ်က ချစ်ခင်





ကြင်နာခြင်းများကို နားလည်ပေမယ့် ရင်လေးသော သက်ပြင်းမောကို ချကာ ...

"အင်း .. လူလေးတို့ကတော့ ပြောတာပဲ၊ ချစ်နေတော့ ဘာဖြစ်ဖြစ် အပြစ်မမြင်ဘူးပေါ့၊ နောင်တစ်ချိန် သူစိမ်းဖက်လာရင် သားသမီး ကောင်း မိဘခေါင်းဖြစ်မှာ၊ ဒီမှာ မိဘမရှိတော့ ဘိုးဘွားခေါင်းပေါ့"

ဘွား မျက်နှာကို မကိုင်ရှု လှမ်းကြည့်၏။

"ဘာမှမဖြစ်စေရဘူး၊ မကိုင်ရှု ကြောင့် ဘွား တို့ လုံးဝ ခေါင်းမထိ စေရဘူး"

"ဘာလဲ .. ခေါင်းမထိဘဲ ကျောတွေ၊ ရင်တွေကိုလား"

ဦးမြတ်ကျော် ဝင်မေးလိုက်တော့ အားလုံးပွဲကျသွားကြ၏။ ဒေါ်ခေ မာဦး က မကိုင်ရှု ပါးလေးကို ဖွဖွလေးဆွဲလိမ်ပြီး ရယ်နေရင်း ...

"ဟုတ်သားပဲ .. ဖေကျော် ကလဲ၊ သမီးလေးက လိမ္မာပါတယ်၊ ဒီလောက်ချစ်ဖို့ကောင်းတဲ့ မျက်လုံးလေးတွေကို ဘယ်သူက အပြစ်ဆို ရက်မှာလဲ၊ ဟောဒီကလေးလေးကို ရှိုးကေ့စ်ထဲ အလှထည့်ထားပြီး တစိမ့်စိမ့်ကြည့်နေဖို့ပဲ ကောင်းတာ ..."

"တွေ့လား .. တွေ့လား .."

မကိုင်ရှု က ဒေါ်ခေမာဦး ခါးကိုဖက်ပြီး အားကိုးရတော့ လက်မ လေး ထောင်၏။ တကယ်လည်း ဒေါ်ခေမာဦး က ခုချိန်ထိ မကိုင်ရှု ကို ခေါင်းလျှော်ပေးနေဆဲ ...။ ဆံပင်တွေ မြန်မြန်ခြောက်အောင် ဒရိုင်ယာ နဲ့ မှုတ်ပေးတော့လည်း သူမပဲ ဖြစ်သည်။ တစ်ခါတစ်ခါဆို ဒေါ်မျိုးနွယ် က ပြောတတ်၏။

"အင်း .. သမီးလေးက သူ့သူငယ်ချင်းတွေရှိလို့ မြေးလေး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချထားသွားကြတာ ထင်ပါရဲ့"

အားလုံး ရယ်မောလို့ကောင်းနေတုန်းမှာ ခေတ်ဦး ရောက်လာသည်။

"မေမေက ဒီရောက်နေတာကိုး"

လှမ်းဝင်လာကတည်းက ပြော၏။

"ဘာပြောစရာရှိလို့လဲ သားရဲ့ .. မေမေတို့ကို ရှာနေတာလား အိမ်ရောက်ခဲ့ပြီလား"

"အိမ်မရောက်သေးပါဘူး .. မကိုင်နဲ့ ဓာတ်ပုံရွေးခိုင်းထားလို့လေ ဘောင်ချာမပါသွားလို့ လာပြန်ယူတာ၊ ဟိတ် .. သွားယူ .. ဘောင်ချာ"

ခေတ်ဦး က မထိုင်ပါ။ မကိုင်နဲ့ က ဒေါ်ခေမာဦး ရင်ခွင်ထဲက လူးလဲထပြီး မျက်စောင်းထိုး၏။

"ဟွန်း .. ခိုင်းချင်စရာကို တစ်စက်မှမရှိဘူး"

"အံမာ .."

"မနေ့ကတည်းက ပြောလိုက်တာ၊ အခု တစ်မနက်လုံး လျှောက်လိမ့်နေပြီး ပြန်ခါနီးမှ သတိရရလား"

"ဘယ်အချိန်မှ သတိရရ .. ဒီနေ့ရွေးလာရင် ပြီးရောမို့လား"

ထိုင်လျက်နှင့် မတ်တတ်ကနေ လူကြီးစုံရှေ့မှာ ရန်ဖြစ်နေကြသည်။ မကိုင်နဲ့ သည် သူ့အမေရင်ခွင်ထဲကနေ သူ့သားတစ်ယောက်လုံး ခိုင်းဖက်ဖြစ်အောင် ရန်တွေ့နေတာကိုလည်း အားနာရမှန်း မသိ ..။

"လုပ်ပေးရတယ်ဆိုပြီး မကြီးကျယ်နဲ့၊ ငါခိုင်းတာကို ငါ့အတွက် သပ်သပ်လုပ်ပေးတာ မဟုတ်ဘဲနဲ့ ဟိုကိစ္စဒီကိစ္စ သွားလာရင်း လုပ်ပေး [illegible] ကျေးဇူးကတင်ရဦးမှာ၊ နေပစေ .. မရွေးဘူး"

"မရွေးနဲ့ .."





ခေတ်ဦး တကယ်လှည့်ထွက်သွားသည်။ အဲဒီကျောပြင်ကြီးကို မကိုင်နဲ့ က မျက်စောင်းထိုးလေသည်။

"သားဦး .."

ဒေါ်ခေမာဦး က သားဖြစ်သူကို လှမ်းခေါ်သည်။ အစကတည်းက အတိုက်အခံ သိပ်မလုပ်ချင်ခဲ့သော မခံချင်စိတ်သေးသေးလေးက ဒေါ်ခေမာဦး ခေါ်လိုက်တော့ ရှေ့ကို တစ်လှမ်းမှမတိုးဖြစ်တော့ဘဲ ရပ်၏။

"သားက ဟုတ်သားပဲ .. သမီးပြောထားတာကို အရင်မသွားဘဲနဲ့ ဘယ်တွေသွားနေတာလဲ၊ သူလည်း သူ့ဓာတ်ပုံကို ကြည့်ချင်မှာပေါ့"

"အမလေး .. သမီးရယ်၊ ခေတ်ဦး ကိုဆိုရင် ဆိုးကိုဆိုးချင်တာ၊ သူ့မှာ ဓာတ်ပုံတွေမှ အယ်လ်ဘမ်ဘယ်နှစ်အုပ်လောက်ရှိပြီမှန်းတောင် မသိတော့ဘူး"

ဒေါ်မျိုးနွယ် က ကြားကနေ မြေးမ ဆိုးနေတာကို အားနာနေ၏။ သူ့သားက ကိုယ့်သားဖြစ်၊ ကိုယ့်သမီးက သူ့သမီးဖြစ်၊ မကိုင်နဲ့ လုပ်ပုံနဲ့တော့ တကယ်မျက်နှာပူစရာပါ။

ခေတ်ဦး ကလည်း မျက်နှာကို ဟန်ကြီးပန်ကြီး မှုန်ကုပ်ကုပ် တမင်လုပ်ပြီး ပြန်လှည့်လာ၏။

"ပေး .. ပေး ..."

မကိုင်နဲ့ က ချက်ချင်းမထသေးဘဲ မဲ့ရွဲ့ကြည့်ကာ ...

"သူ့မှာ များလိုက်ရတဲ့လမ်း၊ နှင့် နှင်းဆီဖြူ ဆီကို သွားတာမို့လား၊ အားကစားရန်ပုံငွေစာရင်းကိစ္စတွေ အကြောင်းပြပြီးတော့လေ .."

လူကြီးတွေရှေ့မှာ ဘာလိုလိုပြောတော့ ခေတ်ဦး မျက်နှာပျက်သွားသည်။ ရှပ်အင်္ကျီလက်ရှည်၊ လက်တို ဘာဖြစ်ဖြစ် ကြယ်သီးတံတပ်၍



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်၊ ပုဆိုး လိုက်ဖက်သည့်အရောင်ချင်းသာ ဝတ်တတ်သော ဆံပင်ဆို နားရွက်အထက်တိုတိုကို ခရင်မ်တစ်မျိုးမျိုးနှင့် ကျကျနန ပြောင်နေအောင်ဖြီး၍ အမြဲနေတတ်သော ခေတ်ဦး ဟာ အမြွှာညီအစ်ကို ဖြစ်လာသည့် သာယာ ထက်လည်း ပို၍သေသပ်၏။

စာလည်း ကြိုးစားသည်။ အပျော်အပါးကြိုက်သူလည်း မဟုတ်ပေ။ အထူးသဖြင့် မေမေတို့ရှေ့မှာ မကိုင်ရှ ပြောချလိုက်တာကို မိန်းကလေး တစ်ယောက် ရှက်သွားသလိုမျိုး ပူထူသွားခဲ့လေသည်။

"သားဦး နော် .. ရည်းစားမထားရဘူး၊ ရည်းစားမဟုတ်ပါဘူး ဆိုပြီး မိန်းကလေးတွေနဲ့တွဲနေတာ၊ ရင်းနှီးတာလည်း မကြားချင်ဘူး"

မေမေနဲ့ ဖေဖေတို့ ဒီစကားတွေ သတိရတိုင်း ပြောတတ်ကြတာ သူပဲ သိသည်မို့ ...

"မကိုင်ရှ .. နင် လျှောက်မပြောနဲ့နော်၊ ဆရာမက တနင်္ဂနွေနေ့ လာခဲ့ကြဆိုလို့ သွားရတာ .."

"ဆရာမက အလိုက်သိပေးတာပါ၊ နင်တို့နှစ်ယောက်တည်းကို လေ .."

"တွေ့လား .."

ခေတ်ဦး ရှေ့ထပ်တိုးကာ ဒေါ်မျိုးနွယ် ကို ကြည့်သည်။

"ဘွား .. ဘွားမြေးကို နည်းနည်းလောက် ပညာပေးဖို့ လိုလာပြီ နော်၊ ကျောင်းမှာလည်း သားကို ဟိုလူနဲ့ စ၊ ဒီလူနဲ့ စ .."

"ခေတ်ဦး .. နင် .."

"ဟုတ်လား .. မြေး .. ကြည့်စမ်း"

"မဟုတ်ဘူး ဘွား .."





"ဘာမဟုတ်ရမှာလဲ၊ 'စ' ရုံတင် မဟုတ်ဘူး၊ သားကို အောင်သွယ် ဆေးသေးတယ်၊ အဲဒီတစ်ယောက်ကို ဂရုမစိုက်ရမလားဆိုပြီး စိတ် ဆောက်လိုကောက် .."

"ဟောတော် .."

ဒေါ်မျိုးနွယ် ရင်ဘတ်ဖိ၏။ မကိုင်ရှ မျက်လုံးလေးမြူးသွားသည်။ ဒီစကားမှာတော့ ဦးအောင်ခန့် နှင့် ဒေါ်ခေမာဦး တို့ထံမှလည်း ဖေးမ ကာကွယ်စကား ရုတ်တရက် ထွက်မလာတော့ပါ။

ခေတ်ဦး စိတ်ရှိလက်ရှိ တိုင်ပြောလိုက်ပြီးမှ ငြိမ်ကျသွားသည့် အခြေအနေကြောင့် မှားသွားပြီကို သိလိုက်သည်။ ဒါပေမယ့် မရ တော့ပါ။

"မြေး .. တော်တော်ဆိုးပါလားဟင်၊ လူကြီးမိဘတွေက ပညာရှာ နေတဲ့အရွယ် ရည်းစားသနာတွေ ရှာမှာစိုးလို့တောင် ပဲ့ပြင်ဆုံးမနေတာ"

ဦးမြတ်ကျော် တကယ်ဒေါသထွက်နေခြင်း ဖြစ်သည်။ နီမြန်းနေ သည့်မျက်နှာက ဖုံးဖိလို့ မရ။ ဘွားကို မကြောက်ဘဲနေလို့ ရသည်။ ဘိုးဘိုးကိုတော့ ဒေါသကြီးလာပြီဆို ပြောသမျှ ဆူသမျှ မော့မကြည့်နဲ့၊ ခေါင်းငုံ့နေလိုက်တော့ ...။

ဒေါ်ခေမာဦး က အာခြောက်သွားသလို ချောင်းတစ်ချက် ဟန့် လိုက်ပြီးမှ ...

"သားဦး ကရော .. စောစောကပြောတဲ့ နှင်းဆီ ဆိုတဲ့တစ်ယောက် နဲ့က .."

"ဟာ!... လုံးဝမဟုတ်ဘူး မေမေ၊ အသင်းခေါင်းဆောင်ချင်းမို့ တိုင်ပင်တာ၊ အတူတွဲလုပ်ရတာလောက်တော့ ရှိတာပေါ့၊ သားဘက်က



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ရိုးတယ်"

ဒေါ်သလည်း ဖြစ်၊ စကားပြောချင်စိတ်လည်း မရှိတော့ဘဲ မကိုင်မှူ မျက်လုံးတွေက ဝင်းဝင်းလက်လက်ဖြစ်ကာ ခေတ်ဦး ကို မကျေနပ်နိုင်မှန်း သိသာနေသည်။

"ဒါဆို ပြောထားမှဖြစ်တော့မယ်"

ဒေါ်ခေမာဦး က တည်ကြည်သောမျက်နှာပြင်၍ ဒေါ်မျိုးနွယ် ကို လှမ်းကြည့်၏။ ပြီးတော့ ဦးမြတ်ကျော် ထံသို့ ...၊ ဦးမြတ်ကျော် က သက်ပြင်းချ ခေါင်းယမ်းလျက် ...

"သမီးလေးကလည်း သားကို သူများနဲ့ မစနဲ့၊ သားဦး ကလည်း လူသတိထားမိအောင် တွဲတာ၊ ရင်းနှီးတာ၊ အနေအထိုင် ဆင်ခြင်ပါ၊ သမီးလေးကို မေမေက တောင်းပြီးသား .."

"ဟင်!..."

မကိုင်မှူ ဟင်ခနဲ ဖြစ်သွား၏။ ခေတ်ဦး နှင့် အံ့သြသောမျက်လုံးချင်း ဆုံသွား၏။

"သမီးလေးကို ဦးစားပေးချင်လို့ ဘာမှမပြောတာ၊ သားဦး နဲ့ဖြစ်ဖြစ်၊ သားငယ် သာယာ ဖြစ်ဖြစ်၊ သမီးလေး သဘောကျတဲ့တစ်ယောက်နဲ့ ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမှာ .."

"ဟာ!..."

"မေဦး နော် .."

မကိုင်မှူ ဘေးကို စွေ့ခနဲ ပြောင်းထိုင်၍ မျက်နှာလေး ပုပ်သွားသည်။ ဒေါ်ခေမာဦး က မကိုင်မှူ လက်ကလေးကိုမလွှတ်ဘဲ ဆွဲကိုင်ထားရင်းမှ ဒေါ်မျိုးနွယ် ကိုလည်း လှမ်းကြည့်၍ ...



seclassic.com



"မေဦး တို့ လူကြီးချင်း အစကတည်းက အစီအစဉ်တွေရှိခဲ့ပြီး သားကို တမင်မပြောဘဲ ထားတာ ..၊ အခု သမီးတို့က တလွဲခြေလှမ်းတွေ ခ နေပြီဆိုတော့ မပြောလို့ မဖြစ်တော့ဘူး၊ လိမ္မာတယ်နော် .. အရင်လိုပဲ အခင်မင်မပျက်၊ အချစ်မပျက် နေရမယ်၊ သူငယ်ချင်းတွေလိုပဲ ဒီတိုင်း နေသွားဦးမယ်ဆိုရင်လည်း ရသေးတယ်၊ တခြား ဟိုလူဒီလူနဲ့တော့ လုံး၀ စိတ်မကူးရဘူး"

"ဟုတ်တယ် မြေး၊ ဒီနေရာမှာ ဆိုးချင်ရင်တော့ ဘွားရော၊ မြေးရဲ့ ဘိုးဘိုးရော .. လုံး၀ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ နောက်ထပ် မဟုတ်တရုတ်တွေ လျှောက်မလုပ်နဲ့တော့ .."

မကိုင်မှူ ဒေါ်သတွေက ပေါက်ကွဲခွင့်မရသောအခါ ခေတ်ဦး မျက်နှာဆီသို့ အကြည့်က တန်းခနဲ ရောက်၏။ ခေတ်ဦး မျက်နှာလွှဲပစ်သည်။

မျက်လုံးချင်းမဆုံလိုက်သော်လည်း မကိုင်မှူ က စူးစိုက်ကြည့်နေရင်းနှင့် မဲ့သည်။

သူ့ကိုများ ယူရဦးမယ်၊ အားကြီး .. ဟွန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကျောင်းသွားကျောင်းပြန်ကို ခေတ်ဦး တို့ညီအစ်ကိုက လာခေါ်သည်၊ ပြန်ပို့သည်။ အခြားနေရာသာ အကြောင်းရှိရင် ကိုယ်တိုင်ကားမောင်းသွားချင်သွား ...။ ကျောင်းသွားတာ ပြန်တာကိုတော့ အဖော်လည်းရအောင်ဆိုပြီး ဒီအစဉ်အလာဖြစ်သွားခဲ့တာ တက္ကသိုလ်မတက်ရမီကတည်းက ဖြစ်သည်။

ဒီနေ့တော့ အိမ်ပေါ်ကဆင်းလာကတည်းက မကိုင်း့ မျက်နှာက မကြည်လင် ...၊ ကားထဲဝင်တာ ဆောင့်အောင့်ဝင်သည်။ တံခါးကိုလည်း ဘော်ဒီတစ်ခုလုံး ခါသွားအောင် ပိတ်၏။ ရှေ့ခန်းမှာမောင်းတာက သာယာ ...။

ခါတိုင်း အမြဲပဲ ခေတ်ဦး နဲ့ မကိုင်း့ က နောက်ခန်းမှာ စီးနေကျ။

"မင်း ဒီနေ့ လာမောင်းဦး" လို့ သာယာ ရှောင်တော့မှ ခေတ်ဦး က မောင်းတာဖြစ်၏။





မကိုင်း့ ကားထဲဝင်ထိုင်လိုက်တာ နောက်ခန်းကို မဟုတ်ဘဲ ရှေ့ခန်း သာယာ့ ဘေးမှာ ...၊ ပြီးတော့လည်း လမ်းသွယ်လေးက ထွက်လိုက်မိသည်နှင့် ...

"ခဏရပ်ဦး .."

ဟု ပြောကာ ဘာမှန်းမသိဘဲ ကားတံခါးဖွင့်၍ ဆင်းသွား၏။

"မကိုင်း့ .. မကိုင်း့ .. ဘာလုပ်တာလဲ"

သာယာ က အရင်လှမ်းအော်သည်။

"မကိုင်း့ ..၊ ဟာ!... ဘာလဲ .. အဲဒါ၊ ဒုက္ခပါပဲကွာ"

ခေတ်ဦး မှန်ချပြီး ခေါင်းထွက်၍ လှမ်းအော်သည်။ မကိုင်း့ က ပလက်ဖောင်းပေါ် ဖွေ့ခနဲ ခုန်တက်ကာ တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်တော့ပေ ...။

"သာယာ .. ခဏရပ်ဦး"

သာယာ က ကားရပ်ပေး၏။ ခေတ်ဦး အလျှင်စလိုဆင်းလိုက်ပြီးမှ သာယာ့ ကို ပြန်လှည့်၍ ...

"မကိုင်း့ ပြန်တက်မှာမဟုတ်တော့ဘူး သာယာ .. ငါ သိတယ်၊ မင်း သွားလိုက်တော့ .."

သာယာ က စတီယာရင်ကို ဖိဆုပ်၍ သူ့ကို နှာခေါင်းရှုံ့ကြည့်သည်။

"လည်တယ်နော် .. ဒီမှာ လာမောင်းပါလား၊ မကိုင်း့ နဲ့ ငါလည်း အဆင်ပြေပါတယ်"

"ဘာလဲကွ .. မင်းကလဲ .."

"ဟား .. ဟား ..."

www.burmeseclassic.com



ခေတ်ဦး မလုံမလဲနှင့် မျက်နှာငုံ့ပစ်တော့ သာယာ က ခပ်တိုးတိုး ရယ်သည်။

"ခေတ်ဦး ကွာ .. မင်းက ရာမ ဆိုရင် ငါက လက္ခဏာပါ၊ ရာဇဝင်ထဲမှာ အစ်ကိုကိုငဲ့ပြီး လေးမတင်ခဲ့ပေမယ့် ငါကတော့ .."

"မင်းပဲ မေမေ့ကိုပြောတော့ .."

"ဆက်ပြော .."

"မေမေ့သားကိုပဲ ပြောပါဆို .."

"ဘာပြောခိုင်းတာလဲ"

"မသိဘူးလေ .. မေမေက မင်းနဲ့ ငါ မကိုင်း က တစ်ယောက်ယောက်ကို ရွေးလိုက်ရင် နားလည်ဖို့ ပြောတာပဲ"

သူ့စကားသူပြောနေပြီး ခေတ်ဦး မျက်နှာပျက်လာ၏။ သာယာ က ရယ်ရှိန်ပိုမြင့်လာကာ ...

"အဲဒါပဲလေ .. နားလည်ကြဖို့ ပြောတာ၊ ငါ့ဘက်က မင်းကို သူရွေးလည်း နားလည်နိုင်တယ်လို့ပြောတာ၊ မင်းကိုပဲ မေးဖို့လိုတာ မဟုတ်ဘူးလား၊ ဟား .. ဟား .. တကယ်ဆို မကိုင်း က မင်းနဲ့မတည့်ကြတာနော်၊ ငါနဲ့က အားလုံး ပြေလည်တယ်"

"မင်းက .."

သာယာ က အရယ်မပျက်နှင့် ကားဆက်မောင်းသွားသည်။ ခေတ်ဦး မတင်မကျနဲ့ပဲ မကိုင်း နောက် မှီအောင် လိုက်ခဲ့ရသည်။ သာယာ့ ကို သူ ထည့်မတွက်ခဲ့တာ အမှန်ပင် ...။

မကိုင်း နဲ့ သူ ရယ်မောနေချိန်၊ ရန်ဖြစ်နေချိန် ဘယ်အချိန်ဖြစ်ဖြစ် သာယာ က ဘေးမှာ ...၊





ဆုံးဖြတ်ချက်ချဖို့ လိုပြီဆို သူ့က ဒိုင်လူကြီးဟု ပြောသေးသည်။ အခု တကယ်ပဲ သာယာ က မကိုင်း ကို တိတ်တခိုး မြတ်နိုးနေခဲ့သည်လား ...၊

"မကိုင်း .."

မပြေးရုံတမယ် လိုက်ခဲ့ရင်း မကိုင်း ကို မှီလာသည်။ မကိုင်း က သူ့ကို ဆတ်ခနဲ လှည့်ကြည့်ကာ ...

"လိုက်မခေါ်နဲ့ .. နင့်ကို လုံးဝမကျေနပ်ဘူး သိလား၊ ဆံပင်တွေကို တစ်ချောင်းချင်း ဆွဲနုတ်ပြီး မျက်ခုံးမွေးတွေကို မီးနဲ့ ပြောင်အောင်ရှို့ချင်တယ်"

"သေပြီကွာ .."

"သေဖို့ကောင်းနေတာ ကြာပြီ"

"ဘာတွေဖြစ်နေလို့လဲ၊ လူကြီးတွေစီစဉ်ထားတဲ့ကိစ္စနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဘာ!..."

မကိုင်း က လူကြားသူကြားမရှောင်ဘဲ တုံ့ခနဲ ရပ်ပစ်ရင်း အော်သည်။

"ငါနဲ့ဘာဆိုင်လဲ .. ဟုတ်လား၊ နင်လေ .. နင် .. ကျောင်းကကိစ္စတွေကို ဘာဖြစ်လို့တိုင်လဲ၊ အဲဒါတွေပြောလိုက်လို့ ဟိုဟာတွေ ပါကုန်ရတာ .."

"ပါမကုန်လည်း ကျောင်းပြီးသွားတာနဲ့ စီစဉ်မှာပဲ၊ နင် ငါ့ကို အဓိပ္ပာယ်မရှိ လျှောက်အောင်သွယ်နေတာကျတော့ ကောင်းလား"

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ရွှေ က နှုတ်ခမ်းကို မေးစေ့အထိ ကုပ်ကျသွားမတတ် မဲ့ပစ်ကာ ချာခနဲ လှည့်သွား၏။ သွားရင်းကနေ တောက်လျှောက်ပြောသွားလိုက်တာ သူသာမကာ အားလုံး ကြားလောက်ပေသည်။

"လျှောက်အောင်သွယ်တာပဲ ဖြစ်ရဦးမယ်၊ သူ့ကိုယ်သူ ဘာများမှတ်နေလဲ မသိဘူး၊ နှင်းဆီဖြူ လို တင်းနစ်မယ် ပိန်ခြောက်ခြောက်ကိုပဲ နှင်ရမယ် .. စိတ်ချ၊ နောက် ဘယ်သူနဲ့မှ နင့်ကို မ'စ'ဘူး"

"ကောင်းတာ့ပဲ .."

"ပိုကောင်းဖို့ ရှိသေးတယ် .. ဒီနေ့ကစပြီး ငါ ရည်းစားထားမယ်"

"ဘာပြောတယ် .."

ခေတ်ဦး ဒီတစ်ခါ သတိလက်လွတ် ထအော်မိ၏။ မကိုင်ရွှေ က ဘာကိုမှဂရုမစိုက်ဘဲ လမ်းပေါ် ဖျတ်ခနဲ ခုန်ဆင်းပြီး ကားတားလိုက်၏။ သူ့မှာ ကျန်မနေခဲ့အောင် ကပျာကယာ ပြေးတက်လိုက်ရ၏။

ဒါတောင် နောက်ခန်းထိ မျက်နှာတမင်လှည့်ထားပြီး တည့်တည့်ကြည့်၍ မျက်စောင်းထိုးလိုက်သေးသည်။

"တော်တော် မျက်နှာပြောင် .."





အခန်း (၅)

"အင်း .. ကုန်ကျစရိတ်အားလုံးတွက်ပြီး အီးမေးလ် ပို့လိုက် .."

"... ... ... ..."

"မစောင့်နိုင်ဘူး၊ အဂ္ဂ .. မင်း အဲဒါ ပေါ့တော့တော့ မလုပ်နဲ့နော်"

"... ... ... ... ..."

"ဟုတ်တယ်၊ အတိအကျပဲ"

"... ... ... ... ..."

"ဘယ်နေ့ရမလဲ .."

"... ... ... .... ..."

"အင်း .. ရပြီ"

ဖုန်းပြောရင်း သူ လျှောက်လာခဲ့သဖြင့် ပတ်ဝန်းကျင်ကို ရုတ်တရက် သတိမထားမိလိုက်။ ကားက တစ်နေရာ၊ လူကတခြားရောက်နေသောကြောင့် လမ်းကူးရန် ပလက်ဖောင်းပေါ်ကနေ ဆင်းလိုက်မိလျှင် ...

ဘာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



လူတင်ပြီး ထွက်သွားသောကားနောက်ကို သူ ခြေလှမ်းလိုက်သည်နှင့် ဘယ်ဘက်ရင်အုံဆီသို့ ထောင့်ချွန်ကလေးနှင့် ပစ်ထောက်သည်။ ပြီးမှ အပြားလိုက်ကပ်၏။ ကပ်ပြီး ရုတ်တရက် ပြန်မကွာဘဲ လေ၏အရှိန်ဖြင့် ကပ်နေသော မာခေါက်ခေါက် စက္ကူတစ်စ ..။

ရင်အုံကို သူ လက်ဖြင့်ဖိကပ်၍ စာရွက်ကို ယူလိုက်သည်။ သူ တအံ့တသြ ဖြစ်သွား၏။ စက္ကူ မဟုတ်ပါ ..၊ ဓာတ်ပုံတစ်ပုံ ဖြစ်သည်။

ဟိုဒီလိုက်ကြည့်မိရင်း ဝေးကွာသွားသောကားကို သတိရလိုက်သည်။ ကားပေါ်မှ တစ်စုံတစ်ယောက် ကျကျန်ခဲ့တာ ဖြစ်မည်။

ဓာတ်ပုံသည် မိန်းကလေးပုံ ..၊ ပုံကိုကိုင်လျက်နဲ့ပဲ သူ လမ်းကူးခဲ့သည်။ လက်ကိုင်ဖုန်းကို ကုတ်အကျႌအိတ်ထဲ ထည့်လိုက်မိသော်လည်း ဓာတ်ပုံကိုကိုင်ထားရင်းနှင့် ကားထဲဝင်၏။ ထိုင်ပြီး ဓာတ်ပုံကို ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်ထားလိုက်၏။

ဒီထိကိုင်လာတာက တခြားကြောင့်တော့ မဟုတ်ပါ။ ဓာတ်ပုံရှင် မိန်းကလေးသည် လွှင့်မပစ်ရက်လောက်အောင် တော်တော်လေး လှနေခြင်းကြောင့်ဖြစ်ကာ လွှင့်ပစ်လိုက်သည့်တိုင် အမှိုက်တစ်စဆိုလျှင်တောင် လမ်းပေါ်မှာ ပစ်ချခဲ့ဖို့ မဖြစ်သောကြောင့် ..။

"တော်တော်လှတာပဲ"

ကားစက်မနိှုးဖြစ်ဘဲ ဓာတ်ပုံကို သူ လှမ်းယူလိုက်မိပြန်သည်။ ဒါကျတော့ သေချာကြည့်လိုက်မိတာဖြစ်သည်။ ဆံပင်တွေ ဘယ်လောက်ထိရှည်မှန်း မသိပါ။ လူပုံကို အမိကရိုက်ယူထားသည်။ ကိုယ်တစ်ပိုင်းထဲမှာ ဆံပင်ဖျားတို့ မပါသေးပေ။ ဒီပြင်မိန်းကလေးတွေလို ဝက်ဝံရုပ်မွှပ်ပွကြီး ပိုက်ထားတာလည်း မဟုတ်၊ သေနတ်ကို တစ်ဖက်က ထောင်





ထိုင်ပြီး မတ်မတ်ဆန့်ဆန့်ရပ်နေသော စစ်သားရုပ်လေးကိုပိုက်၍ မျက်နှာလေး မသိမသာစောင်းထားတာ ဖြစ်သည်။

ပခုံးနှစ်ဖက်ရှေ့နှင့် ကျောပြင်ထက်မှာ မဟူရာကတ္တီပါသားများလို သုံးစုခွဲဆင်းနေသည့် ဆံကေသာများက လှချင်တိုင်းလှနေသည်။ မျက်နှာကိုပဲ အသားပေးထားတာမို့ မည်းနက်တန်းစင်းနေသော မျက်ခုံးတန်းလေးတွေက ထင်းနေသည်။

တအားရယ်ထားသည့်တိုင် မျက်နှာမှာ ဘယ်နေရာမှာမှ အလှပျက်မသွားပေ။ ပြီးတော့ အပေါ်နှုတ်ခမ်း၏ ထောင့်ချိုးလေးတွေကလည်း ရယ်သည့်မျဉ်းဖြောင့်ကြောင်းပေါ်မှာ မျှောပါမသွားဘဲ ထင်ထားသည့်အတိုင်းရှိနေသည်။

သူ ပြုံးလိုက်မိသည် ..၊ တိုက်တိုက်ဆိုင်ဆိုင် ဒီဓာတ်ပုံဟာ သူ့ရဲ့ ဝဲဘက်ရင်အုံထက်သို့ မြားတစ်စင်းလို တည့်မတ်စွာ ဝင်လာခဲ့သည်။ ထောင့်ချွန်ကလေးဖြင့် ထောက်ခနဲ ပစ်ကျလာပြီးမှ ငြိမ်ငြိမ်ကလေး ပြန်ကပ်သွားသည့်အဖြစ်က တမင်တကာ ဖန်တီးထားတာထက် ဆန်းနေသည်။

ဓာတ်ပုံကိုကြည့်နေရင်း တစ်စုံတစ်ခုကို သတိရလိုက်ကာ ကျောဘက်ကိုလှန်ကြည့်လိုက်မိသည်။ မြင်လိုက်ရသည့်စာတန်းလေးက စိတ်ဝင်စားဖွယ် ..။

"ရာမရဲ့ သီတာဒေဝီ .."

ဒါ ဘာအဓိပ္ပာယ်လဲ ..၊

ကားမောင်းလာရင်း ခေါင်းထဲမှာ တခြားအကြောင်းအရာတွေ ဘာမှမရှိတော့ဘဲ ဓာတ်ပုံကိုပဲ ကြံခဏ လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ တွေးနေမိ၏။ ရာမ ဆိုတော့ လက္ခဏာ ရှိနေသေးလို့လား ..။ ဒီစာကိုရေးတာဟာ ဓာတ်ပုံရှင်ကိုယ်တိုင်ရေးတာ မဖြစ်နိုင်မှန်းတော့ တွေးလိုက်မိ၏။

သီတာဒေဝီ၊ ရာမ ဆိုသော နာမ်စားများအရ နာမည်ရင်းတွေလည်း မဖြစ်နိုင်။ ရာမနှင့် နောက်တစ်ယောက် လက္ခဏာ ဆိုတာ ညီအစ်ကိုအရင်းတွေလား ..၊ ဒါမှမဟုတ် အမြွှာလား ..။ ဒီမိန်းကလေးနဲ့ တစ်ယောက်ယောက်ဟာ ချစ်သူတွေလား ..။

ဘာဖြစ်ဖြစ် သူ့နှုတ်ခမ်းမှာ ပြုံးယောင်သမ်းနေဆဲပါ။ ဒီဇာတ်လမ်းမှာ အဓိကဇာတ်ကောင် လိုနေဦးမှာပေါ့။ ရာမ၊ လက္ခဏာအတွက် သီတာဒေဝီ ဆိုရင် ဒသဂီရိအတွက်ရော .. ဘာလဲ ..။

သီတာဒေဝီ၏ ရွှေရုပ်လွှာကို ထူးခြားစွာရရှိခဲ့ပြီး ဒသဂီရိရင်မှာ ဖြစ်ခဲ့ဖူးသော ဆန္ဒမျိုး၊ ရယူလိုသော ရဲရင့်မှုမျိုး၊ သူ့ရင်ထဲမှာ ရှိနေခဲ့ပြီလား ..။

မိန်းမတစ်ယောက်အပေါ် စွဲလမ်းတပ်မက်တတ်ခြင်း မဖြစ်ခဲ့ဖူးသော သူ့ရင်ထဲမှာ ဓာတ်ပုံရှင်၏အလှကြောင့် ကတိမ်းကပါး ဖြစ်သွားခဲ့တာကတော့ သေချာနေသည်။

ဒါဆို ဓာတ်ပုံကို ထူးခြားဆန်းပြားစွာ ရရှိခဲ့သော သူဟာ ဒသဂီရိလို ..။





အခန်း (၆)

ဓာတ်ပုံတစ်ပုံ ပျောက်ရှသွားခြင်းဟာ ဘယ်လောက်ထိ အပြစ်ကြီးသွားနိုင်သည်ကို သူ သိသည်။ အထူးသဖြင့် ဒီရက်ပိုင်းမှာကျမှ ခုလိုဖြစ်လာခြင်းကြောင့် ပို၍ စိတ်ဆင်းရဲသွားမိသည်။

မကိုင်ရှ က သူ့ကို ကြည်ကြည်လင်လင် ရှိသေးတာ မဟုတ် ..။

"မင်းကိုက ဒီလထဲမှာ ဇာတာနိမ့်နေတာ ဖြစ်မယ်"

စက်ထဲမှာ ထောပတ်သီးထည့်မွှေရင်း သာယာ က ပြုံးစိစိနှင့် လှောင်သည်။ စာအုပ်တွေ ပြန့်ကျဲပွထနေသော စားပွဲဘေးမှ ထရပ်ရင်း ကုန်းကွရှာဖွေနေသည့် သူ့မှာတော့ ဇောချွေးပြန်နေသည်။

မတ်မတ်ပြန်ရပ်ပြီး ခဏအညောင်းဖြေလိုက်၊ ပြန်ရှာကြည့်လိုက်၊ ဒီစာအုပ်ကြားမှာပဲ ညှပ်လာခဲ့သည်။ ယူသွားတာလည်း စာအုပ်လေးနှစ်အုပ်တည်း။ ဒီနှစ်အုပ်မှာ မရှိဘူးဆိုတော့ ပျောက်ကျန်ခဲ့ပြီက သေချာနေပြီဖြစ်၏။ ဒါပေမယ့် စာအုပ်ရှိသမျှထဲမှာ သူ ဖွရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဖွလည်း အားမရ၊ နှစ်ခါ သုံးခါဖွပြီးတော့လည်း မကျေနပ်

"မင်း ဘယ်ကိုဝင်သေးလဲ"

သူ့ရှေ့မှာ ထောပတ်သီးဖျော်ရည် တစ်ခွက် လာချပေးပြီး သာယာ က မေး၏။

"ဘယ်မှမဝင်ဘူး၊ အဲဒီကပြန်လာပြီး ဒီစာအုပ်နှစ်အုပ်ကို ဒီပေါ်မှာ လာထားပြီးမှ ရေချိုးတာ၊ ရေချိုး ထမင်းစားပြီးမှ မေမေ့ဆီက ဖုန်းလာလို့ သွားကြိုတာ၊ ညနေကလည်း ခြံထဲမှာ ဟိုကောင်တွေနဲ့ ဂစ်တာဆင်းတီး တာ စာအုပ်နဲ့ ဘာမှမဆိုင်ဘူး"

"ဒါဆိုလည်း စာအုပ်နှစ်အုပ်ထဲမှာ မရှိတော့တာ ပျောက်ပြီပေါ့၊ စားပွဲတစ်ခုလုံးကို ဘာလို့လျှောက်ဖွနေတာလဲ၊ လူပုံက ချက်ချင်းကြီး အရည်ပျော်ကျတော့မလား မှတ်ရတယ်၊ အဲဒီလောက်ကြောက်တတ်ရင် လည်း ရွေးလာကတည်းက အရင်ဝင်ပေးလိုက် .. ပြီးတာပဲ"

"ကြောက်တာမဟုတ်ဘူးကွ .. ဒီရက်ပိုင်းမှာ သူက ငါ့ကို ကောင်း ကောင်းခေါ်တာ မဟုတ်ဘူး၊ မနက်ကမှ ဓာတ်ပုံတွေရွေးပေးဆိုပြီး ဘောင်ချာပေးဖော်ရတာ .."

ဒါတောင် သူမတို့ကိုယ်တိုင် သွားရွေးကြသေးသည်။ ဒီလိုဖြစ် အောင် ဓာတ်ပုံဆရာ ကိုနေလင်း ကို သူ အတော်ပေါင်းထားရတာဖြစ် သည်။ နှစ်ခေါက်လောက် သွားရွေးတဲ့အထိ ဓာတ်ပုံဆရာနဲ့မတွေ့လို့ အဆင်မပြေလွန်းလာမှ သူ့ကို ရွေးခိုင်းခဲ့တာ ..။

"သွားပြီ .. အဲဒါ တကယ့်ကိုပြဿနာ၊ မနက်က ရွေးလာပြီးတော့ လည်း သူကမရှိဘူး၊ သူရှိတော့လည်း သူ ဖုန်းလှမ်းဆက်မှ သွားပေးမယ် ဆိုပြီး .."





"သေလိုက်တော့ .."

ဖန်ခွက်ကိုမော့ရင်း သာယာ က ကောင်းချီးပေးသည်။

"အဲဒီမှာ ကိုနေလင်း စာရေးလိုက်တာကိုတောင် ငါ စိုးရိမ်နေ သေးတယ်"

"ဟင် .. ဘာစာရေးလိုက်လို့လဲ"

ခေတ်ဦး က စိတ်ပျက်လက်ပျက်နှင့် ပခုံးနှစ်ဖက် စုံ့မပြီး ခုံမှာ ဆောင့်ကြောင့်ထိုင်လိုက်သည်။

"မင်းနဲ့ငါ့ကို သူက ရင်းနှီးနေတော့ ရာမရဲ့သီတာဒေဝီဆိုပြီး .."

"ဟင် .. လက္ခဏာ မပါဘူးလား"

"မင်းကလည်း တစ်မျိုး .."

သာယာ က မဲ့ပြုံးနှင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါပေါ့ .. မင်းနဲ့ငါက အမြွှာဆိုပေမယ့် ပိုချောတဲ့ကိုး၊ ပြီးတော့ အကြီးဆိုတော့လည်း ရာမ ပေါ့"

ခေတ်ဦး က ခံစားချက်တွေနှင့်ပြည့်နေသည့် သာယာ့ မျက်နှာကို သတိတရ လှည့်ကြည့်၏။ သာယာ က အိပ်ရာစပ်မှာ ထိုင်နေရာကနေ ထလာပြီး သူ့ရှေ့မှာ လာရပ်သည်။

"မေမေက မကိုင်ရှ နဲ့ ဘယ်သူဆိုတာ ဘာမှ သေချာမပြောသေး ဘူးနော်"

ဘယ်တုန်းကမှ မမြင်ဖူးခဲ့သော ပြိုင်ဘက်တစ်ယောက်၏ မျက်လုံးများနှင့် သာယာ က စူးစိုက်ကြည့်လာသည်။ ခေတ်ဦး က သာယာ့ ရင်ထဲက တစ်စုံတစ်ရာကို အကဲခတ်နေခဲ့သည်။

"မကိုင်ရှ က သိပ်လှတာ၊ သီတာဒေဝီကို ငါမမြင်ဖူးပေမယ့် အခု



www.burmeseclassic.com

www.burmeseclassic.com



ငါမြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ မကိုင်နွဲ့ လောက် အယ်မိန်းမ
မလှဘူး၊ အလှအပကို ငါလည်း ခံစားတတ်တာပဲ”

ခေတ်ဦး က ခေါင်းညိတ်လိုက်၏။

“မှန်ပါတယ် .. မင်းကို ငါရော မေမေတို့ရော ဖယ်မထားခဲ့ပါဘူး
တစ်ခုတော့ရှိတာပေါ့၊ သုံးယောက်ဆိုပေမယ့် သုံးနားညီတြိဂံလို မင်းက
မနေခဲ့တော့ အမြဲတမ်း ဘေးထွက်ရပ်နေခဲ့တဲ့တစ်ယောက်အဖြစ် သိပ်
တော့ ထည့်မတွက်မိတာ အမှန်ပဲ၊ အဲဒါက ငါ့ရင်ထဲကဆန္ဒပါ၊ မေမေ
တို့ကတော့ သုံးယောက်လုံး တွယ်တာနေကြမှာပဲလို့ ထင်တာ ..”

“သိသားပဲ”

သာယာ က ဖန်ခွက်ကို စားပွဲပေါ်ချလိုက်ပြီး နှုတ်ခမ်းစေ့ပြုံးသည်။
သူ့အပြုံးက မကြည်လင်ပါ။ ထိုအပြုံးသည် တစတစ လျော့တိလျော့ရဲ
ဖြစ်လာလျက် မျက်ဝန်းတို့မှာ ဆွေးငေးသွားသည်။ အားလုံးကို ခေတ်ဦး
က စူးစိုက်ကြည့်နေခဲ့သည်။

“မင်းပြောသလိုပါပဲ .. မကိုင်နွဲ့ကို ငါတွယ်တာခဲ့တာကလည်း
ရင်ထဲမှာပါ၊ သူ့ တွယ်တာတာကျတော့ မင်းကိုပိုမှန်း သိသာတယ်”

ခေတ်ဦး မျက်နှာ အားတုံ့အားနာဖြစ်ဟန်နှင့် ခပ်လွဲလွဲပြောင်း
သွားသည်။

“ရန်ခဏခဏဖြစ်ကြတာရော၊ ဘယ်အချိန်ဘယ်အခါဖြစ်ဖြစ် သူ
တမ်းတလိုက်တာရော .. သူ့ပါးစပ်ထဲမှာ မင်းပဲရှိတာ၊ ငါ ဘေးထွက်ရပ်
နေခဲ့တဲ့အဖြစ်ဟာ တကယ်တော့ စိတ်က အလိုလိုခံစားမိလာတဲ့ သူ့
အတွက် ငါမဟုတ်ဘူးဆိုတာကို နားလည်ခဲ့လို့ပါ”

သာယာ့ မျက်နှာမှာ လေးနက်တည်ငြိမ်မှုတွေ ဖြစ်လာခဲ့သည်။





ားပွဲစွန်းမှာ လက်နှစ်ဖက်ထောက်လိုက်ပြီး သက်ပြင်းချသည်။

“မင်း စိတ်ဆင်းရဲအောင် ငါ တမင်စတာပါ၊ လက္ခဏာလိုတောင်
ေးကိုကိုင်ဖို့ ငါ စိတ်မကူးခဲ့ဘူး၊ မကိုင်နွဲ့ ကို မင်း ကြိုးစားပါ၊ ကြိုးစား
ဆိုတာက သူ့အချစ်ကိုရဖို့ရော .. သူ့သည်းညည်းခံနိုင်ဖို့ရော ..”

ဒီတစ်ခါ သက်ပြင်းချသူက ခေတ်ဦး ဖြစ်နေသည်။ သူဟာ
သည်းခံတတ်သူတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ အထူးသဖြင့် ဘာဖြစ်
ဖြစ် သူများထက် တော်တတ်ကောင်းမွန်ခဲ့သော သူ့မှာ ပညာမာနတွေ
ရှိနေခဲ့သည်။

မကိုင်နွဲ့ ကလွဲလျှင် မိန်းမလှလေးတချို့၏ လိုက်လျောအရေးပေး
မှုတွေလည်း သူ့အတွက် မရှား။ ဒါပေမယ့် မကိုင်နွဲ့ ကိုပဲ သည်းခံခဲ့မိသည်။
မကိုင်နွဲ့ စိတ်ကောက်သွားလျှင် သူ စားလည်းမဖြောင့်၊ သွားလည်းမဖြောင့်၊
စာကျက်လို့လည်း မကောင်း။ အိပ်ရာဝင်တော့လည်း မကိုင်နွဲ့ ကို ဘယ်
လိုချော့ရမလဲဆိုတာပဲ ဖြစ်နေခဲ့သည်။

မကိုင်နွဲ့ အပေါ် သူ့စိတ်တွေ မရိုးသားတော့ဘူးဆိုတာ ကိုယ့်ကိုယ်
ကိုယ် သိနေခဲ့တာလည်း ကြာပါပြီ။ ဒါပေမယ့် မကိုင်နွဲ့ က သူ့အပေါ်
ဟိုတုန်းကထက် ဘာမှ ထူးခြားပြောင်းလဲခဲ့တာမရှိတာကြောင့် သူ့မှာ
စကားလည်း မမှားရဲ၊ အမူအရာအားဖြင့်လည်း မသိသာအောင် ဟန်
ဆောင်နေခဲ့ရသည်။

ဒီကြားထဲ တခြားမိန်းကလေးတွေနဲ့ နီးစပ်စေချင်သော သူမ
ကြောင့် ရင်ထဲမှာ အားမလိုအားမရ ကျိတ်ခံစားရင်း ဟိုနေ့က လူကြီး
တွေရှေ့မှာ ဖွင့်ပြော တိုင်ပစ်လိုက်မိတာ ဖြစ်သည်။

“ခေတ်ဦး ..”



www.burmeseclassic.com

www.burmeseclassic.com



ခဏတိတ်နေပြီးမှ သာယာ က ဖန်ခွက်ကိုပြန်ကိုင်ရင်း ခေါ်သည်။

"သူ သိသွားပြီပဲ .. ငါလည်း အတိအလင်း နောက်ဆုတ်လိုက်ပြီ၊ မင်း ဖွင့်ပြောလိုက်တော့ .."

"ပိုဆိုးသွားမှာ .."

သာယာ က မဲ့ရွဲ့ပြီး လှည့်ထွက်သွားသည်။ ခေါင်းရင်း ပြတင်းပေါက်နားကျမှ ပြန်လှည့်ကြည့်၍ ...

"ဆိုးဆိုးမဆိုးဆိုး ဘာဖြစ်လဲ၊ ဒီတိုင်းနေတော့လည်း မင်းကို ဆိုးနေတာပဲ၊ မင်းပဲ လိုက်ချော့နေရတာ ဘာထူးနေလို့လဲ၊ ပြောလိုက် .. ပြောပြီးပြီဆိုတော့ မင်း ခံစားရ၊ သည်းခံရတာတွေ အဓိပ္ပာယ်ရှိသွားမယ်၊ ကိုယ်ချစ်နေတာကို ပြောလိုက်တာနဲ့ လက်ထပ်ကြဖို့ အဆင့်တက်တာက လွယ်လွယ်လေး .."

ပြောတော့ လွယ်လိုက်တာ ...။





အခန်း (၇)

"ဟယ်!..."

လွယ်အိတ်ထဲကို ဟိုဘက်အိတ်၊ ဒီဘက်အိတ် စမ်းလိုက်မိသည်နှင့် ခေါင်းထဲမှာ ပူထူသွား၏။ ပိုက်ဆံအိတ် မရှိတော့ပါလား ...၊

ကျောင်းရောက်တာနဲ့ အတန်းထဲမဝင်ဘဲ ပဲခူးကိုလစ်ခဲ့တာ တစ်ယောက်တည်း။ တမင်တကာ အဖော်မခေါ်ခဲ့တာလည်း ခရီးဝေး၍ဖြစ်သည်။

ချို့တဲ့သည့်သူငယ်ချင်းတစ်ယောက်က သူ့အစ်မ မင်္ဂလာဆောင်ဝတ်ချင်လို့ပါဟုပြော၍ ငှားသောကြောင့် ဝတ်စုံတစ်စုံရော၊ စိန်ဘယက်တစ်ကုံးရော ငှားလိုက်မိသည်။

ထိုနေ့ကတည်းက သူမ ကျောင်းမလာတာ တစ်ပတ်တိတိ ရှိသွား၏။ မယုံကြည်လို့မဟုတ်ပေမယ့် စိန်ကုံးက ဘွားဘွားပစ္စည်းမို့ စိုးရိမ်ပူနေမိသည်။ ထို့ကြောင့် သွားလိုက်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်တော့ သူငယ်ချင်းက ကိစ္စတစ်ခုရှိနေသဖြင့် ကျောင်း မတက်နိုင်လို့ သူမ မလာခဲ့ခြင်းဖြစ်ကြောင်း တောင်းပန်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ပစ္စည်းပြန်ရပြီမို့ ခဏတစ်ဖြုတ်ထိုင်ပြီး သူမ ပြန်လာခဲ့သည်။ တစ်ယောက်တည်းမို့ ကားငှားပြီးတော့လည်း မစီးရဲပါ။

အဝေးပြေးကားနဲ့ပဲ ပြန်ခဲ့သည်။ ရောက်ရောက်ချင်း အဝေးပြေး ကွင်းထဲကနေ မထွက်နိုင်သည့်အဖြစ်ဟာ ဗိုက်ဆာနေခြင်းပဲ ဖြစ်သည်။

ကိစ္စပြီးဆုံးသွားပြီမို့ ကိုယ့်မှာ ဝန်ပေါ့သွားသလို ဗိုက်ထဲမှာ ဟာ လာသည်မို့ 'ကောင်းကောင်း စားဖွယ်စုံ' ဟု ရေးထားသောဆိုင်ထဲဝင် ပြီး စားသောက်ပစ်လိုက်၏။ ဒီအချိန်ထိ လွယ်အိတ်ထဲကို သတိမရသေး ပေ။

အအေးလေး တစိမ့်စိမ့်မျိုချပြီး ကျောင်းချိန်မမီတော့တာကို အိမ် အပြန် ဘယ်လိုလိမ့်ရ၊ ဖြီးရမည့်အရေး တွေးနေခဲ့၏။ ပိုက်ဆံရှင်းဖို့ လက်ကရောက်တော့မှ ...၊

သွားပြီ ...၊ ဘယ်လိုလုပ်ရမလဲ ...။

အဖြူဆွတ်ဆွတ် ကြိုးသိုင်းအိတ်ပျော့လေးက အထဲက အမာခံ ပစ္စည်း ဘာမဆို ကြီးကြီးသေးသေး စမ်းကြည့်လို့ ရသည်။ ဘာပစ္စည်း ဖြစ်ဖြစ် နှိုက်ယူတော့မယ်ဆို အပြင်ကနေ ဘယ်အိတ်ထဲမှာလဲဆိုတာ အရင်စမ်းကြည့်ပြီးမှ ဇစ်ဖွင့်ယူတတ်တာလည်း သူမအကျင့် ...။

ခုတော့ ပိုက်ဆံအိတ်ကို ဘယ်မှာမှ စမ်းလို့မတွေ့ ...၊ မဟုတ်သေး ပါဘူး ...၊ စိန်ကုံးကို ပိုက်ဆံအိတ်ထဲမှာ သေချာထည့်ပြီး ငါ ဒီထဲမှာ သေချာသိမ်းလိုက်တာပဲ ...။

နဖူးပြင်လေးမှာ ချွေးစတွေ စို့ထွက်လာကြသည်။ လောလော





ဆယ် စားသောက်ထားတာတွေကို ရှင်းရဦးမည်။ ဒါလည်း နောက်ဆုံး အခြေအနေရောက်လာလျှင် လက်စွပ်တစ်ကွင်း ချွတ်ထားရုံပဲဖြစ်၏။

ဖြေရှင်းဖို့အတွက် သူမ ကိုယ်ပေါ်မှာ လက်ဝတ်လက်စားတွေ ရှိနေသည်။ အရေးကြီးသည်က စိန်ကုံး ...၊

ဒီည ခေါင်းရင်းခြံက ဘုရားကိုးဆူနဲ့မွေးနေ့ အတူကျင်းပသည့်ပွဲ ကို ဘွားဘွား သွားမည်။

သူမကို လွှတ်မလား ...၊ ဘွား သွားမှာလား မသိနိုင်ပေမယ့် စိန်ကုံး ကို မေးလာဖို့တွေ ရှိနေသည်။ မျက်လုံးထဲမှာ လက်ကိုင်ဖုန်းတစ်လုံးကို မြင်လိုက်သည်။

သူမ ရေ့တည့်တည့်စားပွဲမှာ ကျောပေးထိုင်နေသူ၏ ဘောင်းဘီ ခါးကြားထဲမှာ ဖြစ်၏။ လက်ကိုင်ဖုန်းကိုင်တိုင်း မမြဲသော သူမ၏ ပေါ့ဆမှုကြောင့် သူမ၏ဖုန်းကို ဘိုးဘိုး ယူသိမ်းထားတာ တစ်ပတ် လောက်ရှိပြီ ဖြစ်သည်။

"ဘယ့်နှယ် ကိုယ်နဲ့မကွာဆောင်ထားဖို့ ဝယ်ပေးထားတာကို အိမ် မှာကျန်လိုက်၊ ကျောင်းမှာကျန်ခဲ့လိုက်၊ သူငယ်ချင်းငှားထားလို့ဆိုပြီး ပြန်မတောင်းဘဲ တမေ့တလျော့နေတာက ရှိသေး၊ ဘာမှမထူးဘဲ ကိုင် မနေနဲ့"

ဟုလည်း အဆူခံထိခဲ့သည်။

ဟမ်းဖုန်းကအစ အပိုပစ္စည်းဆို ဘာမှမကိုင်ချင်ခဲ့သည့် သူမ အတွက် ဝမ်းနည်းပက်လက်ဖြစ်ဖို့မှ မရှိတာ...။ ဘိုးဘိုး သိမ်းထားတာကို ပြန်တောင်းဖို့ စိတ်ကူးပင် မရှိခဲ့ပေ။

ခုကျမှ ဒုက္ခရောက်၏။ ခေါင်းထဲကို ပထမဆုံးပေါ်လာသူက



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဦး ပဲ ဖြစ်သည်။ လှမ်းခေါ်တိုင်ပင်ဖို့က ဖုန်းက မရှိ။ ကြံစည်တွေး တောနေတုန်း ဖုန်းသံ မြည်လာသည်။

သူမ ကြည့်နေသည့် ဖုန်းကပဲဖြစ်၏။ ထိုသူသည် တစ်ခုခုစား သောက်နေပုံရကာ ဖုန်းကို တော်တော်နှင့်မကိုင်။ ကိုင်လိုက်တော့လည်း ပိတ်ပစ်လိုက်ပြီး ဘေးမှာချထားလိုက်တာ တွေ့သည်။

စားသောက်နေတုန်း ဖုန်းလာတာကို ဒေါသဖြစ်သွားမှန်းလည်း သိသာ၏။ တော်တော်မာနကြီးတဲ့ပုံပဲ ...။

ဘောင်းဘီရှည်အနက်နှင့် ပန်းရင့်ရောင်ဆွယ်တာလက်ရှည်ကို ဝတ်ထားသည်။ အရောင်ရင့်တွေက ကြောင်တောင်တောင်နိုင်ပေမယ့် အသားဖြူပုံပေါ်သည့်လက်ချောင်းများ၏ အဆင့်အင်္ဂါအရ ကြည့်လို့တော့ မဆိုးလောက်ဘူးထင်သည်။

ကုပ်အောက်ဆင်းနေသော ဆံပင်ရှည်များ၏ ရှေ့ကမျက်နှာကို ကြည့်နိုင်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါ ...။

ဘာဖြစ်လဲ ...၊ အကူအညီတောင်းတာပဲဟာ ...။

မကိုင်ရှ နေရာမှထသွားကာ ဖုန်းနားမှာပဲ ရပ်လိုက်၏။

"ဒီမှာ .."

ခေါ်လိုက်တာနဲ့ သူ မော့မကြည့်ပါ။ အင်္ကျီမှ ပန်းရင့်ရောင်တွေ ထင်ဟပ်နေသော မျက်မှန်နက်အတွင်းမှ ခပ်ပင့်ပင့် လှုပ်ရှားသွားသော မျက်တောင်ရှည်တို့ကို မကိုင်ရှ အပေါ်စီးကနေ မြင်နေရ၏။

နာဝတံ၊ နှုတ်ခမ်း၊ ရဲနေသည့် ပါးမို့အစုံနှင့် ယောကျ်ားတစ်ယောက်မှာမရှိသင့်သော ချောမွေ့ခြင်းများကို မြင်ရသည်။ သူမ ထင်ခဲ့သော တော်တော်မာနကြီးမယ့်ပုံဆိုတာလည်း ပိုသေချာခဲ့၏။





ဒါပေမယ့် ဒီနားကိုလာတာ သူ့မျက်နှာ ဘယ်လောက်ချောလဲ ကြည့်ဖို့မဟုတ် ..၊ သူ ကိုယ့်ကို မော့ကြည့်ကြည့်၊ မကြည့်ကြည့် ခွင့်တောင်းနေလည်း ခွင့်ပြုဖို့ မသေချာ ...၊

ထို့ကြောင့် ဒီမှာ ဟုခေါ်လိုက်ပြီး သူ့မျက်တောင်တွေ လှုပ်ခတ်သွားတာကို အသိအမှတ်ပြုခြင်းပဲလို့ ကိုယ့်ဟာကိုယ် သတ်မှတ်၍ ...

"ဖုန်း ခဏဆက်မယ်နော်၊ မကိုင်ရှ အရမ်းအရေးကြီးနေလို့ပါ"

ခွင့်တောင်းတာပေမယ့် နံပါတ်တွေကို နှိပ်ပြီး ဖြစ်နေ၏။ ဘေးစားပွဲတွေကြားမှာ မိန့်ခွန်းပြောသလိုဖြစ်နေသဖြင့် မကိုင်ရှ သူ့ဘေးမှာပဲ ခုံဆွဲထိုင်လိုက်မိသည်။

"ခေတ်ဦး .. ငါလေ .. အဝေးပြေးကွင်းထဲမှာ .."

"... ... ... ... ..."

"မြန်မြန်လာစမ်းပါ၊ မြန်မြန်နော် .. ဒီမှာ ပြဿနာတက်နေလို့"

ဖုန်းကို ဆိုးဆိုးဆတ်ဆတ် ယူပစ်လိုက်ကတည်းက မော့ကြည့်လိုက်မိသည့်မျက်ဝန်းတို့သည် သူမ ထိုင်ချလိုက်တော့ ပို၍ ရှုးစိုက်ခွင့်ရသွား၏။

သူ့မျက်ဝန်းတွေ ရှုးရှသွားသည်။ မျက်ခုံးနှစ်ဖက် ခပ်တွန့်တွန့်ကုပ်ကျသွား၏။ ဘယ်စာကိုမှ အလွတ်ကျက်နေဖို့မလိုဘဲ စိတ်ဝင်တစား ဖတ်ကြည့်လိုက်တာနှင့် အလွတ်ရသွားတတ်သည့် ဦးနှောက်ကွန်ပျူတာမှာ ချက်ချင်း အဖြေထွက်လာသည်။

ဓာတ်ပုံထဲက မိန်းကလေး ...၊ ဓာတ်ပုံထဲမှာထက် ပိုလှသည်။ စကားပြောနေသည့် နှုတ်ခမ်းရဲကလေးများက ဓာတ်ပုံထဲမှာနှင့် အမှ မဆိုင်ပါ။ နှုတ်ခမ်းလွှာလေးတွေ အထက်မှာရော၊ မျက်ခုံးတန်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေအလက် နဖူးပြေပြေလေးမှာပါ ချွေးစများဖြင့် စိုလက်လက်လေး ဖြစ်နေသည်။

ဒါပေမယ့် အဆီပြန်တာမျိုး မဟုတ်ဘဲ အလှမပျက်ပါ။ ပြင်ဆင် ခြယ်သမှု ဘာမှရှိမနေတာကို အနီးကပ်ဆုံး မြင်နေရသည်။

"ရော့ .. ကျေးဇူးပဲနော်"

ပြုံးချင်တာမဟုတ်ဘဲ ပြုံးလိုက်တော့ ပါးပြင်လေးတွေ မို့တက် သွားကာ အောက်မျက်ခမ်းစပ်လေးတွေနားမှာ အရစ်လေးထင်သွား၏။ ကလေးငယ်လေးတွေလို အပြစ်ကင်းစင်သည့်မျက်နှာလေးတစ်ခု ဖြစ် သွားခဲ့သည်။

သူ့ ခွင့်ပြုတာမဟုတ်ဘဲ သူမ်ဘာသာ ဆွဲယူသွားပြီး ပြန်အပ်တာ မဟုတ်ဘဲနှင့် ချုပစ်ခဲ့ပြန်သည်။

လှည့်ထွက်သွားတော့ ခါးလောက်ရှိသော ဆံနွယ်များ၏ နွဲ့ခါမှု ကြောင့် ခရေပန်းနံ့သင်းသင်းလေး ဝေ့ကျန်ခဲ့သည်။

တကယ့်ပန်းနံ့လား၊ ရေမွှေးနံ့လား သူ မသိဖါ။ သို့သော် အလွန် မာနကြီးခဲ့သော သူဟာ သူမ ထွက်သွားသည့်နောက်သို့ သမင်လည်ပြန် ငုံကြည့်မိတော့မလို ဖြစ်သွားခဲ့၏။ ဒါဟာ ဒုတိယအကြိမ် ထူးဆန်းစွာ ဆုံစည်းခြင်း ဖြစ်သည်။

နှုတ်ခမ်းတို့မှာ ကျေနပ်သောအပြုံးတို့ ငြိတွယ်လာခဲ့သည်။ သူမ ချထားခဲ့သည့်ဖုန်းကို ကောက်ယူ၍ ပိတ်ပစ်လိုက်သည်။ ပြီးတော့ သိမ်း ဆည်းလိုက်သည်က ခါးကြားထဲသို့ မဟုတ်တော့ပါ။

လှည့်မကြည့်ပေမယ့် နောက်ကတစ်နေရာရာမှာ သူမ ရှိနေဦးမှာပဲ ဆိုတာကို တွက်မိသည်။ လှမ်းခေါ်လိုက်သည့် ခေတ်ဦး ဆိုသည့်တစ်





ယောက်ကို သူမ ဒီကနေပဲ စောင့်နေမှာဖြစ်သည်။

သိပ်မကြာလိုက်ပါ..၊

"ဘယ်လိုဖြစ်တာလဲ မကိုင်း .. ကျောင်းမှာ မတွေ့ကတည်းက ငါ သိတယ်၊ ဘယ်သွားနေတာလဲ"

"ပဲခူးကိုသွားတာ .."

"ဘာလို့ ငါ့ကိုမပြောတာလဲ၊ တစ်ယောက်တည်း အဝေးကြီး ဘာ သွားလုပ်တာလဲ၊ တကယ်ပဲ အဲဒီလောက်ထိကို နေနိုင်တာနော်"

ခေတ်ဦး က စထိုင်ပြီဆိုကတည်းက စိုးရိမ်တာတွေ၊ အံ့ဩတာ တွေ ဒရဟော သွန်ချနေသည်။

"အခု ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်းကို ငါ မသိတော့ဘူး၊ အိတ်လည်း မပွင့်ဘူး၊ လွယ် လွယ်လေး နိူက်ယူလို့လည်း မရဘဲနဲ့ အခု မရှိတော့ဘူး"

"ဘာလဲ .. ပိုက်ဆံအိတ်လား"

"ဟုတ်တယ် .. အဲဒီထဲမှာ ဘွားဘွားရဲ့စိန်ကုံးရောပဲ"

"ဘာ!.."

မကိုင်း က ဖြစ်ပုံကို အသေအချာ ပြောပြနေသည်။ စားပွဲထိုးလာ မေးတော့ လှည့်မကြည့်ဘဲ ခေတ်ဦး က ကော်ဖီတစ်ခွက် ဟု ပြီးစလွယ် မှာလိုက်၏။ နှစ်ယောက်သား အကြိတ်အနယ် ဆွေးနွေးခဲ့ကြပြီး နောက် ဆုံးကျတော့ ...

"ဘာပဲဖြစ်ဖြစ် အိတ်ထဲမှာမရှိမှတော့ ပြန်ရဖို့လမ်း မရှိတော့ဘူး၊ နင် မေမေ့ကိုပြောပြလိုက်လေ .. မေမေပြောပေးရင် ဘွား ဆူမှာမဟုတ် ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းနေကြသည့်အရေးအခင်းကို နားစွင့်ရင်း သူ နေရာမှ ထ ထွက်လာခဲ့သည်။

အဝါနုနုလေးနှင့် ဝင်းဝင်းစက်စက် ကောင်မလေး ရှေ့မှ ခေတ်ဦး ဆိုသည့်ကောင်လေး၏ ခပ်စောင်းစောင်းမျက်နှာကို မြင်လိုက်ရသည်။

ရှေ့စားပွဲမှာ ပိုက်ဆံရှင်းပေးရင်း လှမ်းကြည့်ဖြစ်တော့ ကောင်လေး မျက်နှာကို သေချာမြင်ရ၏။

ဓာတ်ပုံနောက်ကစာတမ်းလေးကို သတိရသွားသည်။ ရာမရဲ့ သီတာဒေဝီ ဆိုတာ .. ရာမ ဆိုတာ ဒီကောင်လေးလား ..၊

ကားနားပြန်ရောက်တော့ သူ ပြုံးလိုက်မိ၏။

ရယ်ဖို့တော့ အကောင်းသား ..။





အခန်း (၈)

သူ ကားပေါ်ကနေဆင်းလိုက်တာနှင့် တစ်ကိုယ်လုံး ဆွတ်ဆွတ် ဖြူ၍ အမြီးတိုတို စုတ်ဖွားဖွားလေးတွေ ကြားနေသော ခွေးကလေး ပြေးထွက်လာသည်။ သူ့နာမည်က ကီးကီး ..၊

သူ့အတွက်ကတော့ ခွေးလေးတစ်ကောင် မဟုတ်၊ ကီးကီး ပဲဖြစ် လေသည်။ မျက်လုံးလေးနှစ်လုံးက ပတ္တမြားလုံးချောလေးတွေလို ဝိုင်း စက်ကြည်လဲ့ကာ ရဲရဲတောက်နေ၏။

နှုတ်သီး၊ နှုတ်ခမ်း အားလုံးလှ၏။ ခွေးဖြစ်တာတောင် မျက်နှာ ပေါက် အလွန်လှသော ကီးကီး ဖြစ်၏။ ဘေးနားရှက်လေးနှစ်ဖက်က ပါးချိတ်နားအထိ ဖားလျား တွဲကျနေသည်။ ထို့ပြင် ထူးထူးခြားခြား မျက်ခုံးတန်းလေးတွေလို အမွေးတို့က မျက်လုံးလေးတွေအထက်မှာ ပုံပေါ်နေသေးသည်။

ကားထဲက စီးကရက်ဘူးနဲ့ သူ့အတွက်မုန့်ဘူးကို လှည့်ယူနေတုန်း ကီးကီး က သူ့ခြေထောက်တွေကို တိုးဖွေ့နမ်းရှုံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကီးကီး .. မင်း ဒါပဲသိလား .. မောလာတယ်ကွ၊ ခြံထဲမှာ ထိုင်မယ်၊ သွားပြင်ထား .."

သူ စကားပြောတာနှင့် ကီးကီး က မော့ခနဲကြည့်၍ ငြိမ်ကျသွားသည်။ စကားဆုံးတော့ ချာခနဲ လှည့်ပြေးသွား၏။ သူ မှန်ဘူးကိုပိုက်၍ ကားနောက်ခန်းထဲက ပစ္စည်းချနေသူတွေကို သွားကြည့်ကာ ...

"ပုံရာ စင်းရာ လုံးဝမထင်စေနဲ့နော်၊ ဟိုဘက်အစွန်း တင်နေတယ်လေ ..၊ နောက်ကိုပြန်ကြည့် .."

သူ တစ်ခွန်းအော်လိုက်တိုင်း ပစ္စည်းသယ်ချနေသည့်သုံးယောက် မျက်နှာငယ်ကျသွားကာ ဘာပစ္စည်းမှန်းမသိဘဲ ပြုတ်ကျပေါက်ကွဲတော့မတတ် ချွေးပြန်လာကြ၏။

"လူလေး .."

ခေါင်းပေါင်းတစ်စနှင့် မျက်နှာပြည့်ပြည့်နဲ့ လူကြီးတစ်ဦး ခပ်သုတ်သုတ် ထွက်လာ၏။

"သြော် .. ကီးကီး ခြံထဲမှာ ပလပ်စတစ်ခုံတွေနဲ့ အလုပ်ရှုပ်နေကတည်းက ထင်တော့ထင်သား ..၊ မီးဖိုထဲမှာ အလုပ်ကမပြတ်သေးတာနဲ့ .."

လူကြီးက ပြောပြောဆိုဆို ကားနောက်ပိုင်းဆီကို သွား၏။ ခြောက်ပေလေးပေခန့်ရှိသော ပျဉ်ချပ်ကြီးလိုလို အချပ်ကြီးကို စူးစမ်းရင်း မော့ကြည့်၏။ ကတ္တူစက္ကူတွေ ကွာကျနေသည့် ထိပ်ထောင့်ချွန်တစ်စမှ အနည်းငယ်မြင်နေရသည့် ဖိတ်ဖိတ်လက်နေသော ငွေနားပေါင်ကို မြင်လိုက်ရမှ ...

"ပန်းချီကားလား လူလေး .."





"ဓာတ်ပုံပဲ၊ ဘောင်သွင်းထားတာ .."

နားမလည်သောမျက်ဝန်းတွေ တစ်ချက်ဝေ့လာသည်။ ဒါပေမယ့် လူကြီးက ဘာမှမမေးဘဲ သယ်လာသည့်လူတွေကို ကူညီဖို့ပြင်၏။

"ဦးကြီး မလုပ်နဲ့ .. ကျွန်တော့်အတွက် စားစရာတစ်ခုခု သွားပြင်ထားပါ"

"အားလုံး အဆင်သင့်ရှိနေတယ် လူလေး၊ ပစ္စည်းမနိုင်မနင်းနဲ့ တစ်ခုခုပျက်စီးသွားမှာစိုးလို့ ဘဘ ကူလိုက်မယ်၊ ဒါ လူလေးရဲ့အခန်းထဲ ထည့်မှာလား .."

အိမ်ကိုအလှဆင်ဖို့ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သဖြင့် သူ စိတ်ဝင်စားလာသည့်အရာဟာ သူ့အခန်းထဲပဲ ရောက်မှာကို ဦးကြီး က အကဲခတ်ပြီး ဖြစ်၏။ သူ ခေါင်းညိတ်လိုက်သည်။

ဘယ်သူ့ပုံလဲလို့ မမေး ..၊ သူ့အတွက် ဘယ်လောက်အရေးပါတဲ့ လူလဲလို့ မစူးစမ်း ..။ သူကလည်း ဖြေဖို့ စိတ်ကူးမရှိပါ ..။

ခြေထောက်တို့သည် အိမ်ကြီးပေါ်သို့မဟုတ်ဘဲ ခြံထဲသို့ ဦးတည်ခဲ့၏။ သူ ထိုင်တုန်းခဏပဲ ခင်းပြီး ကျန်သည့်အချိန်တွေမှာ ပေါ်တီကိုဘေးက တိုက်ခန်းလေးထဲမှာပဲ သိမ်းထားခဲ့သည့် စားပွဲပုလေးနှင့် ထိုင်ခုံတစ်လုံး ..။

အရောင်က နီနီရဲရဲဖြစ်သည်။ ခပ်ဖျော့ဖျော့ကိုမကြိုက်၊ အရောင်ရင့်တာကိုပဲ နှစ်သက်တတ်သော သူနဲ့ပတ်သက်သမျှအားလုံးက မှေးမှိန်ဖျော့တော့နေတာ ဘာမှမရှိခဲ့ ..။

စားပွဲတစ်လုံးနဲ့ ခုံတစ်လုံးကတော့ သူ့အတွက် အဆင်သင့်ဖြစ်နေပြီ ဖြစ်၏။ သူ လာနေတာမြင်တော့ ကီးကီး က လည်ပင်းရှည်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လှစ်ခနဲ ပြေးပြန်သည်။

ပြန်လာတော့ လှပသော ပလပ်စတစ်ခြင်းလေးတစ်လုံးကို ကိုက်ချီလာသည်။ ခြင်းထဲမှာ ဖန်ခွက်၊ ရေခဲ၊ ဘီယာဘူးကအစ မုန့်တွေလည်း ပါလာ၏။ စိုင်းကြီး ကို တိုးဝှေ့ဆွဲလွဲပြီး ထည့်ပေးအောင် လုပ်ယူလာခြင်း ဖြစ်သည်။

ဒီမှာ သူ နေဖြစ်တိုင်း ကီးကီး က သူ့နားမှာပဲဖြစ်သည်။ ပြောသမျှကို နားလည်သည်။ ပြန်မပြောနိုင်ပေမယ့် ခိုင်းသမျှ အကုန်သိ၏။ သူ ခိုင်းလိုက်ပြီဆို မတတ်နိုင်လျှင် စိုင်းကြီး ကို ခေါင်းတိုးကုတ်ဆွဲ၍ သိအောင် လုပ်ပြသည်။ နောက်တော့ စိုင်းကြီး နဲ့ ကီးကီးလည်း အထာကျသွား၏။

သူ ရောက်လာလျှင် ကီးကီး ကို ခိုင်းသည်။ ကီးကီး ဝင်သွားတာနဲ့ သူ ဘာလိုချင်ပြီဆိုတာကို ကီးကီး အမူအရာတွေမှာ ပုံဖော်၍ စိုင်းကြီး က အတိအကျ စီစဉ်ပေးနိုင်၏။

"ကီးကီး .. မင်းအတွက် မပါဘူးလား၊ သွား .. ပန်းကန်သွားယူ"

ဆွဲခြင်းကို သူ ငုံ့ယူလိုက်တော့ ကီးကီး လှည့်ပြေးရပြန်သည်။ တအောင့်ကြာလျှင် အဖြူရောင်ပန်းကန်ပြားလှလှလေးနှင့် ပြန်ရောက်လာ၏။

"လာ .. မင်း မောသွားပြီလား"

ကီးကီး ကို သူ ကောက်ပွေ့ပြီး ပေါင်ပေါ်တင်လိုက်၏။ လက်တစ်ဖက်ကနေ ကီးကီး ယူလာသည့် ပန်းကန်လေးထဲကို ကြက်သားပတ်ဖ်တွေထည့်ပြီး ကိုယ်တိုင် ကိုင်ကျွေးသည်။

"စား .. ကြိုက်တယ်မို့လား၊ မင်းအတွက် ငါ ဝယ်လာတာ .."





ကီးကီး က စားလည်းစားသည်။ မျက်နှာမော့လာရင်း နားထောင်

က်သေးသည်။ ကီးကီး စားနေတာကို ငုံ့ကြည့်ရင်း သူ ပြုံးလိုက်မိ

ည်။ အနီရောင်လည်ပတ်လေးက ဖွေးသန့်အုပ်ခဲနေသည့် အမွေးဖြူ

း‌တွေကြားမှာ မြုပ်လုမြုပ်ခင် ဖြစ်နေသည်။

ဒီလည်ပတ်လေးမှာ အော်တိုနာရီလေးပါသည်။ ရိမုဒ်က သူ့ဆီ

ရှိ၏။ ကီးကီး ကို အိပ်ချိန်၊ စားချိန် အစစ ထောင့်စေ့အောင် ပျင်းရိ

ငွေ့ချိန်မပေးဘဲ လေ့ကျင့်ပေးခဲ့စဉ်က အများကြီး အသုံးဝင်ခဲ့သည်။

ျတော့လည်း ကီးကီး ခမျာ သနားစရာပါ။

"လူလေးမရှိရင် ဒီကောင် လွမ်းတတ်နေပြီကွယ့် သိလား၊ တစ်ခါ

ရဲ့နှီးစက်သံလေးနဲ့ တော်တော်ဆင်တဲ့ လက်ကိုင်ဖုန်းမြည်သံလေး

ားပြီး ကားပေါ်ကနေ ခုန်ဆင်းတော့မလို ပုန်းခနဲ ခုန်ထလိုက်တာ

း ကီးကီးလေး ဖျားနေရှာတယ်လို့ သနားခဲ့တာတွေတောင် ပျောက်

န်တယ်၊ ဘဘက သူ နေမကောင်းဖြစ်နေတာကို ဆေးခန်းပြဖို့ ခေါ်

ုတ်သွားတာလေ၊ လမ်းမှာ လူလေး သူ့ကိုခေါ်နေတယ်မှတ်လို့ .. ကား

ာ မှန်တင်မထားရင် ခုန်ချနိုင်တယ်" တဲ့။

သူ ရှိနေချိန်များမှာ ကီးကီး နေထိုင်မကောင်းလည်း သူက ပုံ‌င်း

၊ မှိန်းနေခွင့် ပေးခဲ့တာမဟုတ် ..၊ ကီးကီး ကို တစ်လသားအရွယ်

တည်းက အမေရိကန်ကပြန်လာသည့် မိတ်ဆွေတစ်ဦးထံမှ လက်

ဆောင်ရထားခဲ့တာ ဖြစ်သည်။

မိဘမဲ့ ကြီးပြင်းခဲ့ရသော သူ့ဘဝမှာ သူ့ကိုယ်သူမှလွဲ၍ သတိတရ

င်တွယ်ခဲ့မိတာလည်း ကီးကီး ပဲ ရှိသည်။ ထို့ကြောင့် ကီးကီး

သူ အရိပ်ကြည့်နေသလို စိုင်းကြီး တို့ကလည်း ဂရုစိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကြီးက သူ့အတွက် အလုပ်သမား မဟုတ်ပါ။

နာမည်က စိုင်းဘာရာ ဖြစ်ပြီး ဖေဖေ့အစ်ကိုမို့ သူ့ရဲ့ဘကြီး
သည်။ နောက်ထပ် ကြီးတော်တစ်ယောက်နှင့် ဘကြီးတော်တစ်ယေ
ရှိသေးသည်။

မောင်နှမလေးယောက်မှာ သုံးယောက်က ဘယ်သူမှ အိမ်ထေ
မရှိကြဘဲ ဖေဖေတစ်ယောက်ပဲ သူ့ကို မွေးခဲ့သည်။ သွေးသားရယ်
အားလုံးက သူ့အပေါ်မှာ ပိုးမွေးသလို ဂရုစိုက် ယုယခဲ့ကြပေမယ့်
ကတော့ ဘာသိဘာသာ အေးစက်စက် ...။

ခေါ်တာတောင် 'ဘဘ' အာညာမဟုတ်ဘဲ 'စိုင်းကြီး' ဟု ခေ
သည်။ လူမှန်းသိတတ်ကတည်းက သူများယုယတာကို မကြိုက်တ
ခဲ့သော သူဟာ တခြားလူတစ်ယောက်အပေါ် ခင်မင်တွယ်တာစိတ်လ
မဖြစ်ခဲ့ဖူးပေ။

ဘယ်သောအခါပဲဖြစ်ဖြစ် မျက်မှန်နက်နှင့် သူသည် ဘာက
စိတ်ဝင်တစား မရှိခဲ့။ ပညာသင်နေသည့်အရွယ်မှာ ပညာ၊ စီးပွား
နယ်ပယ်ရောက်လာတော့လည်း စီးပွားရေးကို ဘယ်သူတားတား စ
လုပ်သည်။

လုပ်သမျှ မအောင်မြင်ခဲ့တာ မရှိ။ ထို့ကြောင့် နယ်ချဲ့ခြင်းက ပို
လာသည်။ မိဘစည်းစိမ် ဘယ်လောက်ပဲရှိရှိ၊ ထိုင်နေဖို့ကို သူ စိ
မဝင်စားခဲ့ပေ။ ထိုအခါ အုပ်ထိန်းသူတို့မှာ သူ့အတွက် တစ်ရွာတစ်
ဆောက်ခြင်းကို ဆောင်ရွက်ကြရတော့သည်။

ကီးကီး လည်ပတ်လေးကို ခလုတ်ဖွင့်၍ ပြန်လျှော့ပေးရင်း ကို
အကြောင်းတွေ မျောပါသွားခဲ့ပြီး နှုတ်ခမ်းတွေ ခပ်တွန့်တွန့် လုပ်ခ





သည်။

"မင်း ဝလာတာပဲကွ၊ ဘာလဲ ... ငါ့ကို လွမ်းသလိုလိုနဲ့ ချွဲပြ
... မလုပ်နဲ့နော်၊ မင်းက ကောင်ထီးလေး၊ ချွဲလာရင် ခြေပြင်ထုတ်ပစ်
မှာ ..."

ကီးကီး က စားသောက်ကုန်ခါနီးမှ မျက်လုံးပြူးလေးများနှင့်
ကို မော့ကြည့်၏။ ပြန်နိုင့်မသွားတော့ဘဲ စားလည်း မစားတော့ပေ။
ပြုံးလိုက်ပြီး ...

"ဘာဖြစ်တာလဲ .. မဟုတ်ရင် ပြီးတာပဲ၊ စားစရာရှိ စား .. ပြီးရင်
ကြီး သွားခေါ် ..."

သူ ထည့်ပေးသမျှကို ကုန်အောင်စားတတ်သည့် ကီးကီး က ချက်ချင်း
စား၏။ ပြီးမှ တစ်ချက်နှစ်ချက် အမြီးနှံ့ပြကာ ခုန်ဆင်းသွားလေ
။

ဒါပေမယ့် ကီးကီး အထဲ မဝင်ပါ။ အနီရောင်ခုံလေးတစ်လုံးကို
တ်တိုက်ကိုက်ချလာပြီး စားပွဲဘေးမှာ ထောင်လျက်ဖြစ်အောင် နှုတ်
ရော .. လက်နဲ့ရော အပတ်တကုတ် ကြိုးစား၏။

ထိုင်ခုံနေရာကျမှ ပြေးထွက်သွားသည်။ မကြာခင် စိုင်းကြီး
တ်လာပြီး ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ကာ ...

"လူလေး .. ချက်ချင်းပြန်တော့မလို့လား"

"ဟုတ်တယ် .."

ကီးကီး က သူ့ခြေထောက်နားမှာ ပွတ်တိုက်ရပ်နေ၏။ ဖန်ခွက်ထဲ
ယာလောင်းထည့်ရင်း သူ ခေါင်းညိတ်ကာ ...

"ဟုတ်တယ် ...၊ စိုင်းကြီး လည်း ဒီလကုန်တာနဲ့ ပြောင်းရမှာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဘာဖြစ်လို့လဲ"

"ဒီနေရာကို ပြန်ရောင်းဖို့ ပြောပြီးပြီ"

"ဟင်!..."

စိုင်းကြီး မျက်နှာပျက်သွား၏။ ရန်ကုန်မြို့ ဘယ်လောက်ကျ
လဲတော့ မသိပါ။ ဒီကလေးနောက်ကို သူ လိုက်လာကာမှ ပြောင်းရွှေ
တာ ဒါပါနဲ့ဆို သုံးကြိမ် ..။

ခြံကျယ်ကျယ်၊ ခေတ်မီသောအဆောက်အဦးနဲ့ အလှအပတွေ
နေသည့်ခြံဆို ဝယ်သည်။ နှစ်နှစ်နီးပါးလောက်ကြာတာနဲ့ ပြန်ရောင်းပြီ

ဒီမှာရောင်းတာနဲ့ ဟိုဘက်မှာ ဝယ်ပြီးသား အဆင်သင့် ..၊ ဘယ်
မှလည်း နေမှာမဟုတ်ဘဲနဲ့ ဝယ်လိုက်ပြီဆို ခြံကျယ်၊ တိုက်မြင့်ကြီးေ
နှင့် အဆောင်ဆောင် အခန်းခန်းက အံ့သြမကုန်နိုင် ..။

"လူလေး .. ခြံမြေဝယ်ရောင်း လုပ်နေတာလား၊ ဒီလိုဆိုလည်
ပြောင်းရွှေ့ရတာ သက်သာအောင် ကိုယ်ပိုင်ဟိုတယ်တွေ ရှိနေတာ
လူလေးရယ်၊ ဘာဘ အဲဒီမှာ သွားနေလိုက်ရင် ရတာပဲ၊ လူပိုတွေ ရှိတ
မှ မဟုတ်တာ .."

တစ်ခါက စိုင်းကြီး ထိုသို့ ပြောဖူးသည်။

"ဘာအပန်းကြီးလို့လဲ စိုင်းကြီး၊ အုပ်စုလိုက်ကြီးမဟုတ်လို့ ထ
သလို ပြောင်းရွှေ့နေတာပေါ့၊ လူတစ်ယောက်အတွက် စားဖို့၊ အိပ်ဖို့သာ
လိုအပ်မနေဘူးဆိုရင် အဆောက်အဦးတစ်ခုခုဆိုတာကို ခေါင်းထဲ သိ
ထည့်မှာ မဟုတ်ဘူး၊ မနေသျှံ ဆိုတာ ဘယ်လိုလူစားလို့ ဘယ်သူမှ သတ်
မှတ်မထားနိုင်အောင် နေချင်တယ်၊ ကျွန်တော့်ကိုခေါ်တာ မလိုချင်ဘူး
ကျွန်တော်ကပဲ ခေါ်ချင်တယ်"





မနေသျှံ ဟာ ဤသို့သော ထူးဆန်းသည့်စရိုက်လက္ခဏာ
သည်။ ခပ်မိမိစတိုင်လ်နှင့် လူကဖြောင့်သည်။ ကား ထည်လဲစီး၏
မနေသျှံ ဘယ်လောက်ချမ်းသာသလဲ ..၊ ဘယ်သူမှ မခန့်မှန်းနိုင်။ ဘာ
အလုပ်လုပ်နေသလဲဆိုတာ ခန့်မှန်းလို့ မရ ..။

အထူးသဖြင့် သူ ရှိနေတတ်သည့်နေရာတိုင်းဟာ သူ့ပိုင်ဆိုင်မှုနှင့်
သာ ဖြစ်သည်။ ထိုအခါ ဟိုတယ်လ်လား .. ကုမ္ပဏီတွေလား၊ သူနှင့်
မဆိုင်လောက်ဘူးထင်ရပြီး သူ ပိုင်နေပြန်သည်။ သူပိုင်လုပ်ငန်းမှန်း
သိလျက်နှင့် သူ့ကို ဘယ်တုန်းကမှ မတွေ့ရတတ်တာမျိုးလည်း ရှိခဲ့ပြန်
သည်။

လက်ကိုင်ဖုန်းကိုင်ထားပြီး သူ့ကိုတော့ ဆက်သွယ်လို့ မရခဲ့ပေ။
သူ ဘယ်လိုလူတွေနဲ့ပြောဆိုပြီး ဘာဖြစ်လို့ ဒီလောက်သိပ်သည်းစွာ လှုပ်
ရှားနေမှန်းလည်း ကြာလေ နားမလည်ကြလေ ..။

ပြောင်းရွှေ့မည်ဆိုတော့ စိုင်းကြီး ၏အတွေးတွေထဲမှာ စုပြုံပါလာ
၏။ ဘာပဲဖြစ်ဖြစ် အလိုလိုက်ရဦးမှာပဲ ဖြစ်သည်။

"ညီတော် .. တို့တွေရဲ့မျိုးဆက်သွေးက ဒီကလေးပဲ၊ မှဲ့တစ်ပေါက်
မစွန်းစေနဲ့၊ အဲဒီတာဝန် မင်း ယူရမယ်၊ မနိုင်နင်းလာရင် ဆက်သွယ်ပါ၊
ဒီကအကြောင်းကြားချက်ကို နားစွင့်နေပါ"

မောင်နှမလေးယောက်အနက်မှာ ခွန်သာစိုင်း က အိမ်ထောင်ကျ
ပြီး မနေသျှံ ကို မွေးဖွားခဲ့၏။ မွေးပြီးပြီးချင်းမှာပဲ မိခင်က ဆုံးသွားခဲ့သည်။

ခုလို ရှားပါးမျိုးဆက်ဖြစ်မှာ စိုးတာရော၊ ကလေး တစ်ကောင်
ကြွက် အထီးကျန်ဖြစ်မှာလည်းစိုးကာ မိဘတွေလက်ထက်က ဆွေပေး
ပေးထားခဲ့ပြီးဖြစ်သော ကြင်ဖက်များနှင့် လက်ထပ်လိုက်ကြဖို့ မောင်



www.burmeseclassic.com

www.burmeseclassic.com

နှစ် ယောက် တိုင်ပင်ကြသည်။

သို့သော် ကံဆိုးစွာပဲ သိလိုက်ရသည်က သူတို့ မောင်နှမနှစ်ယောက် အသီးသီး လက်ထပ်ဖို့ ဖြစ်သွားကြရင်တောင် ဘယ်သူ့မှာမှ ကလေးမရနိုင်ကြသောအဖြစ်က ကြေကွဲဖွယ်ပင်။ ထို့ကြောင့် အိမ်ထောင်ပြုကြဖို့ကို လက်လျှော့ခဲ့ကြသည်။

"တို့တွေက ချစ်ခင်စုံမက်ကြလို့မှ မဟုတ်တာ၊ ကလေးကိုငဲ့ပြီး စဉ်းစားခဲ့ကြတာ၊ ဒီလိုဆိုရင် ဘာလုပ်မှာလဲ ညီမတော်၊ တူတော်လေးကိုပဲ တစ်သက်လုံး ပြုစုစောင့်ရှောက်ကြတာပေါ့"

"ဟုတ်ပါတယ် .. ညီမလေးလည်း ဒီတစ်သက် ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး"

မောင်နှမနှစ်ယောက် ဆုံးဖြတ်ကြပြီး စိုင်းဘာရာ ဘက် လှည့်လာသည်။

"မိန်းမဆို ကြောက်သွားပြီ၊ ကျွန်တော် ဘယ်တော့မှ အိမ်ထောင်မပြုဘူး" တဲ့။

စိုင်းဘာရာ ခေါ် စိုင်းကြီး က လုံး၀ ခေါင်းခါခဲ့သည်။ ပထမဆုံး ချစ်ရသူ၏ သစ္စာမဲ့မှုကိုခံခဲ့ရပြီး အချစ်ကို ခါးသီးခဲ့သူမို့ ..။

အားလုံးဟာ ကံဆိုးဖို့လား .. ကံကောင်းဖို့လား ..။ ဘာကြောင့် ဒီလိုတွေဖြစ်လာခဲ့မှန်း မသိ။ ခနသျှံ ကတော့ ထင်တိုင်းကြဲခဲ့ပါသည်။ ဘယ်သူတွေ သူ့အပေါ် ဘယ်လောက်ပဲ မေတ္တာထားထား၊ ခံလည်း ခံစား၊ ဂရုလည်း မစိုက်။ မကြင်နာတတ်တာ မဟုတ်ဘဲ မနာခံချင်တာ ဖြစ်၏။

အမိန့်ပေးတာ မကြိုက်၊ ချုပ်ချယ်တာကို မုန်းသည်။ တားထား





ပိုတိုးလုပ်သည်။ မိုက်ရိုင်းစော်ကားတဲ့အထိ မဆိုးပေမယ့် မနာခံတာ စော်ကားတာပါပဲ။ ဒါပေမယ့် အားလုံးက ခွင့်လွှတ်နေခဲ့ကြ၏။

စည်းစိမ်ဥစ္စာတွေ ဆုပ်ကိုင် လွှဲပေါက်ပစ်ရင်တောင် ကုန်နိုင်ပါ့ ား။ စီးပွားရှာတဲ့အထဲမှာ ဘာ၀ကို နှစ်မနေပါနဲ့၊ ဘယ်လိုချော့ပြော မရ။ အရွယ်လည်း လွန်နေပါပြီ။ အိမ်ထောင်ပြုပါဆိုတော့လည်း မစိုက် ..။

မိန်းမလှလေးတွေနဲ့ မတွဲတာလည်း မဟုတ်။ တွဲလိုက်သမျှ ခပ် နိမ့်၊ ရွက်ကြမ်းရေကျိုထဲက တစ်ယောက်မှမပါ။ ဆရာ၀န်လည်း ည် ..၊ အင်ဂျင်နီယာ၊ သူဌေးသမီး၊ မော်ဒယ်ချောချောလှလှ နဖတ် တာလေးတွေလည်း သူ့မှာ ဝိုင်းဝိုင်းလည်။

"လူလေး .. ဟိုနေ့က မင်းနဲ့ပါသွားတာ လူလေးရဲ့ချစ်သူလား" လို့ မေးလိုက်ကြည့် ..၊

"မဟုတ်ဘူး .." ဆိုသည့် သုံးလုံးကိုပဲ ပြန်ရခဲ့သည်။ တစ်ခါတလေ မလှလေးတချို့ ငိုယိုပြီး အိမ်ထိ ပြဿနာလာရှာဖူးသည်။ ခနသျှံ း နည်းမှ ငဲ့မကြည့်ပါ။

"လူလေး ..အဲဒီမိန်းကလေးက မင်းရဲ့ချစ်သူဆို ..၊ သူ ပြောတော့ လေးနဲ့ သူ ..."

"ဘာမှမဆိုင်ဘူး၊ အဲဒီကိစ္စတွေ နောက်ထပ်လာမပြောနဲ့ .."

သူ က တင်းနိုင်ပြတ်နိုင်ပေမယ့် စိုင်းကြီး ကတော့ အဆင်ပြေ သို ရှင်းပေးလိုက်ရတာပါပဲ။ တကယ် တွေးလို့မရပါ။ ဒီကလေး ်နာမှာ နူးညံ့ညင်သာမှု ဘယ်တုန်းကမှ မရှိ။

သူ့ရဲ့ စိတ်၀င်စားခြင်း၊ မ၀င်စားခြင်းကိုလည်း တော်ရုံနဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ဖို့ မလွယ်ပေ။ မျက်မှန်အမြဲတပ်ထားသည့်သူ ဖြစ်၏။ ဒီလိုလူ က အချစ်ကိုလည်း စိတ်ဝင်စားပုံမရှိဘဲ မိန်းကလေးတွေနဲ့လည်း တွဲ သေးသည်။

စိုင်းကြီး မျက်နှာမကောင်းတော့ပါ။ ဒါကို မနေသျှံ သိသည်။ ပြောင်းမယ်ရွှေ့မယ်ဖြစ်လာတိုင်း 'ဘာဖြစ်လို့လဲ'၊ 'ဒီမှာ အဆင်ပြေ တာပဲ' စသော မေးခွန်းပါသည့်မျက်လုံးများဖြင့် မေးလည်း မမေးဘဲ စိုင်းကြီး ဒီတိုင်းပဲ ဖြစ်ဖြစ်သွားတတ်သည်။

အခြေအနေက နှစ်ယောက်ကြားမှာ တိတ်တိတ်ဆိတ်ဆိတ် ဖြစ် သွားပြီးမှ ...

"လူလေးရဲ့ဘကြီးတော် အမိန့်ရှိထားတာ လူလေး မသွားသေး ဘူးလား"

စိုင်းကြီး က အိမ်ကိစ္စ ပြောင်းရွှေ့ဖို့ကို မပြောတော့ဘဲ ဘကြီး တော်နှင့် လှည့်ပြောပြန်သည်။ မနေသျှံ က ဘီယာကို ကုန်ခါနီးအထိ တစ်ချက်တည်း မော့လိုက်ပြီးမှ ပြန်ချ၍ ...

"သွားတော့သွားဖြစ်မှာပါ .. ခုတော့ မဖြစ်သေးဘူး၊ ဒီကြားထဲမှာ စိုင်းကြီး ကျန်းမာရေးကို ဂရုစိုက်ပါ၊ ကီးကီး ကိုလည်း ပစ်မထားနဲ့ ပြောင်းရွှေ့ဖို့က ဘာမှ သိပ်သယ်ပိုးစရာ မလိုဘူး၊ ခေါင်းထဲမထည့်နဲ့

စိုင်းကြီး က ခေါင်းညိတ်၍ ...

"ဘာဘာ ထင်တယ် လူလေးရဲ့ .. အစ်ကိုတော်ရဲ့ မေးမြန်းပုံအရဆို ရင် လူလေးရဲ့အိမ်ထောင်ရေးကို စီမံချင်နေပြီထင်တယ်"

ပြောနေရင်း အကဲခတ်တော့ မနေသျှံ ၏နှုတ်ခမ်းအစုံ တင်းခနဲ စေ့သွားတာကို တွေ့သည်။ ဒါပေမယ့် စိုင်းကြီးက ဆက်ပြော၏။





"ပြောပါဦး၊ လူလေးရော .. ရွေးချယ်ထားတာ ရှိနေပြီလား၊ ရွေး ချယ်သင့်နေတဲ့အရွယ်ပဲကွယ်၊ လူလေး ဒီဘက်ကို အာရုံထားသင့်နေပါ ပြီ၊ ကြီးတော်တို့မှာလည်း ဒါကိုပဲ ပူပန်မျှော်လင့်နေကြရှာတာ .."

"ဒါ ပူစရာမှမဟုတ်ဘဲ စိုင်းကြီး၊ အချစ်ဆိုတာ ဘာလဲတော့ ကျွန်တော် မသိဘူး၊ ဒါပေမယ့် ကျွန်တော် မချစ်တတ်သေးဘူး ထင် တယ်၊ အိမ်ထောင်ဖက်တစ်ယောက်ဟာ အိမ်ထောင်ပြုဖို့သင့်တဲ့အရွယ် မို့လို့ ကိုယ့်ရဲ့ဇရာအတွက် ထိုးကျွေးသင့်တဲ့အရာလား၊ ဒါမှမဟုတ် အချစ်ကို ခံစားနားလည်နိုင်မှ ခံစားဖို့သက်သက်အတွက် ပိုင်ဆိုင်သင့်တဲ့ အရာလား၊ ဘာဖြစ်ဖြစ် အခု အဲဒါတွေအတွက် ခေါင်းရှုပ်မခံနိုင်ဘူး"

ပြောနေရင်း သူ့ မျက်နှာလေးတစ်ခုကို မြင်ယောင်ကာ ဖျတ်ခနဲ ပြုံးရိပ်ထင်သွားသည်။ မညာနဲ့လို့ ပြောလိုက်တာလား ..။ ဘယ်ဘက် ရင်အုံမှာ နွေးခနဲ လှိုက်ခုန်သွားခဲ့သည်။

ထိုအခါ ပြတ်သားစွာ ပြောချင်နေခဲ့သည့်စကားလုံးတို့သည် လျော့ ရဲရဲ ယိုင်ချင်လျက် ...

"ဖြစ်တော့ဖြစ်မှာပါ၊ အချစ်ကို စိတ်ဝင်စားလာတဲ့ တစ်နေ့ဟာ ပိုင်ဆိုင်တဲ့နေ့ပဲ၊ အဲဒီနေ့မှာ လက်ထပ်မယ်"

စိုင်းကြီး မျက်နှာ ဝင်းခနဲ ဖြစ်သွားသည်။

တကယ် ဟုတ်နေပြီလား ..၊ တကယ် ဟုတ်နေပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

ရုပ်ရှင်ကြည့်ဖို့ ချိန်းထားကြတော့ လိမ္မော် နဲ့ သူမ နှစ်ယောက်တည်း။

တကယ်သွားဖို့ပြင်လိုက်တော့ တစ်မျိုးဖြစ်သွားသည်။

"သူနဲ့ စကားခဏလေးပဲ ပြောမှာပါ၊ ပြီးရင် နင်နဲ့ငါ ရုပ်ရှင်သွားကြည့်မယ်လေ"

"အဲဒီတစ်ယောက်က လိုက်မှာပဲဆိုရင် ဘယ်လိုလုပ်မလဲ"

"မလိုက်နိုင်ပါဘူး .. သူ့အလုပ်က အချိန်မှန် ပြန်ဝင်ရမှာဥစ္စာ၊ မပူပါနဲ့" တဲ့။

ကတိတွေပေးပြီး ချိန်းတွေ့ကြသည်။

အင်းလျားကန်ပေါင်မှာ အချို့နေရာတွေက လူစည်ကားပြီး တချို့နေရာတွေကျတော့ ကြောက်စရာကောင်းအောင် တိတ်ဆိတ် ခြောက်သွေ့နေတတ်လေသည်။





သူတို့တွေ စကားပြောကြတာ ပြောတာရုံတင်မဟုတ်ဘဲ ယုယကြင်နာတာတွေပါလာတော့ ဝေးအောင်လျှောက်ရင်း လျှောက်ခဲ့ရင်းနှင့် မကိုရွှေ့ အဝေးကြီး ရောက်သွားခဲ့သည်။

ရှေ့ဆက်မလျှောက်တော့ဘဲ ကန်စပ်လေးမှာ ခဏရပ်နေမိသေးသည်။ စိတ်က အိမ်ပြန်ရောက်သွား၏။ ခုတလော စာမေးပွဲနီးနေကာမှ အတန်း ခဏခဏလစ်နေမိခဲ့သည်။

ခေတ်ဦး နဲ့ သာယာ မပါဘဲ ဟိုသွားဒီသွားတွေ ဖြစ်လာခဲ့တာကို ပျော်သလိုလို၊ သဘောကျမိသလိုလို။ ခါတိုင်းဆို ဘယ်သွားသွား သူတို့မပါရင်တောင် မသိဘူးဆိုတာ မရှိပေ ..။

ဒီရက်ပိုင်းတွေမှာ မကိုရွှေ့ ဒီလိုပြောင်းလဲလာခဲ့တာဟာ လူကြီးတွေ စီစဉ်ကြသည့် မင်္ဂလာကိစ္စကို မကျေနပ်ခြင်းကြောင့်ဟု ခေတ်ဦး တွက်သည်။ ဒေါ်ခေမာဦး တို့က ချော့မော့ ဖျောင်းဖျနေကြ၏။ ဘွား ကတော့ မကြာခဏ ကြိမ်းသည်။

"စာမေးပွဲမပြီးသေးလို့ သိလား၊ ကျပ်ကျပ် သတိထားနေ .." တဲ့။

ဒီနှစ်ဆို ကျောင်းပြီးပြီ။ မိဘအုပ်ထိန်းသူ တော်တော်များများ စိမ်ချက်ထဲမှာ သားသမီးတွေ ကျောင်းပြီးတာဟာ အိမ်ထောင်ပြုဖို့ ဖြစ်နေကြသလား ..။

မကိုရွှေ့ စိတ်ညစ်တာ တစ်ခုပါပဲ။ ဒါကြောင့် ဒီလိုသွားလာ ဆော့လှန်နေတာတော့ မဟုတ်ပါ။ ဒါပေမယ့် မဟုတ်ပါဘူးလို့လည်း မငြင်းခဲ့ပေ။

ခေတ်ဦး ကို မုန်းလို့၊ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ရှိုးသားစွာ တွဲသွားနေထိုင်ခဲ့ကြတာကို လူကြီးတွေက စီစဉ်တော့ ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်နေသလိုလို .. ရှေ့ဆက်ချင်သလိုလို ...။

မုန်းစရာကောင်းလိုက်တာ ...၊ ဘယ်က စမုန်းရမှန်း မသိ။ ဒီနေ့လည်း အတန်းလစ်တာကိုသိရင် ခေတ်ဦး ပျာယာခတ်နေလိမ့်မည်။ ထွက်ခဲ့တာကလည်း လိမ္မော် နဲ့ ဖြစ်၏။

လိမ္မော် ဟာ အတန်းထဲမှာ ဆရာတွေ ခဏခဏ ဆူပူကြိမ်းမောင်းနေခဲ့ရသည့် နာမည်ဆိုးနဲ့ မိန်းကလေး။

ရည်းစားထားသည်။ ဒါပေမယ့် သူများလို သိုသိုသိပ်သိပ် မဟုတ်။ အနေအထိုင် မဆင်ခြင်။

"နင် ဒီလောက်ပဲ တွဲစရာရှားသလား" လို့ ခေတ်ဦး မျက်စိမျက်နှာပျက်ပျက်နှင့် အော်ခဲ့ဖူးသည်။

ရွဲ့တာတော့ မဟုတ်။ ဒါပေမယ့် လိမ္မော် က လှသလောက် မျက်နှာချိုသူမို့ ရည်းစားကတစ်မျိုး၊ ခင်တဲ့သူတွေ ပွထကာ ယောကျာ်းလေးတွေ တရုန်းရုန်းနဲ့ဆိုတာ ဖြစ်ခဲ့ရသည်။

မကိုင်ရွှ ကတော့ သူမကိုသနားလို့ကို ခင်တာဖြစ်သည်။ သူများတွေ အဖက်မလုပ်ချင်ကြတာကို သနားလို့ တွဲပစ်လိုက်သည်။ အစကတော့ တွဲပျော်ပါသည်။

ဒီနေ့ ဒုက္ခရောက်ရပြီ ဖြစ်သည်။ နာရီလေး မြှောက်ကြည့်လိုက်တော့ ရုပ်ရှင်ချိန်က ကပ်နေပြီ။ ရပ်နေရာကနေ လာတဲ့ဘက်ကို ပြန်လျှောက်ခဲ့ရတာကလည်း အချိန်ကြာသေးသည်။

သို့သော် လှမ်းမြင်လိုက်တော့ မျက်လုံးပြူးသွား၏။ ဝေးနေသေးပေမယ့် ခုနက ဒီကနေကြည့်တော့ သူတို့ထိုင်နေတာကို လှမ်းမြင်နေရ၏။ မြင်နေရသေးလို့ ကွယ်ရာကို တမင်သွားခဲ့မိသည်။





ဘယ်ရောက်ကုန်ကြပြီလဲ ...။ ဟိုဒီလိုက်ကြည့်ပေမယ့် မြင်နေရသမျှ ကန်ပေါင်ပတ်လည်မှာ လိမ္မော် တို့ စုံတွဲ မရှိတော့ပါ။ ဒီနားကွယ်ရာတစ်ခုခုကို နေရာရွှေ့လာသလား၊ ဒါမှမဟုတ် သူမ ပြန်သွားပြီထင်ပြီး သွားခဲ့ကြတာလား ...။

တစ်ယောက်တည်းကျန်ခဲ့ပြီဆိုသည့် အသိဝင်လာမှ ကြောက်စိတ်တွေ ဝင်လာခဲ့၏။ ဒီနေရာကနေ အမြန်ဆုံးထွက်ခွာဖို့ ခြေလှမ်းကို တင် အားယူလိုက်လျှင် ...

"ဟဲ့ .. နေဦး .. နေဦး .."

တဖတ်ဖတ် ပြေးလာသံကြောင့် မကိုင်ရွှ လှည့်ကြည့်လိုက်မိ၏။

ဘုရား .. ဘုရား ...၊ ခေါင်းနပန်းကြီးကာ မကိုင်ရွှ လက်ဖျားတွေ အေးချင်းစိမ့်တက်လာ၏။ ဆံပင်စုတ်ဖွားဖွားမှာ သပြေခက်တွေရော၊ ပန်းစွန့်ထားတာတွေကို ထိုးထိုးထောင်ထောင် စိုက်ပန်လျက် ရှုပ်ပွနေသည်။

ဘာရောင်မှန်း မသိတော့သော ထဘီနှင့်အင်္ကျီက စုတ်ပြတ်ညစ်ပတ် ပြီ ရာဖာရာများနှင့် ရှုံ့တွတိုတက်နေ၏။ ခြေထောက်များ ကြေးအထပ် ထပ်နှင့် မည်းသည်းလျက် ဖိနပ်မပါ ...။

အရူး ...၊ ရူးတဲ့သူရော၊ အရက်သမားရော မကိုင်ရွှ ကြောက်သည်။ ခြေလှမ်းကို တစ်လှမ်းပြီးတစ်လှမ်း ဆုတ်နေမိ၏။ အရူးမ က အမောတကော ပြေးလာရတာကိုပဲ အမှတ်ယူနေသေးပုံနှင့် ...

"အမလေး .. ပြေးလာလိုက်ရတာ၊ ဟူး .. ငါ တော်တော် ပြေးနိုင်တာပဲ"

ရင်ဘတ်ကြီး နိမ့်လိုက်မြင့်လိုက်နှင့် လေကို တမင်ရှိုက်သွင်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ မကိုဋ္ဌ နောက်ဆုတ်နေသည့်နောက်ကို လိုက်တိုးကာ ...

"ဘာလို့နောက်ဆုတ်နေတာလဲ .. ကန်ထဲ ပြုတ်ကျသေဦးမ

ငါ့ကို ညည်းအင်္ကျီနဲ့ထဘီ ပေးစမ်းပါ၊ တော်တော်လှတဲ့အင်္ကျီပဲ၊ ငါ

ရှင်ပြုမှာ ဝတ်ချင်လို့ .."

မကိုဋ္ဌ လက်ကလေးနှစ်ဖက် ရင်ဘတ်ပေါ်ပြန်ကိုင်ပြီး ဖိအုပ်

လိုက်ပြီးသား ဖြစ်သွားသည်။

အင်္ကျီကို မပေးနိုင်လို့ မဟုတ်၊ ဒီအင်္ကျီကြောင့်ဟု သိလိုက်

တုန်လှုပ်သွားခြင်းဖြစ်၏။ ပန်းနုရောင်ဇာအထူကို ရင်ညွန့်အထက်က

လက်ဖျားအထိ ပုလဲသီးလေးတွေ အနားကွပ်၍ ဆင်ထားသည်။

အောက်ပိုင်းအားလုံးသည် ခြေဖျားအထိ အပြောင်သားပန်းနု

က အိနေသည်။ အရှုးမကလည်း မကိုဋ္ဌ တစ်ကိုယ်လုံးကို တပ်မက်

ကြည့်လိုက်တာ ခေါက်တုံ့ခေါက်ပြန် ...။

"ကဲ .. ချွတ်စမ်းပါအေ၊ ငါ့အင်္ကျီ ပြန်ယူပါ"

"ဟင့်အင်း .. ဘယ်လိုလုပ် ချွတ်မှာလဲ၊ ပိုက်ဆံ ဒီမှာပါတ

ယူသွားပါ၊ ဝယ်ဝတ်လိုက်ပါနော် .. ရော့ .. အင့် .."

ပိုက်ဆံထုတ်လိုက်တာ ဘယ်လောက်မှန်းလည်း မသိတော့

အထပ်လိုက်ကြီးကိုတောင်မှ အရှုးမ က တစ်ချက်လေးမှ ဇေမကြ

ပေ။

"မလိုချင်ဘူး၊ ဈေးသည်တွေက ငါတို့ကို ဘာမှမရောင်းဘူး၊

တာနဲ့ အော်ငေါက်လွှတ်တာ၊ ကဲပါ .. ဘယ်သူမှလည်း မရှိဘဲနဲ့ ချွ

အခုချွတ် .."

"ဟင့်အင်း .."





မကိုဋ္ဌ ချာခနဲ လှည့်ပြေးလေသည်။

"အံမယ် .. အံမယ် .. ကြည့်စမ်း၊ ဒီလိုပြေးလို့ လွတ်မလား၊ ဟဲ့ ကောင်မ .. ရပ်စမ်း"

အရှုးမ က ခဏကြောင်နေပြီးမှ သုတ်ခနဲ ပြေးလိုက်။ မကိုဋ္ဌ စီးထားသည့် ဒေါက်မြင့်ဖိနပ်က လိမ့်ခနဲ ချော်ထွက်သွား၏။ ခြေထောက်တစ်ဖက်မှာ မျက်ခနဲ နာသွားသည်။ နာနာနှင့်ပဲ မရပ်ဘဲ ဆက်ပြေးခဲ့၏။

ဖိနပ်တစ်ဖက် ကျွတ်သွားတော့ နောက်တစ်ဖက်ကိုပါ ချွတ်ပစ်လိုက်တော့သည်။

"အံမာ .. တော်တော်အပြေးသန်တဲ့မိန်းမ .. လာလေဟဲ့ .. ငါ .."

အရှုးမ က ယိုးဒယားတွေ၊ ပတ်ဂျိုးတွေနှင့် အရှိန်မြှင့်လိုက်လာ၏။ ဘယ်လိုမှမလွတ်တော့ဘူးဆိုတာကို သိလိုက်ကာ နေရာမှာတင် ပုံလဲတော့မတတ် ထိတ်လန့်လာခဲ့မိသည်။

ထိုစဉ် မျက်လုံးရှေ့မှာ လူတစ်ယောက်ကို ဘွားခနဲ မြင်လိုက်၏။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်လျက် တစ်လှမ်းချင်း လျှောက်နေသည်။

မကိုဋ္ဌ မျက်လုံးထဲမှာ ယောကျ်ား၊ မိန်းမ ဘာမှမမြင်တော့ပေ။ ထိုယောကျ်ား၏ခါးကို နောက်ကနေ တအားဖက်လိုက်မိတော့၏။

"ဟာ!..."

"ကယ်ပါဦး ..၊ ဟို .. ဟိုမှာ .. အရူး .."

သူ့ခါးကိုဖက်လျက် တစ်ပတ်လည်အောင် ပတ်ပြေးတော့ ဒီသူ ဒယိမ်းဒယိုင် ဖြစ်သွားသည်။ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားတာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလဲ .. လွှတ်စမ်း .."

"ဟင့်အင်း .. မကိုင်ရှ ကို ကယ်ပါ၊ ဟိုမှာ အရူး .. အရူး လိုက်နေလို့ ..၊ ကယ်ပါနော် .."

ခနသျှ ဟင် .. ခနဲ ဖြစ်သွား၏။ ဒါလည်း တိုက်ဆိုင်ခဲ့သည့်အဖြစ် တစ်ခုပဲလား ...။

"ဟဲ့ .. ဟိုတစ်ယောက်၊ အမလေး .. ပုန်းနေပြန်ပြီ၊ လာ .. ထွက်ခဲ့နင် ငါ့လက်က လွတ်မယ်ထင်လို့လား"

အရူးမ က လက်သီးလက်မောင်းတန်း၍ သူ့ကို ဂရုမစိုက်ဘဲ မကိုင်ရှ ကို လှမ်းဆွဲ၏။

"အား !..."

မကိုင်ရှ လန့်ဖျပ်အော်၏။

"ဟိတ် .. နောက်ဆုတ်စမ်း"

အရူးမ လက်ကို ပုတ်ချလိုက်ပြီး အော်လိုက်တော့ အရူးမ မျက်လုံးပြူးနှင့် မော့ကြည့်၏။ ပုတ်ချခံလိုက်ရသည့် လက်ကိုလည်း ပြန်ဆုပ်ကိုင်လျက် ရှုံ့မဲ့သွားကာ ...

"သေပါပြီတော် ...၊ မိန်းမက သူ့လင်အားကိုးနဲ့ ငါ့ကို အာခံတာပေါ့၊ လုပ် .. ညည်း လုပ်ထား .. သေချာစောင့်ပြီးတော့ကို ကုပ်ချိုးသတ်မယ်"

လက်ကို ဖိနှိပ်ဆုပ်ကိုင်၍ အရူးမ က ငိုလည်း ငိုသည်။

"ဟောဒီမှာ လင်မယားနှစ်ယောက် ငါ့ကို ဝိုင်းလုပ်ကြပါတယ်။ လာကြပါဦး .. ကယ်ကြပါဦး၊ ကယ်ပါ .. သူတောင်းစား .. စနှာလ်"

အရူးမ ပါးစပ်ကနေ မနားတမ်းအော်ကာ ဆောင့်အောင့်ထွက်





သွား၏။ မကိုင်ရှ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ချွေးစေးတွေ စိုရွှဲလျက် အေးစက်နေခဲ့၏။

ထို့နောက် ထိုသူ၏ ဘောင်းဘီရှည်ခါးပတ်နှင့် အင်္ကျီစကို ရောနှော ဆုပ်ကိုင်ထားလျက် ရှိုက်ငိုလေသည်။

"ဘာဖြစ်လို့ ငိုတာလဲ ...၊ မင်း ဘာမှမဖြစ်တော့ဘူး"

"ကြောက်တယ် .."

မကိုင်ရှ ခေါင်းခါနေဆဲ ...။ သူ့ကိုလည်း မလွှတ်ပေ။

"ဒီမှာ .. ကိုယ့်ကို ကြည့်စမ်း"

မကိုင်ရှ ၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ သူက မော့ခိုင်းနေ၏။ မျက်ရည်အရွှဲသားနှင့် မကိုင်ရှ မော့လာသည်။

အနီရောင်စပို့ရှပ်နှင့် အနီရောင်သမ်းနေသော မျက်မှန်၊ ပြီးတော့ နီမြန်းမြန်း နှုတ်ခမ်းအစုံ ...။

"မင်း ကိုယ့်ကို သိလား .."

ငိုနေတာတောင် တုံ့ဆိုင်းသွားခဲ့၏။ ဒီမျက်နှာကို မကိုင်ရှ သိနေတာက သေချာသည်။ ဘယ်မှာသိမှန်း မသိ ...။

"ရှင်က .."

"မင်းလက်တွေ လွှတ်လိုက်၊ ဘာမှမရှိတော့ဘူး"

ရုတ်တရက် အတိတ်မေ့သွားခဲ့သူလို မကိုင်ရှ ဘေးဘီကို အလန့်တကြား လိုက်ကြည့်မိပြန်သည်။ ဘာမှမရှိဆို လူတစ်ယောက်မှကို မရှိတော့ခြင်း ဖြစ်သည်။

မွန်းလွဲရောင်ခြည်က ရင့်သန်နေဆဲ ...၊ ကန်ရေပြင်သည် နေပူကို တစ်ခုကို ခါးသီးစွာ ဝပ်စင်းပေးနေရင်း ကျန်တာ ဘာကိုမှ ဂရုမစိုက်ခင်



www.burmeseclassic.com

www.burmeseclassic.com



တော့သလို တိတ်ဆိတ်ခြင်းဖြင့် ဥပေက္ခာပြုထားခဲ့သည်။

သူ့ခါးမှာ မိရာဆုပ်ကိုင်ထားမိသောလက်တို့က ရှက်ရွံ့အံ့သြခြင်းဖြင့် တအိအိ ပြေကျသွား၏။

ပါးပြင်ထက်မှာ မျက်ရည်တွေလည်း မခန်းခြောက်သေးပါ။ မျက်ဝန်းညိုလေးတွေထဲမှာလည်း စိုရွှဲနေဆဲ ..။ မျက်ရည်စိုလူးလျက် ပို၍ ကော့နက်စွာ ရှည်လျားစွာ ပေါ်လွင်နေသည့် မျက်တောင်ဖျားတို့ကို နေသျှံ က စူးခနဲ စိုက်ကြည့်၍ ...

"အရှုးနဲ့ ဘာဖြစ်နေတာလဲ"

"သူက ..."

အကျီတွေချွတ်ခိုင်းတာကို ရှတ်တရက် ပြောလို့မထွက်သဖြင့် ဘာဆက်ပြောရမှန်း မသိ ..။

"အဖော် မပါဘူးလား"

မကိုင်ရှ ဖြေတာကိုမစောင့်ဘဲ ထပ်မေးလိုက်ပြီးမှ တစ်စုံတစ်ရာကို သတိရသွားသလို ဘေးကို ဖျတ်ခနဲ ကြည့်၍ ...

"တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လား"

"ဟင့်အင်း .. သူငယ်ချင်းနဲ့ လာတာ၊ သူတို့က ခုနက ဟိုးရှေ့ထိအောက်မှာ ..၊ အခု ဘယ်ရောက်သွားပြီလဲ မသိဘူး"

မကိုင်ရှ ပြလိုက်သည့်ထီးကို လှမ်းကြည့်ပြီး သူက ခေါင်းညိတ်၏။

"တွေ့လိုက်တယ် .. နှစ်ယောက်၊ ကိုယ်လာတော့ သူတို့ဆင်းသွားတာပဲ၊ ဒါမျိုးဆိုတာ မိန်းကလေးတစ်ယောက်က အဖော်လိုက်ပေးရတာ မဟုတ်ဘူး"

"အဖော်လိုက်တာ မဟုတ်ပါဘူး၊ လိမ္မော် နဲ့ မကိုင်ရှ က ရုပ်ရှင်





ကြည့်ဖို့ ချိန်းထားကြတာ၊ အဲဒါ ဟိုတစ်ယောက်က စကား ခဏပြောစရာရှိလို့ဆိုပြီး ဒီရောက်လာတာပါ၊ ပြောတော့ ခဏဆိုပြီး .."

မကိုင်ရှ မျက်ရည်တွေ ပြည့်ဝိုင်းလာပြန်သည်။ မျက်တောင်ရှည်များဖြင့် ပုတ်ခတ်ဖယ်ရှားဖို့ ကြိုးစားရင်း မနိုင်မနင်း ဖြစ်လာရာကာ မျက်နှာလေးငုံ့သွား၏။

ထိုအခါ မျက်လုံးအောက်တည့်တည့်မှာ ကိုယ့်ခြေဖဝါးကို မြင်ရသည်က ဖိနပ်မပါဘဲ ဒီတိုင်း ဘယ်လိုလုပ် ပြန်မလဲ။

ဝတ်ထားသည့်ကိုယ်ကျပ်အကျီအနားစက ခြေဖမိုးပေါ်ထိ ကျနေသမယ့် ဒူးအောက်ကနေ ပျော့တွဲတွဲ ခပ်ဝဲဝဲမို့ ပြေးလွှားထားသည့်တိုင်ပြီတာ၊ ကွဲတာ ဘာမှမဖြစ် ..။

သို့သော် တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရှပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီ။ ခေါင်းငုံ့ရင်း အင့်ခနဲ ရှိုက်လိုက်သဖြင့် ဆံပင်တွေ အုပ်ကွယ်ကျ၍ ကွယ်နေသောမျက်နှာလေးကို နေသျှံ က သေချာငုံ့ကြည့်သည်။

"ဟိတ် .. ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲကွ .. လူဆိုတာ ကိုယ်လုပ်တာကို နောင်တရပြီး ခံစားမနေရဘူး၊ နောင်တဆိုတာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တာပဲ၊ မင်းကိုယ်မင်း ဒေါသဖြစ်ပြီး အထင်မကြီးဖြစ်နေရင် ဘာဆက်လုပ်မလဲ"

"နောင်တရတာ မဟုတ်ဘူး၊ မကိုင်ရှ မှာ ဖိနပ်လည်း မရှိတော့ဘူး၊ ကျောင်းချိန်ကြီး အိမ်ပြန်လို့လည်း မကောင်း .."

သူ ပြုံးလိုက်တာမြင်တော့ မကိုင်ရှ စကားမဆက်နိုင်ဘဲ ဖြစ်သွား၏။ တော်တော်ချောသည့်လူပါလား ..၊ နှုတ်ခမ်းများတို့ထက်မှာ စိမ်းသိုနေသည့် နှုတ်ခမ်းမွေးရာတွေ ရှိနေသည်။ နားသယ်စပ်မှ မေးဖျားထိ



www.burmeseclassic.com

www.burmeseclassic.com



က ညို့မှောင်နေသည်။

စိမ်းညို့သော်ကာလာတွေ ရောထွေးနေပေမယ့် ဖြူနုသည့်အသား ရောင်ထက်မှာ ပါးပြင်နှစ်ဖက်က နီမြန်းနေ၏။

ပြုံးလိုက်တော့ ဘယ်ဘက်ပါးပြင်မှာ ပါးချိုင့်ရှည်တစ်ဖက် လက် ခနဲ ထင်သွားသည်။ ငေးကြည့်နေမိပြီးမှ မကိုဋ္ဌ မျက်နှာပြန်လွဲရသည်။

သို့သော် အနီရောင်ဟပ်နေသည့် မျက်မှန်နက်၏ နောက်ကွယ်က ထူအမ်းနေသောမျက်ခုံးနှင့် မျက်ဝန်းအိမ်၏အရိပ်ကို မျက်လုံးထဲမှာ မြင် လာသည်။

မျက်တောင်သည် မရှည်သော်လည်း ထူထူပိတ်ပိတ်တော့ ရှိနေ သည်ထင်၏။ တစ်စွန်းတစ်စကို မကိုဋ္ဌ မြင်လိုက်ရသည်။

ဒီလူကို ငါ ဘယ်မှာမြင်ဖူးသလဲ .. စဉ်းစားစမ်း ...။ လောလော ဆယ် ကိုယ့်သော်ကကို မေ့သွားမိသည်။

"ဖိနပ်မရှိတာက ဘာလဲ .. ကျွတ်ကျန်ခဲ့တာလား၊ ပြတ်သွားတာ လား"

သူ ပြောလာမှ မကိုဋ္ဌ အတွေးတွေ ပြတ်တောက်သွားခဲ့၏။

"တစ်ဖက်က ပြတ်သွားတာ၊ တစ်ဖက်က ချွတ်ပစ်ခဲ့တာ .."

"ဒါဆို ပြန်ရှာဖို့ မလိုတော့ဘူး .. ဖိနပ်လိုက်ဝယ်လေ၊ ကိုယ့်မှာ ကားပါတယ်"

"ဟင်!..."

မကိုဋ္ဌ လန့်သွားသလို မော့ကြည့်တော့ သူက ပြုံးလိုက်သလိုလို မဲ့သလိုလိုနှင့် နှုတ်ခမ်းတွေ လွန့်ခနဲ ဖြစ်ကာ ...

"မင်းသဘောပါ .."





ပြောပြီး ခပ်စူးစူးတစ်ချက်ကြည့်၍ သူ လှည့်ထွက်သွားသည်။

"ဒီမှာ ..."

မကိုဋ္ဌ လှမ်းဆွဲမိတော့မလိုဖြစ်သွားပြီးမှ လက်ပြန်တွန့်၊ စောစော က ပစ်ပစ်ခတ်ခတ် ဖက်လိုက်မိတာကို ခုမှသတိရသည်။ အားနာသလို လို၊ ရှက်သလိုလို ...၊ မျက်နှာပြင်မှာတော့ ပူပူထူထူကြီးပါ။

သူ က ပြန်လှည့်ကြည့်၍ ရပ်နေသည်။

"ရှင် မကိုဋ္ဌ ကို သိလားဟင်၊ ရှင့်ကို မြင်ဖူးသလိုပဲ"

"ဖြစ်တတ်တာပဲ .."

စောစောကတော့ ပြုံးလိုက်ပုံ၊ ကြည့်လိုက်ပုံက သူပဲ သိနေသလို လို။ ခုကျတော့ မပြောချင်သည့်ပုံနှင့် အဖက်မတန်သလိုမျိုး ...။

နေပါစေ ...၊ မကိုဋ္ဌ ဆက်မမေးဖို့ ဆုံးဖြတ်လိုက်ကာ ...

"မကိုဋ္ဌ ကို ဖိနပ်ဝယ်လို့ရတဲ့ တစ်နေ့ရာရာထိ ပို့ပေးပါ"

သူက ခေါင်းညိတ်လိုက်ပြီး ရှေ့ကထွက်သွား၏။

လိမ္မော် .. အညာမ။ ရင်တုန်မပြေတပြေ ...၊ ကိုယ်မှာ ချွေးတို့ဖြင့် အေးစက်စက်ရှိဆဲ ...။ လိမ္မော် ကို ဒေါသတွေလည်း ဖြစ်၊ ငိုလည်း ငို ချင်နေတုန်းပါ။ မကိုဋ္ဌ ဒေါသတကြီး လုပ်တတ်သည်။ ထင်ရာကို မရမက လုပ်ချင်သည့်ညာဉ်လည်း ရှိသည်။ ဒါပေမယ့် ကြောက်လည်း ကြောက်တတ်ပါသည်။

အရှုးမ လက်ထဲမှာသာ မိခဲ့လိုက်ရလျှင် သူမ အဖြစ်ဟာ ...၊

"အမေ့!..."

သူ့နောက်မှာ ကပ်ကပ်လေးလိုက်ရင်း မကိုဋ္ဌ ခလုတ်တိုက်သွား သည်။ ရင်ဘတ်နှင့်ပစ်တိုက်မိသည့် သူ့လက်မောင်းကိုပဲ ဖက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"အား!..."

ဒီခြေထောက် နစ်ခါရှိပြီ၊ နောက်တစ်ကြိမ်မို့ ပိုနာသည်။ မလုပ်သင့်တာကို လုပ်မိမှန်းသိလျက်နှင့် ခြေထောက်က နာလွန်းသဖြင့် ချက်ချင်း ခိုင်ခိုင်မရပ်နိုင်။ သူ့လက်မောင်းကိုဖက်ထားရင်း မကိုင်း ထိုင်လျက်သား ခွေကျသွား၏။

"ဘာဖြစ်သွားတာလဲ .."

မကိုင်း လက်ကိုလိုက်ထိန်းကိုင်ကာ သူလည်း ထိုင်လျက်ဖြစ်သွားခဲ့သည်။ ဖြူနုသော ခြေမကလေးမှာ သွေးစို့နေ၏။

"ခလုတ်တိုက်မိတာ နစ်ခါရှိပြီ၊ အား!... နာလိုက်တာ .."

မျက်နှာငုံ့လိုက်တိုင်း ဘာမှမမြင်ရတော့အောင် အုပ်ကွယ်ကျလာတတ်သော ကတ္တီပါသားလို ဆံစများကို ခနသျှံ အပေါ်စီးကနေ စူးစိုက်ကြည့်မိ၏။

ပြီးတော့ ပင့်သက်မျှင်းမျှင်း ချသည်။

"အဝေးကြီး လျှောက်ရဦးမှာ ..၊ မင်း .. ရလား"

မကိုင်း ထပ်ငိုဖို့ရာ သူ ကဲ့ရဲ့မှာစိုးတာနဲ့ပဲ မျက်နှာမမော့ခင် မျက်ရည်တွေကို မရမက ဖယ်ရှားနေရသည်။ ပြီးတော့ ခေါင်းညိတ်ပြီးမှ မော့လိုက်၏။

"ရပါတယ် .."

လို့ ပြောလိုက်ရပေမယ့် ဒူးဆစ်ထဲမှာ မျက်နေသည်။ မရဘူး ပြောလို့ရော .. ဖြစ်မလား၊ သူ့ကို ကိုယ်က ဆွဲလွဲနေမိပေမယ့် သူ ပြန်ဆွဲမှာတော့ မခံနိုင်ပါ။ သို့သော် ...





"အား!..."

ကိုယ့်ဟာကိုယ် ထရပ်ရင်း ရူးရူးဝါးဝါးအော်ကာ ခွေခနဲ ပြန်ကျ၏။ မြေပြင်ထက်သို့မဟုတ်ဘဲ မကိုင်း သူ့ရင်ခွင်ထဲ ရောက်သွားလေသည်။

"ဆောရီး .. မင်း နာသွားမှာစိုးလို့ .."

မကိုင်း ကို ခါးကလေးကနေ သိမ်းပွေ့ထားသဖြင့် သူ့ရင်ခွင်ထဲမှာ ရင်ချင်းကပ်လျက် မကိုင်း ပူထူကာ စက္ကန့်များစွာ မေ့လျော့သွားခဲ့၏။

"လွှတ်လိုက်မယ် .. ရမလား"

မကိုင်း ခေါင်းညိတ်လိုက်တာပါပဲ။ ဒါပေမယ့် ခြေထောက်က မတ်တတ်ရပ်နိုင်သော်လည်း ခြေလှမ်းလို့ မရ။

ကားဆိုတဲ့ဆီကိုရောက်အောင် မကိုင်း လက်မောင်းလေးကို သူ တွဲထားခဲ့သည်။ မထောက်နိုင်လို့ သူ့ကို တအားခိုထားမှန်းသိတော့ ဟိုဘက်ကလက်မောင်းကိုပါ ထိန်းဖက်ထားလိုက်သည်။

ပိုဆိုးသွား၏။ နာတာက သပ်သပ်၊ ရှက်တာကို ဘယ်လိုမှ တင်းထားလို့ မရပေ။ သူ့ကိုယ်က ပြင်းရှသောရေမွှေးနံ့ကို ရနေသည်။

ကြာသည်နှင့် ချိုအီသွားတတ်သောအနံ့မျိုး မဟုတ်ဘဲ ခပ်ရိုင်းရိုင်းနှင့် နှစ်သက်ဖွယ်ကောင်းနေသည်။ ကားထဲမှာလည်း မွှေးပျံ့နေ၏။

ဆိုဖာနှင့်ကူရှင်တွေအားလုံးက အသစ်စက်စက်အတိုင်း ထိရက်ဖွယ် မရှိအောင် နအိနေ၏။ ကားပေါ်ရောက်ဖို့ကျတော့ ခွင့်မတောင်းဘဲ မကိုင်း ကို ဖွေ့ခနဲ ပွေ့ပစ်လိုက်သည်။

သေလိုက်စမ်း ..၊ ဆိုဖာပေါ် ငုတ်တုတ်လေး ထိုင်ချပေးလိုက်သည်အထိ မကိုင်း မျက်လုံးတွေ မှိတ်ထားမိဆဲ ..။ ရှက်လိုက်တာ ..၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ပွေ့ပစ်လိုက်တာလဲ၊ တက်နိုင်ရဲ့လားလို့ မေးပါဦးလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မတတ်နိုင်တာ သိလျက်နှင့် အပြစ်တင်မိသည်။ ဒေါသဖြစ်၍လည်း ပေါက်ကွဲလို့ မရ။ သူက မောင်းသူနေရာမှာထိုင်၍ ကားစက်နှိုးနေပြီ။

ဒီလူ ဘယ်သူလဲ ..၊ ဘယ်လိုလူလဲ။ ထူးဆန်းစွာဖြစ်လိုက်ပုံက ဘာမှမသိ၊ မရင်းနှီးသော ယောကျ်ားတစ်ယောက်နှင့် မကိုင်ရွှေ ပွေ့လိုက်၊ ဖက်လိုက် ..။

ဒီနေ့ထိ ခေတ်ဦး နဲ့တောင် ဒီလိုမျိုး မနေခဲ့ဖူးပေ။ အို .. ငါ့ကြောင့်မှ မဟုတ်တာ ..၊ အခြေအနေကိုက ဒီအတိုင်း ဖြစ်သွားခဲ့တာ ..။

ကားထဲမှာထိုင်နေရင်း လက်ဖဝါးနှစ်ဖက်ကို လုံးထွေးဆုပ်ချေလျက် မှားပြီလား၊ မမှားဘူးလားဆိုသော နှစ်ရပ်ကြားမှာ မကိုင်ရွှေ ချာချာလည်နေသည်။

ဘွား သိရင်တော့ ပြောပါလိမ့်မည်။

"အဲဒီ သူငယ်ချင်းဆိုတာတွေ အခုဖြစ်တ် .."





## အခန်း (၁၀)

"ဘာ!... ဘယ်လိုပုံစံ .."

"အရပ် တော်တော်မြင့်တယ်၊ မြင့်သလောက် တော်တော်ကြည့်ကောင်းတယ်ဟာ၊ ကိုယ်လုံးကလည်း အဆီပို လုံးဝမရှိဘူး၊ ဖြောင့်တယ်"

"အင်း .. မျက်မှန်နဲ့မဟုတ်လား"

"ဟုတ်တယ်၊ ပါးနဲ့နှုတ်ခမ်းက ရဲနေတာပဲ၊ ရှမ်းများလား မသိဘူး၊ ရှမ်းသွေးစပ်တာပဲလား .."

မကိုင်ရွှေ က မျက်လုံးထဲမှာ စွဲနေခဲ့တာကို သေချာပြောပြသည်။ စုလတ် နဲ့ လိမ္မော် က စူးစိုက်နားထောင်နေကြ၏။

အတန်းချိန်ပေမယ့် ဆရာ မဝင်သေးသောကြောင့် ကဲန်တင်းမှာ နောက်တစ်ခေါက် ပြန်ထိုင်မိကြခြင်းဖြစ်သည်။

လိမ္မော် သည် ရုပ်ချောသလောက် အပြောလည်း ကောင်း၏။ ထိုနေ့က ပြဿနာဖြစ်ခဲ့ရခြင်းကို အထပ်ထပ် တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တွေ့ဖို့ပြောကတည်းက နင် ရူပွပွဖြစ်နေတော့ ငါကလည်း စကားပြောရင်း ကြာနေတာနဲ့ ပြန်သွားပြီမှတ်လို့ပါ မကိုဋ္ဌ ရယ် .. တကယ်ပါ .. ငါ နင့်ကိုရှာသေးတယ်၊ သူ့ကိုတောင် ပြောမိသေးတယ်။ ငါ့သူငယ်ချင်း စိတ်ဆိုးသွားပြီလို့ .."

သူမ ပုံစံကလည်း မကိုဋ္ဌ ဒီလိုဖြစ်လာခဲ့သည်ဆိုတော့ ပါးစပ်အဟောင်းသားနှင့် ကမ္ဘာပျက်သလို ဖြစ်သွားရှာသည်။ ဟန်ဆောင်ပန်ဆောင်နဲ့လည်း မတူပါ။ ဒါကြောင့် မကိုဋ္ဌ ကျေနပ်လိုက်သည်။

စပ်စပ်စုစုနဲ့ အပေါင်းအသင်းများသော လိမ္မော် ဟာ မကိုဋ္ဌ တွေ့ခဲ့သည့်လူကိုလည်း သိနေပြန်သည်။

"ပြောပါဦး .. အဲဒီလူက အနီရောင်၊ ဒါမှမဟုတ် အနက်၊ တစ်ခါတလေ လိမ္မော်ရောင်ရင့်ရင့်၊ ပန်းရင့် ..အို .. အစုံပဲ၊ သူ့အင်္ကျီအရောင်က ရင့်ချင်ရင့်၊ မရင့်လည်း ရွှန်းရွှန်းတောက်တောက်ပဲလေ၊ ဘယ်တော့မှ မှိုင်းတာ၊ ဖျော့တာ မဝတ်ဘူး"

"သြော် .. နင် ဒီလောက်သိနေတာ သူပဲဖြစ်မှာပဲ၊ အင်္ကျီရောင်တွေတော့ ဘယ်သိမလဲ၊ ငါနဲ့တွေ့တာတော့ အင်္ကျီက အနီရဲရဲ အမှန်ပဲ၊ ဆံပင်က တော်တော်ရှည်တယ်၊ ကုပ်အောက်ထိ ဆင်းတယ် သိလား၊ ဒါပေမယ့် ဘုတ်သိုက်ကြီးမဟုတ်ဘူး၊ နားသယ်စပ်တွေ သိမ်းပြီးထားတာ .. ခံ့တယ်၊ ပြုံးလိုက်တော့ ပါးချိုင့်တစ်ဖက်နဲ့လေ .."

"ဟုတ်ပ .."

လိမ္မော် က လက်ဖျစ်တီးလိုက်သေးသည်။ မကိုဋ္ဌ ကို စေ့စေ့စပ်စပ်ကြည့်၍ ငြိမ်နေခဲ့သော စုလတ် က ခေါင်းတဆတ်ဆတ်လုပ်၍ ...

"မကိုဋ္ဌ .."





"ဘာလဲ .."

"ခဏတာတစ်ဖြုတ် တွေ့ခဲ့တာလား"

"အင်းလေ .."

"ဘယ်လိုလူမှန်း ဘာမှန်း မသိခဲ့ဘူးနော်"

"သူကတော့ ငါ့ကို သိနေသလိုလိုပဲ၊ ငါကတော့ စဉ်းစားမရဘူး"

စုလတ် က ရွဲ့မေးနေတာကို မကိုဋ္ဌ က မသိသလိုလုပ်ပြီး ပြန်ဖြေ၏။ စုလတ် က ခပ်မဲ့မဲ့မျက်နှာနှင့် တစ်ဖက်လှည့် ခေါင်းညိတ်ကာ...

"အဲဒီလူကိုယ်မှာ မွေးညင်းဘယ်နှစ်ပင်ရှိလဲ .. မရေခဲ့ဘူးလား"

"ဟဲ့ .. နင် အဲဒီလိုမပြောနဲ့၊ ဓနသျှံ ဆိုတဲ့လူကို .."

"ဘာ!... ဓနသျှံ .. ဟုတ်လား"

လိမ္မော် က ခေါင်းညိတ်၏။

"ဓနသျှံ မှ ဓနသျှံ အစစ်ပါ၊ သူချောတာကလေ ..မြင်လိုက်တာနဲ့ သမင်လည်ပြန်လိုက်ကြည့်ချင်တာမျိုး မဟုတ်ဘူး၊ သေချာ သူ့ကိုကြည့်မိလေ .. မျက်စိထဲ ဖျောက်မရလေ ကျန်ခဲ့တာမျိုး၊ ကြည့်ပုံ ပြုံးပုံ လမ်းလျှောက်ပုံ အားလုံး တကယ်မိတယ်"

"ဧကန္တ .. ဒီလူ့ကို လိမ္မော် နှစ်ရှည်လများ ကျိတ်ပိုးနေခဲ့ဖူးပုံရတယ်၊ ဒါမှမဟုတ် .."

စုလတ် က ယောက်ျားတစ်ယောက်အကြောင်း လိမ္မော် ပြောနေကတည်းက သိပ်မကြိုက်ချင်။ မကိုဋ္ဌ နဲ့ ခင်မင်နေလို့သာ လိမ္မော် ကို ရောနှောနေခဲ့ရပေမယ့် စာရိတ္တကို သိပ်မကြိုက်။ လိမ္မော် ကတော့ ဘာပြောပြော၊ ဘယ်လိုစစ သည်းခံခဲ့ပါသည်။

သူမ အတွက် အဖော်ကောင်းတွေပဲဟု သတ်မှတ်ကာ သူမ ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကပဲ အမြဲတမ်းလျှော့ခဲ့၏။ စုလတ် ပြောလိုက်တာကို စိတ်မဆိုးသည့် အပြင် ခေါင်းညိတ်လိုက်ကာ ...

"တကယ်ပြောတာ .. အဲဒီလူက သိပ်ချမ်းသာတာ၊ ဘယ်လောက် ချမ်းသာတယ်၊ ဘာလုပ်နေ်းလုပ်တယ် .. ခန့်မှန်းလို့မရလောက်အောင် ပဲ၊ ပြီးတော့ မာနကြီးတယ်၊ ငါ့လိုအဆင့်လောက်ကို စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး၊ တကယ်ပြောတာပါ ..သူက မိန်းကလေးတွေနဲ့ တွဲတော့တွဲတယ်၊ ချစ်သူမဖြစ်ဘူး၊ ချစ်သူမဖြစ်ဘူးဆိုတာက သူက မချစ်တာကို ပြောတာ .."

"ဘာလဲ .. မချစ်ဘဲ တွဲပြီး ဖျက်ဆီးပစ်ရောလား .."

စုလတ် က စကားကောင်း တစ်ခွန်းမှမပြောပေ။ မကိုင်း့ ကတော့ လိမ္မော် ကို သနားပါသည်။ မှုသားမပါဘဲ သူမ တကယ်သိထားတာကို ပြောပြနေတာမှန်းလည်း သိသည်။

စုလတ် ကို တားဆီးဖို့ ပါးစပ်ပြင်ရင်းနှင့်ပဲ ဒီတိုင်း နားထောင်နေခဲ့ရသည့်အဖြစ် ...။

"ဖျက်ဆီးတာလို့ ငါ မထင်ပါဘူး၊ ဒါကတော့ မိန်းကလေးက သိပ်လိုက်လျောလွန်းရင် ရှောင်တဲ့ယောကျ်ား သိပ်မရှိနိုင်ဘူး၊ ငါ သူ့ကို အထင်ကြီးနေလို့ ပြောတာ မဟုတ်ဘူးနော် .."

စုလတ် က ပေါ်တင်မဲ့ပစ်၏။

"အီကိုမှာ ရေကြည်သန့် ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးတယ်၊ မနှစ်က ဖိုင်နယ်ပြီးသွားတာလေ၊ သုံးနှစ်ဆက်တိုက် ကွင်းရခဲ့တဲ့ အချောအလှပေါ့၊ သူတို့မှာ ညီအစ်မသုံးယောက် ရှိတယ်၊ ရေကြည်သန့် က အငယ်ဆုံး .. အချောဆုံးပဲ၊ သူတို့က သိပ်ဆင်းရဲတာဟ"





"အဲဒါ ခနဲ့သျှံ နဲ့ ဆိုင်လို့လား၊ ဘယ်သူ့ကို ဖျက်ဆီးသွားလို့လဲ"

"မဖျက်ဆီးဘူး .. လှည့်ကိုမကြည့်တာ၊ အကြီးဆုံးတစ်ယောက်က သူ့ကားနဲ့တိုက်မိပြီး ခြေထောက်ထိသွားတယ်၊ အဲဒါဟာ .. အိမ်ကို လိုက်ပို့ပေး၊ ဆေးကုပေးနဲ့ သူတို့ဆင်းရဲတာကိုသိတော့ ရေကြည်သန့် ကျောင်းဆက်တက်နိုင်အောင် သူက ထောက်ပံ့တဲ့အထိ ရင်းနှီးသွားကြတယ်၊ အဲဒီတုန်းက ရေကြည်သန့် က ဒုတိယနှစ် ဆက်တက်ရတာလေ၊ ချက်ချင်းကြီး အဖေဆုံးသွားတော့ ပထမနှစ်ဖြေပြီး ဆက်မတက်နိုင်တော့တာကိုး .."

လိမ္မော် က ပြောပြနေပြီး စုလတ် မျက်နှာပေါ်က မယုံမကြည်စူးစမ်းသောမျက်ဝန်းများကို အကဲခတ်သေးသည်။ ပြီးတော့ မကိုင်း့ ဘက်ကိုလည်း ကြည့်၍ ...

"အကြီးမကလည်း သူနဲ့စငြိတာဆိုတော့ ပတ်သက်ဖို့ ကြိုးစားတယ်၊ ရေကြည်သန့် ကိုကျတော့ သူက ကျောင်းထားပေးတဲ့ ရင်းနှီးမှုတွေ ပိုရှိတယ်လေ၊ သူလည်း မျှော်လင့်တာပဲ၊ အလတ်မကိုတော့ မသိဘူး၊ ပတ်ဝန်းကျင်ကလည်း တစ်ယောက်ယောက်နဲ့ ငြိနေပြီထင်ကြတာပဲ၊ ဒါပေမယ့် ခနဲ့သျှံ က မှန်မှန်ပဲတဲ့၊ အီကိုကွင်း ဆိုတဲ့ ရေကြည်သန့် ကိုတောင် ဒီတိုင်းပဲ လှည့်မကြည့်တော့တာ၊ တကယ်ဆို အသက်ချင်းလည်း ကွာတယ်၊ ငယ်ငယ်လှလှလေးကို ဘယ်ယောကျ်ားက ထားခဲ့မှာလဲ"

"ထားခဲ့တယ်လို့ ဘယ်သူက ပြောလဲ၊ အဲဒါ ခနဲ့သျှံ ကို အသေ အလဲကျိတ်ပိုးပြီး အထင်ကြီးနေတဲ့ မိန်းမတွေပါးစပ်ထဲမှာ ကျန်ခဲ့တဲ့ စကားဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုက်ဘူး .. အဲဒါတွေက တကယ်ပါ၊ ရေကြည် ကလည်း သူ့အလှနဲ့ ရင်းနှီးခဲ့တာတွေနဲ့တွက်ပြီး မနည်း က ကြိုက်မှာပဲလို့ မှန်း ထင်ခဲ့တာ အခုထိပဲ၊ သူ ကျောင်းပြီးတာနဲ့ ဟိုက လုံးဝမလာတော့လည်း မနည်း နောက် တကောက်ကောက်လိုက်နေတုန်း၊ ဘယ်မှာနေမှန်း လည်း မသိ၊ ဘယ်လိုလူမှန်းလည်း မသိ၊ ဒါပေမယ့် သူ့လုပ်ငန်း သူ့စီးပွား ဆိုတဲ့နေရာတွေမှာလည်း တကယ် သူပိုင်တာတွေချည်းပဲ၊ လူကို တွေ့ခွင့်မရခဲ့ဘူး၊ လမ်းမှာ သွားလာရင်း ကားပေါ်မှာ ဖျတ်ခနဲ ရိပ်ခနဲ မြင်လိုက်တာရှိတယ်၊ လိုက်တော့ မမီတော့ဘူး၊ မီတော့လည်း ခပ်တည်တည်ပဲတဲ့၊ တစ်ခါကကျတော့ ပြောသွားတယ်၊ 'မင်း ဘာ ဖြစ်လို့ ကိုယ့်ဒုက္ခ ကိုယ်ရှာတာလဲ' တဲ့"

"နင်က အဲဒီလောက်ထိတောင် သိနေတာ အံ့သြစရာပဲ၊ ကျွန် ကိုယ့်အဖြစ်ကို နာမည်ပြောင်းတပ်ပြီး ပြောပြနေတာများလား၊ သိပ်လှ တဲ့မိန်းမတစ်ယောက်ကို ခြေတော်တင်ခဲ့တာလည်း မဟုတ်ဘဲနဲ့ ဒီလို ပြတ်ပြတ်သားသား ထားခဲ့နိုင်တာ အမိပွာယ်မှမရှိတာ .."

စုလတ် စကားတွေထဲမှာ ဒါ့ကိုတော့ လိမ္မော် တော်တော်ခံရခက် သွားပုံရသည်။ မျက်နှာမှာ တင်းခနဲဖြစ်သွား၏။ ဖြူသောအသားကြောင့် မျက်ခုံးစပ်လေးတွေ နီမြန်းမြန်းဖြစ်သွားတာ သိသာသည်။

သို့သော် ခဏအတွင်းမှာပဲ စိတ်ကို ပြန်လည်ချုပ်တည်းလိုက်ပုံ ရကာ တစ်ဝက်ကျအောင်သောက်ထားပြီးသည့် မက်စ်လိမ္မော်ပုလင်းကို ပြန်ကိုင်လိုက်၏။ သောက်မလိုလုပ်ပြီးမှ မသောက်ဘဲပြန်ချကာ ...

"ငါက မကိုင်ရွှေ ရင်ထုမနာဖြစ်ကျန်ခဲ့တာကို ဖြေသာအောင် ပြော ပြတာပါ၊ မနည်း က မိန်းကလေးမြင်တခနဲ့ ပျော်ဝင်တတ်တဲ့လူ မဟုတ်





ဘူးဆိုတာကို သိစေချင်တာ၊ သူ့ကို အထင်ကြီးစေချင်လို့ မဟုတ်ဘူး.. မကိုင်ရွှေ ဒုက္ခရောက်နေတာကို အခွင့်အရေးယူပြီး ထိကိုင်သွားတယ်၊ လူလည်ကျခံလိုက်ရတယ်ဆိုတာမျိုး ရင်နာနေမယ့်အစား ဖြေသာ အောင် ပြောပြတာ၊ ရေကြည်သန့် ဆိုတာ ငါဖြစ်စရာလား စုလတ် ရယ် .. တောင်ဥက္ကလာကပါ၊ နန္ဒဝန်ဈေးနားမှာ နေတာ၊ တက္ကသိုလ်မှာ ကွင်းဆိုပြီး ပေါ်လွင်လာအောင် သူ့ကိုယ်မှာ တောက်ပြောင်နိုင်ခဲ့တာ အားလုံး မနည်း ကြောင့်ပဲ၊ အဲဒါကြောင့် လူတိုင်းကတွက်တာ၊ ကောင်မ လေးကို ရည်ရွယ်ချက်တွေနဲ့ ထောက်ပံ့စောင့်ရှောက်နေတာလို့ .."

"ဒီလိုအထင်ခံရလို့ တမင်ရှောင်ထွက်သွားတာပေါ့" ဟု မကိုင်ရွှေ တွေးမိလိုက်သည်။ လိမ္မော် ပြောနေတာတွေကို မယုံကြည်လို့မဟုတ်ပေ မယ့် သူမ ကိုယ်တိုင် ကြုံခဲ့တာပဲ။

အရှုံးမကြောင့် သူ့ခါးကို ဖက်လိုက်မိတုန်းမှာ ခါးခါးသီးသီး ဖယ် ချပစ်ဖို့ သူ လုပ်ခဲ့သေးသည်။ ပြီးတော့ ပြောဆိုခဲ့သမျှမှာ သူ့ဘက်က စည်းရုံးဖြားယောင်းခဲ့တာမျိုး ဘာမှမပါ။

လိမ္မော် က ပင့်သက်လေးရှိုက်၍ ဆက်ပြောသည်။

"ဘာပဲဖြစ်ဖြစ် မနည်း ဆိုရင် ညီအစ်မတွေအားလုံးက မျှော်လင့် ပြီးသားပါ၊ ဒါကို သူကမဟုတ်တော့ ရေကြည် ဆိုတဲ့ တစ်ယောက် အရှုံးတစ်ပိုင်းကျန်ခဲ့တာ၊ မနည်း က ပြတ်သားလေ၊ ခံစားရလေနဲ့ အစ်မ ဖြစ်တဲ့သူကတောင် သူ့ညီမကိုပြန်ပြီး ဖျောင်းဖျရတော့တယ်၊ ငါ ဘာ ဖြစ်လို့ ဒါတွေသိနေရတာလဲဆိုတော့ ငါ့အစ်ကိုရဲ့သူငယ်ချင်းက အကြီး မရဲ့ သူငယ်ချင်းလေ၊ သူငယ်ချင်းရင်းမို့ ရင်ဖွင့်သမျှ အစ်ကို့ကို အကုန် ပြောပြတာ၊ သူ့သူငယ်ချင်းကို သနားတဲ့အကြောင်းပေါ့၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့ပါသွားလို့ အဲဒီညီအစ်မအိမ်ကအလှူကို တစ်ခါရောက်ဖူးတယ်၊ ငါရောက်သွားတုန်းကတော့ သူတို့ ပြေလည်နေကြပြီ၊ ရေကြည်သန့် ဘယ်လောက်လှတယ်ဆိုတာလည်း မြင်ခဲ့ရတယ်၊ ငါပြောချင်တာက သူ မိန်းကလေးနှစ်ယောက်နဲ့ ငြိခဲ့ဖူးတယ်တဲ့၊ ဒါပေမယ့် ငယ်ရွယ်နုသစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ စွဲလမ်းရူးသွပ်မှုကို သူ အခွင့်အရေးမယူခဲ့ဘူး၊ ဒါကပဲ အထင်သေးလို့မဖြစ်တော့တဲ့ သူ့ရဲ့အကျင့်စရိုက်တစ်ခုပဲ"

"ဘယ်လိုငြိတာလဲ .. ဖျက်ဆီးခဲ့တာလဲ"

မကိုင်ရှ အလျင်စလို ဝင်မေးတော့ 'ဘာဖြစ်လို့ သိချင်နေတာလဲ' ဆိုသည့် အပြစ်တင်သည့်မျက်လုံးနှင့် စုလတ် က မျက်မှောင်ကုတ်ကြည့်၏။

သူမ မမြင်ချင်ယောင်ဆောင်လိုက်မိသည်။ သိချင်တာက သိချင်တာပဲဖြစ်သည်။

"ဖျက်ဆီးတယ်ဆိုတာကတော့ နည်းနည်း ဆိုးဝါးယ်ထင်တယ်၊ သူက .."

"အမလေး .. ကျူးလွန်ပြီး ပြန်မကြည့်တော့တာကို ဘယ်လိုကင်းလွတ်ခွင့်နဲ့ ရာထူးတိုးဦးမလို့လဲ၊ အဲဒီတစ်ယောက်ကို နင် ဒီလောက်အမွှမ်းတင်နေကတည်းက နားခါးနေတာ၊ ဟွန်း .. သူ့ကို ရူးရူးမူးမူးစွဲလမ်းပြီး ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတာတွေပဲ သူ ရမှာပေါ့၊ မနူးမနပ်ကလေးတွေ .."

"မနူးမနပ် မဟုတ်ပါဘူး၊ တစ်ယောက်က နှလုံးအထူးကု ဆရာဝန်မတဲ့၊ တစ်ယောက်က ကုန်သည်ကြီးများအသင်းဝင်ထဲကလို့ ပြောတယ်၊ အဲဒါကျတော့ ငါ သေချာမသိပါဘူး၊ ပြောသံအရဆို တကယ်





နှုန်းခဲ့တယ်တဲ့၊ ဒါပေမယ့် လက်မထပ်ဘဲ ရှောင်ထွက်သွားတယ်၊ မျက်လုံးထဲမှာ တော်ရုံမိန်းမကိုတော့ စိတ်ကူးမှာမဟုတ်ဘူး သေချာတယ်၊ စဉ်းစားကြည့်လေ .. သူ့အတွက်ဆို ဘာမဆို ရနေတဲ့လူ"

"ဘာလဲ .. လိမ္မော်၊ နင်က ဒီလူ မကိုင်ရှ ကို အခွင့်အရေးယူသွားတာမဟုတ်ဘူးဆိုတာကို ပြောရင်းနဲ့ မကိုင်ရှ လောက်ကို မမှန်းပါဘူးလို့ ပြောလိုက်တာလား"

"ဟင့်အင်း .. မဟုတ်ပါဘူး၊ တကယ်တမ်း ရန်ခံရရင် အစ်ကိုပြော 'အဲဒါ ခနော့ ဆိုတာပဲ' လို့ မြင်ဖူးလိုက်ကတည်းက ကြားဖူးသမျှကို ယုံခဲ့မိတာ၊ တကယ့်ကို ချော့တဲ့လူပါ၊ တည်လည်း တည်တယ်၊ ထင်မြင်တာတွေ၊ ငါပြောနေတာတွေက တကယ်၊ မကိုင်ရှ ကို ပုတ်ခတ်ချင်တာမျိုး မဟုတ်ဘူးဆိုတာ ယုံပါ၊ ငါ အဲဒီစိတ်မျိုး မရှိပါဘူး"

"ကဲ .. တော်ကြပါတော့၊ စုလတ် လည်း တော်တော့၊ လူအမျိုးမျိုး ယူအဆအမျိုးမျိုးပေါ့၊ စုလတ် ကိုရော .. လိမ္မော် ကိုရော ငါနားလည်ပါတယ်၊ ဒါတွေက .."

မကိုင်ရှ ပြောနေရင်း စကားက တန်းလန်းကြီးမှာ ရပ်သွား၏။

သူမ မျက်ဝန်းတွေကိုကြည့်ကာ စုလတ် နဲ့ လိမ္မော် က နောက်လှည့်ကြည့်လိုက်ကြသည်။

ခေတ်ဦး နဲ့ သူငယ်ချင်းနှစ်ယောက် ..။ ခေတ်ဦး ကို မြင်တာနဲ့ မကိုင်ရှ က မျက်နှာကို မသိမသာ တင်းထားလိုက်သည်။

"မကိုင်ရှ .."

"ဘာလဲ .."

ခေတ်ဦး တို့သုံးယောက်က စားပွဲသောမှာ တန်းစီရပ်လိုက်ကြကာ...



www.burmeseclassic.com

www.burmeseclassic.com



"အတန်းရှိန်ကြီး ဘာထွက်လုပ်နေတာလဲ"

"ထိုင်နေတာလေ .. မမြင်ဘူးလား"

ခေတ်ဦး မျက်နှာပျက်သွားကာ လိမ္မော် ကိုပဲ ခပ်စူးစူး ငေးကြ
ပြီး ...

"နင် ဒီနေ့ ဘယ်မှမသွားနဲ့နော်၊ ဘွား သေချာမှာလိုက်တယ်"

"အံမာ .."

"အမိန့်ပေးနေတာ မဟုတ်ဘူး၊ နင် အဆူခံရမှာ စိုးလို့ပြောတာ"

"မလိုဘူး .. ငါ သိတယ်၊ ဘာလာလုပ်တာလဲ .. နင်က .."

"နင်တို့ကို မြင်လို့လေ၊ စုရုံးပြီး အတန်းလစ်ဖို့များ တိုင်ပင်နေ
သလားလို့ .."

လိမ္မော် ကိုပဲ ငေးကြည့်၍ ပြောသည်။

"ခေတ်ဦး .. နင် ငါ့ကို ဆွမပေးနဲ့နော်၊ တကယ်လစ်ပစ်လိုက်
သိလား .. ဘွား ဆူမှာကို ငါက သိပ်ကြောက်နေလိမ့်မယ် မထင်နဲ့"

ခေတ်ဦး .. သူပဲ ရှုံးပါသည်။ တစ်ယောက်တစ်ခွန်း ပြောရင်း
မျက်နှာပျက်ပျက်နှင့် သူပဲ လှည့်ပြန်ခဲ့ရကာ သူငယ်ချင်းတွေက မုကျေ

"မင်းက ဘာဖြစ်လို့ ဒီလောက်ကြောက်နေတာလဲကွ"

"ကြောက်စရာလားကွာ .. ငါ ချစ်လို့ အလျှော့ပေးနေတာ .."

"ရင်ဖွင့်မနေနဲ့ .. သိတယ်၊ အဲဒါကိုပဲ ပြောတာ၊ မိန်းကလေးတွေ
ရဲ့စိတ်က ခန့်မှန်းရ သိပ်ခက်တာ၊ အားလုံးကို အချော့ကြိုက်တယ်
မထင်နဲ့၊ တစ်ခါတလေ ပါးရိုက်ခံရလို့ အဲဒီကောင် ရက်စက်တာကို
စွဲလမ်းပြီး ကောက်ကောက်ပါသွားတယ်ဆိုတာက ရှိသေးတယ်၊ မင်း
ယုံလား .. မိန်းကလေးဆိုတာ စွဲလမ်းတပ်မက်ခြင်းကိစ္စမှာ ယောက်





လေးတွေလို ပွင့်လင်းခွင့် မရှိဘူး တချို့ကျတော့ ပွင့်လင်းခွင့် ရှိရှိမရှိရှိ
မျိုသိပ်မထားဘူး၊ သိက္ခာမဲ့တယ် .. မမဲ့ဘူး ဘယ်သူ ဘာပြောပြော
ရကိုမစိုက်တာ၊ တချို့ကျတော့ အရှက်အကြောက်ကြီးပြီး ရင်ထဲမှာ
ဘာဖြစ်နေနေ လုံးဝ အကဲခတ်လို့မရအောင် အသေခံပြီး မျိုသိပ်တယ်
၊ အဲဒါမျိုးရော .. မင်း တွေ့ဖူးလား"

"ပုံပြင်ထဲမှာတော့ ကြားဖူးတယ်"

သူငယ်ချင်းနှစ်ယောက်ထဲမှ 'ချစ်သူ'ဆိုတဲ့ကောင်က တကယ်
ည်း ပေသည်။ သူ သိနေတာတွေလည်း အများကြီးပါပဲ။ ခေတ်ဦး
ကိုင်ရှ နဲ့ပတ်သက်ပြီး လိမ့်ခံနေရသမျှကို အားမလိုအားမရ ဖြစ်နေခဲ့၏။

"သိက္ခာတွေ၊ ထုံးနွှေတွေကြားမှာ မိန်းကလေးတွေ မာယာများ
ယ် ဖြစ်ကုန်တယ်ထင်တယ်၊ မင်းရဲ့ မကိုင်ရှ ကတော့ ဘယ်ထဲမှာမှ
ပါဘူး၊ မျိုသိပ်ကျိတ်မှိတ်နေရတာမျိုး ဖြစ်မယ့်မိန်းကလေးလည်း
ဟုတ်ဘူး၊ ပွင့်လင်းလွန်းလို့ ခက်နေတာ၊ မင်းကို ငါပြောမယ်ကွာ ..
ငယ်ချင်းလိုလို၊ ဘော်ဒီဂတ်လိုလို လုပ်မနေနဲ့၊ ချစ်ရင်လည်း ချစ်
ယ်ပေါ့၊ ပြီးတော့ လူကြီးတွေကလည်း စီစဉ်နေပြီဥစ္စာ ..၊ လူပုံက
ားစီးဖားစီးနဲ့ မင်းကိုက မကိုင်ရှ ကို ကြောက်နေတာ .."

"မဟုတ်ပါဘူးကွာ .. သူ ငါ့ကို မချစ်ဘူးကွ"

"ဘာနဲ့ သေချာနေတာလဲ"

"မရိုးမသား လုံးဝ ပြောလို့မရဘူး၊ စတောင် မစရသေးဘူး စိတ်
နိုးပြီးပြီ၊ ဘယ့်နှယ်လုပ်ရမလဲ"

"ဆိုးဆိုးကွာ ..၊ ခန့်မှန်းရခက်ပါတယ်လို့ မင်းကို ငါပြောပြီးပြီပဲ
မှာ ရည်းစားရှိတာလည်း မဟုတ်ဘူး၊ မင်းထက် ဘယ်ကောင်နဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



တွဲခဲ့တာလည်း မရှိဘူး၊ မင်းလိုပဲ သူ့ရင်ထဲမှာ ရှိမနေဘူးလို့ ပြောလို့ မလား၊ တိုက်ပွဲက မစသေးဘူး၊ လက်နက်ချမယ်ဖြစ်နေတာ .. ငတုံး

ပြောကုန်ကြပြီ မကိုဋ္ဌ ရာ ..၊ ခေတ်ဦး မျက်နှာကြီး ရှုံ့မဲ့နေသည် တကယ်ဆို ပြောဖို့ကို မလိုတော့တာပါ။ သူ မရှိးသားနေတာကို သိ လို့ပဲ မကိုဋ္ဌ က ခုတလောမှာ မာမာတင်းတင်း နေပစ်ခဲ့တာ ဖြစ် ပြဿနာတစ်စုံတစ်ရာဖြေရှင်းဖို့ လိုအပ်ပြီဆို ခေါ်သည်။ ပြီးတာ သွားစော့ပဲ ..။

ဟိုတုန်းက ရင်းနှီးမှုလေးကိုတောင် ဘယ်လိုမှ ပြန်ရအောင် ဖမ်းမရသေးပါ။ ပြောကြတဲ့သူငယ်ချင်းတွေကလည်း စေတနာနဲ့

ဒါပေမယ့် ကိုယ့်ရင်ဘတ်ထဲကို ကိုယ်ပဲ သိသည်။ သာယာ တောင့် သူ့ကို နားမလည်တော့ ..။

"မင်း သည်းခံနေတာက လွန်တယ်" တဲ့။

ဟိုတုန်းကတော့ ဘာပဲဖြစ်ဖြစ် "ကဲပါကွာ .." ဘာညာနှင့် လျှော့ပေးလိုက်ပါ၊ ထားပေးလိုက်ပါနှင့် ပြောခဲ့တာ ..။

ပြီးတော့ ပြောသေးသည်။

"ဟိုတုန်းက သူငယ်ချင်းလို နေကြတာကွ၊ အခု မင်းတို့ ပေးစားတော့မှာ၊ ပုံစံပြောင်းရမှာပဲ" တဲ့။

ဘယ်လိုပြောင်းရမလဲ ..။





## အခန်း (၁၁)

ပြောင်းဖို့လွှဲဖို့ သူပဲ စီစဉ်ပြီး သူကျတော့ ရောက်မလာခဲ့ပေ။ ပြောင်းပြီး လဝက်ကြာမှ ရောက်လာခဲ့၏။

"စိုင်းကြီး .. အဆင်ပြေရဲ့လား"

"ပြေတယ် လူလေး"

စိုင်းကြီး က လှိုက်လှိုက်လှဲလှဲ ပြောခြင်းဖြစ်သည်။

ပြောင်းဖို့ဖြစ်လာတုန်းက စိတ် သိပ်မကောင်းပါ။ ခဏခဏ ပြောင်းရွှေ့နေထိုင်မှုနှင့်နွယ်သော မနှသျှံ ၏ စိတ်မတည်ငြိမ်မှုကို အားမရ ဖြစ်မိသည်။ ပြီးတော့ နေရာသစ်တစ်ခုကို ပြောင်းရွှေ့နေထိုင်ရခြင်းကြောင့် အဆင်မပြေမှုတွေ ဘယ်လိုရှိတယ်ဆိုတာ လူကြီးမို့ သူက ပိုသိသည်။ အခုတော့ စိတ်ချမ်းသာသွားပါသည်။

ပြောင်းလာသည့်နေ့မှာ ဖုန်းဆက်တော့ "ဒီခြံကြီးကို သူ့စိတ်ကြိုက် ဖန်တီးထားတာဖြစ်ကြောင်းနဲ့ ပြန်ရောင်းမှာမဟုတ်ဘူး" လို့ မနှသျှံ ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာသည် ရန်ကုန်နဲ့ ပဲခူးကြားလောက်မှာဖြစ်ကာ ပဲခူးဘက်ကို ပိုနီးသည်။ ရွာငယ်တစ်ရွာနှင့် သိပ်မကွာပေမယ့် ကုန်းမို့ထက်မှာ ထီးထီးမားမား ကျယ်ကျယ်ဝန်းဝန်း ရှိနေသည်။

ဘေးဘီရှုခင်းက လှ၏။ ခြံထဲမှာ သက်ရင့်ပင်အိုကြီးများဖြင့် အေးမြ စိမ်းစိုနေသည်။ ခနဲ့သျှ ဘယ်လောက် အကုန်ခံထားမှန်း မသိ။

ခြံကြီးထဲမှာ အမှိုက်၊ ချုံပုတ် တစ်စုတလေမှ ရှိမနေဘဲ ရှင်းသန့်လတ်ဆတ်နေ၏။ ရှေ့မျက်နှာစာမှာ အလှပန်းခင်းတွေက ပန်းချီကား တစ်ချပ် ရှုံးအောင် လှသည်။

"စိုင်းကြီး .. နည်းနည်းတော့ ပင်ပန်းမယ်၊ နောက်ပိုင်း ခြံသန့်ရှင်းရေးကို ခြံစောင့်နဲ့ နည်းနည်းကူပေးရမှာ၊ သန့်ရှင်းဖို့သပ်သပ်ကို တစ်လတစ်ခါ အလုပ်သမားတွေ ဝင်လိမ့်မယ်၊ ကြားကာလမှာ စိုင်းကြီး နဲ့ ခြံစောင့်ပဲ ရှိမှာ .."

ဟု ဖုန်းဆက်တော့ ထည့်ပြောသည်။ ခြံစောင့်ဆိုသည့် ကရင်အဘိုးကြီးကလည်း စိုင်းကြီး လောက်ပဲ အရွယ်ရှိကာ သန်စွမ်းဖျတ်လတ်နေဆဲ ဖြစ်၏။

ပြောင်းရွှေ့ပြီး အသားကျကတည်းက ခနဲ့သျှ ကို သူ မျှော်ခဲ့သည်။

ရောက်လာတော့ ကားနှစ်စီးနှင့် ..၊ နောက်က အမိုးဖွင့်ကားကြီးပေါ်မှာ ငွေနားပေါင်ကွပ်နှင့် ဖိတ်ဖိတ်လက်နေသော ဟိုတစ်ခါ ပန်းချီကားလို အပြာကြီးတစ်ချပ် ပါလာသည်။ ဆိုက်တူ ပုံစံတူ အိမ်ကြီးထဲမှာ ရှိနေသည်ပဲ။

"လူလေး .. ဒါ .."

"ဓာတ်ပုံလေ .."





သူ့ စကားစလိုက်တာနှင့် ခနဲ့သျှ က ဖြေလိုက်သည်။ ထိုစဉ် ဖုန်းမြည်လာတော့ အိတ်ထဲက ထုတ်ယူလိုက်ပြီး သူ့ဘက်လှည့်၍ ...

"စိုင်းကြီး .. အဲဒီပုံကို ဧည့်ခန်းမှာပဲ ခဏထားလိုက်၊ အထဲမသွင်းနဲ့နော်"

"အေး .. အေး .."

အလုပ်သမားသုံးယောက်က ဂရုတစိုက်သယ်သွားကြတော့ စိုင်းကြီး နောက်ကနေ လိုက်ခဲ့ရ၏။ ဒီကလေး ဘာတွေလျှောက်လုပ်နေတာလဲဟု တွေးနေမိတာကတော့ အသေအချာပါ။

ခနဲ့သျှ စိုင်းကြီး ၏ကျောပြင်ကိုကြည့်ရင်း ကားမှာ နောက်ပြန်မှီသည်။

"ဟဲလို .."

ဝင်လာသည့်နံပါတ်က ကိုယ့်လူမဟုတ်မှန်းသိတော့ အလုပ်ကိစ္စနှင့်မသက်ဆိုင်သော ကိစ္စတစ်စုံတစ်ရာမှန်း သိလိုက်၏။ ထို့ကြောင့် မျက်နှာက မကြည်လင် ...။

"မောင်လားဟင် .. ဝတီ ပါ"

"အင်း .. ပြောလေ"

"မောင်နဲ့ ဝတီ တွေ့ချင်တယ်ကွာ၊ တွေ့မှ ပြောလို့ဖြစ်မယ့် စကားလေးတွေ ရှိတယ်"

"ကိုယ် မတွေ့ချင်ဘူး ဝတီ"

"ဘာ!..."

"မင်း တောင်းဆိုလာမှာတွေ၊ နောက်ထပ်အကြောင်းပြချက်တွေ ဘာမှ ကိုယ် ပြန်မပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပေးနိုင်လို့မဖြစ်ဘူး မောင်၊ ဝတီ နဲ့ မောင် .."

"မင်း နားလည်ဖို့ကောင်းတယ် ဝတီ၊ ကိုယ် မင်းဆီက တောင်းယူခဲ့တာ ဘာမှမရှိဘူး"

"မောင် .."

"ကိုယ် ခဏခဏ ပြောခဲ့ဖူးတယ်၊ မင်းကိုလေ ..၊ ကိုယ် မချစ်တတ်ဘူးဆိုတာ .."

တစ်ဖက်က စကားသံ တိတ်ကျသွားသည်။

"ကိုယ် လက်ထပ်တဲ့မိန်းကလေးဟာ ကိုယ့်ဘဝ၊ မာန၊ စည်းစိမ်ဥစ္စာအားလုံးကို အပ်နှင်းခံရမယ့် မိန်းကလေးပဲ၊ ဒါပေမယ့် ကိုယ် မရှာပါဘူး၊ ကိုယ့်အတွက် တစ်ယောက်ယောက်ဆိုတာ ရှိနေမှာပဲ၊ ထိတွေ့ရင်းနှီးဖူးသူတိုင်း မဆုံစည်းကြဖူးဆိုတာလည်း မင်း နားလည်မှာပါ၊ လက်ထပ်တယ်ဆိုတာ မင်းထင်သလောက် မလွယ်ဘူး ဝတီ .."

"မောင် .. ဝတီက ခပ်နုပ်နုပ်မိန်းကလေး မဟုတ်ဘူးနော်၊ ပညာနဲ့ ဆွေဂုဏ် မျိုးဂုဏ်နဲ့နေတာ၊ မောင် ပြောလိုက်တာ ဝတီ ဘယ်လောက်ထိ နိမ့်ကျသွားလဲ .. သိလား"

"မင်းကို ကိုယ် မနှိမ်ပါဘူး၊ ရှိခဲ့ကြတာတွေကို ပြောပြတာ၊ အလွယ်ကူဆုံးစကားနဲ့ပဲ ပြောရရင် ကိုယ် မအားဘူး .. ဆောရီး .."

သူ ဖုန်းပိတ်ပစ်လိုက်သည်။ ထို့ပြင် အိတ်ထဲပြန်မထည့်ဘဲ ကားထဲပစ်ထည့်ကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်၏။

သူ့အတွက် သေချာသွားသည်က ဒီဖုန်းကို စွန့်လိုက်ဖို့ ..။





## အခန်း (၁၂)

"အပေါ်ထပ်က လူလေးအတွက် ပြင်ထားတဲ့အခန်းထဲမှာလည်း ဒီခတ်ပုံရှိတယ် မဟုတ်လား၊ ဘယ်သူ့ပုံလဲ .. ဒါက နောက်တစ်ယောက်ပုံလား"

မနုသျှံ ညှော်ခန်းမှာ ထိုင်လိုက်သည်နှင့် စိုင်းကြီးကမေး၏။

ညှော်ခန်းထောင့် ရှိုးကေ့စ်စင်မြင့်ကြီးအောက်ခြေတိုင်မှာ ကြိုးချည်ခံထားရသည့် ကီးကီး ကို မနုသျှံ က လှမ်းကြည့်ပြီး သူ မေးတာကို မဖြေ ..။

ကီးကီး ခမျာ သူ့ကားသံကြားကတည်းက ရုန်းနေရှာတာ ဖြစ်မည်။ သူ့ကိုမြင်တော့ အသံကလေးပင် ပြာနေရှာ၏။

ပြင်းပြင်းထန်ထန် ရုန်းတာမဟုတ်တော့ဘဲ လည်ပတ်မှာ ချည်ထားသည့်ကြိုးက တင်းနေကာ ခေါင်းလေး မော့နေရှာသည်။

"ကီးကီး ဘာဖြစ်လို့လဲ စိုင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ မေးလိုက်မှ စိုင်းကြီး က ကီးကီး ကို ကြည့်၍ ...

"ဘာဖြစ်ရမလဲ .. လူလေးအခန်းထဲဝင်ပြီး ဓာတ်ပုံမှာပတ်ထားတဲ့ စက္ကူကို ကိုက်ဖြဲနေလို့ .."

ကြားတော့ နေသျှံ ပြုံးလိုက်၏။

"ဒီမနက်ပဲလေ .. အဲဒါ လူလေးလာနေပြီ ကြားတာနဲ့ မင်း ထွက်မကြိုရတော့ဘူးလို့ပြောပြီး တမင်မြင်အောင်ပြပြီး ဒီမှာချည်ထားတာ"

နေသျှံ က ဒူးပေါ်မှာ တံတောင်နှစ်ဖက်ထောက်၍ပြုံးရင်း ဆိုဖာမှာ လက်ပိုက်မှီလိုက်၏။

ကီးကီး သည် သူ့ ဆူမှာစိုး၍ ခေါင်းခါငြင်းဆန်နေတာမျိုး မျက်လုံးလေးပြူးလျက် ညှိုးငယ်နေရှာ၏။

"ဒီကောင် သိပ်ကဲတာ လူလေးရ .. လူလေးမရှိတော့ဘူးဆိုတာနဲ့ စားချိန် အိပ်ချိန်လည်း ဂရုမစိုက်တော့ဘူး၊ ခြံထဲနဲ့ လူလေးအခန်းထဲ ခေါက်တုံ့ခေါက်ပြန် သွားနေတာပဲ"

ဓာတ်ပုံအကြောင်း မေးရာကနေ ကီးကီး အကြောင်း ဖြစ်သွားခဲ့၏။ နေသျှံ က နေရာမှထသွားကာ ကီးကီး ကို ကြိုးဖြေပေးလိုက်၏။

ကီးကီး သည် ခါတိုင်းလို သူ့ခြေထောက်တွေ၊ လက်တွေကို ပွတ်သပ်နမ်းရှုတ်မနေဘဲ ကြိုးပြေသွားသည်နှင့် ခြေထောက်နားမှာ လက်နှစ်ဖက်ရှေ့ထုတ်ပြီး လည်ပင်းလေးစင်းထား၏။

အပြစ်ရှိလို့ ဝန်ချတောင်းပန်နေသလိုပင် ...၊ နေသျှံ က သူ့ကို ကောက်ပွေ့၍ ဆိုဖာပေါ်မှာ ပြန်ထိုင်သည်။

"မင်းက ဓာတ်ပုံကိုကြည့်ချင်နေတယ် မဟုတ်လား၊ ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"





ကီးကီးက ခေါင်းလေးမော့ပြီး ဘာပြောမှန်း မသိ။ နေသျှံ က စိုင်းကြီး ကို ကြည့်၍ ...

"အဲဒီဓာတ်ပုံပေါ်ကစက္ကူတွေ စိုင်းကြီး ခွာပေးပါ"

"ဟင် .. ခွာချလိုက်ရမှာလား"

"ဟုတ်ကဲ့ .."

သူလည်း သိချင် မြင်ချင်နေတာမို့ စိုင်းကြီး ချက်ချင်းထလုပ်၏။

စက္ကူတွေအားလုံး ကွာကျသွားတော့ တအံ့တသြကြီး ဖြစ်သွားခဲ့သည်။ ပါးစပ်အဟောင်းသားဖြစ်လောက်အောင် လှလွန်းလို့တော့ မဟုတ်ပါ ...။

မိန်းကလေးတစ်ယောက်အပေါ် နေသျှံ ဒီလောက် စိတ်ဝင်တစား ဖြစ်ခဲ့သည်လားဟု တွေးမိသောကြောင့် ဖြစ်၏။

"လှလား စိုင်းကြီး .."

သူ မေးတော့ စိုင်းကြီး က ချက်ချင်း ခေါင်းညိတ်၏။ တကယ် ဝမ်းသာအားရပါ။ ကီးကီး သည်လည်း သူ့ရင်ခွင်ထဲကနေ ဆတ်ခနဲ ခေါင်းထောင်ကြည့်၏။

"လှတယ် လူလေး .. လှတာတင်မကဘူး၊ သိပ်ကို ကျက်သရေရှိတဲ့ မျက်နှာလေး၊ ဆံပင်တွေနဲ့တင် မိန်းမတစ်ယောက်ရဲ့ အဆင်းလက္ခဏာတွေ ပြည့်စုံသွားတာ၊ ပြောပါဦးကွယ် .. သူလေးက လူလေးရဲ့ ချစ်သူလား"

"မဟုတ်ဘူး .."

"ဟင်!.."

အဖျားရှုံးသွားတော့ စိုင်းကြီး ဟင် ..ခနဲ ဖြစ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေး အိမ်ထောင်ရက်သားကျပြီး မျိုးဆက်ထွန်းကားဖို့ အားလုံးက မျှော်လင့်နေခဲ့ကြသည်။

ပြီးတော့ ဓာတ်ပုံကိုမြင်လိုက်တာနှင့် ဒီမိန်းကလေး၏ ဇာရိတ္တ၊ အဆင့်အတန်းကို မေးဖို့မလိုအောင် သဘောကျသွားခဲ့သည်။

မဟုတ်ဘူး လို့ ဖြေလိုက်တော့ သူ့မှာ နှမြောတသစွာဖြင့် ...

"ချစ်သူမဟုတ်ဘဲနဲ့ ဓာတ်ပုံက နှစ်ပုံတောင်၊ ဒီလောက်ကြီး ပုံကြီးချဲ့ တန်ဆာဆင်ပြီး .."

"ကျွန်တော် စိတ်ဝင်စားလို့ပါ၊ သူ့ကို ကျွန်တော် ချစ်တယ်"

"ဟော!..."

"ဒီပုံကို ကလောကို ပို့ပေးပါ၊ ကျွန်တော် လက်ထပ်မယ့် မိန်းကလေးဆိုတာလည်း အသိပေးလိုက်ပါ"

"လူလေး .."

"အတိအကျ မှတ်ထားပေးပါ၊ ကျွန်တော့်အစီအစဉ်ကို ကြိုမမေးပါနဲ့"

ခနသျှံ က တင်းမာသည်လည်း မဟုတ်၊ ပျော့ပျောင်းတာလည်း မဟုတ်သောလေသံဖြင့် ပိတ်ပြောလိုက်သည်။

ပြီးတော့ ကီးကီး ခေါင်းလေးကို ခပ်ဆတ်ဆတ်ပုတ်လိုက်ပြီး ဓာတ်ပုံကို လက်ညှိုးထိုး၍ ...

"မှတ်ထား .. အဲဒါ မင်းရဲ့သခင်မပဲ၊ မင်း ကြိုဆိုရမယ်"

ပြော၍ ချပေးလိုက်လျှင် ကီးကီး က ဓာတ်ပုံရှေ့သွားပြီး စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။ သူ့သခင်နှင့် သူကတော့ ဟုတ်လို့ပါလား ..။

စိုင်းကြီး သက်ပြင်းချမိလေသည်။





ခနသျှံ ဟာ ဒီလိုပါပဲ။ ဘယ်လောက် တိုက်တွန်း တိုက်တွန်း၊ ဘယ်လိုချော့ချော့ 'ဟင့်အင်း ..' ဆို ဘယ်တော့မှ ပြန်လှည့်မကြည့်တော့ပေ ..။

သူလုပ်ချင်တာ၊ ဖြစ်ချင်တာကျတော့ တားတဲ့သူတွေ ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ ဖြစ်အောင် လုပ်၏။

ပြီးတော့မှ ဒါကြောင့် ဒီလိုလုပ်တယ်ဆိုတာမျိုး အကြောင်းပြောတော်ရတဲ့သူ ..၊ သိချင်နေတာတွေ အများကြီး ရှိသေးသည်။

ဒါပေမယ့် ကောင်းကောင်းပြန်ဖြေမှာ မဟုတ်သည်မို့ မမေးဖြစ်တော့ပါ။ ဆုတောင်းပေးဖို့ တစ်ခုသာ ရှိသည်။

သူ ချစ်သော မိန်းမလှလေးကို ပိုင်ဆိုင်နိုင်ပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

သုံးယောက်သား ဆိုင်ထဲဝင်လိုက်ပြီးမှ စားပွဲလွတ် တစ်လုံးမှမရှိတာကို မြင်ကြ၏။

"ဘာစားမလဲ မမ .. လာပါ၊ ဒီမှာ နေရာလုပ်ပေးပါ့မယ်"

စားပွဲထိုးကောင်လေးနစ်ကောင် ပျာပျာသလဲ ထွက်ကြိုကြပေမယ့် မကိုင်ရှ က နှာခေါင်းလေးရှုံ့၍ ခေါင်းခါလိုက်သည်။

အရေအတွက်အတိုင်း တည်ခင်းထားသည့်စားပွဲမှာပဲ ထိုင်ချင်သည်။ လွတ်သည့်နေရာမှာ ကပ်ကပ်သပ်သပ် ကြိုသလိုချပေးသည့်နေရာ ဘာလုပ်ဖို့လဲ ...။

မျက်လုံးက ဟိုဒီလိုက်ရွေ့ရင်း မလှမ်းမကမ်း စားပွဲတစ်လုံးဆီ ရောက်သွားလျှင် ...

"ဟင်!..."

သူ ...





မကိုင်ရှ မျက်လုံးလေး ထိုသူ့မျက်နှာထက်မှာ စူးနစ်ရပ်တန့်သွားစဉ် မကိုင်ရှ ထက် အရင်မြင်နေခဲ့ပုံရသည့် သူက ခေါင်းညိတ်ကာ ...

"ဒီကိုလာ ...၊ တို့ ပြီးပြီ"

စကားသံကို မကြားရပေမယ့် သူ့အမူအရာနဲ့ နှုတ်ခမ်းလှုပ်သွားတာကိုမြင်နေရသဖြင့် သိသာ၏။ မကိုင်ရှ ကြည့်နေတာကို လိုက်ကြည့်ကာ စုလတ် နဲ့ လိမ္မော် လည်း မြင်သည်။

သူမ တို့နောက်မှ မသိမသာ ကပ်ပါလာကြသည့် ခေတ်ဦး နဲ့ သာယာ တို့ကလည်း ကားပါကင်နေရာကနေ လှမ်းမြင့်နေကြ၏။

ခေတ်ဦး က သာယာ ကို ရပ်စောင့်ရင်းမှ စူးစိုက်ကြည့်နေသည်။ သာယာ သည် ကားကို ဖြည်းဖြည်းချင်းဆုတ်၍ နေရာချရင်း 'မောနင်းစတား' ထဲကို မျက်လုံးကရောက်နေ၏။

ကားသော့ကို ဆုပ်ကိုင်ဆင်းလာရင်း ခေတ်ဦး နဲ့ ခေါင်းချင်းဆိုင် လှမ်းကြည့်ကာ ...

"ဟိုဘဲက မကိုင်ရှ နဲ့ ပြောလို့ဆိုလို့ပါလား၊ မင်း သိတယ်မဟုတ်လား ခေတ်ဦး၊ မေမေ့ကို နှလုံးရောဂါ စမ်းသပ်ပေးတုန်းက ဒေါက်တာနင်းဝတီ လေ .. အထူးကုဆိုတာ .."

"ငါ သိပါတယ်"

ခေတ်ဦး၊ မျက်မှောင်ကျုံ့လျက် မျက်နှာလည်း နီခနေသည်။ အံကြိတ်ထားသဖြင့် ကားချင်ချင်မေးရိုးနှစ်ဖက်က ထောင်ခနဲ တင်းခနဲ ဖြစ်နေသည်။

"ဒီလိုလူနဲ့မှ သူက ဘာဖြစ်လို့ လာငြိနေတာလဲ"

လှမ်းကြည့်ရင်း ရှေ့ရွတ်ကာ ဆိုင်ထဲကထွက်လာသူကို စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။

မိုးပြာရောင် ရွှန်းတောက်နေသည့် ရှပ်လက်တိုပွပွနှင့် ဘောင်း နက်ပြာကို ဝတ်ထား၏။ အင်္ကျီဘောင်းဘီ ဘယ်လိုပွပွ ဖွဲ့တည်နေ ကိုယ်လုံးပုံစံပါးပါးက ချပ်ချပ်မတ်မတ်နှင့် ထင်းနေသည်။

နောက်ဆံပင်က ကုပ်အောက်ထိ ဆင်းနေ၏။ ဘေးဆံပင်တို နောက်ဘက်သို့ ခပ်ယိုင်ယိုင် ယိမ်းနွဲ့နေကာ နဖူးထက်မှာ ဖရိုဖရဲ ဆင်းနေတာ ဘာမှမရှိ ..။

ဒေါးဘီသို့လှမ်းသွားသည့် ခြေလှမ်းတိုင်းက ရဲရင့်သည်။ မျက် ကို ငုံ့သည်လည်း မဟုတ်၊ မော့ထားသည်လည်း မဟုတ်ဘဲ ပတ် ကျင် ဘာကိုမှ စိတ်မဝင်စားဘဲထားသည့် ဥပေက္ခာတို့ကို မာနာ ခြင်းဖြင့် ကောက်ကြောင်းဖော်သွားသလို ရှိသည်။

"ကြည့်ပါလား .. ရှပ်ကတော့ တော်တောင်ဖြောင့်တဲ့ဘဲပဲကွ၊ မ ကြွေသွားနိုင်တယ်"

သာယာ က အလိုက်မသိ။ ခေတ်ဦး ရင်ထဲမှာ ဦးတည်ချက်မဲ့ သောမုန်တိုင်းတစ်ခု ဟူးဟူးရားရား ပြင်းထန်နေတာကို အကဲမခတ် မျက်လုံးတို့ကို ဟိုဆီမှာထားရင်း ပြောချင်ရာ ပြောနေ၏။

ခုတလော မကိုင်း လမ်းများနေသည်။ စာမေးပွဲဖြေဖို့ရက် ရော နေသည်အထိ အတန်းလစ်တုန်း။ ပေါင်းသင်းနေသည့်လူတွေ တကယ့်ဇော်တွေချည်းပဲမို့ ဘယ်သွားသွား၊ ဘာလုပ်လုပ် သူတို့မှာ မျ ခြေပြတ်မခံရဲဘဲ မီသမျှ နောက်ကလိုက်နေကြရသည်။

တားလျှင် ပိုလုပ်မည်။ ဘွားကိုတိုင်ပြောတော့ ပိုရွဲ့၏။ ငယ် ကတည်းက မကိုင်း ဟာ အဘိုးနှင့် အဘွားကိုဆို ကြောက်ရွံ့ရှိသေ





နည်းပါးသည့်သူ ..၊ အလိုလိုက်လေ ဆိုးလေဆိုတာမျိုး ..။

မိသားစုနှစ်စုပေါင်းပြီး အလိုလိုက်ထားတော့ မကိုင်း တို့ ဂရုစိုက် တာ သိပ်မရှိတော့ပါ။ သူ့ နည်းနည်းလန့်တာက အဘိုးကိုပဲ ဖြစ်၏။

ဦးမြကျော် မှာ သွေးတိုးရှိနေတာကိုလည်း သိထားသဖြင့် ချစ် ကြောက်ရိုသေ ဖြစ်တာမျိုးပါ။ တော်ရုံပြောဆိုမရလျှင် 'နင့်အဘိုး သိရင် မလွယ်ဘူး' လို့ ပြောလိုက်တာနှင့် နောက်ပြန်ဆုတ်သွားတာမျိုးလည်း ရှိသည်။

ဒီကိစ္စကိုတော့ ဘယ်လိုရှင်းရမှန်း မသိတော့ပါ။

"ဟယ် .. ခေတ်ဦး တို့ ပါလာတယ် .. ကြည့်စမ်း"

သူတို့ ဆိုင်ထဲလှမ်းဝင်လိုက်တာနဲ့ လိမ္မော် အသံလေးကို အသံ တွေကြားထဲကနေ ခပ်စူးစူး ကြားလိုက်ရ၏။

သူတို့နှစ်ယောက်ဝင်သွားတော့ စုလတ် နဲ့ လိမ္မော် တို့က ပျာပျာသလဲ ရွှေ့ထိုင်ပေးကြ၏။ စားပွဲထိုးလူငယ်လေးက လိုနေသည့်ကုလားထိုင် တစ်လုံးကို လာချပေးတော့ အဆင်ပြေသွားသည်။

ခေတ်ဦး က မထိုင်ခင်ကတည်းက မကိုင်း ကိုပဲ မာတင်းတင်းနှင့် ကြည့်နေခဲ့သည်။ မကိုင်း က နဂိုက ပြေပြစ်နေသောမျက်နှာကို သူ့ အတွက် နှစ်ပတ်သုံးပတ် တင်းပစ်လိုက်သော သံပတ်ရုပ်လို ချက်ချင်း ပြောင်းလဲပစ်၏။

မျက်စိနှစ်စုံ၏ တိုက်ခိုက်ခြင်းကို ဘေးလူများအဖြစ် အားလုံးက မသိမသာ အကဲခတ်ကာ တိတ်ဆိတ်စွာ နေပေးကြသည်။

"မကိုင်း .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှင့်ထူးသံက တစ်သံဆုံးမှ တစ်သံလာတာ မဟုတ်ပေ
မာကျော့သောအရာဝတ္ထုနှစ်ခုသာဆို ဒိုင်းခနဲ မြည်သံထွက်သွားနိုင်၏
နှစ်ယောက်စလုံး မျက်နှာတွေက ပိုမိုတင်းမာသွားကြပြီး ...

"ဟိုတစ်ယောက်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"ဘယ်တစ်ယောက်လဲ၊ ဘာလဲ .. ငါ မေးတာကို အရင်ဖြေဦး
အခု ငါတို့နောက်ကလိုက်တာ ဘာ့လိုက်လုပ်တာလဲ"

မကိုင်ရွှေ က နည်းနည်းလေးမှ မလျှော့ပါ။

"မင်းကိုက ညံ့တာ"၊ "မင်း သည်းခံလွန်းလို့ ဆိုးနေတာ .."
"မင်းကိုတော့ နားကိုမလည်တော့ဘူး" စသည့် စသော ဝေဖန်ကဲ့
ခြင်းများကို အလူးအလိမ့်ခံနေရသည့် ခေတ်ဦး မျက်နှာမှာလည်း မျ
လျှာချ အလျှော့ပေးသွားမည့်ပုံ မရှိတော့ပေ။

"နင် ဘယ်သွားသွား၊ ဘာလုပ်လုပ် ငါနဲ့ဆိုင်တယ်"

"ဘာ!..."

"ဟိုတုန်းကတည်းကလေ ..၊ ငါတို့မပါဘဲ နင်တစ်ယောက်တည်
သွားလာခဲ့ရတာ ဘယ်လောက်များရှိလို့လဲ၊ ငါမေးတာကို ဖြေပါ၊ စော
စောကဘဲနဲ့ ဘယ်တုန်းက သိတာလဲ"

မကိုင်ရွှေ မျက်လုံးလေးတွေ အပြင်ကို တစ်ချက်ဝေ့သွား၏။ ခနဲ့သ
ဆိုသည့်လူကို ခေတ်ဦး မြင်လိုက်တာဖြစ်မည်။ နေသျှံ ကို သူသိနေလ
လား ..။ ခေတ်ဦး ကို စပ်စူးစူးပြန်စိုက်ကြည့်ကာ ...

"ဘယ်သူ့ကိုပြောတာလဲ၊ စောစောက ဒီစားပွဲက ထထွက်သွားတဲ့
ဖြူဖြူမြင့်မြင့် တော်တော်ချောတယ်လေ၊ ဆံပင်ပုံ ခပ်မိုမိုနဲ့ မျက်မှန်
မဟုတ်လား"



BURMESE CLASSIC .com



ဘယ်လိုပုံစံ၊ ဘယ်လိုချောတယ်ဆိုတာကို တမင်တကာ ထည့်
ပြောချလိုက်တော့ ခေတ်ဦး အံကြိတ်ထားတာ ပိုမို သိသာလာ၏။
က်ခုံးထူထူ ထိပ်နှစ်ဖက်က ပို၍ နီစပ်သွားလျက် စူးရဲသောမျက်ဝန်း
ကို ကျဉ်းမြောင်းသွားလေသည်။

သူ ပြန်မဖြေတာကို မကိုင်ရွှေ က ခေါင်းလေးညိတ်လိုက်ပြီး ...

"အဲဒါ နေသျှံ ပဲ၊ ငါနဲ့ခင်တာ သိပ်မကြာသေးဘူး၊ အင်း .. သိ
ဘတာပါ၊ ခင်ဖို့ မခင်ဖို့ကတော့ ငါ စဉ်းစားရဦးမယ်၊ ဒီလောက်
ပေါ်လွင်တဲ့လူကို နင် မသိဘူးလား"

"ဘာဖြစ်လို့ ပေါ်လွင်နေတာလဲ .. နင် သိရဲ့လား မကိုင်ရွှေ"

ခေတ်ဦး လေသံဟာ မကိုင်ရွှေ အတွက် တကယ့်ကို သူစိမ်းတရံဆံ
ပဲ။ ဒီလိုလေသံမျိုးနဲ့ မကိုင်ရွှေ ကို ဘယ်တုန်းကမှ မပြောခဲ့ဖူးပေ။

သာယာ ကတော့ မရယ်မပြုံးနှင့် စားစရာတွေ မှာနေသည်။
လတ် ကတော့ ခေတ်ဦး ကိုပဲ တကြည့်ကြည့်နှင့် မျက်နှာမကောင်း
..။

လိမ္မော် ကတော့ အစကတည်းက မျက်နှာငယ်ခဲ့ရသူမို့ ဘယ်သူ
ကြောင့် ပြဿနာတက်တက် သူမမှာ နေစရာမရှိ ..။

"အဲဒီလူ ဘယ်လိုလူလဲ .. မသိဘူး မဟုတ်လား"

ခေတ်ဦး က ထပ်မေး၏။

"သူ့ဟာသူ ဘယ်လိုလူပဲဖြစ်ဖြစ် လမ်းပေါ်မှာ တွေ့တယ်၊ ငါ့ကို
ညီခဲ့ဖူးလို့ ခေါ်ပြောနှုတ်ဆက်တယ်၊ အဲဒါ ဘာဖြစ်လဲ .. ခုလည်း
တို့ ထိုင်စရာမရှိလို့ သူ စားလို့မပြီးသေးဘဲ ထသွားပေးတယ်၊ ကျေးဇူး
းတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ ဆန်းဒေးမှာ အရုပ်ဆိုင်ဝင်ကြတုန်းက အရုပ်တစ်ရုပ်တည်း အတူကိုင်မိကြပြီး သူ ထားပစ်ခဲ့တာကရော .. ကူညီတာပဲလား"

မကိုင်ရှ နည်းနည်းတော့ ကြောင်သွားမိသည်။ အဲဒီတုန်းက ပစ္စည်းတွေများလို့ သူ့ပဲ ခွဲယူပြီး ကားထဲသွားထည့်နေတာ ဖြစ်သည်။

မနေ့သျှ ထွက်သွားပြီး တအောင့်ကြာမှ ပြန်ရောက်လာတာကို ဘယ်လိုမြင်လိုက်တာလဲ ..၊ ကိုယ့်ဘာသာကိုယ် အံ့သြသွားပေမယ့် မကိုင်ရှ ချက်ချင်းပဲ မျက်နှာကိုပြင်သည်။

"ကူညီတာပဲပေါ့၊ အရုပ်ကို သူက အရင်ကိုင်လိုက်တာလေ"

"နင် သွားလေရာမှာ ဒီလိုပြဿနာလေးတွေဖန်တီးပြီး တမင်တကာ ထွင်နေတယ်လို့ရော .. မတွေးမိဘူးလား မကိုင်ရှ၊ ဒီလိုလူမျိုးက မိန်းကလေးတစ်ယောက်ကို စာလိုက်ပေးဖို့ ကြိုးစားမလား၊ ကျောင်းသွားကျောင်းပြန်စောင့်ပြီး စကား ခဏပြောပါရစေ၊ တစ်ခုခုလိုက်စားပါ၊ ဘာညာနဲ့ ချဉ်းကပ်တဲ့နည်းတွေ သုံးတယ်တဲ့လား"

မကိုင်ရှ သည် မျက်ခုံးလေးနှစ်ဖက်ပင့်ကာ တကယ်ကို ဝမ်းသာဂုဏ်ယူသော၊ အံ့သြလိုက်လှဲသော ပြုံးရယ်လိုက်ခြင်းဖြင့် ...

"ဟုတ်လား .. အံ့သြစရာပဲ၊ ငါ့ကိုယ်ငါတောင် ဘဝင်မြင့်သွားပြီ"

"မကိုင်ရှ ရယ် .."

စုလတ် နဲ့ လိမ္မော် မှာ တားဆီးလိုသောညည်းသံလေးတွေ ပြိုင်တူထွက်လာသည်။

နှစ်ယောက်ဆက်ဖြစ်လာကြမည့် တင်းမာမှုတွေကို ဘယ်လို တားဆီးရမှန်း မသိတော့ဘဲ သာယာ ကို အကူအညီတောင်းသလို လှမ်းကြည့်မိကြသည်။





"ကဲ .. စားလိုက်ကြပါဦး၊ သောက်လိုက်ကြပါဦး" လို့ လှိုးလွှဲရှင်းပေးလိုက်ဖို့ဟာ စားစရာတွေကလည်း ရောက်မလာသေး။

"ခေတ်ဦး .. နင် ငါ့ကိုလိုက်ကြည့်ပြီး ဟိုလူနဲ့မပေါင်းရဘူး၊ ဒီလူမပေါင်းရဘူးနဲ့ နေရာတကာ ဆရာဝင်လုပ်တာတွေ များပြီ သိလား"

မကိုင်ရှ ပြောလိုက်လျှင် ဟန်မဆောင်တတ်သည့် ခေတ်ဦး မျက်လုံးတွေက လိမ္မော် ဆီသို့ အားနာရိပ်နှင့် ဝေ့ခနဲ ဖြတ်သန်းသွား၏။ ကိုယ့်ချင်းချင်းမို့ လိမ္မော် နဲ့ ပတ်သက်၍ တားမြစ်ပြောဆိုခဲ့တာတွေကို ကိုင်ရှ ပြန်ပြောထားခဲ့သည်လား ..။

လိမ္မော် ကတော့ မျက်လွှာလေးချပစ်ရင်း မသိသလို နေရှာပါသည်။

"ငါ့မှာ မျက်လုံးရှိတယ်၊ နားတွေရှိတယ်၊ ယောကျ်ားလေးတစ်ယောက်နဲ့ ခေါ်ပြောမိတိုင်း ဒီလူ ဘယ်လောက်ချမ်းသာသလဲ၊ ဘယ်လိုအကျင့်ရှိသလဲ ဆိုတာ စူးစမ်းနေရအောင် ငါက အမျိုးသား လိုက်ရွေးနေတာလား၊ ဘယ်သူ ဘာအကျင့်ရှိရှိ ငါ ခေါ်ချင်ခေါ်မယ်၊ ပြောချင်ပြောမယ်၊ လူကြီးတွေက စေ့စပ်ထားကြတာဆိုပြီး နင် လူပါးမဝနဲ့နော်လား .. ငါက မေဦး ကို အားနာလို့ .."

"အားမနာတော့ ဘာများလုပ်ချင်လို့လဲ၊ ငါတို့တွေ ပူပင်သောကဖြစ်နေကြတာ .. ဘယ်သူ့အတွက်ဆိုတာရော .. နားလည်ရဲ့လား"

"ကဲ .. တော်ကြပါတော့ကွာ .. မင်းတို့ကလည်း ဒါ ပန်းခြံလည်း မဟုတ်ဘူး၊ အင်းလျားကန်စောင်းလည်း မဟုတ်ဘူး၊ ဘေးမှာ လူတွေနဲ့"

သာယာ ကတော့ နည်းနည်းအရေးပါသည် ထင်၏။ နှစ်ယောက်လုံး ခဏတော့ တိတ်သွားကြသည်။

ထိုစဉ် စားစရာတွေ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ရွှ .. ဒီဘက်လှည့်ဟာ၊ ရော့ .. စားလိုက်ဦး၊ ခေတ်ဦး လည်း စားလေ"

စုလတ် က ခေတ်ဦး ကို လှမ်းကြည့်ပြီး ပြုံးပြ၏။ သူမ သည် ခေတ်ဦး ကို စိတ်ဝင်စားခဲ့ဖူး၏။ ခုလည်း စိတ်ဝင်စားမိဆဲပါ။

မကိုင်ရွှ နှင့် ဖေ့စပ်လိုက်ကြသည်ကို သိထားပေမယ့် မကိုင်ရွှ က ရိုးရိုးပဲဆိုတာကို သူမ သိသည်။ ခေတ်ဦး မရိုးသားတာကိုလည်း သိထား၏။

သူမ ရင်ထဲက တိတ်တခိုးချစ်ခြင်းဟာလည်း ချစ်နေခြင်းပဲဖြစ်လေသည်။

ကိုယ် သဘောကျမိတာက သပ်သပ်၊ မကိုင်ရွှ နဲ့ အဆင်ပြေသွားကြရင်လည်း ကျေနပ်နေမှာပင်။ ဘယ်လိုချစ်ခြင်းမျိုးလဲ ...။

မကိုင်ရွှ နဲ့ ခေတ်ဦး တို့ကို ငေးကြည့်ကာ စုလတ် သက်ပြင်းခိုးလေးချလိုက်မိသည်။

ခေတ်ဦး ပြောလိုက်သလို မနေ့သျှ ဆိုသည့်လူ ရိုးရဲ့လား ...။





## အခန်း (၁၄)

"ရိုးရိုးမရိုးရိုး ကြားလိုက်ရတာ အကောင်း ဘာမှမရှိဘူး၊ ဘာကြည့်တာလဲ .. ခေတ်ဦး မဟုတ်တာတွေ တိုထောင်သွားတာလို့ ပြောမလို့လား"

ဘွား ဒေါသတွေထွက်နေလိုက်တာ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ မျက်လုံး လှန်ကြည့်လိုက်တာလေးတောင် သည်းမခံခဲ့ပေ ...။

"ခေတ်ဦး က ဘာပြောသွားလဲ သိလား .. မကိုင်ရွှ က သူနဲ့ဖေ့စပ်လိုက်တာကို မကျေနပ်လို့ ရွဲ့နေတာတဲ့၊ မကိုင်ရွှ မကျေနပ်ရင် ဖေ့စပ်ထားတာကို ဖျက်လိုက်ပါတဲ့"

"အဲ့မှာ .."

"ဘာ အဲ့မှာလဲ .. သူများက ဆောရီးလုပ်သွားတော့ နာတတ်လား"

စကားလုံးတွေပြင်း၍ လက်သီးဆုပ်လိုက်၊ လက်ခါလိုက်ဖြစ်နေသော ဘွား ကိုယ်ပေါ်မှာ ရှည်လျားစွာရှိနေသော ဆံကြိုးကြီးလည်း အငြိမ်မနေရ။ လက်ကောက်သံတွေက တချွင်ချွင်မြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဆိုင်းကြီးထံမှ အလင်းရောင်မှာ စိန်နားကပ်နှင့် ဆံထိုးများမှ ဝင်းဝင်းလက်လက်အရောင်တွေ ထွက်နေပြန်၏။

"ဒီကိစ္စ ညည်းအဘိုးကို ကျုပ်ပြောရမှာပဲ၊ မနေသျှံ ဆိုတဲ့ပုဂ္ဂိုလ် ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ ညည်းထင်သလို ခေတ်ဦး ရဲ့စကား မဟုတ်ဘဲ တကယ်ဟုတ်မဟုတ် သေချာ စုံစမ်းရမယ်"

"ဘာလုပ်ဖို့လဲ .. ရှက်စရာကြီး ဘွားရာ၊ ကိုယ်နဲ့ ဘာဆိုင်လို့လဲ၊ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ ဟိုကဖြင့် သူ့အလုပ် သူလုပ်၊ သူ့လမ်းသူသွား နေတာ၊ ဘွားတို့ ဖြစ်နေတာနဲ့ပဲ စကားနောက်တရားပါ .."

"ဘာ!... ဘာပြောတယ်၊ မြေးနော် .. ရောသောချမပစ်နဲ့၊ ဘာ စကားနောက် တရားပါလဲ .. ဘာမှ မပါရဘူး၊ တရားလည်း မပါရဘူး၊ လူလည်း မပါရဘူး၊ ခေတ်ဦး ပြောသွားတာ .. အဲဒီသူငယ်က တော် တော်ကြီးကို ချောသတဲ့၊ မဖြစ်နိုင်ဘူးဆိုတာ ညည်းခေါင်းထဲမှာ ထည့် ထားနော် .."

ဘွားသည် ပြောဆိုနေရင်း ရင်တွေဗလောင်ဆူနေသလို ထိုင်လည်း မထိုင်နိုင်ဘဲ ဟိုဘက်လှည့်သွားလိုက်၊ ဆတ်ခနဲ ပြန်လှည့်လာလိုက် ..။

"မဖြစ်ဘူး .. မနက်ဖြန် သန်ဘက်ခါဆို ညည်းလေး ကျောင်းပြီး ပြီ၊ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်မှဖြစ်မယ်"

"ဟွန်း .. ဒါပဲ၊ ဟိုကောင်စုတ် .. သက်သက် ဒီလိုဖြစ်အောင် ထွင်သွားတာ .."

စေ့စပ်တာကို ဖျက်လိုက်ပါ တဲ့ .. ပြောသွားတော့ ..။

မကိုင်ရှ ဆံပင်ကို တမင်ဆောင့်အောင့် မော့ခါပစ်၍ ရှေ့မှာ ဘယ် သူမှမရှိဘဲ မျက်စောင်းထိုးသည်။ ဖူးပြည့်နေသည့် နှုတ်ခမ်းလေးက





ဟိုဘက်တိုးလိုက်၊ ဒီဘက် ရွဲ့လာလိုက်နှင့် ..။

ဒေါ်မျိုးနွယ် က မတ်တတ်ရပ်နေရာကနေ သေချာမြင်နေရ၏။ သုံးယောက် အတူကြီးပြင်းခဲ့တာမှန်လျက် ဟိုညီအစ်ကိုခများ မကိုင်ရှ အပေါ် သည်းခံအလိုလိုက်ကြရှာသည်။ ငယ်ငယ်တုန်းကလည်း မတည့် အတူနေ ဆိုပေမယ့် သူတို့ကပဲ အလျှော့ပေးခဲ့ကြ၏။ ခုကျတော့လည်း သံယောဇဉ်တွေ ကြီးခဲ့ကြသည်။ လက်ထပ်ပေးမယ်ဆိုတော့ ကျေနပ် မျှော်လင့်နေကြလို့ ..။

ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက်တောင် သံယောဇဉ်နည်းရ တာလဲ ..၊ ခနဲ ဆိုလား ဘာလား၊ ထိုသူငယ် ဘယ်ရွေ့ဘယ်မျှ ချောမော နေသလဲတော့ ဒေါ်မျိုးနွယ် မသိပါ။

ခေတ်ဦး ကရော .. ရုပ်ဆိုးလို့လား ..၊ ဝတ်ပုံစားပုံ သေသပ်ခံ့ညား သည်။ မြင်တာနှင့် မိကော်င်းဖခင်သားသမီး လူရည်မွန်လေးဆိုတာကို ပြောဖို့မလို ..။

အမြွှာညီအစ်ကိုဆိုပေမယ့် သာယာ နဲ့ ခေတ်ဦး နဲ့တောင် ချော မောပုံချင်း မတူပါ။ ခဏခဏ ရန်ဖြစ်ကြ၊ ရယ်မောကြနှင့် ကြည့်လိုက် တိုင်း သူတို့နှစ်ယောက်ပဲဖြစ်ကာ သာယာ က ဘေးရောက်နေတတ်တာ မို့ လက်ထပ်ဖို့စီစဉ်ကြကတည်းက ခေတ်ဦး နဲ့ပဲ ရည်ရွယ်ခဲ့ကြသည်။ သို့သော် သာယာ ကိုလည်း ဖယ်မထားခဲ့ပါ ..။

တကယ်ဖြစ်လာတော့ မကိုင်ရှ က ဘယ်သူ့ကိုမှ ခေါင်းမညိတ် သည့်အပြင် ခေတ်ဦး ပြောသလို ပေးစားမယ်ပြောလိုက်ကာမှ နည်း နည်းမှကို မသင့်မြတ်တော့သည့်အဖြစ် ..။

"ဘွား မမြင်ဖူးလို့ .. မနေသျှံ ဆိုတဲ့လူက္က ဆွဲဆောင်မှုရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရင် ဘယ်လိုလှုံ့စားဆိုတာ မကောင်းမြင်လို့မရအောင် ဟိတ်ရှိတယ်၊ တော်တော်လည်း ချမ်းသာတယ်ထင်ပါတယ်၊ အဲဒီလူ တကယ် အယုံသွင်းလိုက်ရင် မကိုဠ် ပါသွားမှာပဲ၊ ခုလည်း ကျွန်တော်တိုင်ပြောတယ်ဆိုတာသိရင် သူ ပိုဆိုးသွားမှာပါ၊ နေပစေ .. မကိုဠ် တစ်ခုခုဖြစ်သွားမှာကိုတော့ တားရမှာပဲ၊ နောက်ဆုံး .. ဒါကြောင့် တမင်လုပ်နေတာဆိုရင် လူကြီးတွေ ပြောဆိုစေ့စပ်ထားကြတာကို ဖျက်သိမ်းလိုက်ပါ'' တဲ့။

ဒေါ်မျိုးနွယ် မကိုဠ် ကို ကျောခိုင်းရပ်လျက် လက်နောက်ပစ်ထားရင်း အကောင်းဆုံး ဘယ်လိုစီစဉ်ရမလဲဆိုတာကို အကြံထုတ်နေမိသည်။

ဟိုကလေးကိုက ခက်တာပါ။ အနိုင်မခံ အရှုံးမပေးဆိုတာမရှိဘူး၊ လူငယ်ချင်းပဲ .. ဘာဖြစ်လို့ အရှုံးပေးချင်ရတာလဲ။

စိတ်ကူးထဲမှာ ခေတ်ဦး ကိုပဲ မချင့်မရဲဖြစ်မိပြန်သည်။ ဒီကိစ္စကို သူ့အဘိုးကို ပြောဖြစ်အောင်ပြောဖို့ ဆုံးဖြတ်ပြီးသား ..။ မင်္ဂလာကိစ္စကို ဘယ်လိုမှ အပျက်မခံနိုင်ဘူးဆိုတာကလည်း သေချာပါသည်။

မကိုဠ် ကလည်း ဒေါ်မျိုးနွယ် နောက်ကျောပေးရပ်လိုက်ကတည်းက ဘွား အကြံထုတ်ပြီဆိုတာကို သိပြီးသားပါ။

ဒါတွေအားလုံး ဘိုးဘိုးနားထဲ ရောက်သွားလျှင် သွားပြီ ..၊ ဘွား ဒီဘက်မလှည့်မီ နေရာမှထကာ ဖုန်းကိုပလပ်ဖြုတ်ပြီး မ,ယူသွားလိုက်၏။

အပေါ်ထပ်ကို လွတ်လွတ်လပ်လပ်ရောက်မှ သေချာပြန်တပ်ပြီး ခေတ်ဦး ကို ခေါ်လိုက်သည်။ ဖုန်းကို စားပွဲပေါ်မှာထားကာ မကိုဠ် ပြတင်းပေါက်မှာရပ်နေတာမို့ ရှေ့တည့်တည့် ခေတ်ဦး တို့တိုက်ကြီး၏ ခေါင်မိုးစွန်းကို လှမ်းမြင်နေရသည်။

ဒီကနေဆို တစ်ခြံပဲ ကွာသည်။ လက်ကိုင်ဖုန်းကိုခေါ်လိုက်သဖြင့်





ခေတ်ဦး အသံကို ချက်ချင်းကြားလိုက်ရသည်။

"မကိုဠ် လား .."

ဟုတ်တယ်လို့ ချက်ချင်းမပြောဖြစ်ဘဲ မကိုဠ် နှုတ်ခမ်းမဲ့လိုက်သေးသည်။ ဘိုးဘိုးနဲ့ဘွားဆိုရင် သူ့လက်ကိုင်ဖုန်းကို ခေါ်မှာမဟုတ်တာ ခေတ်ဦး သိနေ၏။

"မကိုဠ် .. ဘာလုပ်နေတာလဲ၊ ပြောလေ .."

"နင် ဘွားကို ဘာတွေလေတိုက်သွားလဲ"

"ဘာလေမှမတိုက်ဘူး၊ မဟုတ်တာလည်း မပါဘူး၊ ခနသျှံ ကလွဲရင် နင် ဘယ်ကောင်ကို စိတ်ဝင်စားမလဲ၊ ငါကိုယ်တိုင် အောင်သွယ်ပေးမယ်၊ တောင်တောင်မြောက်မြောက်တွေ တွေးမနေနဲ့ သိလား၊ စေတနာက လုံးဝ သန့်တယ်"

"ဒါဆို ပြီးရော ..၊ နင် ဘွားကိုပြောခဲ့သလို နင့်ဘက်က စေ့စပ်တာကို ဖျက်ပစ်လိုက်၊ ဘာဇယားမှ မရှိတော့ဘူး"

"ငါ့ဘက်ကဆိုတာက နင် သက်သက်အနိုင်ယူတာပဲ၊ စေ့စပ်တာ ဖျက်ဖို့ကို ငါ သဘောတူပေးတာက နင့်ကြောင့် ..၊ နင့်ကြောင့်ကို ငါ့ကြောင့် ဖြစ်စရာလား"

"ဘာပဲဖြစ်ဖြစ် ပြောပြီးစလစ်ပဲ၊ ငါ အခု ဖုန်းချတာနဲ့ နင့်ဘက်က သဘောမတူတာကို ဘွားကို ပြောလိုက်မယ်"

"ဟာ!... မလုပ်နဲ့နော် မကိုဠ်၊ အပြစ်ဘယ်လောက်ကြီးသွားမလဲ နင် သိလား၊ ငါက မေမေတို့ကို နင့်လောက် ဆိုးရဲတာ မဟုတ်ဘူး"

"ဘာဆိုးတာလဲ၊ ငါက မိန်းကလေး၊ မိန်းကလေးမို့ နွဲ့တာပေါ့၊ နင် ယောကျ်ား မဟုတ်ဘူးလား၊ မှန်တယ်ထင်ရင် လုပ်ရဲရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်မှမမှန်တာ ..၊ ငါ နှင့်အတွက် ဘယ်လောက်စွန့်လွှတ် အနစ်နာခံနိုင်သလဲဆိုတာကို နှင် သိစေချင်တာ၊ ငါ့ရင်ထဲက အမှန်တရားက စွန့်လွှတ်ဖို့ မဟုတ်ဘူး၊ ငါ နှင့်ကို ..၊"

"စကားတစ်ခွန်းကို ပေါ့ပေါ့လေးမဖြစ်ဖို့ သတိထား ခေတ်ဦး နှင့်အတွက် ဘယ်လိုသရုပ်ပဲဖော်ဖော် ငါမြင်တာတော့ မူရာမာယာတွေ များနေတာပဲ၊ ဒီနည်းနဲ့များ နှင့်ကို ဘွားတို့ကပဲ အထင်ကြီးမှာ .."

ခေတ်ဦး အသံ ခဏတိတ်ကျသွားပြီးမှ ...

"ငါ့စကားမဆုံးသေးဘဲ ဘာဖြစ်လို့ ဖြတ်ပြောပစ်လိုက်တာလဲ မကိုင်ရွှ .."

"နားမထောင်ချင်လို့ .."

"မထောင်ချင်လည်း ပြောမှာပဲ၊ ငါ နှင့်ကိုချစ်တယ်"

မကိုင်ရွှ ဖုန်းချပစ်လိုက်တာ နောက်ကျသွားသည်။

ခွေးစုတ် ..၊ ဖုန်းထဲကနေဆိုပြီးတော့ သတ္တိတွေ ကောင်းနေတာ ဟွန်း .. ဘာမဟုတ်ညာမဟုတ် ရည်းစားစကား အပြောခံလိုက်ရတာကို တနုံ့နုံ့ဖြစ်နေမိ၏။ အဲဒါ ညည်း ရှည်တာလေ၊ ဘာဖြစ်လို့ ဖုန်းသွား ဆက်လဲ ..။

မွေ့ရာထက်မှာ ဆောင့်ခနဲ ထိုင်ချရင်း ဖုန်းကို မကျေမနပ်ကြည့် နေမိပြန်သည်။ ပြီးတော့ ဒေါသဆိုသည့်ကြားထဲမှ ဒီစကားသံကိုပဲ ကြားနေမိတာ ဖျောက်လို့မရ ..။

"မြေးရေ .. ဆင်းခဲ့ဦး၊ ဒီမှာ ခေတ်ဦး လာတယ်"

"ဟင်!..."

မကိုင်ရွှ ဆတ်ခနဲဖြစ်သွားသည်။ တကယ်လာတယ်၊ ကြည့်စမ်း -





ခေတ်ဦး ဘာတွေဖြစ်နေလဲ ..။ ဖုန်းချပစ်လိုက်တာကို မျက်နှာကြည့်ပြီး ထပ်ပြောမလို့ ရောက်လာတာလား ..။

အကြောင်းမကြား မဆင့်ခေါ်ရဘဲနှင့် ရင်ခုန်သံတွေ ရုတ်တရက်ကြီး ထမြန်လာ၏။ ရှက်သွားသလိုလိုနှင့် ရှိန်းခနဲ ပူနွေးသွားသည်။

ဟိုတစ်နေ့က 'မောနင်းစတား' မှာ စကားများကြပြီးကတည်းက စာမေးပွဲကလည်းရှိနေသဖြင့် ကားပေါ်မှာ အတူစီးကြတာတောင် သူလည်း စာဖတ်၊ ကိုယ်လည်း စာဖတ်နှင့် စကားသိပ်မပြောဖြစ်ခဲ့ပေ။

မဖြစ်ဖူးသော တည်တံ့နေသည့်မျက်နှာက စကားပြောတာတောင် ဟိုတုန်းကလို လိုက်လိုက်လျောလျောကြီး မဟုတ်ခဲ့ပေ ..။

"မြေး .."

ဘွားအသံ နောက်ထပ်ပေါ်လာ၏။

"နေပစေ ဘွား ..၊ ကျွန်တော် တက်သွားလိုက်မယ်"

ဒီလို သွားလာဝင်ထွက်နေကျမို့ ဘွားထံမှ "အေး .. အေး၊ တက်သာသွား .." ဟု ခွင့်ပြုလိုက်သော ဘွားအသံကြီးကြောင့် မကိုင်ရွှ အိပ်ရာပေါ်ကနေ ဆတ်ခနဲ ထရပ်မိ၏။ ခဏလေးပဲ ပျာယီပျာယာဖြစ်သွားပြီး တံခါးပြေးပိတ်ဖို့ သတိရလိုက်သည်။

ခေတ်ဦး ကလည်း လှေကားတွေကို ပြေးလွှားတက်လာသလား မသိ။ တံခါးပိတ်လိုက်ပြီးတာနှင့် အခန်းရှေ့ရောက်လာခဲ့၏။

"မကိုင်ရွှ .. ဘာဖြစ်လို့ တံခါးပိတ်ပစ်လိုက်တာလဲ"

"ပိတ်ချင်လို့ပိတ်တာ ..၊ ဘာလာလုပ်တာလဲ"

"ပြောစရာရှိလို့ .."

"ဘယ်သူက နားထောင်မယ် ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထောင် မထောင်ထောင် ပြောရမှာပဲ၊ ငါ နောက်ကျ
နိုင်ဘူး မကိုင်ရှ ရာ၊ နောက်ဆုံး နင် ပြန်ချစ်ချစ် မချစ်ချစ် ငါချစ်နေတ
ကိုတော့ သူများထက်ဦးအောင် အသိပေးထားရမှာပဲ"

"ဘာ!… သူများထက်ဦးအောင် ဟုတ်လား၊ နင် အဲလိုထင်လား…"

"ဘာ!… မကိုင်ရှ … နင် …"

အခန်းတံခါးကို လက်ဖဝါးနှင့် ပုတ်ပမ်းလိုက်သံ ဖျန်းခနဲ ကြာ
ကာ ခေတ်ဦး ထံမှ တုန်လှုပ်ခြင်းကို မကိုင်ရှ ပခုံးလေးတွန့်၍ ပျော်သွ
သည်။

"မကိုင်ရှ …"

"ဘာလဲ …"

"နင် … တကယ်လား၊ နင့်ကို ဟိုတစ်ယောက်က ပရိုပို့စ်လုပ်သွ
ပြီ … ဟုတ်လား၊ တံခါး ခဏလေး ဖွင့်စမ်းပါ၊ ငါ အထဲမဝင်ဘူ
ဒီနားကပဲ ရပ်ပြောမှာပါ၊ ဖွင့်ပါ …"

"မဖွင့်ဘူး … ဘာမှအခြေအနေမပြောင်းသေးခင် နင့်ပါးစပ်ကြီးကို
ပိတ်ပြီး ပြန်သွားလိုက်တော့၊ မဟုတ်ရင် ငါ အဖြေပေးလိုက်မှာ …"

"ကျွတ်!…"

သူ့ထံမှ လက်သီးဆုပ်နှင့် တံခါးကိုထုလိုက်သံရော၊ ကျွတ်ခနဲ
စုတ်သပ်သွားသံကိုပါ ကြားလိုက်ရသည်။

"မကိုင်ရှ … နင် တကယ်ရက်စက်တယ်နော်၊ မထင်မှတ်လော
အောင်ကိုပဲ စိမ်းကားတယ်၊ တမင်ပြောတာပဲဖြစ်ဖြစ် နင် ပြောလို့ထွက်
တယ် …"

ခေတ်ဦး အသံတွေတုန်နေသည်။





မျက်ရည်များတောင် ဝေ့လည် နသလား မသိ။ မကိုင်ရှ မျက်နှာ
လေးမှာ မဲ့ရွဲ့ရယ်ချင်နေသည့်လှုပ်ရှားမှုလေးတွေ အားလုံး ရပ်တန့်
ပျောက်ဆုံးသွားလေသည်။

စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသည်မသိ …၊ ခေတ်ဦး ကို သနားသွား
သလိုလို … ပြောလိုက်မိတာ လွန်သွားလား …။

"ဒီနေ့ထိ နင့်အပြော၊ နင့်လုပ်ရပ်တွေအပေါ်မှာ ပြန်ရွဲ့ဖို့၊ တုံ့ပြန်ဖို့
ငါ ဘယ်တော့မှ စိတ်မကူးခဲ့ဘူး၊ ငါ့ဘဝမှာ ခင်မင်ခဲ့တာလည်း နင်ပဲ၊
ငါ ချစ်ခဲ့မိတာလည်း နင်ပဲ၊ ဖုန်းထဲကနေပြောလိုက်တာ ပေါ့ပျက်တဲ့
သဘော ရောက်သွားမှာစိုးလို့ ဒီထိလာခဲ့တာပါ၊ မပြောနဲ့ဆို မပြောတော့
ဘူး၊ ငါ့ကိုတော့ ပြန်မရွဲ့ပါနဲ့ … အထူးသဖြင့် ခနသျှံ ကို စိတ်မကူးပါ
နဲ့လို့ ငါ တောင်းပန်ချင်တယ်၊ အတင်းအဖျင်းပြောတယ်ဖြစ်မှာစိုးလို့
ငါ မပြောတော့ဘူး၊ နင့်ရင်ထဲမှာ ဒီလူ နေရာမယူသေးလောက်ဘူးလို့
ငါ ယုံတယ် … ရှေ့ထပ်မတိုးပါနဲ့"

ခေတ်ဦး အသံ ခဏကြာအောင် ပျောက်သွားပြီးမှ …

"ငါ သွားတော့မယ်"

ဟု ခပ်တိုးတိုးပြော၍ကာ တိတ်ဆိတ် ငြိမ်သက်သွားသည်။

မကိုင်ရှ လက်နှစ်ဖက်တွဲလွဲချလျက် ခေါင်းလေးငုံ့ငုံ့နှင့် မွေ့ရာဆီ
ပြန်လာသည်။ ပြီးတော့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိလေသည်။

နင်က ဘာဖြစ်လို့ သိနေတာလဲ …၊ ငါ့ကိုယ်ငါတောင် မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

စာမေးပွဲပြီးတော့ လိမ္မော် က ပြန်တော့မည်ဖြစ်သည်။ ပြန်ကြ
ချင်းတူပေမယ့် စုလတ် က ရန်ကုန်အနီးအနားမှာပဲဖြစ်ကာ လိမ္မော်
က ရတနာ့ပုံအထိ ပြန်ရတော့မှာဖြစ်သည်။ တနင်္သာရီအောက်ပိုင်းမှာ
မိဘတွေ၊ မွေးချင်းတွေ အားလုံးရှိကြသည်။

ကျောင်းတက်နေတုန်းကတော့ နွေကျောင်းပိတ်လည်း ရန်ကု
က အစ်မဝမ်းကွဲအိမ်မှာပဲ နေသည်။

"ကျောင်းပြီးပြီဆိုတော့ ပြန်ရတော့မှာပေါ့ဟာ၊ ငါလည်း ဟိုမှ
မပျော်ဘူး"

ဟု ညည်းညူရှာသည့် လိမ္မော် ကို သနားမိသည်။ ထို့ကြော
ဘယ်လောက်ပေးရပေးရ လိမ္မော့်အတွက် အရုပ်လှလှကြီးတစ်ရုပ် ဝယ
ပေးဖို့ အရုပ်ဆိုင်ကိုပဲ လာဖြစ်ခဲ့သည်။

ဒီဆိုင်မှာက ဈေးကြီးပေမယ့် အရုပ်အကောင်းစားတွေချည်း
သည်။





မွေးနေ့လက်ဆောင်၊ ဘာအတွက်ဖြစ်ဖြစ် မကိုဋ္ဌ တို့ ဒီကိုပဲလာ
နေကျ။ ဒီတစ်ခါမှာတော့ ဆိုင်ရှေ့မှာ ကားရပ်လိုက်ကတည်းက လူ
တစ်ယောက်ကို သတိရလိုက်မိသည်။ ခနဉ္ဇု ပဲ ဖြစ်လေသည်။

အရုပ်ဆိုင်ကိုမော့ကြည့်မိတော့ ရူပါမားကက်ကြီးတစ်ခု၏ မြေညီ
ထပ် မျက်နှာစာတစ်ဝက်လောက်ကို ယူထားတာဖြစ်သည်။ အပေါ်ထပ်
ဆလင်ဒါပုံ အဆောက်အအုံကြီးပတ်လည်မှာ လက်ကိုင်ဖုန်း၊ တီဗွီ၊
ကွန်ပျူတာကအစ ကုန်မာတွေချည်း သူ့အကန့်နှင့်သူ တော်တော်စုံစုံ
ရှိသည်။

အောက်ထပ် ဂငယ်ကွေ့မှာကျတော့ အရုပ်ဆိုင်တစ်ခြမ်းနှင့် မော်
တာ၊ ဒိုင်နမို စသည့် စက်ပစ္စည်းအထည်ကြီးတွေ ထားသည်။ အမျိုးသမီး
အလှအပပစ္စည်း၊ အဝတ်အထည် ဘာမှမရှိပေ ..။

လိမ္မော် ပြောခဲ့ဖူးတာကြောင့် အပေါ်ထပ် အောက်ထပ် အားလုံး
လိုလို သတိတရ ဝေ့ကြည့်လိုက်ခြင်းဖြစ်သည်။

"သူ့ကိုတွေ့ရင် အဲဒါ သူပိုင်တဲ့နေရာပဲတဲ့၊ နာမည်တော့ တော်
တော်ကြီးတာပဲ၊ ကြားရသမျှ အဲဒီအတိုင်းချည်းပဲ၊ အစ်ကိုနဲ့လည်း
အပေါ်ထပ်မှာ တစ်ခါဆုံဖူးတယ်တဲ့၊ နင်ပြောသလိုဆိုရင် အဲဒီမားကက်
က သူပိုင်လားမှ မသိတာ၊ ဘာပဲဖြစ်ဖြစ် နင် စဉ်းစားကြည့်နော်၊ အရုပ်
ဆိုင်မှာဆို မိန်းကလေး ငယ်ငယ်လှလှလေးတွေ မရှိဘူး၊ လှအောင်ပြင်
ထားပေမယ့် သက်တမ်းရင့် ခပ်နှံ့နှံ့တွေပဲရှိတာ၊ အပေါ်ထပ် ဆဲလ်လားတွေ
အားလုံးလည်း ယောကျာ်းတွေပဲလို့ အစ်ကိုပြောတယ်၊ အဲဒါနဲ့တောင်
မိန်းကျူးဖို့ကောင်းနေပြီ၊ ဘာသိဘာသာနေတဲ့လူကို ပုတ်ခတ်ပြောကြ
တာ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



စုလတ် ကွယ်နေတုန်း သူ့အကြောင်း ပြောဖြစ်ကြတာဖြစ်၏။ ဒီဆိုင်မှာပဲဝယ်ဖူးပြီး အရုပ်ဝယ်ဖို့ရှိတိုင်း ဒီကိုလာနေကျဟာ ခုတော့ တွေးစရာတွေ ရှိလာခဲ့ပြီဖြစ်သည်။

"ဂျိမ်း .."

"အမေ့!..."

"ရှူမ် .."

သွားပြီ ..၊ တကယ်သွားပြီ ..။

မကိုင်း ကျောကုန်းလေး တောင့်သွားကာ မျက်လုံးပြူးလျက် အကြာကြီး သတိလစ်သွား၏။ ကားကိုနောက်ဆုတ်၍ နေရာချခြင်းမှ စိတ်ကူးတွေရှုက်လှှင့်ရင်း နောက်ကြည့်မှန်ကို မေ့သွားခဲ့သည်။

ကပျာကယာ ပြေးဆင်း၍ နောက်ကိုသွားကြည့်လိုက်လျှင် ...

ဘုရား ..၊

လုံးဝိုင်းသွားသည့် နှုတ်ခမ်းလွှာများပေါ်သို့ လက်နှင့် ကပျာကယာ ဖိပိတ်ပစ်လိုက်မိသည် ..။

သူမ ကားနောက်ဖုံးနှင့်ချိတ်၍ မီးလုံးကွဲသွားပြီဖြစ်သည့်ကားကို မြင်လိုက်တော့ နှလုံးသွေးရပ်မတတ် ထိတ်လန့်သွား၏။

ကားက လင့်န်ခရိုဇာ ..။ တိုက်မိစရာအကြောင်းလည်း မရှိဘဲနှင့် တမင်တကာ ပျက်စီးရာပျက်စီးကြောင်း လုပ်ပစ်လိုက်တာနှင့်တူနေသည်။

မတော်တဆလို့ပင် တောင်းပန်ရဲဖွယ် မရှိပေ။ သားမှာ ကျပ်ကျပ် သပ်သပ်ဖြစ်စရာ ဘာကားမှလည်း မရှိ။ ခပ်လှမ်းလှမ်းမှာရပ်ထားသည့် ဆလွန်းကားအဖြူလေးက သူမနှင့်တောင် ဝါးတစ်ပြန်စာလောက် ဝေး သေးသည်။





ဘယ်လိုလုပ်မလဲ ..၊ ဘေးဘီကိုကြည့်ပြီး ဘယ်သူမှ ပြဿနာရှာဖို့ မမြင်သော်လည်း ဒီလိုဖြစ်ခဲ့တာကိုထားပြီး မောင်းပြေးဖို့ထိတော့ မကိုင်း ဆုံးဖြတ်ချင် ..။

ဒါ ဘယ်သူ့ကားလဲ ..၊ လွယ်ထားသည့် ကြိုးသိုင်းအိတ်လေး၏ ကြိုးကို လက်နှစ်ဖက်ဖြင့်ဆုပ်ထားရင်း ကားကိုလည်း နေရာကျအောင် ထိုးမရွှေ့ဖြစ် ..။

နေရာမှလည်း နည်းနည်းလေးမှ မရွှေ့လျားနိုင်သော သူမဘေးကို လူရိပ်တစ်ရိပ် ရောက်လာ၏။

"ဘာလဲ ..၊ ဘယ်သူမှမမြင်ဘူးဆိုပြီး မောင်းပြေးဖို့ ကြံစည်နေတာ လား .."

"ဟင်!..."

အသံကို မှတ်မိနေသည်။ သူ မှန်းသိလိုက်ပေမယ့် မော့ကြည့်လိုက်ပြီး မြင်တော့လည်း လန့်သွားတာပဲဖြစ်သည်။ ဒီတစ်ခါ ကုတ်အင်္ကျီနက် တစ်ထည် သူ့ကိုယ်ပေါ်မှာ တိုးလာ၏။

ဘောင်းဘီအနက်၊ စပို့ရှပ်အနက်နှင့် တစ်ကိုယ်လုံး နက်မှောင်းကာ စပို့ရှပ်ရင်ဘတ်က အဖြူရောင်စာတန်းတစ်ကြောင်းကပဲ ထင်းနေ၏။ ပြီးတော့ မျက်မှန်နက်နှင့် ..။

ဘာရောင်ဝတ်ဝတ် မျက်မှန်မှာ ရောင်ပြန်ဟပ်နေကျပေမယ့် အနက်ရောင်တွေချည်းဖြစ်တော့လည်း ထူးဆန်းစွာ ပြာလဲ့လဲ့ မှော့မှော လေး လင်းနေပြန်သည်။

တစ်ကိုယ်လုံး နက်မှောင်းသော်လည်း ဖြူဝင်းသောအသားနှင့် သူ ဟာ ဖြားယောင်းနိုင်လွန်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အရောင်ရင့်ရင့်၊ တောက်တောက်တွေ ဘယ်လိုဝတ်ဝတ်၊ သူဟာ လူတွေကို ဂရုတစိုက် လိုက်ကြည့်ကြည့်၊ မကြည့်ကြည့် ပဋ္ဌလက်ဆန်ဆန် ချောမွေ့နေသည့် သူ့ပုံစံဟာ ထူးခြားပေါ်လွင်လျက်သာ ရှိသည်။

ကိုယ့်ဘေးကို သူ ရပ်လိုက်သည်အထိ မကိုဋ္ဌ မော့ငေးနေမိဆဲ... ချက်ချင်းသိလိုက်သည်က ဒါ သူ့ကား။

သူ ချောလို့ မက်မက်မောမော ကြည့်မိတာလည်း မဟုတ်။ သူဟာ ကိုယ့်ကို တကောက်ကောက် လိုက်နှောင့်ယှက်နေသူလည်း မဟုတ်ပါဘဲ သူ့ကိုမြင်လိုက်တိုင်း မကိုဋ္ဌ ကြောက်စိတ်တွေ ဖြစ်နေတတ်သည်။

သူ့ကိုရော ကားတိုက်မိသောကိစ္စအတွက်ပါ မကိုဋ္ဌ ကြောင်တောင်တောင်နှင့် ရပ်နေမိဆဲဖြစ်၏။

မနသ္မံ သည် သူ့လိုပဲ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံလေးနှင့် ဖြစ်နေသော မကိုဋ္ဌ ကို မြင်လျှင် ယဲ့ယဲ့လေးပြုံးသည်။ ပြီးတော့ ကျောထက်မှာဖြန့်ချထားသည့် မဟူရာပိုးသားနှယ် ဆံကေသာများ ...။

"မင်း တစ်ခုခုကို အတွေးလွန်သွားတယ်ထင်တယ်"

"ဟို .. မကိုဋ္ဌ .."

"ပြော .."

"တောင်းပန်ပါတယ်"

"ပြီးရောလား .."

"ဘာ .. ဘာလုပ်ပေးရမလဲဟင် .."

ဆေးဆိုးမထားသော နှုတ်ခမ်းသားလေးတွေက ဖောင်းဖောင်းပြည့်ပြည့်လေး ရှိ၏။ သဘာဝနှုတ်ခမ်းသားရောင်ထက် နည်းနည်းပိုရဲကာ ထောင့်ချိုးလေးတွေရှိနေသည်က ခဲကြောင်းကလေးနှင့် ဆွဲထား





သလို ထင်နေသည်။

သူ့မျက်ဝန်းတွေက နှုတ်ခမ်းသားလေးတွေထက်မှ ဖယ်ပစ်လိုက်ပြီး ကားဆီသို့ ပို့ထား၏။

"ကိုယ့်ကားရဲ့ မီးလုံးတစ်လုံးတန်ဖိုး မင်း သိလား၊ ဟိုမှာ စင်းရာတွေလည်း အများကြီးပဲ"

မကိုဋ္ဌ လိုက်ကြည့်၍ ခေါင်းညိတ်လိုက်၏။

"အတိအကျတော့ မသိဘူး၊ ဒါပေမယ့် သိပါတယ်၊ ရှင် ပြောပါ၊ မကိုဋ္ဌ အိမ်ပြန်ပြီး .."

"ပြန်သွားလို့ မရဘူး"

"ရှင်!..."

မကိုဋ္ဌ မော့ကြည့်လိုက်တာကို သူက စောင့်ကြည့်မနေပါ။ လက်ကိုင်ဖုန်းကိုထုတ်၍ တစ်နေရာသို့ဆက်နေတာ တွေ့ရသည်။

"မင်းညီ ... အေး .. ငါ"

"... ... ... ... ..."

"သစ္စာယိုင်ကိုသွားပြီး ပရာဒိုထုတ်လာခဲ့ .."

"... ... ... ... ... ..."

"Player Electronic ကို လာ ..၊ ဒီနေရာမှာ လင်န့်ခရီဇာ ရှိတယ်ကွာ၊ မင်း ပြန်မောင်းသွားလိုက် .."

ကားတွေ ထည်လဲစီးနေတာကို ကြွားတာလား၊ ဒါမှမဟုတ် မီးလုံးကွဲသွားသည့်ကားကို မမောင်းချင်တော့တာလား။

ဘာပဲဖြစ်ဖြစ် ကြွားတာပဲဖြစ်မည်။ Player Electronic ဆိုသည့် အဆောက်အအုံ၏နဖူးစည်းက အသားစာလုံးများကို မကိုဋ္ဌ ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်မိ၏။ ဒါကို ဘာဖြစ်လို့ မားကက်လို့ လိမ္မော် ပြောပါလိမ့်.. သူမ အတွေးမဆုံးလိုက်ပါ ..။

"ကဲ .. မင်း လိပ်စာပြော .."

"လိပ်စာ .."

မကိုင်ရှ ပြန်မေးတော့ သူ့မျက်နှာမှာ စိတ်မရှည်တတ်သော တင်းမာ ရိပ် ဖျတ်ခနဲ ထင်၏။

"မင်းလိပ်စာ ပြောခဲ့မှပေါ့၊ ဒီတိုင်း မင်း ထွက်သွားရင် ကိုယ်က ဘယ်လိုက်တောင်းရမှာလဲ"

"မကိုင်ရှ လာပေးပါ့မယ်၊ ရှင့်လိပ်စာ .."

"ကိုယ့်မှာ လိပ်စာမရှိဘူး"

"ဟင်!..."

ရွဲ့တာလား၊ မသိစေချင်တာလား ..။ သူ့လိပ်စာကို တမင်တကာ တောင်းနေတယ်လို့များ ထင်လို့လား ..။ ဒေါသဖြစ်ချင်ပေမယ့် တကယ် ဖြစ်လို့မရပြန်ပါ။

သူ့မျက်နှာကိုကြည့်တော့လည်း ပုံမှန်အတိုင်း ဘာမှမပြောင်းလဲ။

"ဟော့ .. ပြောလေ၊ ဘာကြည့်နေတာလဲ"

ဘာဖြစ်လဲ ..၊ ဒီလောက်တန်ဖိုးကြီးကို ဘွားတို့မသိအောင် မကိုင်ရှ ကျိတ်လျှော်နိုင်တာမှ မဟုတ်ဘဲ ..။

မထူးစိတ်လေးပိုက်ကာ မကိုင်ရှ က လိပ်စာပြောပြလိုက်သည်။ သူသည် နားထောင်ခေါင်းညိတ်နေကာ ရေးမှတ်ထားတာလည်း မဟုတ်။ ဘောင်းဘီအိတ်တစ်ဖက်ထဲသို့ လက်တစ်ဖက်ထည့်၍ လက် တစ်ဖက်မှာ ဖုန်းကို ကိုင်ထားဆဲဖြစ်၏။ မကိုင်ရှ ပြောလို့ပြီးတော့ ...





"ဖုန်းနံပါတ်ရော .."

"ရှင်လာရင် ရတာပဲ"

သူ့နှုတ်ခမ်းတွေ နည်းနည်းပို၍ ပိဖိတ်သွားသလား မသိ။ မကိုင်ရှ ကို စူးခနဲကြည့်၍ ဖုန်းကိုင်ထားသည့်လက်တစ်ဖက်ကိုပါ ဘောင်းဘီ အိတ်ထဲ ထည့်ပစ်လိုက်ပြီး ...

"ကိုယ် ခရီးသွားဖို့ရှိတယ်၊ မင်းလည်း ထိတ်ထိတ်လန့်လန့်နဲ့ အိမ်ကလူကြီးတွေကို ချက်ချင်းပြန်မပြောလို့ ရသေးတယ်၊ တစ်လ သို့ မဟုတ် တစ်လခွဲလောက်ပေါ့၊ အဲဒီကျမှ ကိုယ် ဖုန်းဆက်မယ်၊ မင်းအိမ် ကို ကိုယ် မလာဘူး၊ ငွေယူပြီး ကိုယ်ပြောတဲ့နေရာ မင်း လာရုံပဲ"

မကိုင်ရှ တအံ့တသြဖြစ်နေဆဲ ..၊ သူက ငုံ့ကြည့်ပြီး ဆက်ပြော၏။

"တစ်မျိုးတွေးမသွားနဲ့ .. ကိုယ့်ဆီ ငွေလာပေးရင် မင်းကြိုက် သလောက် အဖော်ခေါ်လာလို့ ရတယ်"

မကိုင်ရှ ကပျာကယာ ခေါင်းညိတ်ကာ ဖုန်းနံပါတ်ပြောလိုက်သည်။ သူက နားထောင်ပြီး မကိုင်ရှ ကို စိုက်ကြည့်ပြန်သည်။

မျက်မှန်တစ်ခုလုံး ရှေ့မှာကာဆီးထားသော်လည်း သူ စူးစိုက် ကြည့်လိုက်တာကို စိတ်မှာခံစားမိနေကာ ကြည့်လိုက်တိုင်း မကိုင်ရှ ထွက် ပြေးချင်စိတ်ပေါက်ခဲ့သည်။

ဒီလူဟာ ဘယ်လိုလူကြီးလဲ ..။

"မင်း လက်ကိုင်ဖုန်း မကိုင်ရဘူးလား"

"ဟင့်အင်း .."

"ဘာဖြစ်လို့လဲ .. လက်ကိုင်ဖုန်းဆိုတာ လူအထင်ကြီးရုံပဲ အသုံး ဝင်တာမဟုတ်ဘူး၊ အဲဒါကြောင့် မင်း ဟိုတစ်ခါ ဒုက္ခရောက်တာ .."



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တစ်ခါလဲဟင် ..."

"အဝေးပြေးဝင်းထဲမှာ မင်း ကိုယ့်ဖုန်း ယူပြောရတာလေ"

"ဟင်!..."

ကြည့်စမ်း ...၊ ဒါ .. ဒါ သူလား၊ သူ မှတ်မိနေတယ်ပေါ့၊ ဒါကြောင့် အင်းလျားကန်ပေါင်ပေါ်မှာ သူက သိနေသလိုလို ပြောခဲ့တာကိုး။

ထိတ်လန့်သော တိုင်းတာချက်အမှတ်သည် ရေဆူအမှတ်သို့ ချက်ချင်းခေါင့်တက်၏။ အားလုံးက ကိုယ်ကချည်းပဲ စခဲ့တာ ဖြစ်သည်။

ဒါပေမယ့် ...၊

"မင်းကို ကိုယ် မှတ်မိနေတာ .. သိလား"

မေးပြီး မကိုဋ္ဌ ဘာမှမဖြေရသေးဘဲ ဆက်ပြော၏။

"ကိုယ့်ကို မမှတ်မိလို့လေ၊ အဖြူရောင် ကိုယ် မကြိုက်ပေမယ့် အထင်ကြီးတယ်"

ဘာတွေပြောသွားမှန်းမသိ ...။ နှုတ်လည်းမဆက်ဘဲ သူ ခြေလှမ်းကျဲများနှင့် နောက်ပြန်လှည့်ဝင်သွားလေသည်။

Player Electronic ကိုပဲ ဖြစ်၏။





## အခန်း (၁၆)

"ဟော ... ရှိုးစမိုးနဲ့ပါလား၊ ဒါက ဘယ်လဲ"

အဖြူရောင်ဖွေးဥလျက် စကတ်၏အောက်ဖျားနှင့် လက်ဖျားစလေးတွေမှာ ရွှေဝါရောင်ပိုးသားအနားကွပ်လေးတွေပဲပါသည့် ကိုယ်ကျပ်ခါးစည်းလှလှလေးနှင့် မကိုဋ္ဌ ဝတ်ထွက်လာတာဖြစ်သည်။

ဖြူတာချည်းပဲမဟုတ်သော မကိုဋ္ဌ ၏ အသားရောင် ဝင်းနှစ်နှစ်လေးက အဖြူဆွတ်ဆွတ်ကို ဝတ်ထားတာလည်း ကြည့်ကောင်းတာပဲဖြစ်၏။ ဖြန့်ချထားသည့် ဆံပင်ရှည်တွေကို ဘယ်ရောညာရော နွဲ့ယမ်းသွားအောင် ခေါင်းနဲ့ကိုယ်ကို တိမ်းတိမ်းပစ်ပြီး နောက်ဆုံးလှေကားထစ်ပေါ်ကနေ စုံခုန်ချ၏။

"ဟဲ့ .. ဟဲ့ .. အမလေးတော်၊ ခုန်ချပစ်လိုက်တာ ...၊ ခြေဆစ်တွေဘာတွေ မျက်သွားမှဖြင့် ...၊ မြေးနော် .. ကြည့်လိုက်ရရင် .."

"ဘာလဲ ဘွားရာ .. ဒီမှာ စကတ်က နည်းနည်းကျပ်နေလို့ [illegible]ရတာ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မျိုးနွယ်မှာ ဖုန်းကိုင်လျက်တန်းလန်းနှင့် လိုရင်းကိုပြောဖို့ မေ့သွားရကာ ...

"မကောင်းရင်လည်း ချောင်ချောင်ချိချိ တစ်ထည်ထည်နဲ့ သွားပြန်လဲပါလား မြေးရယ် .. သွားရင်းလာရင်း အရေးအကြောင်းဖြစ်ရင် ဒါကြီးနဲ့ ဘယ်လိုလုပ်မလဲ"

"ဘယ်မှမှမသွားတာ .. ဘွားကလဲ၊ ဘာမှဖြစ်ဖို့မရှိဘူး၊ ဒီဝတ်စုံကိုမေ့ပြီး မဝတ်ဖြစ်တာ ကြာပြီ၊ ခု ပြန်ဝတ်တော့ ကျပ်နေတယ် တွေ့လား၊ ဟဲ.. ဟဲ.. ကျောင်းပြီးသွားတာ သုံးရက်ပဲရှိသေးတယ်၊ တစ်လက်မလောက် အသားတိုးလာပြီ၊ အအိပ်အစားကတော့ သိပ်မများပါဘူး"

သူ့ဟာသူပြောပြီး ရယ်တော့ ဘွား က လိုက်ပြုံးကာ ပြောဖို့ဟာကို သတိရသွား၏။

"ခုပဲ ဖုန်းလာတယ်၊ လိမ္မော် တဲ့"

"ဟင် .. လိမ္မော် ဆီက .."

ဘာမှန်းမသိသေးဘဲ မကိုင်ရွှ တယ်လီဖုန်းနား ရောက်သွား၏။

"သူ ဘယ်ကဆက်တာလဲဟင်၊ ပြန်သွားပြီဥစ္စာ .."

"မသိဘူး၊ အဲဒီဘေးမှာ ဖုန်းနံပါတ်ပေးသွားတာ ဘွား မှတ်ထားလိုက်တယ်၊ မြေးကို ရေချိုးပြီး ဝင်အိပ်နေတယ်မှတ်လို့ ဘွား မခေါ်တာ၊ နိုးလာရင် ပြန်ဆက်ပါတဲ့၊ အရေးကြီးလို့ပါတဲ့"

"ဟုတ် .."

မကိုင်ရွှ ဖုန်းနံပါတ်ကိုကြည့်လိုက်ပြီး ချက်ချင်းပြန်ဆက်၏။ ဘွားက နေ့လယ်ခင်းဆို အိပ်သည့်အကျင့် သိပ်မရှိသောကြောင့် စိပ်ပုတီးကိုင်လျက် ခြံထဲဆင်းသွားသည်။





"ဟဲလို .. လိမ္မော် လား၊ ဩော် .. လိမ္မော် ကို ခေါ်ပေးပါရှင်၊ မကိုင်ရွှ ဆက်တယ်လို့ .."

လိမ္မော် ဘယ်ကဆက်မှန်း မသိပါ။ တော်တော်ကြာမှ လာကိုင်သည်။ ကိုင်တော့လည်း ရေးကြီးသုတ်ပျာ ..။

"မကိုင်ရွှ .."

"ဟုတ်ပါတယ် .. ငါပါ၊ ဘာဖြစ်လို့လဲ .. နင် ပြန်ပြီဆို ..၊ အခု ဘယ်ကဆက်နေတာလဲ၊ အသံကလည်း မီးလောင်ပြင်မှာပြေးနေရတဲ့ ဒုက္ခသည်ကျနေတာပဲ၊ နင် တစ်ခုခုဖြစ်နေလို့လား"

"အမလေး .. ပြောပြချင်လွန်းလို့ စုဆောင်းထားတာတွေ ဘယ်ရောက်ကုန်မှန်း မသိဘူး၊ မေးလိုက်တဲ့ မေးခွန်းတွေက .."

"ကဲ ... ပြော .. ပြော .."

"ငါ ရတနာပုံကို မပြန်ဖြစ်ဘူး"

"ထင်သားပဲ .. ဘယ်လမ်းကြောင်းကို ခြေရှည်မလို့လဲ၊ လူကြီးတွေက ကျောင်းပြီးပြီဆိုတာနဲ့ မျှော်နေမှာပေါ့၊ ပြန်ရမယ့်ဟာကို .."

"မပြန်ချင်လို့ပေါ့ မကိုင်ရွှ ရယ် .. ငါ ဘယ်တော့မှ မပြန်တော့ဘူး၊ အခု ငါ ကိုလင်းနဲ့ ခိုးရာလိုက်ပြေးခဲ့ပြီ"

"ဘုရားရေ!..."

မကိုင်ရွှ တစ်ယောက်တည်း မျက်လုံးတွေ ပြူးကျယ်သွား၏။ ကိုလင်း ဆိုတာ ဘယ်သူမှန်းလည်း တွေးလိုက်မိ၏။ ဘွဲ့ရပြီးသားပါ။ လိမ္မော့် ထက်လည်း အသက်ကြီးတာ သိသာ၏။

ဒါပေမယ့် အရပ်မြင့်မြင့်၊ အသားလတ်လတ်နှင့် ခံ့ခံ့တည်တည် ရှိ၏။ နောက်ခံမိသားစုတွေ ရှိပေမယ့်လည်း ပြည့်ပြည့်စုံစုံတော့ ရှိပုံရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည့်လိုက်တိုင်း ကင်မရာတစ်လုံးနှင့်ပါ။

"ငါ ရည်းစားတွေ ထားခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကိုလင်း နဲ့ချစ်ပြီးကာမှ ဘယ်ရည်းစားမှ မရှိတော့ဘူး၊ ကိုလင်း ကို ငါချစ်တယ်"

ဆိုတာတွေ ...၊

"ကိုလင်း တို့က မချမ်းသာပေမယ့် သူတို့မောင်နှမတွေအားလုံး အရာရှိအရာခံတွေချည်းပဲ၊ တော်တော်ပြေလည်ကြပါတယ်၊ ခက်တာက သူ့ကျမှ ဓာတ်ပုံရိုက်နေရရင် ထမင်းမစားဘဲနေနိုင်တဲ့ ဝါသနာကြီးလာဖြစ်နေတာ" တဲ့။

ဤသို့ပြော၍လည်း ခဏခဏ ညည်းတတ်သေးသည်။

ကိုလင်း ဆိုတာကို ခုချိန်ထိ သေချာမမြင်ဖူးသော်လည်း လုစ်ခနဲဖျတ်ခနဲ ဒါမှမဟုတ် ကျောနောက်ကနေ၊ ဘေးတစောင်း ...။

နှစ်ခါသုံးခါလောက် မြင်ဖူးခဲ့သည်။ ချိန်းသည့်နေရာ မလာလို့ မျက်ရည်ကျတာ၊ ဒေါသဖြစ်တာလည်း လီမွှော် ပဲ ဖြစ်၏။

"တော်ပြီ .. ဖြတ်မယ်၊ တစ်ခါလည်း မဟုတ်ဘူး၊ နှစ်ခါလည်း မဟုတ်ဘူး၊ မေးလိုက်တိုင်း သူ့ဓာတ်ပုံကိစ္စပဲ၊ ဓာတ်ပုံပဲရိုက်တော့ .. ရည်းစားမထားနဲ့လို့ ပြောပစ်လိုက်မယ်၊ တကယ်ပြောတာ .."

ကြိမ်းဝါးလိုက်တာလည်း သူမ အပြင် မရှိ။ ပြီးတော့ "ကိုလင်း က ငါ့ကို ချစ်ပါတယ်ဟာ၊ ဓာတ်ပုံကတော့ သူ့ ဝါသနာပါတာကိုး" ဆိုသည့် ဖြေသံလေးနှင့် ...။ ခုတော့ တကယ်လိုက်ပြေးသွားပြီတဲ့လား။

"လီမွှော် .."

"သြော် .. တော်သေးတယ်၊ ငါ့မှာ ဖုန်းချပြီးတော့များ ထွက်သွားပြီလားလို့ .."





"စဉ်းစားမိလို့ပါ .. နင် အဲဒီတစ်ယောက်ကိုယုံလိုက်တာ မလွန်ဘူးလားဟင်၊ နင့်အစ်မကလည်း တားထားတယ်ဆို ..၊ သူ့ဝါသနာနဲ့ နင့်ကို ဘယ်မှာပိုမလဲ .. နင် သေချာလို့လား"

"ဘယ်မှာပဲပိုပိုဟာ ..၊ တခြားမိန်းကလေးတွေအပေါ် သူ ဖောက်ပြန်တာမှ မဟုတ်တာ၊ အဲဒီတစ်ချက်တည်းနဲ့ ငါ ခွင့်လွှတ်နိုင်အောင်ကြိုးစားမယ်၊ အခု နင့်ဆီကိုဆက်တာက ငါ့အစ်မဆီ သွားပြောပေးဖို့"

"မမကျော့ ဆိုတာလား၊ အဲဒီကို ငါမှမရောက်ဖူးတာ .."

"လိပ်စာနဲ့ သွားရမှာပဲ၊ ကူညီပါဟာ ..၊ ငါ စာလည်း မရေးဘူး၊ ဘာမှမပြောခဲ့ဘူး၊ ပြန်ဖို့ကတော့ တကယ်ပြန်ဖို့ ထွက်တာပဲ၊ ကိုလင်း ရောက်လာတာနဲ့ ငါ စိတ်ပြောင်းပြီး တစ်ခါတည်း လိုက်သွားမိတာ .."

"ဖြစ်ရလေ ..၊ ယောကျ်ားယူတာများ မထင်မှတ်ဘဲ ဖြစ်ရတယ်လို့ .."

"အေးဟာ .."

လီမွှော် က လိပ်စာတစ်ခုကို ပြောပြကာ ...

"သွားပြောပေးနော်၊ အမေတို့ဆီကို ပြေလည်အောင် လှမ်းပြောပေးဖို့ရယ် .. ခွင့်လွှတ်တယ်ဆိုရင် နင့်ဆီကို ဖုန်းဆက်ဖို့ရယ်၊ နင့်ဖုန်းနံပါတ် မမကျော့ ဆီမှာ ရှိတယ်၊ ငါ ဆက်နေကျမို့ သူသိနေတာ၊ ငါ နင့်ဆီကို မကြာမကြာဆက်မယ် သိလား၊ ဒါပဲနော် .."

"လီမွှော် .. နင်က ရန်ကုန်မှာလား"

"အေး .. ဟုတ်တယ်၊ လိပ်စာ မပြောတော့ဘူးဟာ၊ ဟိုပြေး ဒီပြေး ဘဝဆိုတော့ အတည်တကျမှမရှိတာ၊ ဒါပဲနော် မကိုင်ရှ .."

သြော် .. စုလတ် များသိရင် ဘာပြောဦးမည် မသိ။ စုလတ် က



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအရင်းဖြစ်ပြီး လိမ္မော် က နောက်ဆုံးနှစ် နှစ်ဝက်ကျော်လ
မှ ရင်းနှီးခဲ့တာဖြစ်သည်။ လိမ္မော့် ကို အတားအဆီး အတိုက်အခံ
ကြားထဲက ခင်ခဲ့ရတာပေမယ့် လိမ္မော် ကလည်း မျက်နှာငယ်တယ်
ပြီး နောက်မဆုတ်ပေ။

သူမ ကလည်း ဘယ်သူဘာပြောပြော ဂရုမစိုက်။

"လိမ္မော် က တကယ်ရှုပ်တာနော် မကိုင်၊ သူ့ပြဿနာတွေထဲ
ပါမယ်"

ဟု စုလတ် ရော ခေတ်ဦး ရော .. သတိပေးကာ ခဏခဏ။
ပေမယ့် ဖျတ်ခနဲ ဖြစ်ပေါ်လာသည့်စိတ်ကူးအတိုင်း နာရီတစ်ချက်ကြ
သည်။ ပြီးတော့ စာကြည့်ခန်းထဲဝင်ကာ ဘွား ရဲ့ တရားစာအုပ်ထူ
တစ်အုပ်ကို ဆွဲချလိုက်ပြီး ဟိုလှန်ဒီလှန် လှန်ကြည့်၏။

တစ်နေရာကိုမှတ်ကာ ထိုစာမျက်နှာလေးမှာ လက်ညှိုးကလေး
ညှပ်ခံထား၍ ခြံထဲ ပြေးဆင်းလာခဲ့သည်။

"မြေး .. ဘယ်လဲ"

ပန်းခြံအစပ်မှာ ဘွား က လှမ်းကြည့်ပြီးသား ဖြစ်နေ၏။

"မေဦး ဆီ သွားမလို့ ဘွား၊ မေးစရာရှိလို့ .."

ဘွား က ခေါင်းညိတ်၏။ ဒီလိုပဲ ဘုရားစာ၊ တရားစာကို တစ်
တာလေစိတ်ဝင်စားလို့ ဖတ်ကြည့်၊ ကျက်ကြည့်တဲ့အခါ မရှင်းတာ
လည်း ဘွား ကို မကိုင်ရွှေ ဘယ်တော့မှမမေးပေ။

"ဘွား က ပြောပြတာကနည်းနည်း၊ ဆူတာကများများ မေ
ရဲ့ .. ဒါလေးတောင် မသိတာများ အံ့ရော ..၊ ဒါတွေကို အစကတည်း
ရနေရမယ်ဟာကို ..၊ ခုကျမှ ဘယ်သူချောင်းရိုက်မှာစိုးလို့ စိတ်ကူး





ကုန်းကျက်နေတာလဲ၊ ဘာညာမေးတိုင်း မဆူဘူးဆိုတာ မရှိဘူး"

မေဦး ကို ဤသို့တိုင်မိလျှင် လူကြီးတွေ မျက်နှာချင်းဆိုင်မိတာနှင့်
သတင်းတစ်ခု တိုးပါ၏။ အားလုံးကတော့ ချစ်စနိုးရယ်ကြသည်ဟု
ဆိုသည်။ ဘွားကဖြင့် ဆူတာပါပဲ။

"ဟုတ်ပ .. မိန်းကလေးဖြစ်ပြီး ဘယ်လို ..၊ ခေတ်ဦး ဆိုရင်
ဘာညာ" စသဖြင့် ကိုယ့်မြေးမကောင်း၊ သူများအကောင်း။

မကိုင်ရွှေ .. ခေတ်ဦး တို့ခြံကြီးထဲ ဝင်လိုက်သည်နှင့် ကိုယ့်စိတ်ကူး
ကို ပြန်စီစဉ်ရသည်။ လိမ္မော့် အစ်မဆီသွားဖို့က ခရီး နည်းနည်းဝေး
သည်။ အဲဒီလောက်ဝေးဝေးထိ တစ်ယောက်တည်း တစ်ခါမှ မောင်း
မသွားဖူးသဖြင့် ခေတ်ဦး ကို မခေါ်လို့ မရ ..။

ဒါပေမယ့် ခေတ်ဦး က ခုတလော အပြင်လည်း မထွက်၊ အိမ့်ကို
လည်း မလာတော့ပေ။ လူကြီးတွေ ခိုင်းတာရှိလျှင် လာသည်။ ခဏပဲ
အသံကြားရပြီး ပျောက်သွားတတ်၏။ သူမနှင့် မျက်နှာချင်းဆိုင်မိရင်
တောင် မကိုင်ရွှေ မျက်နှာလွှဲပစ်လျှင် ဟိုတုန်းကလို လိုက်ပြော၊ လိုက်ခေါ်
မရှိတော့ ..။

ထို့ကြောင့် ခေါ်တော့ခေါ်ရမှာပေမယ့် အခြေအနေကို ကြည့်ရဦး
မည်။ ကိုယ်က လာတာတောင်မှ မခေါ်ဘဲနေရင် ဘာလို့ လိုက်ခေါ်ရ
မှာလဲ။

"မေဦး ရေ .. ဒါလေး မဖတ်တတ်ဘူး၊ ဖတ်ပြပါဦး .."

ဟု မေဦး ဆီကိုပဲ လာသလိုလို စာအုပ်ကို ဖွင့်ပြလိုက်ရုံပဲဖြစ်၏။
အကြံဉာဏ်တွေ ညှစ်ထုတ်နေရင်း ခြေလှမ်းက မသိမသာ နှေးသွားခဲ့
၏။ ခြံကြီးက ကျယ်သည်။ ကျယ်တာချင်းတူပြီး ခေတ်ဦး တို့ခြံက



www.burmeseclassic.com

www.burmeseclassic.com



ဝိုဈ် စနစ်ကျကာ လှပလေသည်။

တိုက်ပုံစံချင်းဆင်ပြီးတော့လည်း ခေတ်ဦး တို့တိုက်ကြီးဧ
ခေတ်မီမီ လက်တောက်နေ၏။ ခေတ်ဦး တို့လို ပြင်ပါဆင်ပါလား
ဘွား ကိုပြောတိုင်း ဘွားတို့က ခေါင်းခါသည်။

"ဟောင်းနွမ်းနေတာမှမဟုတ်တာ မြေးရယ် .. အပိုတွေကု
အောင် ဘာလုပ်မှာလဲ၊ ခုခေတ်စရိတ်နဲ့ မျက်နှာစာတစ်ခုပဲ ပြည့်စွက်ပြ
ဆင်ဖို့ တွက်ကြည့်၊ နှစ်ရာသုံးရာလောက်နဲ့ ပြီးသွားမယ်ထင်လား၊ ခေ
တို့က နောက်မှဆောက်ထားတာ ဒီအတိုင်းပဲ၊ တော်ကြာ ဖြိုင်တယ်ဆို
တယ် ဖြစ်နေဦးမယ်" တဲ့။

အသက်အရွယ်ကြီးသည့်လူနှင့် ငယ်သည့်လူတွေ အယူအဆ အ
လိုက္ခာနေတာကျတော့ ဘွားက လက်မခံပေ။

"ဘာလို့ ဘွားက ခေတ်နောက်ကျရမှာလဲ၊ ငွေဆိုတာ သုံးဖို့
ဖြုန်းဖို့ မဟုတ်ဘူး" ဟု ပြောသေးသည်။

ခေတ်ဦး တို့တိုက်ကြီးကိုမြင်တိုင်း မကိုင်ရှ မှာ မနာလိုတာလည်
မဟုတ်ဘဲ ကိုယ့်ထက်သာနေတာကို လက်မခံနိုင်ဘဲ ခံနေရသည်။

ပန်းတွေကအစ နိုင်ငံခြားမျိုးတွေ၊ တကယ့်တန်ဖိုးကြီးတွေ အများ
ကြီး ..။ အဲဒါကျတော့ ဘွားက ကဲ့ရဲ့လိုက်သေးသည်။

"အဆင်းရှိပြီး အချင်းမရှိဘူး၊ ပန်းဖြစ်ပြီး မွှေးမှမမွှေးတာ .." တဲ့
မွှေးသည့်ပန်းတွေ ရှိလို့ပြောတော့ "မွှေးတာမဟုတ်ဘူး မြေးရဲ့၊ နံတာ
ပါ" တဲ့။

ပန်းတွေဆီ ကြည့်လျှောက်လာရင်း စကားသံတွေကြားလိုက်သဖြင့်
မကိုင်ရှ မျက်လုံးတွေ ရှေ့ပြန်ရောက်သွား၏။





"ဟင်!..."

နှင်းဆီဖြူ နဲ့ ခေတ်ဦး ပေါ်တီကိုအောက်မှာ ..။

အနီရဲရဲ ပြောင်လက်နေသည့်ကားလေးက နှင်းဆီဖြူ မောင်းလာ
တာ ဖြစ်လိမ့်မည်။ စိတ်ထဲမှာ ချက်ချင်းကြီး ထောင်းခနဲ ဖြစ်သွား၏။

"တောက် .."

နှုတ်ခမ်းလှုပ်ရုံလေး တက်ခေါက်လိုက်မိသည်။ ပန်းပင်တွေကို
အငေးကောင်းမှုကြောင့် နှစ်ဖက်စလုံး ရှင်းရှင်းကြီးမြင်နေရသည့် နီးနီး
လေးမှာ ကိုယ်က ရောက်နေပြီ။

ခေတ်ဦး ကလည်း နှင်းဆီဖြူ နှင့် ရယ်မောပြောဆိုနေရာကနေ
ချက်ခနဲ အမှောမှာ မကိုင်ရှ ကို လှမ်းမြင်သွား၏။ ဘောက်ဆတ်ဆတ်
ခုံစံ ရုတ်တရက်လျှောက်ပစ်...ကျ်သော မကိုင်ရှ ခြေလှမ်းတွေ ပြောင်း
သွားတာမြင်လျှင် မျက်နှာပျက်မသွားကာ ...

"မကိုင်ရှ .."

သူ့ ခေါ်လိုက်မှ ကျောပေးရပ်နေသော နှင်းဆီဖြူ က နောက်လှည့်
ကြည့်သည်။

"မကိုင်ရှ .. ဘာလဲဟင်"

ခေါက်မြင့်ဖိနပ်သံက ပိုကျယ်နေသဖြင့် မကျေနပ်ခြင်းကို နှစ်
ယောက်စလုံး သိသည်။ နှင်းဆီဖြူ မျက်နှာပြောင်းလဲသွားတာကို
ခေတ်ဦး ဂရုမစိုက်ပါ။

ဖိနပ်ချွတ်ရောက်နေပြီဖြစ်သည့် မကိုင်ရှ ဆီ လိုက်မော့ကြည့်ကာ...

"မကိုင်ရှ .."

"နှင်းဆီ ငါလာတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဟချို့ လွင့်ခနဲ ခါသွားအောင် နောက်ကို ပြန်ငဲ့ကြည့်[…] မကိုဋ္ဌ က ခပ်တင်းတင်းပြော၏။

"နှင်းဆီ .. သွားတော့နော်၊ တို့ မလိုက်တော့ဘူး၊ မေမေ ပြန်လာ[…] ပဲ .."

"ရပါတယ်၊ နှင်းဆီ ဒီလောက်တော့ အကဲခတ်တတ်ပါတယ်[…]

နှင်းဆီ က မကိုဋ္ဌ ဝင်သွားတဲ့ဆီ လှမ်းကြည့်၍ မချိတရိလေး ပြုံး[…]

"ဟာ!... အဲဒါကြောင့်တော့ မဟုတ်ပါဘူး၊ ဖေဖေလည်း အိပ်[…] တယ်၊ အစကတည်းက တွေးမိတယ် နှင်းဆီ ရဲ့ .. နာရေး မကျန်းရော[…] ထလိုက်ခဲ့တာ၊ ဆောရီးနော် .. ညနေဖြစ်ဖြစ် ရောက်အောင်သွားလို[…] ပါ့မယ်"

နှုတ်ဆက်စကားကို နှင်းဆီ ကြေ[…]မကြေနပ်တာ မသိ။ သူ လှည့် ဝင်လာခဲ့သည်။

မကိုဋ္ဌ ကတော့ စီစဉ်လာခဲ့သည့်အတိုင်း မေဦး ကို တွေ့[…] တော့မှပဲ ပြန်ဖို့ ဆုံးဖြတ်၏။ ကောင်စုတ် ..၊ ကျောင်းပြီးတာတော[…] သူ့မှာ မပြီးနိုင်ဘဲနဲ့ .. ပွန်း ..။

ပြောသွားလိုက်တာ တဖွဲ့တနွဲ့ ..။

မေဦး ကို ခေါ်ရင်း မီးဖိုခန်းထဲလည်း ရောက်သည်။ စာကြည့်ခန်[…] ထဲ မှာလည်း မတွေ့ ..။ အိမ်ဖော်အသစ်ရောက်နေသည့် မပု ဆိုသော[…] ဝတုတ်တုတ်ကောင်မလေးတောင် ဘယ်ရောက်နေသည် မသိ။

"မေဦး ရေ .."

လှေကားရင်းကနေ လှမ်းအော်လိုက်သည်။ အသံကို အကျယ်ကြီး မြှင့်ထားခဲ့၏။





မေဦး ဆီလာတာကို ပေါ်လွင်အောင်ဖြစ်သည်။ ခေါ်ပြီး လှည့်ပြန် […]ဘာ့ဖို့ ခြေထောက်တို့ကို နေရာရွှေ့ပြီးသား ..။

"မကိုဋ္ဌ .."

နောက်ပြန်မလှည့်ရသေးမီ ဘေးကို ခေတ်ဦး ရောက်လာသည်။

"မေမေ့ကို ဘာလုပ်ဖို့လဲ"

"ဘာလုပ်လုပ် နင့်အပူပါလား"

"မေမေမှ မရှိတာ .."

မကိုဋ္ဌ မျက်နှာလေး တင်းသွားသည်။

"အဲဒါ ငါ ဝင်လာကတည်းက ပြောပါလား၊ နင့်ပါးစပ်က […]ါလေးပြောဖို့ကို မအားတော့ဘူးလား"

"ပြောမလို့ပဲ ..၊ နင် ချက်ချင်း ပြန်ထွက်သွားမှာစိုးလို့ .."

မျက်ခုံးချင်း ခဏဆုံပြီး မကိုဋ္ဌ နောက်ပြန်လှည့်လိုက်လျှင် ခေတ်ဦး […]က လက်ကိုဆွဲထား၏။

"ခဏနေပါဦး .."

"အို!... မနေနိုင်ဘူး၊ ဖယ် ..၊ ဦးခန့် ရော .."

"ဖေဖေလည်း မရှိဘူး၊ နောက်ဖေး မလှမ်းတံခါးပြင်နေတဲ့ဆီမှာ […]သာယာ နဲ့ ဖေဖေ သွားကြည့်နေတယ်၊ မိပု က မေမေနဲ့ပါသွားတယ်"

"သြော် .. ဒါကြောင့် နင်က လွတ်လွတ်လပ်လပ် ဖြစ်နေတာကိုး"

ခေတ်ဦး မျက်နှာ ရှုံ့ခနဲ ဖြစ်သွားသည်။

"ဘာတွေပြောနေတာလဲ .. နှင်းဆီ က အထဲဝင်တာ ထိုင်တောင် မထိုင်နိုင်ဘူး၊ စာကြည့်တိုက်မှူး ခေါ်မြမာလာ အစာအိမ်ဖြစ်ပြီး ဆေး[…] တင်လိုက်ရတာကို လာပြောတာ .."



www.burmeseclassic.com

www.burmeseclassic.com



မကိုင်း က နှုတ်ခမ်းကို ပိုမဲ့၍ ...

"အဲဒါ နင်နဲ့ပဲ ဆိုင်တာကိုး၊ အားကိုးတကြီးပဲနော်"

"မကိုင်း ရာ .. နင် ဘာဖြစ်လို့ ငါ့ကို နှင်းဆီဖြူ နဲ့ချည်းပဲ အထင်လွဲနေတာလဲ"

"နင် နှင်းဆီဖြူ ကို ဟိုတုန်းကတည်းက ဂရုစိုက် ဦးစားပေးတာပဲ မဟုတ်လား၊ အဲဒီတစ်ယောက်ကိုမြင်ရတိုင်း စုလတ် ကို ငါ သနားတယ်"

"ငါကတော့ မသနားဘူး၊ ငါ့ဘဝမှာ မိန်းမတစ်ယောက်ကိုပဲ အလိုလိုက်ခဲ့တာ .. သည်းခံခဲ့တာ၊ နောက်ထပ်တစ်ယောက် မရှိနိုင်ဘူး"

ခေတ်ဦး လေသံက တစ်မျိုးပြောင်းသွား၏။ ပြီးတော့ ရှေ့တိုးရပ်ကာ ...

"မကိုင်း .."

တိုက်ဆိုက်မှုအောက်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သော ယောကျ်ားပျိုတစ်ယောက်ရှေ့တွင် ရပ်နေရသလို အနေခက်လာ၏။

ရင်ခုန်သံတွေ မြန်လာခဲ့ရင်း ခေတ်ဦး ပြောလာမှာတွေကို မကြားရဲတော့သလို ဖြစ်ခဲ့သည်။ မျက်နှာလွှဲပစ်လိုက်တော့ ခေတ်ဦး က ထို မျက်နှာရှေ့ကို ရွေ့ရပ်သည်။

"မေမေတို့လည်း ဒါပဲပြောပြီး စိတ်မကောင်းဖြစ်နေကြတယ်၊ ငါလေ .. ငါ့ဘက်က မငြင်းသလို နင် လက်မခံတာပါလို့လည်း မပြောခဲ့သေးဘူး၊ ငါ့ကို သက်သက်ရွဲ့နေတာ မဟုတ်လား၊ အကြောင်းလည်း မခိုင်လုံဘဲနဲ့ မကိုင်း ရာ .. နင် ငါ့ကို မမုန်းဘူး မဟုတ်လားဟင် ..၊ လက်ထပ်ဖို့ ခေါင်းညိတ်လိုက်တော့နော်"

"ဘာလို့ ညိတ်ရမှာလဲ"





မကိုင်း က ထွက်ပေါက်ရှာနေသော ငှက်ငယ်လေးသဖွယ် စကားပြောပြီးတိုင်း ခြေလှမ်းရွှေ့၏။ ခေတ်ဦး ကလည်း ရှေ့ကနေ ကာထားလျက်ပဲဖြစ်ကာ ...

"နင် ဘာကို မကျေနပ်သေးတာရှိလဲ .. ပြောပါ၊ နင့်စိတ်ကြိုက် အားလုံး ငါအလိုလိုက်မယ်၊ နေ့နေ့ညည ငါ နင့်ကို စွန့်လွှတ်နိုင်မလား ဆိုတဲ့ မေးခွန်းတွေနဲ့ပဲ ရင်ထဲမှာ ကျပ်ခဲနေတာ၊ နင့်ကို ငါချစ်တယ်၊ သံယောဇဉ်တွေ၊ တွယ်တာမှုတွေနဲ့ အစိုင်အခဲ ရစ်ပတ်မွဲနေခဲ့ပြီးမှ ချစ်တာ၊ နင်ကလွဲပြီး ဘယ်သူတစ်ယောက်ကိုမှ တွေးကြည့်လို့တောင် မရဘူး၊ ပြေပါတော့ဟာ ..၊ ငါတို့ လက်ထပ်ရအောင်နော်"

မကိုင်း လက်ဖဝါးလေးကို ဆုပ်သည်။ တစ်ဖက်လှည့်ထားသည့် ပါးပြင်လေးနားက ဆံစတို့ကို အသာလေး သိမ်းဖယ်ပစ်လိုက်၏။

မကိုင်း က သူ့လက်ကိုပုတ်ချပစ်ကာ ကိုင်ထားတာကို ရုန်း၏။ ခေတ်ဦး မလွှတ်ဘဲ အတင်းအကျပ်ဆွဲထားမိရင်း ရင်ခုန်သံတွေက မြောက်ထိုးပင့်ကော့တွေ လုပ်လာကြသည်။

"ခေတ်ဦး နော် ..၊ နင် .. ဘာလုပ် .. အား!... ဟင့်အင်း .."

ပွေ့ဖက်ထားလိုက်တာကို ဖယ်ချနေရင်း သူ့မျက်နှာ ရမ်းကားဖို့ ရှေ့တိုးလာတာကို မကိုင်း သေလုမြောပါး ရှောင်နေရသည်။

ဆံပင်တွေကို တစ်ချက်နမ်းမိလိုက်ပြီး ပါးပြင်လေးနောက်ကို အမိအရဖမ်းဖို့ ကြိုးစားစဉ် တံခါးဝမှာ လူရိပ်တစ်ရိပ် ..။

"ဟာ!..."

သာယာ အံ့သြလွန်းသဖြင့် ချက်ချင်း နောက်ပြန်ဆုတ်ဖို့ကို မေ့သွားခဲ့၏။ မကိုင်း သူ့အားကာဆီး ဖြတ်ချောင်းပြေးသွားမှ ပါးစပ်အဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သားကို ပြန်မစေ့ဖြစ်ဘဲ တခွိခွိ ရယ်လေသည်။

"ခွေးကောင် .."

ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုနတ်ပူးသွားမှန်း မသိလိုက်ဘဲ သာယာ့ ကိုမြင်တော့ ခေတ်ဦး မျက်နှာ အဝတ်နီတစ်စလို ရဲတွတ် လျက် ...

"မင်းပါးစပ်ကြီးကို ပိတ်လိုက်စမ်းပါ"

ရှက်ရမ်းရမ်းနှင့် လှမ်းအော်ပစ်လိုက်ပြီး မကိုငှ လွတ်ကျကျန်ခဲ့သည့်စာအုပ်ကို ငုံ့ကောက်သည်။ သာယာ က သူ့အဖြစ်ကိုမြင်လေ၊ ရယ်လေနှင့် စကားနှားထောင်ရှာသည်။

"ခေတ်ဦး .. ခေတ်ဦး .."

"ဘာလာဖြစ်တာလဲ .."

"ငါ မဖြစ်ပါဘူး၊ မင်းပါ .."

ခေတ်ဦး ပြန်မကြည့်တော့ဘဲ လှေကားကြီးပေါ် တက်လိုက်ခြင်းဖြင့် ကျောခိုင်း၏။

"ငါ့အစ်ကို တော်တော်ညံ့တာပဲလို့ တွက်နေတာ၊ ဘယ်မှာညံ့လို့လဲ"

သာယာ က အကျယ်ကြီး အော်ပြော၏။ ကျောဘက်မှာ မျက်နှာမရှိပေမယ့် ရှေ့ကမျက်နှာမှာ ပူထူရှိန်းဖိန်းကာ ရင်တွေလည်း ခုန်နေဆဲ ရှိ၏။

သူများမြင်တာမဟုတ်ဘဲနှင့် နဖူးတစ်ချက်ပွတ်၍ ရှက်ကိုးရှက်ကန်း ရယ်လိုက်မိသည်။

နုးညံ့သောဆံနွယ်လေးများမှ သင်းပျံ့ရနံ့လေးက စွဲကျန်နေခဲ့၏။

ချစ်တယ် မကိုငှ ဂျယ် ...။





✍ ပြုံးဆိုရင် ပြုံး

ငိုဆိုရင်လည်း ငိုပြပါ့မယ်

မင်း သဘောကျ

မင်းရဲ့အလိုအတိုင်း

အချစ်အတွက် ဘာမဆို ကိုယ့်ဘဝဟာ မင်း ..။

✍ မင်းပေးဖို့ အခွင့်အရေး

တစ်ခုပဲ တောင်းဆိုပါ့မယ်

အိပ်မက်များထဲမှာ .. ကိုယ် ...။

✍ အကြိမ်ကြိမ် အခါခါ လူးလွန့်ခဲ့ပုံး

နှင်းဆီပုံး နှုတ်ခမ်းလွှာအား

တစ်ကြိမ်တစ်ခါ ရမ်းကားခွင့်ပြုပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

အချစ်ဆိုတာ ဘာရယ်လို့ ပြောရလောက်အောင်တော့ မကျွမ်းကျင်သေးပါ။ ဒါပေမယ့် မကိုဋ္ဌ ရဲ့ကောသာအလှကို ပထမအနမ်းအဖြစ် ယစ်မူးခဲ့သည့်နောက်မှာ ထို့ထက်ပို၍ ကျူးကျော်ပိုင်စိုးလိုသည့်ဆန္ဒများဖြင့် နေ့စဉ်၊ ညစဉ် သူ ဘယ်လိုမှ အေးချမ်းစွာ နေလို့မရတော့တဲ့ ရှိလေသည်။

ထို့ကြောင့် အစကလို ညှိနှိုင်းနေပါသည်၊ သူ ဆုံးဖြတ်ပါစေ ဟူသော အကြောင်းပြချက်တွေကို ဘေးချိတ်ထားလိုက်၏။

"မကိုဋ္ဌ ကို လက်ထပ်ချင်ပြီ မေမေ၊ ဘွား တို့ကို မြန်မြန်စီစဉ်ဖြစ်အောင် မေမေ နားပူပေးပါ"

ဖေဖေ့ကိုလည်း မျက်နှာမပူနိုင်တော့ ...။ မေမေ ပြုံးနေတာကိုလည်း ရှက်ရမှန်း မသိ ...။

သာယာ ကတော့ 'ဒီလိုပဲဖြစ်သင့်တာ ..' ဟု ထောက်ခံပေးရှာသည်။





မေမေက သိသည်။ သံယောဇဉ်တွေ ရှိကြပြီးသားကို မကိုဋ္ဌ ဆိုးလို့ရတိုင်း ဆိုးနေတာပါ။ ထို့ကြောင့် အဓိကပစ်မှတ်ကို ရွေးချယ်၍ မကိုဋ္ဌ ရဲ့ဘိုးဘိုး ဦးမြတ်ကျော် ကို ဘွားနဲ့ပူးပေါင်းပြီး နည်းနည်းနားပူပေးလိုက်တာနှင့် မင်္ဂလာရက်ကို သတ်မှတ်ပြီး ဖြစ်လေသည်။

သူ့လောက်ပျော်ရွှင်တဲ့သူ ရှိပါ့မလားဟု ထင်သည်။

မကိုဋ္ဌ ကတော့ တွေ့တာနှင့် မျက်စောင်းထိုးသည်။ လှမ်းခေါ်တိုင်း ထူးချင်မှ ထူး၏။ စကားပြန်ပြောတာလည်း နားဝင်မချိုပါ။

သူ ရှုံ့မဲ့ခေါင်းကုတ်မိသည်။ သာယာ က မြင်သာသည့်နေရာ ရှိနေလျှင် ပြုံးစိစိ ...။ မင်္ဂလာဖိတ်စာတွေ ဝေကြတော့လည်း သူနဲ့မသွားချင်ဘူးဆိုပြီး သာယာ့ ကို ခေါ်၏။

သာယာ က ရီသွားသေး၏။

"ကိုယ့်ကုသိုလ်နဲ့ကိုယ် .." တဲ့။

ပြီးတော့ ရှိသေးသည်။ အစကတော့ မင်္ဂလာဝတ်စုံကို ဘယ်ကမှာမည်၊ ညာကမှာမည်နှင့် အားလုံး ခေါင်းရှုပ်၊ ခေါင်းခဲနှင့် စဉ်းစားလိုက်ရတာ ...။

ဒါ အဆင်ပြေနိုင်ပါတယ်ဆိုပြီး ဆုံးဖြတ်ကြပြီး မှာမယ်၊ ယူမည်ဖြစ်တော့မှ အစ်ချုပ်ဆိုင်မှာပဲ ကိုယ်နှင့်တိုင်းပြီး သေချာအပ်တော့မည်တဲ့ ...။

ဦးမြတ်ကျော် ခေါသထွက်သည်။ ဘွားကလည်း ထရေတော့သည်။ ဖေဖေနှင့်မေမေကတော့ အပြုံးမပျက်ပါ။ မကိုဋ္ဌ ကို စိတ်မပျက်ကြသည့်အပြင် ဆိုးလေချစ်လေ ဖြစ်နေကြသေး၏။

မင်္ဂလာဝတ်စုံကို ဖိတ်စာတွေရတော့မှ အမြန်ကြေးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန် အပ်ခဲ့ရသည်။ ထို့ပြင် မြန်မာဝတ်စုံကျတော့ ကျပ်ကျပ်ရတောင့်တောင့်ကြီးဟု ဆိုသည်။

အနောက်တိုင်းလို ဂါဝန်ကားကားကျတော့ ကော်ပတ်ရုပ်ကြီးလို့ ပြောပြန်သည်။ ခါးရှည်လက်ရှည်ကို ကော်လာထောင်ဦးမည်တဲ့။

"ဘယ်လိုပုံမျိုးကြီးလဲ မကိုင်ရှ ရာ .. ဘိုးတော်မင်းလက်ထက်က မိဖုရားကြီးတွေလိုလား .."

"မိဖုရားဖြစ်ဖြစ် .. မယ်တော်ပုံပေါက်ပေါက် ငါ့ကိုယ်ပေါ်တင်ရမှာ၊ နင် ဆရာမလုပ်နဲ့"

"မလုပ်လို့ရမလား .. နင်က အဲဒီပုံဝင်[illegible] ကျက်သရေ ခေါင်းပေါင်းကြီး လိုက်ဆောင်းရဦးမှာ၊ ပြဿနာပဲကွာ .. မကိုင်ရှ တကယ်ညစ်တယ်"

ခေတ်ဦး မပြေမလည်ဖြစ်နေတာကို မကိုင်ရှ ကွယ်ရာမှာ ပြေးရယ်နေခဲ့တာ ခဏခဏ။ မှတ်ထား .. အဲဒါ မြန်မြန်လက်ထပ်ဦး။

ခေတ်ဦး ကို ပြန်ချစ်နိုင် မချစ်နိုင် ရင်ထဲမှာ မသေချာပေမယ့် 'လက်ထပ်ရမယ်' ဟု ဘိုးဘိုး အမိန့်ချလိုက်တော့လည်း ယောက်ယက်ခတ် ပူလောင်သွားတာမျိုးတော့ မဖြစ်ခဲ့ပါ။ ဒါဟာ ခေတ်ဦး ကို မသိစိတ်မှာ လက်ခံနေခဲ့ခြင်းလား။

အဆင်မပြေအောင် မဟုတ်ကဟုတ်ကတွေ လျှောက်လုပ်နေတာကလည်း မုန်းလို့မဟုတ်တာကို ကိုယ့်ကိုယ်ကိုယ် သိနေ၏။

အဲဒီလို နိုင်နေရတာကို ပျော်လို့ ..။

"ဘယ်သွားမလို့လဲ"

ကိုင်ထားသည့် စက္ကူဘူးလေးကို ရင်ခွင်ထဲမှာပိုက်၍ မကိုင်ရှ





ခြေလှမ်းတုံ့သွား၏။ အပြင်သွားမလို့ ဝတ်စားပြင်ဆင်ထားတာကို ဖုံးကွယ်လို့ မရတော့ပေ ..။

ပိုဆိုးသည်က ဘိုးဘိုး ရှိနေ၏။ ခေတ်ဦး က တံခါးဝရောက်နေပြီးမှ ဝင်မလာတော့ဘဲ ရပ်စောင့်နေသည်။

"သူ့သင်တန်းကဆရာမကို မဖိတ်ရသေးလို့တဲ့ မြေးရေ .. ပြီးတော့ ဟိုလူကျန်တယ်၊ ဒီလူကျန်တယ်နဲ့ .. ခုမှ"

"ငါ လိုက်ပို့မယ်"

ရှောင်လို့မှ မရတော့တာ ..။ မကိုင်ရှ တစ်ဖက်ကဝင်ထိုင်တော့ သူပဲ မောင်းခဲ့၏။ လမ်းမှာ လှည့်တကြည့်ကြည့်နှင့် မကိုင်ရှ ကို စကားပြောဖို့ ကြိုးစားနေတာကို သိသည်။ မကိုင်ရှ မသိသလိုနေလိုက်ရင်း ဟိုကြည့် ဒီကြည့်။

"ဖိတ်စာတွေ အတူတူလိုက်ဝေတုန်းက ဘယ်သူတွေ ကျန်သေးလဲ၊ ဘယ်သွားဦးမလဲ မေးတော့ မပြောဘူး"

လမ်းတစ်ဝက်ကျော်မှ ခေတ်ဦး က စကားစလာ၏။

"ဘာလို့ပြောရမှာလဲ၊ ခုလည်း ငါ့လမ်းငါသွားမလို့၊ ဘာလို့လိုက်လာလဲ"

ခေတ်ဦး မျက်မှောင်ကျုံ့သွားသည်။ ရှေ့ကိုကြည့်မောင်းရင်း သူမကိုလည်း လှည့်ကြည့်ကာ ...

"မကိုင်ရှ .. နင်ကိုင်ထားတဲ့ဖိတ်စာတွေက မွေးနေ့ဖိတ်စာ မဟုတ်ဘူးနော်၊ မင်္ဂလာဆောင်ဖိတ်စာ .."

"အဲဒါ ဘာဖြစ်လဲ"

"နင့်ရဲ့သတို့သားက ငါဆိုတာများ မေ့နေသလားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မေ့တတ်တယ်၊ နင့်နဖူးမှာ စာကပ်ထားပါလား"

"တွေ့လား .."

ခေါသဖြစ်ဖို့ တင်းသွားပြီးမှ ခေတ်ဦး ရယ်မိလိုက်မိသည်။ မကိုင်ရဲ့ ပြုံးစိစိလေးနှင့် မျက်စောင်းထိုး၏။ ကားလေးက လမ်းဘေးကျကျလေး မှာ သိမ့်ခနဲ ထိုးရပ်သွားလေသည်။

"ဘာလို့ ရပ်တာလဲ၊ ဘာဖြစ်တာလဲ"

"မကိုင် .."

လက်ကိုင်ဘီးပေါ်မှာ လက်နှစ်ဖက်တင်ထားသည်က ခပ်တင်း တင်းဖိဆုပ်လျက် ခေတ်ဦး အကြည့်တွေက နူးညံ့ရီဝေနေသည်။

ပြီးတော့ မြင်ဖူးသမျှကာလတွေထဲမှာ အချောဆုံးမျက်နှာတစ်ခု ဖြစ်သွားခဲ့သလိုလို။ မကိုင်ရဲ့ ကလည်း ငေးကြည့်လျက် ...

"ငါ အရမ်းပျော်တာပဲ၊ နင့်ကို ငါ တကယ် ဘယ်လိုပြောပြရ မှန်းမသိအောင် ချစ်တာ .."

"ကဲ .. တော်ပါ၊ အားပြန်မောင်း .."

ပန်းနုရောင်ရင့်လာသည့် ပါးပြင်လေးကိုစိုက်ကြည့်ရင်း ခေတ်ဦး က ပေါင်ပေါ်တင်ထားသည့် မကိုင်ရဲ့ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင် လိုက်၏။

"နင် သိပ်လှတာပဲ မကိုင်ရဲ့ ရယ် .. ငါလေ မရှိးသားတော့ဘူးဆို ကတည်းက နင့်ကို တစ်စက်ကလေးမှကို စိတ်မချနိုင်တော့တာ သိလား၊ နင်ကတော့ နင့်ကိုယ်နင် သိမှာမဟုတ်ဘူး၊ ဟိုတစ်ခါ နေသျှံ ဆိုတဲ့ လူ့အကြောင်းပြောတော့ ငါပြောတာကို နင် ရယ်ခဲ့သေးတယ်၊ ငါ အဲဒီ ပြောခဲ့တာမဟုတ်ဘူး မကိုင်ရဲ့၊ နင့်မျက်နှာလေးက လှတာတွေထက် ပို





လှတာ၊ ဘယ်လိုမှမဲ့ ဘယ်လိုရယ်ရယ်၊ တစိမ့်စိမ့်ကြည့်လို့မဝအောင် ကို လှတာ .."

တကယ် လှိုက်လှိုက်လှဲလှဲ ပြောနေမှန်းသိတော့ မကိုင်ရဲ့ ရှက်လာ ကာ မျက်နှာလေး ငုံ့သွား၏။ သူ့ဘက်ကိုကွယ်အောင် ဆံပင်ရှည်တွေ ကို တမင်တကာဆွဲချပစ်၍ ..

"တော်ပြီ .. ခေတ်ဦး၊ မောင်းပါတော့ဆိုမှ ..၊ ငါ မနေတတ် တော့ဘူး"

ခေတ်ဦး က ခပ်တိုးတိုးရယ်ပြီး လက်ဖဝါးလေးကို လွှတ်လိုက် သည်။ ဆရာမကို ဖိတ်စာအရင်ပေးမလို့ အင်းလျားလမ်းထဲ ကွေ့ဝင်နိုင်း လိုက်ပြီး ...

"ခေတ်ဦး .. နင် ငါ့ကို ဒီမှာထားခဲ့တော့ .."

"ဘာဖြစ်လို့လဲ"

"ဆရာမသမီးက ငါနဲ့ သူငယ်ချင်းဟ၊ သူ့ကိုခေါ်ပြီး သင်တန်းက လူတွေကို လိုက်ဖိတ်လိုက်တော့မယ်၊ နင် သွားပါ .. သူက ဘယ်သူ ဘယ်မှာနေတယ်ဆိုတာကို သိတယ်၊ သူနဲ့ပဲ သွားလိုက်တော့မယ်"

"ဘယ်နှစ်ယောက် ကျန်သေးလို့လဲ၊ တစ်နေရာနဲ့ တစ်နေရာ အဝေးကြီးဆိုရင် သူများက စိတ်ရှည်ပါ့မလား၊ ပြန်တော့ ဘယ်လိုပြန် မှာလဲ"

ခေတ်ဦး က ခြံရှေ့မှာ ကားရပ်ပေးလိုက်ပြီးမှ မကိုင်ရဲ့ ကို ဆွဲထား၏။

"ကဲ .. ဒါဆိုလည်း၊ လမ်းထိပ်ကပဲ စောင့်ဟာ .."

"သူတို့က ခြံထဲ ကားဝင်တာ မကြိုက်လို့လား"

"မဟုတ်ဘူး၊ ငါက စကားပြောနေဦးမှာမို့လို့၊ နင် သိမ်း[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဖယ်စမ်းပါ''

"အဲဒီလောက်ရှည်တာတောင် ခင်ဗျားလေး ရစ်နေတာကို 
ချင်ဘူး"

"ကောင်စုတ် .."

စကားတွေပြောရင်း ဘယ်ရောက်ကုန်မှန်းမသိဘဲ နှစ်ယောက်
ရယ်လိုက်မိကြ၏။ မကိုင်ရှ နှင့် သူ ပြေလည်သွားကြပြီမို့ ခေတ်ဦး မျက်
ကြီး ပြုံးအီနေလေသည်။

မကိုင်ရှ တစ်ယောက်တည်း ဝင်သွားပြီးမှ ကံမကောင်းပါ။ ဆရာ
လည်း မရှိ၊ သင်းပုံ့ လည်း မရှိ။

"ပဲခူးသွားကြတယ်ကွယ့်၊ ညနေမှ ပြန်ရောက်မှာ .."

ဟု လူကြီးတစ်ယောက်က ပြောသည်။ ထို့ကြောင့် ဖိတ်စာလေး
မှာခဲ့ရသည်။

ဒေါက်တာ ဦးညီမင်း (အရိုး၊ အကြော၊ အဆစ်)

M.B.B.S (Ygn), M.Med.Sc (Ortho)

တိုက်အဝင် ဘယ်ဘက်မှာတပ်ထားသည့် ဆိုင်းဘုတ်ကိုဖတ်
ဒီလူကြီးက ဦးညီမင်း ဆိုတာထင်ပါရဲ့ဟု တွေးမိကာ နုငယ်ချော
သော ဆရာမမျက်နှာလေးနှင့် ယှဉ်ကြည့်မိ၏။

ဆရာမ စကားပြောတိုင်း "ကိုကိုက ..." ဘာညာ ဘာညာ ခေါ်
စဉ်လေးတွေ ပါလာတတ်တာကိုလည်း သတိရလိုက်သည်။

သမီးအပျိုနှစ်ယောက် ရှိနေကြတာတောင် ဒေါက်တာ
ဆရာမရော နုငယ်ချောမောကြပါ၏။ ပြီးတော့ သဘောကောင်းသည်
ဘယ်သူမှမရှိကြသဖြင့် ထိုင်ပါ၊ ဝင်ပါ မပြောသော်လည်း နု





ရည်မွန်ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီကနေ လမ်းထိပ်အဝရောက်အောင်
မကိုင်ရှ လမ်းလျှောက်ထွက်ရတော့မည်။

ထိုအခါ စိတ်မချနိုင်စွာနှင့် ဟိုက စောင့်မည်၊ ဒီကစောင့်မည်ဖြစ်
နေသော ခေတ်ဦး ကိုပဲ သတိတရ ကျေးဇူးတင် ကျေနပ်မိပြန်သည်။

"အယ်!... အမလေး .."

ကားတစ်စီးက မျက်လုံးရှေ့ကို ဝေါခနဲ ကွေ့ဝင်လာ၏။ ကား
ကလည်း ရပ်သွား၏။ မကိုင်ရှ လည်း ရှောင်လိုက်နိုင်သည်။ သို့သော် ...

ကိုင်ထားသည့် ကတ္တီပါဘူးလေး လွတ်ထွက်သွားကာ အထဲကဖိတ်
စာတွေ တစ်ခုစီ ပြန့်ကျဲကုန်လေသည်။ ခြံ၏တံခါးအုတ်တိုင်မှာ ပုံပျက်
ပန်းပျက် မှီကျသွားသည့်ကိုယ်ကို ချက်ချင်းပြန်ကျုံးထပြီး လှုက ခိုင်ခိုင်
မရပ်မိသေးဘဲ မျက်လုံးက ဖိတ်စာတွေဆီ ရောက်၏။

"ဘာဖြစ်သွားသေးလဲ"

"ဟင်!..."

နာမည်ရေးထားပြီးသည့်ဖိတ်စာတွေမို့ စွန်းထင်းပေကျံကုန်ပြီလား
ဟု စိုးရိမ်စွာ တွေးမိသောကြောင့် လူဆင်းလာတာကို အမှတ်တမဲ့
မကြည့်မိ။

အသံကြားလိုက်တော့ မကိုင်ရှ တုန်ခနဲ ဖြစ်သွား၏။

ခနည်း ...၊

ဘောင်းဘီအနက်၊ ရှပ်အင်္ကျီအနီရောင်နှင့် ကုတ်အင်္ကျီအနက်ကို
ဆင်ဝတ်ထားသည်။ အနီနှင့်အနက်ကိုပဲ အဝတ်များသော သူ့ကာလ
တွေက အဆေးကြည့်ကြည့်၊ အနီးကပ်ပဲပေါ်လာလာ ဒါမှမဟုတ် မျက်ဝန်း
ထောင့်မှာ ဖျတ်ခနဲပဲမြင်မြင် အလွန်သိသာစေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူရှေ့ကိုရောက်တိုင်း မှင်သက်မိသူလို ငေးမောဆွံ့အသွားတတ်သည့် ကိုယ့်ကိုယ်ကိုယ် မကိုဋ္ဌ သတိထားလိုက်သည်။

ပထမဆုံး မျက်နှာလွှဲပစ်လိုက်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ကာ ဖိတ်စာတွေကိုပဲ လိုက်ကောက်၏။ နောက်ဆုံးဖိတ်စာကို ကောက်မိစဉ် ...

"အို!..."

မကိုဋ္ဌ နှင့်သူ ခေါင်းချင်းတိုက်မိမတတ် ဖြစ်သွား၏။ ပြီးတော့ ဖိတ်စာကိုင်ထားသည့် မကိုဋ္ဌ လက်ပေါ်မှာ သူ့လက်က ထပ်အုပ်လျက်...၊ ပြိုင်တူ မျက်နှာမော့ကာ တအံ့တဩ လိုက်ကြည့်မိကြသည်။

တကယ့် နီးနီးကပ်ကပ်ကြီး ...။ သူ့ကိုယ်က ရှတတ ရေမွှေးနံ့ရှိင်းရှိင်းကို ရသည်။ ထိုရနံ့သည် သူ့နှုတ်ဖျားမှ ထွက်လာသည်ဟု ထင်ရ၏။ ပြီးတော့ သူ့ဆံပင် ဒါမှမဟုတ် သူ့လည်တိုင်၊ အဲရေပြားတစ်စုံတစ်ရာ တစ်နေရာ၊ သူနှင့် အလွန်နီးကပ်သောနေရာမှ ထွက်လာသလိုလည်း ထင်ရပြန်သည်။

ထူးခြားသောရေမွှေးနံ့ဟာ စူးခနဲဝင်လာပြီး နှလုံးသားဗဟိုထဲထိ တိုးဝင်၍ ဆုပ်ငင် ဆွဲယူနေပြန်သည်။ ယောကျ်ားတစ်ယောက်ဖြစ်လျက် ဖုထစ်ကြမ်းရှခြင်းကင်း၍ ဖြူဝင်းနီမြန်းသော မျက်နှာပြင်ဟာ မကိုဋ္ဌ မျက်နှာနှင့် တစ်ထွာသာသာမှာ ...။

ရက်တာရော၊ ကြောက်တာရော၊ ဘာတွေဖြစ်ကုန်မှန်း မသိပါ။ မကိုဋ္ဌ လက်ကို ကပျာကယာ ရုန်းပစ်လိုက်မိသည်။

ဖိတ်စာက သူ့လက်ထဲမှာ ကျန်ခဲ့လျက် ...

"သြော် ..."





မကိုဋ္ဌ ထရပ်လိုက်တော့ သူကလည်း ဖိတ်စာကိုဖွင့်ဖတ်ရင်း ရပ်လိုက်သည်။

သြော် .. ဆိုသည့် ရေရွတ်ခြင်းမှာ ဘယ်လိုခံစားချက်တွေ ပါနေ လဲဆိုတာ မျက်လုံးတွေကို သေချာမမြင်ရသဖြင့် မကိုဋ္ဌ မသိပါ...။

ဒါပေမယ့် သူ့နှုတ်ခမ်းသားများမှာ ရင်းနှီးသောအပြုံးတစ်ခု ခိုတွဲ ျက် ...

"မကိုဋ္ဌ ဆိုတာ မင်းလား .. မင်္ဂလာဆောင်တော့မှာပေါ့"

"ဟုတ် .."

မကိုဋ္ဌ ဆိုသော ကိုယ့်နာမည်ကို မကိုဋ္ဌ က ထည့်ပြောနေကျမို့ သိထားတာ ဖြစ်လိမ့်မည်။

"မင်းနဲ့ကိုယ် မရင်းနှီးပေမယ့် ပတ်သက်ခင်မင်ခဲ့ကြတာတွေ ရှိ ါတယ်၊ ကိုယ့်ကို မဖိတ်တော့ဘူးလား"

မကိုဋ္ဌ အားနာသွားမိသည်။ သူ့ကိုတော့ ကြည့်၍ ပြုံးပြလိုက် ာ...

"ဖိတ်ပါတယ် .. မကိုဋ္ဌ က ရှင့်ကိုတောင် ကားအတွက် အလျော် းရဦးမှာ၊ အဲဒါ .."

"အဲဒါတွေ ထားလိုက်ပါ၊ မင်းဆီက အလျော်ယူဖို့ ကိုယ် အစ တည်းက စိတ်ကူးမရှိဘူး"

"ရှင်!..."

မကိုဋ္ဌ မျက်နှာလေးပျက်သွားတာကို သူက စိုက်ကြည့်၍ ဖိတ်စာ ါသို့ မျက်နှာလွှဲယူသည်။

"ဘယ်ယိုလဲ .. ကိုယ် လာခွင့်မရှိဘူးလား"



www.burmeseclassic.com

ဘာဖြစ်လို့ မင်္ဂလာကိစ္စကိုပဲ သူ အမိကပြောနေတာကို မကိုင်
နားမလည်ပါ။

"လာလို့ရပါတယ် .. မကိုင်နှ ဖိတ်ပါတယ်၊ ဒါပေမယ့် ဒီဖိတ်စာ
တွေက နာမည်ရေးပြီးသားတွေ ဖြစ်နေတော့ .."

"ရတယ် .. မင်းက ဖိတ်တယ်ဆိုရင် ရပါပြီ၊ ရော့ ..."

ကိုင်ထားသည့်ဖိတ်စာကို မကိုင်နှ ကို ပြန်ပေးသည်။ ပြီးတော့
ခဏလေးရပ်ကြည့်နေပြီး နှုတ်မဆက်ဘဲ လှည့်သွားသည်။

သူ့ကား ခြံထဲမောင်းဝင်သွားသည်အထိ မကိုင်နှ နေရာမှ မရွေ့
သေးပါ။ ဒီလူ ဒီအိမ်က ဘယ်သူနဲ့ ပတ်သက်တာလဲ ..။

ဆရာမနဲ့လား ..၊ ဒေါက်တာနဲ့လား ..၊ ဒါမှမဟုတ် သမီးနဲ့လား..





အခန်း (၁၈)

စီးကရက်ခိုးတွေ တလွန့်လွန့်တက်နေကြတာကို စူးစိုက်ကြည့်နေ
ရင်း တစ်ချက်တစ်ချက် အံကြိတ်ပစ်လိုက်သော မေးရိုးတို့မှာ တင်းခနဲ
လှုပ်ခတ်သွားတတ်၏။

သုံးချပ်တပ်မှန်မြင့်ကြီးမှာ ပူးယှက်တင်ထားသည့် သူ့ခြေထောက်
နှစ်ဖက်အပြင် မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ရေမွှေးအစုံ မှန်တင်ခုံပေါ်တွင်
အားလုံး ရှိသည်။

ထူးဆန်းသည်မှာ ဘယ်ဘူး၊ ဘယ်ပစ္စည်းမှ မသုံးရသေးဘဲ အား
လုံးက နေရာမကျစွာ ပါကင်အတိုင်း ဒီတိုင်းတင်ထားသည့်ပုံရိပ် ရှိနေ
ခြင်းပင်။

မှန်တင်ခုံရှေ့မှ ကြွရွလှပလွန်းသော ကျွန်းကုလားထိုင်ကြီးမှာ ခပ်
လျော့လျော့မှီ၍ စီးကရက်တစ်လိပ်က လက်ကြားညှပ်ထားတာ မဟုတ်။
ညာဘက်လက်ညှိုးနှင့် လက်ခလယ်ကြားမှာ ထည့်ကိုင်ထားတာဖြစ်ကာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတို့သည် မှန်ထဲမှာ တလွှန့်လွှန့်တက်နေသော စီးကရက်မီး များဆီမှာ ...။

ထိုစဉ် ဖုန်းသံညက်ညက်လေး မြည်လာသည်။ တုန်ခါလာသ အသံလှိုင်းသဲ့သဲ့ကြောင့် အိတ်ထဲကို လက်တစ်ဖက်နှင့်နှိုက်၍ ထုတ် လိုက်သည်။

"စိုင်းကြီး .. ပြော .."

"လူလေးခိုင်းတဲ့ကိစ္စ အားလုံး အဆင်ပြေသွားပြီ"

"စိုင်းကြီး နောက်ကျတယ်၊ ကျွန်တော် ဖုန်းစောင့်နေတာ ဆ မိနစ် ရှိပြီ"

"ဟုတ်တယ် လူလေး .. အစက ပြောလို့မရဘူး၊ ဘာလက်ဆော ပေးလို့မှ လက်မခံဘူးလေ"

"ဘယ်လိုအဆင်ပြေသွားလဲ"

"ဘဘရဲ့မြေးမလေးပါလို့၊ သူ့အဖေနဲ့သမီး အထင်လွဲပြီး သ လေးက လက်မခံလို့ အဖေလုပ်တဲ့သူက သူ့နည်းသူ့ဟန်နဲ့ ဒီကိုပို့ ကြိုးစားတာပါလို့ ပြောရတယ် .. အဆင်ပြေပါပြီ၊ စိတ်ချတော့ .."

"ဟုတ်ကဲ့၊ စိုင်းကြီး .. အခု ဘာတွေသုံးလိုက်လဲ"

"အရောင်က ပုစွန်ဆီရောင်ရင့်တော့ အနီဘက် များနေတယ် အဲဒါနဲ့ အနီပွင့်လေးတွေ ပေးခဲ့တယ်၊ အားလုံးပေါင်း တစ်ရာတစ်ဆယ် ကိုးလုံး .."

"ကောင်းတယ်"

"လူလေး .."

"ပြောပါ .."





"တန်ဖိုးကို ဟိုက သိပ်မသိလို့၊ သိရင် လက်ခံရဲမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့ ဒီလောက် ပစ်ခတ်ထည့်တာလဲ လူလေးရယ်၊ အဘက မခြေ ရာတဲ့စကား ပြောတာမဟုတ်ဘူး၊ လူလေး သိပ်ခံစားရမှာစိုးလို့ပါ"

"စိုင်းကြီး .. စိတ်အေးအေးနေပါ၊ မနှင်း ဟာ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို ဘယ်တော့မှမလုပ်ဘူး"

"သိတယ် .. သိလို့ စိုးရိမ်နေတာ၊ ကလောကိုလည်း အကြောင်း ကြားလိုက်တယ်၊ လူလေးရဲ့အကြီးတော်က ဘဝင်မကျဘူးကွယ့်၊ ကြီးတော်လည်း စိတ်ပူနေတယ်၊ မဖွယ်ရာတဲ့အလုပ်ကိုမလုပ်ဖို့ စိုင်းကြီး ကို တားဆီးခိုင်းတယ်၊ စိုင်းကြီး ဆိုတဲ့ ဘဘက လူလေးစိတ်ကြိုက် ဆောင်ရွက်ပေးနေတဲ့သူ၊ ဘဘ ဘယ်လိုလုပ်ရမလဲ၊ လူလေးကို မျက်နှာ ညိုမခံနိုင်တဲ့ ဘဘရဲ့မေတ္တာတွေဟာ လူလေး နစ်နာဖို့တွေ ဖြစ်ကုန်မှာ စိုးမိတယ်"

"နစ်နာမှုဟာ ဘယ်တော့မှ ကျွန်တော့်အတွက် မဖြစ်စေရဘူး၊ စိုင်းကြီး .. ကျွန်တော်ပြောသလို အားလုံး ပြင်ထားပေးပါ"

သူ ဖုန်းပိတ်ပြီး အိတ်ထဲပြန်ထည့်လိုက်သည်။

တစ်ဝက်သာသာ တိုကျသွားပြီဖြစ်သည့် စီးကရက်ကို ပြတင်း ပေါက်ကနေ တောက်ထုတ်ပစ်လိုက်၏။

ခြေပြန်ချဖို့ နောက်ကို ခြေထောက်အရုပ်မှာ ဘူးထဲက မထုတ်ရ သေးသည့် ရေမွှေးပုလင်းက ခြေဖျားနှင့်တိုက်မိပြီး လဲကျသွားသည်။ သူ သေချာပြန်ထောင်ပြီး ပြုံးလိုက်သည်။

ကိုယ့်ကိုမြင်တိုင်း မင်း ဘာဖြစ်လို့ ကြောက်ကြောက်လန့်လန့် ဖြစ်သွားတာလဲ မကိုနှင်း ..။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမျက်လုံးတွေကို ကိုယ်မကြိုက်ဘူး။ ဒါပေမယ့် ဖိတ်ဖိတ်စဉ်စဉ် ပွင့်ဟသွားတဲ့ နှုတ်ခမ်းလေးကို ကြိုက်တယ်။

မင်း ကိုယ့်ကို ကြောက်နေဖို့ မလိုဘူး၊ ကိုယ်ပေးခဲ့သမျှက မင်း ကြောက်ဖို့မှ မဟုတ်ဘဲ ...။

ကီးကီး သူ့ခြေထောက်နား ရောက်လာသည်။ ခြေဖမိုးကို တစ်ချက် ငုံ့နမ်းပြီး ပြန်ပြေးသွား၏။

"အေး .. ငါ လာပြီ၊ မင်း ဘောလုံးထုတ်ထားပြီးပြီလား"

သူ ထရပ်လိုက်တော့ တံခါးဝမှာ ရပ်စောင့်နေသည့် ကီးကီးက ချာခနဲ ပြေးဆင်းသွား၏။

သိပ်လည်တဲ့ကောင် ...။





## အခန်း (၁၉)

"အို .. အင်္ကျီလေးက လှသားပဲ၊ သားပြောတော့ မကိုင်ရှ ဘာပုံကြီး အပ်ခဲ့မှန်း မသိဘူး၊ ပုံတုံးကြီးဆို .."

"ဟုတ်ပါရဲ့၊ ပုံစံလေးက လှသားပဲ"

"လှတယ်နော် သား .."

သုံးယောက်လုံး သဘောကျသွားကြ၏။ အိတ်ထဲကနေ ဆွဲထုတ်လိုက်ကတည်းက မကိုင်ရှ ပျာယာခတ်နေသည်။

ခေတ်ဦး စကားတစ်လုံးမှ မပြောနိုင် ...။ မျက်လုံးတို့သည် ပုစွန်ဆီရောင်ရင့်ရင့် သတို့သမီးဝတ်စုံထက်မှာ စူးနစ်နေမိသည်။

မကိုင်ရှ ဒီပုံစံ အပ်ခဲ့တာမှမဟုတ်ဘဲ ...၊ ပြီးတော့ ဒီလိုဇာမျိုးမဟုတ်။

မျက်စိထဲ တွေ့ကရာကောက်ဝယ်ပြီး သူ့ကို တမင်တကာ ရွဲ့လုပ်နေခဲ့သည့်ကာလမှာ မင်္ဂလာကိစ္စအတွက် မကိုင်ရှ ခေါင်းထဲမှာ အင်္ကျီကို ဘယ်လိုပိတ်စ၊ ဘယ်လိုပုံစံ ဘာများ အထူးတလည် ရှိခဲ့လို့လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်း .. နင်အပ်ခဲ့တာ ပိုးစ မဟုတ်လား"

"ဒီမှာ ရင်ခံမှာ ပိုးစတွေ ပါတယ်လေ၊ ကျောက်နီလေးတွေတောင် ထည့်ပေးထားသေးတယ်၊ အဲဒီဆိုင် .. အဲဒါကြောင့် နာမည်ကြီးနေတာ-"

မကိုင်း က အင်္ကျီကိုဖြန့်၍ ကိုယ်မှာကပ်ကြည့်ပြီး ဝတ်ကြည့်မလို ခြေလှမ်းပြင်၏။

ခေတ်ဦး က အနားရောက်လာပြီး လက်ကိုဆွဲထားကာ...

"နေဦး .. သူများနဲ့မှားလာတာဆိုရင် မင်္ဂလာပွဲကျမှ ဒုက္ခရောက်လိမ့်မယ်"

"အို .. မှားစရာမရှိပါဘူး၊ ကိုယ့်ဝတ်စုံကို ရက်ကပ်နေလို့ တမင်တကာ ချုပ်ခပိုပေးပြီး ချုပ်ခိုင်းထားရတာ၊ ပြီးတော့ ငါ့နာမည်နဲ့အပ်ခဲ့တဲ့နေ့စွဲနဲ့ အိတ်မှာ သေချာကပ်ပိတ်ပြီးပေးလိုက်တဲ့ဥစ္စာ .."

"မဟုတ်သေးဘူး .."

ခေတ်ဦး မကျေနပ်ပါ။ အင်္ကျီက ရင်ခံစလေးနှင့် လည်တိုင်မှာလည်း ဇာနားအတွန့်တွေ ပါသည်။ လက်စကပုံ ဇာလက်တစ်ကာ အနားများမှာလည်း ခပ်မွမွအတွန့်တွေနှင့် ကျောက်နီတွေ ပြိုးပြက်လက်နေသေးသည်။

ခါးနားမှာ ရှုံ့ကြိုးနှင့် တင်သားလေးတွေထက်မှာ ဇာကို လှလှပပတွန့်ချထား၏။ ရင်ခံနှင့်လည်တိုင်၊ လက်ဝတွေမှာ ကျောက်တွေအပြည့်။

"ကျောက်တွေက ကောင်းလှချည်လား မြေး၊ ရဲ့၊ ဘွားကို ပြစမ်း"

ဒေါ်မျိုးနွယ် က အင်္ကျီကိုယူ၍ ပြတင်းပေါက်နား လျှောက်သွားသည်။ သူ့အင်္ကျီကို လှတယ်ပြောလေ၊ သဘောကျလေနှင့် မကိုင်း က ခေတ်ဦး မျက်နှာကြီး ပူပြင်းနေတာကို မေးဆတ်၍ မျက်စောင်းထိုး





လိုက်သေးသည်။

ဒေါ်ခေမာဦး ကတော့ ရယ်လို့ပါပဲ။

"အို!... ဒါ .. ဒါ .. ဟုတ်ရဲ့လား ကိုကျော်၊ ဒီမှာ ..."

အားလုံးထဲမှာ ဒေါ်မျိုးနွယ် အသံက အထိတ်တလန့် တအံ့တသြထွက်လာ၏။

"ဘာဖြစ်လို့လဲ"

ဘယ်သူ့စကားမှာမှ ဝင်မပါဘဲ မင်္ဂလာပွဲ အထမြောက်သွားတာကိုပဲ ကျေနပ်နေခဲ့သော ဦးမြတ်ကျော် ထံမှ အသံထွက်လာ၏။

"ခေမာ .. သမီးလည်း သိတာပဲ၊ ဒီမှာ လာကြည့်ပါဦး၊ ဒါ .. ပတ္တမြားအစစ်တွေ .."

"ရှင်!..."

"ဟာ!.. မင်းဥစ္စာ .."

ဒေါ်ခေမာဦး နှင့် ဦးမြတ်ကျော်တို့ ဘွားနားကို ထွက်သွားကြစဉ် ခေတ်ဦး နှင့် မကိုင်း မျက်လုံးချင်းဆုံသွားကြသည်။

ခေတ်ဦး သည် 'ငါမပြောဘူးလား' ဆိုသောအကြည့်နှင့်ဖြစ်ပြီး မကိုင်း မျက်ဝန်းလေးမှာ ကိုယ်မပိုင်တော့တာကို သေချာသိလိုက်ရ၍ နှမြောယူကျုံးမရခြင်းတွေ ပြည့်သိပ်လျက် ...။

"ဟုတ်တယ် .. ဒါ ပတ္တမြားတွေပဲ၊ အံ့သြဖို့ကောင်းလိုက်တာ.."

ဒေါ်ခေမာဦး မျက်လုံးရော၊ နှုတ်ခမ်းတွေရော နေရာမကျနိုင်ဘဲဖြစ်သွား၏။ ဒေါ်မျိုးနွယ် သည် မျက်မှန်ကြီးတဝင်းဝင်းနှင့် အားမရနိုင်ဘဲ အဏုကြည့်မှန်ဝိုင်းလေး သွားယူပြီး ထပ်ကြည့်ပြန်သည်။

ဘယ်လိုထပ်ကြည့်ကြည့် မှန်ကန်နေခြင်းကြောင့် မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ထိတ်လန့်ခြင်းတွေ ဖြစ်လာခဲ့၏။ ဒေါ်ခေမာဦး က စက်ချုပ်ဆိုင်ကို ချက်ချင်း ဖုန်းကောက်ဆက်သည်။

"မမှားပါဘူးရှင် .. အင်္ကျီပုံမတူတာက ညီမနဲ့ ပိုလှသွားအောင် စေတနာနဲ့ပါ၊ မကြိုက်လို့လားဟင် .."

ဒေါ်ခေမာဦး က မကိုင်း တို့ဆီ ဝေ့ခနဲ လှမ်းကြည့်၍ ...

"အဲဒါက အဓိကမဟုတ်ဘူး၊ ဟို ..."

ပတ္တမြားကိစ္စတွေကို ဘယ်လိုထည့်ပြောရမှန်း မသိ။ အင်္ကျီကို စိန်စိဝတ်ကြတာ တွေ့ဖူးပါသည်။ တချို့ဆို ဖိနပ်မှာလည်း ထည့်စီးကြ၏။

ဒါပေမယ့် သူမတို့မှ မထည့်ခဲ့တာ ..။ ဒီလောက်ထိလည်း နှစ်ဖက်စလုံးမှာ မဖြုန်းနိုင်ကြပါ။ ပတ္တမြားတွေကိုတွက်ကြည့်လျှင် ခန့်မှန်းဖို့တောင် ခက်နေသည်။ ဒါကို ဘယ်လိုလုပ်ပြီး မသိသလို လုပ်ယူထားလိုက်ရမလဲ ..။

"ညီမရယ် .. အင်္ကျီမှာလေ .."

"အဲဒါ ဟုတ်ပါတယ် .. ညီမလေးကို လက်ဖွဲ့ဂုဏ်ပြုချင်တဲ့ လူတစ်ယောက်က အကူအညီတောင်းလို့ ထည့်ပေးထားတာပါ၊ လူလည်း မမှားဘူး၊ ပြဿနာဘာမှမရှိဘူးဆိုတာ ယုံပါရှင်"

"ဘယ်လို ...၊ အဲဒါ .. အဲဒါ ဘယ်သူတဲ့လဲဟင်"

"ကျွန်မတို့ မသိပါဘူး .. ညီမလေးဘက်က အကြီးအကဲတစ်ယောက်ယောက်လို့ပဲ ထင်ပါတယ်၊ အသက်ငါးဆယ်လောက် ဘကြီးတစ်ယောက်ပဲ၊ ကျန်တာ ဘာမှ ကျွန်မတို့မသိဘူး၊ တကယ်လို့ ဒီဝတ်စုံကို အစ်မတို့မလိုချင်လို့ ပြန်ပေးရင်တောင် ဘယ်လိုပြန်ပေးရမယ်မှန်း





မသိဘူး၊ ယူလိုက်ပါရှင်၊ ပြဿနာမရှိတာတော့ လုံးဝ အာမခံပါတယ်"

တစ်ဖက်ကပြောသမျှကို ဒေါ်ခေမာဦး က ပြန်ပြောပြ၏။ လူကြီးတွေကတော့ 'လက်ဖွဲ့တာပဲ' ဟု စိတ်တိုးတိုးချ၍ လက်ခံလိုက်ဖို့ တိုင်ပင်ကြ၏။

ဘယ်လိုကြီးမှန်းမသိသော်လည်း တစ်ဖက်မှာ လောဘကလည်း အကင်းမသေသောကြောင့် လိုတော့လိုချင်ကြသည်။ မကိုင်း ကလည်း မျက်နှာလေးငယ်လျက် အင်္ကျီကို မစွန့်ရက်သလို ငေးကြည့်နေသဖြင့်...

"ရှုပ်လာဖို့ကတော့ ဘာမှသိပ်မရှိပါဘူး၊ မေနွယ် .. ဘယ်လို သဘောရလဲဟင်"

"ကိုယ့်ကိုပေးတာ သေချာနေတာပဲ၊ လက်ဖွဲ့တာဆိုတော့လည်း ယူတာ အပြစ်တော့မရှိပါဘူး၊ မြေး .. စဉ်းစားကြည့်ပါဦး၊ ဘယ်သူ ရှိနိုင်သလဲ"

"ဟင့်အင်း .."

မကိုင်း ခေါင်းခါလိုက်တုန်းက မတွေးတတ်၍ပဲ ဖြစ်သည်။ သို့သော် တစ်ဆက်တည်းမှာ မျက်နှာတစ်ခု ပေါ်လာသဖြင့် ထိတ်ခနဲ ဖြစ်သွား၏။

ခေတ်ဦး က သူမ ဘေးကို ကပ်ကပ်လေးရပ်လာပြီး ...

"မကိုင်း .. နင် ဟိုလူ့ကို ဖိတ်စာပို့လိုက်သေးလား၊ နေသွေ့ လေ"

"ဟာ .. ဘယ်မှာနေမှန်းမသိတဲ့ဥစ္စာ၊ ဘယ်လိုလုပ်ပို့ရမှာလဲ၊ သူနဲ့ ငါ အဲဒီလောက်ထိ ရင်းနှီးခဲ့တာမှ မဟုတ်တာ .."

တစ်ဝက်တော့ ကျေနပ်သွားပုံပေါ်ကာ ခေတ်ဦး မျက်နှာသိနေဆဲ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဆရာမခြံဝမှာ တိုက်မိခဲ့ပြီးသည့်အဖြစ်ကို မကိုင်မို ထည့်မပြောမိတာ ဘာကြောင့်မှန်း မသိပေ ..။

ခေတ်ဦး မှာလည်း စိတ်ထဲမှာ သံသယတွေ တနင့်တပိုး ရှိနေပေမယ့် ဘယ်လိုစွပ်စွဲရမှန်းမသိ ဖြစ်နေသည်။

မကိုင်မို နဲ့ ဒီလူ ပိုမိုသောရင်းနှီးမှုမျိုး မရှိခဲ့သေးဘူးဆိုတာ သူသိသည်။ သူများနဲ့ လက်ထပ်တော့မည့် မိန်းကလေးတစ်ယောက်ကို ဒီလောက်တန်ဖိုးကြီးကြီး လက်ဖွဲ့ပြီး ကြွားဝါရလောက်အောင်တော့ ဒီလူ မရူးလောက်ဘူး ထင်သည်။

"နင် အဲဒီအကျီကို မဝတ်နဲ့ မကိုင်မို၊ ငါ့စိတ်ထဲမှာ တစ်မျိုးပဲ"

"တစ်မျိုးဖြစ်တာနဲ့ပဲ မဝတ်ဘဲ ထားစရာလား .. ဝတ်မှာပဲ၊ ဒီပွဲမှာ ဝတ်စေချင်လို့ တအားအကုန်ခံပြီး လက်ဖွဲ့ထားတဲ့ဥစ္စာ .."

"ဘယ်သူကလဲ .."

"မသိဘူး .."

"မသိလို့ မဝတ်ပါနဲ့လို့ ပြောတာပေါ့"

"ဝတ်မှာပဲ .."

ခေတ်ဦး ပါးစပ်ကြီးပြင်ပြီး အသံမထွက်နိုင်ဘဲ ဖြစ်သွား၏။ မကိုင်မိုကို သူ ဘယ်တုန်းကများ နိုင်ဖူးလို့လဲ ..။





## အခန်း (၂၀)

"မပြီးကြသေးဘူးလား"

မှန်ထဲမှာ သတို့သမီးဝတ်စုံလေးနှင့် ကိုယ့်ပုံရိပ်ကို လှည့်ပတ်ကြည့်လို့ ကျေနပ်နေဆဲ သာယာ့ အသံက နှောင့်ယှက်လာပြန်သည်။

ညီအစ်ကိုနှစ်ယောက် ဘာဖြစ်နေတာလဲ ..၊ ခေတ်ဦး က ဝင်လာလိုက်၊ သာယာ လာလိုက်၊ ပြင်ပေးသည့် မိတ်ကပ်ဆရာမလည်း ရယ်ပြီ။ အစောပိုင်းက ဒေါ်ခေမာဦး လည်း ရှိနေ၏။

"မေမေ့သားပုံစံကိုတော့ မေမေ တစ်ခုခုနဲ့ နှိုင်းမိတော့မယ်"

ဟု ပြောလိုက်မှ နောက်ထပ် ဝင်မလာတော့တာ။ အားလုံးပြီးစီးဆိုတော့ အကြောင်းရင်းက ပေါ်လာသည်။

ခေတ်ဦး တိုက်ပုံအင်္ကျီနှင့် ပိုးပုဆိုးနှင့် ကျကျနနကြီး ရောက်လာ[တာ] ...

"မကိုင်မို .."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို တစ်ချက်ကြည့်၍ အားနာသွားသလို ရယ်သည်။

"ခဏနော် .."

ဟုပြောပြီး ခပ်လှမ်းလှမ်းကိုခေါ်သွားတော့ ဆရာမက အလိုက်တသိ ထွက်သွားပေးသည်။

"ဘာဖြစ်လို့လဲ .."

"မေးစရာရှိလို့ .."

"ဘာလဲ .."

ခေတ်ဦး သည် မကိုင်ရွှေ ပခုံးနှစ်ဖက်ကို မချင့်မရဲဆုပ်ကိုင်ထားပြီး မျက်နှာလေးကို စူးစိုက်ကြည့်၏။

ပတ္တမြားပန်းခိုင်တွေ၊ ဆံထိုးတွေ ပြိုးပြက်လက်နေသော နဖူးသိမ်းထားသည့် ဆံထိုးမောက်မောက်လေးက မကိုင်ရွှေ မျက်နှာလေးနှင့် အဆင်ပြေနေသည်။

ပြီးတော့ လက်ဝတ်ရတနာတွေကလည်း စိန်ကုံးနှစ်ကုံးအလယ် ရစ်ထွင်ထားပြီး အားလုံး ပတ္တမြားတွေချည်းပဲ ဆင်ထားသည်။

ဝတ်စုံနှင့် သူမ မျက်နှာလေးက ရဲရဲနီစွေးလျက် ညအမှောင်မှာ ရတနာတွေ ဆင်ထားတာနှင့်မတူ၊ တစ်ကိုယ်လုံးဟာ ရောင်စဉ်တွေ သူ့အလိုလို ဖိတ်လျှံဖြာထွက်နေသကဲ့သို့ ...

"တကယ်လှတယ် .."

သူ ဖွဖွပြောရင်း ပုစွန်ဆီရောင်ဖျော့ဖျော့ ပါးမို့နှင့် နှုတ်ခမ်းလွှာ အိအိလေးကို ငေးမောကာ ...

"ငါ့ကိုချစ်လားဟင် .. မကိုင်ရွှေ"

"ဘာလဲ .. လက်ထပ်နေကာမှပဲ ဘာလာဖြစ်နေတာလဲ"





"သိချင်လို့ပါ .. ငါ အဲဒီစကားကို ဘယ်လောက်ထိ ကြားချင်နေလဲ သိလား၊ သာယာ တောင် စိတ်မချမ်းမသာဖြစ်လွန်းလို့ နင့်ကို ဘယ်တော့ ထွက်လာမလဲ .. လာလာရှာနေတာ .."

"ဘာဆိုင်လဲ.."

"ဆိုင်တာပေါ့၊ သူ ငါ့ကိုချစ်ရဲ့လား .. ချစ်လို့ လက်ထပ်တာလား၊ ငါ နိုင်နေတဲ့ယောကျ်ားပဲဆိုပြီး လက်ထပ်တာလားနဲ့ အတွေးနှစ်ခု ချာချာလည်ပြီး နောက်ထပ် မင်္ဂလာပွဲပြီးတဲ့အထိဆို ငါ ဂေါက်သွားနိုင်တယ်"

မကိုင်ရွှေ က ခေတ်ဦး နဖူးကြီးကို ပိတ်ထုပစ်လိုက်ပြီး ရယ်သည်။

"မင်္ဂလာပွဲပြီးရင် မဟုတ်ဘူး .. ခုကတည်းက နင် ဂေါက်နေပြီ၊ အရူး .."

"ဟုတ်တယ် .. ရူးနေပါပြီ၊ ငါ နင့်ကိုချစ်လွန်းလို့ ရူးနေပြီ၊ ဘာကိုမှန်း မသိဘူး၊ မင်္ဂလာအချိန် နီးကပ်လာတဲ့ မိနစ်၊ စက္ကန့်တိုင်း ငါ အကြာကြီး စောင့်နေရသလိုပဲ၊ စိတ်ထဲမှာ ဘာကိုစိုးရိမ်နေမှန်း မသိဘူး မကိုင်ရွှေ ရယ် .."

"ဘာတွေလဲ .."

"ဘာတွေမှန်းမသိဘူး၊ တစ်ခုခု ..၊ အဲဒီတစ်ခုခုက ငါ့ရင်ဘတ်ကြီးထဲမှာ တိမ်ညိုမည်းအုပ်ကြီးလို ခံဆောင်နေတယ်၊ ပြောစမ်းပါ .. နင် ငါ့ကို ချစ်ရဲ့လား၊ နင့်စိတ်ထဲမှာ ငါ့ကို တစ်ခုခု ဒုက္ခပေးဖို့တော့ ကြံစည်မထားပါဘူးနော်"

"ကြံစည်မှဖြင့် ဒီချိန်ထိ စောင့်နေမလားဟဲ့၊ ရူးမနေနဲ့.. ဖယ်စမ်းပါ"

မကိုင်ရွှေ ရုန်းပေမယ့် ခေတ်ဦး က ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားကာ ...

"ချစ်တယ်ပေါ့"

"မသိဘူး .."

"ဖြေပါဟာ ..၊ မင်္ဂလာပွဲပြီးရင် နှင့်ကို ငါ ပိုင်ပါပြီ၊ ဒါပေမယ့် ငါပိုင်ချင်တာက ခန္ဓာကိုယ်တစ်ခုတည်း မဟုတ်ဘူး၊ နှင့်ရဲ့နှလုံးသားထဲက တကယ်လက်ခံလိုက်လျှောက်တဲ့ အချစ် .."

"ဟာ!... မပြောချင်ဘူး၊ မသိဘူး"

"ချစ်လား ..၊ ခေါင်းပဲညိတ်ဟာ .."

မကိုင်မှ ရှက်ပြုံးလေးနှင့် ခေါင်းညိတ်လိုက်ပြီး သူ့ရင်ဘတ်ကို တွန်းပစ်လိုက်၏။

"သွားတော့ .."

"ဟာ .. မရဘူး"

"အို .. ဘာလုပ်တာလဲ၊ ဒီမှာ ပျက်ကုန်တော့မယ် .. ခေတ်ဦးနော် .."

"ပါးတစ်ဖက်တည်း နမ်းမယ် .. ဖွဖွလေးပဲ၊ ပျက်မှာစိုးရင် ငြိမ်ငြိမ်နေ .."

"ဟင့်အင်း .."

ခေတ်ဦး ဖွတ်တရွတ်ကဲဖို့ ကြိုးစားနေစဉ် လူတွေအားလုံး ဝင်လာကြလေသည်။

"ဟာကွာ .."

"ဟား .. ဟား .. ဟား ..."

ခေါင်းဆောင်က သာယာ။





"တမင်တကာ အချိန်ကိုက်ပြီး ခေါ်ဝင်လာတာ မဟုတ်ပါဘူး ကွာ ဟား .. ဟား .. ဟား ..၊ မင်းက မေးမယ်ပဲပြောတာ၊ ဟိုကိစ္စ ကိစ္စ မပါတော့ မကိုင်မှ ဖြေပြီးလောက်ပြီလို့ မှန်းဝင်လာတာပါ"

"ဟိတ်ကောင် .. တော်ပြီ၊ မင်းရှင်းလေ ပိုဆိုးလေ .."

"ဟား .. ဟား .. ဟား ..."

မေဦး တို့ရော၊ လူငယ်တွေရော ဝါးခနဲ ထရယ်ကြ၏။ တကယ် အမ်း မကိုင်မှ မင်္ဂလာဆောင်တော့ လိမ္မော် လည်း မလာနိုင်၊ စုလတ် သည်း ရောက်မလာခဲ့ပါ။ ခေတ်ဦး တို့ သူငယ်ချင်းတွေကတော့ စုံစုံ သင်လင် ရောက်လာကြ၏။

"ကဲ .. သမီးတို့၊ ပြီးရင် ဆင်းခဲ့ကြတော့၊ ပရိသတ်လည်း စုံနေ ပြီ၊ ပန်းကြဲမယ့်အပျိုတွေ အပြင်မှာ စောင့်နေကြတယ်"

ခေတ်ဦး က မကိုင်မှ နဖူးလေးကို လက်သီးဆုပ်နှင့် ဖွဖွလေး ထု သိုက်ကာ ...

"အဲဒီလောက် တွန့်တိုတာ .. တွေ့မယ်" တဲ့။

"ကြောက်စရာကြီးပါလား .."

မကိုင်မှ က ပြန်မဲ့တော့ 'စိန်ခေါ်လား .. ရတယ်' ဟု ထပ်ပြောပြီး ရယ်သည်။

မင်္ဂလာပွဲသည် နှစ်ဖက်လူကြီးတို့၏ မိတ်သင်္ဂဟအင်အားကို ပြသ ထားသလို တကယ့်ကို ပြည့်စုံစည်ကားနေသည်။

မကိုင်မှ နဲ့ ခေတ်ဦး တို့ အစက လက်ချင်းချိတ်ပြီး ညှိခံနေကြ တာပါပဲ။ နောက်တော့ သူတကွဲ ကိုယ်တကွဲ။

မကိုင်မှ .. ခေတ်ဦး နားကနေ တမင်တကာ ခွဲထွက်နေတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ခနသျှံ ရောက်လာနိုင်သည်။ ဒီလူနှုတ်ခမ်းနှင့် မထိတထိအပြော များက သူမှလွဲ၍ ကျန်တာ ဘာကိုမှ ဂရုမစိုက်ချင်တာမျိုး ..။

ခေတ်ဦး က ဒေါသကြီးသည်၊ စိတ်ဆတ်သည်။ ဘယ်နေရာဖြစ် ဖြစ် သူ သည်းခံတာ ရှိချင်ရှိမည်။ ခနသျှံ ကိုတော့ သည်းခံမည်မထင်။ ပြီးတော့ သူမ ခနသျှံ ကို မဖိတ်ဘူးလို့ ပြောထားခဲ့မိ၏။

ဒီဝတ်စုံကရော ..၊ မဖြစ်နိုင်ဘူးဆိုရင်တောင် သူဖြစ်ဖို့တွေ အများ ကြီးရှိသည်။ မကိုင်ရှု မင်္ဂလာပွဲတောက်လျှောက်မှာ ရင်တွေပူပြင်းလျက် ဘာမှလည်း မစားဖြစ်။ အိမ်ထဲကို လစ်တာနှင့် ရေဝင်သောက်။

မမြင်ကွယ်ရာကနေ ဧည့်ခံပွဲတစ်ခုလုံးကို လိုက်ကြည့်ဖွေရှာ။ တစ် ယောက်တည်း ဒုက္ခများနေခဲ့ပြီး မင်္ဂလာပွဲပြီးတော့ ခေါင်းတွေ မူးနောက် ရီဝေလာခဲ့၏။

"ဟာကွာ .. မလုပ်ကြပါနဲ့၊ မင်းတို့ကလဲ .."

"ဘာမလုပ်ရမှာလဲ၊ ဒါက မင်္ဂလာပွဲသပ်သပ်၊ ဟိုမှာ သပ်သပ် ပြင်ထားတာကမှ ငါတို့အတွက် ရှယ် .."

သူငယ်ချင်းမိတ်ဆွေတွေကြားမှာ ခေတ်ဦး ဒုက္ခရောက်နေ၏။ မကိုင်ရှု ကို အကြောင်းပြ၍ ငြင်းချင်သည်။ ရှာတော့ မကိုင်ရှု က အနားမှာ မရှိ။ ဒီကောင်တွေကိုက ဆိုးလွန်းပါသည်။

"ခဏနေပါဦး၊ ငါ မကိုင်ရှု ဆီမှာ ခွင့်တောင်းရဦးမယ်"

"ကဲပါကွာ .. ခုကတည်းက ကြောက်နေပြန်ပြီ၊ မင်း မကိုင်ရှု ကို ဘယ်တုန်းကမှမနိုင်ခဲ့တာ သိပြီးသားပါ၊ ဒီလိုညမျိုးကို ဘယ်လောက် ဆိုးတဲ့မိန်းမဖြစ်ဖြစ် ခွင့်လွှတ်တယ်၊ လာ .. လာစမ်းပါ"

"မေမေ .."





ခေတ်ဦး သူတို့နောက်ပါသွားရင်း မေမေ့ကိုလည်း ခေါ်မိသည်။

"မေမေ .. မကိုင်ရှု ကို ပြောပေးပါဦး"

"အင်းပါ၊ ကဲ .. သွား .. သွား၊ သိပ်ညဉ့်မနက်နဲ့"

ခေတ်ဦး သူငယ်ချင်းတွေနဲ့ ကားပေါ်ရောက်သွားသည်အထိ မကိုင်ရှု ကို ရှာမိတုန်း။ တကယ်ဆို မကိုင်ရှု ကို ခဏလေး မတွေ့တာ မဟုတ်ဘဲ ထာဝရအဖြစ် စွန့်လွှတ်လိုက်ရပြီမှန်း ခေတ်ဦး ကြိုတင် မခန့်မှန်းနိုင်ခဲ့ပါ။

မကိုင်ရှု ကိုယ်တိုင် သူမ၏ကံကြမ္မာ ဘယ်လိုလှည့်စား စခန်းသွား တော့မည်ကို မသိခဲ့ခြင်းကြောင့် ...

"နေမကောင်းဘူးလား သမီး"

"အင်း .. မူးလိုက်တာ မေဦး ရယ် .. ခေတ်ဦး ရောဟင် .."

"သားကြီး သူငယ်ချင်းတွေ အတင်းဆွဲခေါ်လို့ ပါသွားတယ် သမီးရယ် .. သူ့ခမျာ သမီးကို ပြောမလို့ရှာပါသေးတယ်၊ အခန်းထဲ သွားလှဲနေလိုက်ပါ၊ မေဦး လိုက်ပို့ပေးမယ်"

"ဟင့်အင်း .."

မကိုင်ရှု ခေါင်းခါသည်။

မင်္ဂလာအိပ်ခန်းကြီးထဲမှာ သတို့သားအလာကို ထိုင်စောင့်မျှော် နေရတာမျိုး မဖြစ်ချင်။ ပြီးတော့ စိတ်ကူးခဲ့တာကိုက ခေတ်ဦး နဲ့ သူမ နှစ်ယောက် လက်ချင်းချိတ်ပြီး အခန်းထဲကို တူတူဝင်ကြမည်။ နှစ်ယောက်အိပ်မွေ့ရာခမ်းနား လှလှပပကိုမြင်ပြီး အတူတူ ရှက်ရွံ့ ရင်ခုန်ကြဖို့ ဖြစ်၏။

ဘာလို့ တစ်ယောက်တည်း အရင်ဝင်နေရမှာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဦး ကိုလည်း ဒေါသဖြစ်ချင်မိကာ ...

"ခြံထဲမှာ လမ်းလျှောက်ဦးမယ်၊ သက်သာသွားမှာပါ"

"ဖြစ်ရဲ့လား သမီးရယ် .. သိမ်းဆည်းနေကြတဲ့လူတွေနဲ့ .."

"ရပါတယ် .."

မကိုင်ရှ ဧည့်ခံပွဲကိုကွေ့ရှောင်၍ ပန်းပင်တွေကြားထဲကနေ ခြံ ကို လျှောက်ထွက်လာခဲ့၏။

ခွေးကောင် .. အပေါင်းအသင်းတွေနဲ့ သောက်စားလာရင် တွေ့ မယ် ..၊ စိတ်ထဲမှာ ကြိမ်းဝါးလိုက်မိ၏။

ရောက်လာရင် နင် ငါ့ကို ရှာစမ်း ..။

ကိုယ့်စိတ်ကူးနဲ့ကိုယ် ခြံအဝင်ဝမှာ မီးလုံးတွေဖြုတ်၍ သိမ်းဆည်းပြီးဖြစ်သော ကားပါကင်ထားသည့်ဘက်ကို ကပ်လျှောက်လာ သည်။

မှောင်ရိပ်ထဲမှာနေမှ ခေတ်ဦး ဝင်လာတာကိုတွေ့မည်။ တွေ့တာနဲ့ နောက်ထပ်နေရာရွှေ့၍ သူ အလွယ်တကူ မတွေ့မည့်နေရာပြောင်း မည်။

သို့သော် စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းမကျသေးပါ ..

"ဟင်!... ခွေးလေးပါလား"

မျက်လုံးထဲမှာ ချစ်စရာကောင်းသော လုံးလုံးကစ်ကစ် အမွေးစုတ်ဖွားလေးနှင့် ခွေးဖြူလေးတစ်ကောင်ကို မြင်လိုက်၏။

"ဟိတ် .. ဒီမှာ .. ဟိတ် .."

သူမ အသံပေးလိုက်တော့ ခွေးလေးက ခေါင်းထောင်ကြည့်၏။

"အို .. ချစ်စရာလေး၊ ကြည့်စမ်း .."





ပတ္တမြားသွေးလို နီတောက်နေသော မျက်လုံးဝိုင်းလေးတွေကို မြင်လိုက်ရလျှင် မကိုင်ရှ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပေ။

"လာ .. လာ .. ဒီကို၊ နင် ဘယ်ကလဲဟင်၊ လာပါ .. ခဏလေး လာ .."

ခွေးလေးက သူမ ပြောတာကို နားထောင်နေ၏။ ပြီးတော့ သူမ ရှေ့တိုးလာသည့်ခြေလှမ်းတိုင်းကို စူးစိုက်လိုက်ကြည့်နေသည်။

"မပြေးနဲ့နော် .. တို့က ဘာမှမလုပ်ဘူး၊ ခဏလေး ချီကြည့်ချင်တာ၊ မပြေးနဲ့ .."

မကိုင်ရှ စကားကို ခွေးကလေးက နားမထောင်။ မျက်နှာကို စိမ်းနေအောင်မော့ကြည့်နေပြီးမှ နောက်ကို တစ်လှမ်းချင်း ဆုတ်၏။

မကိုင်ရှ က မချင့်မရဲ တိုးလိုက်၊ ခွေးလေးက ဆုတ်သွားလိုက်နှင့် ဘယ်လိုလိုက်လိုက် ထိကိုင်ခွင့်မရနိုင်ဘဲ ဖြစ်နေခဲ့သည်။

"ဘယ်ထွက်သွားမလို့လဲ ဖြူဖွေး ရယ် .. မင်းက ဘယ်ကမို့လို့လဲ၊ တို့ ပြန်ပို့ပေးမှာပါ၊ ခဏလေး ကိုင်ကြည့်ရုံပဲ .. လာကွာ"

ဒီတစ်ခါ ခွေးလေးက နောက်လှည့်မကြည့်တော့ဘဲ ထွက်သွားတော့သည်။

မကိုင်ရှ ရင်ထဲမှာ ဟာသွားကာ လည်ပင်းလေးရှည်လျက် ကျန်ခဲ့၏။ ရှေ့ဆက်လိုက်ဖို့ ဆန္ဒရှိနေသော်လည်း ခြံဝရောက်နေပြီမို့ ...

"မကိုင်ရှ .."

"အမေ့ !..."

မှောင်ရိပ်လည်း ကျနေသည်။ ဒီအသံကိုလည်း သိနေ၏။ အသံကြားလိုက်တိုင်း ထိတ်လန့်ရတာလည်း ထုံးစံပဲမို့ မကိုင်ရှ အသံရော၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးပါ တုန်သွားခဲ့၏။

ဒီနေ့ ဒီအချိန်မှာ သူ လာမှာစိုးနေတာမို့ ခါတိုင်းထက် ပိုလန့်သွားမိသည်။ ဓနသျှံ သည် အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် ဆံပင်တွေကို ပို၍ သေသပ်အောင် ဖြီးထားသည်။

မျက်မှန်နက်နဲ့ပေမယ့် ကွက်တိကွက်ကြားပေါ်နေသည့် မျက်နှာဝင်းဝင်းက ကြည်စင်နေ၏။ သူ့လက်ထဲမှာ အဖြူရောင်နှင်းဆီပန်းစည်းနှင့် ...။

အစကတည်းက ခွေးလေးဇာကြောင့် မေ့ပျောက်သွားခဲ့သော မှုံဝေခြင်းတွေ ပြန်ပေါ်လာ၏။ ရင်ဘတ်ထဲမှာ တဒိန်းဒိန်း ဆောင့်ခုန်လာခြင်းက ခေါင်းထဲထိ အရှိန်ပြင်းစွာ တက်ဆောင့်သည်။

"ကိုယ် နောက်ကျသွားတာနဲ့ အထဲမဝင်ဘဲ ဒီမှာရပ်ကြည့်နေတာ"

"ဟုတ် ...၊ ရ .. ရတယ်"

မကိုဋ္ဌ ..ညည်း ဘာဖြစ်နေတာလဲ၊ သူ ဘာပြောသေးလို့လဲ၊ ကိုယ့်မင်္ဂလာပွဲကိုလာတဲ့ဧည့်သည် မဟုတ်ဘူးလား ...။

ကိုယ့်ကိုယ်ကိုယ် အားပေးနေပါသည်။ ဒါပေမယ့် မရ၊ ကြောက်သည့်စိတ်က ဘာကြောင့်ဆိုတာမရှိဘဲ လက်ဖျားတွေ အေးခဲလာသလို မျက်လုံးတွေပင် ပြာချင်သည်။

မသိစိတ်မှာ တစ်စုံတစ်ရာသည် ခေါင်းပေါ်ကိုပဲ ဓားစက်လှံစက်ကြီး လွှဲကျလာနေသလိုလို ...။

"ရော့ .. အလုပ်ရှုပ်နေလို့ လက်ဖွဲ့ကောင်းကောင်းတော့ မပါဘူး၊ နောက်နေ့မှပဲ ပို့ပေးတော့မယ်နော်"

"ဟုတ် ...၊ ရှင် .. ရှင် အထဲဝင်ဦးလေ၊ တစ်ခုခု .."





မကိုဋ္ဌ စကားမဆုံးခင် သူ က မကိုဋ္ဌ မယူသေးသည့် ပန်းစည်းကိုလည်း ရင်ဘတ်နားထိ တိုးကပ်ပေးကာ အထဲကို လှမ်းကြည့်၍ ...

"စားပွဲတွေတောင် သိမ်းနေကြမှကွာ၊ ဘာလဲ .. ကိုယ့်ကို ကူသိမ်းခိုင်းမလို့လား"

"ဟင့်အင်း .. ဟို ..."

"နောက်တာပါ .. အဲဒီပန်းတွေက ဂျပန်နှင်းဆီလေ၊ ဒါပေမယ့် ဂျပန်မျိုး မဟုတ်ဘူးကွ .. သူ့ကို လေအေးစက်နဲ့ နေမထိအောင် စပျိုးရတယ်၊ အဲဒါကြောင့် ကျောက်နှင်းဆီလို့လည်း ခေါ်တယ်၊ အဖူးဖူးပြီဆိုမှ နေရောင်ကို လက်ခံတာ၊ ဒါပေမယ့် မွှေးပါတယ်"

"ဟုတ် .."

ပန်းအကြောင်းပြောတော့ ပန်းပွင့်ကလေးတွေကို ငုံ့ကြည့်လိုက်မိသည်။ အလွန်နုစ်သက်ဖွယ်ကောင်းသည့် မွှေးရနံ့လေး နှာခေါင်းထဲဝင်လာသည်။

ပွင့်အာစ ပန်းငုံကလေးတွေက ခဲနဲ့ရစ်ဆွဲထားသလို အထပ်လိုက်ကလေးတွေ ရှိနေသည်။ ခပ်ရိပ်ရိပ်အမှောင်ထုအောက်မှာ ရနံ့နှင့်ရောအဆင်းနှင့်ပါ ဆွဲဆောင်နေကြသည်။

"ကြိုက်ရဲ့လား"

"ရှင်!..."

"ပန်းတွေကိုလေ .."

"ကြိုက် .. အား .."

ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ဒီလိုဖြစ်မှာစိုးလို့ထင်သည် မကိုဋ္ဌ မျက်နှာကို စိုးရိမ်တကြီး မေဦး မေးခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လမ်းလျှောက်လို့ ဖြစ်ပါ့မလားတဲ့။ မကိုင်ရှ်မေဦး ကို သတိရသည်။

ပြီးတော့ ခေတ်ဦး ..၊ ပြီးတော့ ဘွားနဲ့ ဘိုးဘိုး။ အားလုံးကို တန်းစီမြင်ယောင်ကာ ဘယ်သူ့လက်ကို ဖမ်းဆွဲရမှန်း မသိ။ ခေါင်းထဲမှာ ချာချာလည်နေသည်။

"မကိုင်ရှ် .. နင် ဟိုလူ့ဆီကို ဖိတ်စာပို့လိုက်သေးလား"

ခေတ်ဦး အသံကို ကြားသည်။ မောကြီးပန်းကြီး ပြေးလာပြီး မေးနေ၏။

"ဟင့်အင်း .. ဟင့်အင်း .. မဟုတ်ပါဘူး"

မကိုင်ရှ် ခွဲခနဲ ပြုံဆင်းသွား၏။ သူမသည် ရင်ခွင်တစ်ခုထဲကို တုံ့ပြန်တွန်းကန်ခြင်း ကင်းမဲ့စွာ ခွေကျသွားခဲ့ခြင်း ဖြစ်သည်။

ထိုရင်ခွင်ဟာ ...

ဓနသျှံ သည် အလိုက်သင့် ပြုလဲလာခဲ့သော မကိုင်ရှ် ၏ကိုယ်လုံးလေးကို သာသာလေး ထိန်းဖက်ထားလိုက်၏။

သူမရင်ခွင်ထဲက နှင်းဆီဆူးတွေ သူမကို စူးမိသွားမှာစိုး၍ ကိုင်ထားသည့်လက်ချောင်းလေးတွေကို စိတ်ရှည်လက်ရှည် ဖယ်ရှားသည်။

နှင်းဆီပန်းစည်းကို သူ့လက်ဖြင့် ပြောင်းကိုင်လိုက်၏။

ထို့နောက် မကိုင်ရှ် တစ်ကိုယ်လုံးကို ညင်သာစွာ ပွေ့ယူလိုက်သည်။

"အဲဒါ ဓနသျှံ ပဲ မကိုင်ရှ် .."

မကိုင်ရှ် ၏ မျက်နှာနုနုလေးကို ငုံ့ကြည့်နေသော သူ့နှုတ်ခမ်းများမှာ ခပ်လွှန့်လွှန့်အပြုံးတို့ဖြင့် တွန့်သွားသည်။

အောင်မြင်ပိုင်နိုင်သောအပြုံး၊ ပြီးတော့ 'ငါ' ဆိုသည့် မာနရောင်..။





✍ ငါ့အချစ်၊ ငါ့ဘဝ

ငါ့နိုင်ငံတော်၊ ငါသာ ပိုင်သည် သ

ရယူခြင်းသည် အချစ်၊ ပိုင်ဆိုင်ခြင်းက သစ္စာ

ငါ့မာန၊ ငါ့သစ္စာသည်

ငါလိုသမျှ ငါရဖို့သာ ..။

✍ ငါ၏ချစ်ခြင်း၊ ကြောက်ရွံ့ခြင်း ကင်း၏၊

တံတိုင်းကွန်ချာ၊ ထပ်ထပ်ရံလည်း

ငါ ဖြိုဖျက်မည်။

ချစ်သူတစ်ဖက်၊ သစ္စာလက်ဖြင့်

အရာရာကို အောင်နိုင်ခဲ့သော ငါ၏မာန်သည်

နှစ်ရာထောင်ချီ တည်စေသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အားလုံးထဲမှာ ကြိတ်မှိတ်ခံစားရဆုံး အသားဆတ်ဆတ်တုန်နေသည်က ဦးမြတ်ကျော် ပဲ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ရောဂါရှိနေမှန်း သိထားသောကြောင့် ကြံဖန်ဖြေသိမ့်ဖို့ကြိုးစားပေမယ့် ဘယ်လိုတွေးတွေး အဖြေက တစ်ခုကိုပဲ ညွှန်ပြနေ၏။

"တောက် .."

လူစုံတက်စုံရှိနေကြပြီး အသက်ရှူသံကိုပင် ပြန်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခဲ့သည့် ဧည့်ခန်းထဲမှာ တက်ခေါက်သံက မိုးကြိုးပစ်သံထက် ပြင်းထန် ကျယ်လောင်သွားခဲ့သည်။

ဒေါ်မျိုးနွယ် မျက်ရည်တွေ လည်နေသည့်မျက်လုံးတို့ဖြင့် ဦးမြတ်ကျော် ကို လှမ်းကြည့်သည်။ ဦးအောင်ခန့် က မျက်နှာငုံ့တာလည်း မဟုတ်ဘဲ မျက်လွှာချလျက် ငြိမ်နေ၏။





ဒေါ်ခေမာဦး နှုတ်ခမ်းတွေစေ့ကာ မျက်နှာကို ခပ်စောင်းစောင်းလွှဲထားပုံက နူးညံ့ရင်းနှီးမှုတွေ ပျောက်ဆုံးနေလေသည်။

အားလုံး၏ရင်ထဲမှာ အမျိုးအမည်ကွဲပြားသော ခံစားချက်တို့ဖြင့် ကိုယ်စီ ခံစားနေကြသော်လည်း တူညီစွာရှိနေကြသည်က ပူလောင်မှုများပဲ ဖြစ်၏။

ဘယ်ရင်ထဲမှာမှ အေးချမ်းမနေခဲ့ပါ။ ကာယကံရှင်ဖြစ်သည့် ခေတ်ဦး မျက်ဝန်းမှာ မျက်ရည်များဖြင့် စိုစွတ်နေဆဲဖြစ်ကာ ဆံပင်တွေကို ဖွရင်း .. မျက်နှာကို ပွတ်ဖျက်ရင်း .. ခေါင်းငုံ့ပစ်၍ .. တစ်ဖက်လှည့်၍ ပုံစံအမျိုးမျိုးနှင့် ဘယ်လိုပဲ ကာကွယ်ချေဖျက်ဖို့ ကြိုးစားပါစေ ...၊ မျက်ရည်တို့ဟာ ခြောက်သွေ့လက်လျှော့သွားသည် မရှိ။

သာယာ ကတော့ အားလုံး၏ရင်ထဲက သံသယသောကတို့ကို မှန်းဆဆွဲထုတ်ကြည့်ရင်း ဖြစ်ပျက်ခဲ့သမျှကို အထပ်ထပ် သုံးသပ်ကြည့်နေခဲ့၏။ အချိန်သည် ည၉နာရီတိတိ ရှိပါပြီ။ ဘယ်သူ့မှာမှ မင်္ဂလာပွဲထိုင် အဝတ်အစားတွေ မလဲနိုင်ကြသေးပါ။

"မကိုင်း ဘယ်ရောက်သွားလဲ .."

အစကတော့ "ရှာကြည့်ပါဦး .. ခေါ်ကြည့်ပါဦး" နှင့် ခေတ်ဦး အပြင်က ပြန်လာပြီး မကိုင်း ကို မေးတော့မှ "ဟုတ်ပါရဲ့၊ ခြံထဲဆင်းသွားတာ ကြာပြီ" လို့ ဖြေသံကြားကတည်းက ခေတ်ဦး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားခဲ့၏။ သူများတွေကတော့ အစက ခပ်ပေါ့ပေါ့။

ခေတ်ဦး အစကတည်းက မပေါ့ခဲ့ပါ။ မကိုင်း ကို သူ မပိုင်ရသေးဘူးဆိုသည့် မယုံရဲစိတ်ဖြင့် ဘယ်သွားသွား၊ ဘယ်ရောက်နေနေ စိုးရိမ်မချနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မင်္ဂလာပွဲ ပြီးဆုံးသွားခဲ့ပြီဆိုတာတောင် သူငယ်ချင်းတွေ ခေါ်တဲ့နောက် လိုက်ရတာ နောက်ဆံတင်းနေခဲ့၏။

မခွဲနိုင်မခွာရက်တဲ့စိတ်တွေ မဟုတ်ပါ။ သောက်မိစားမိမှာစိုးလို့၊ မကိုဋ္ဌ ကို ကြောက်နေတာလည်း မဟုတ်။ ဘာမှမဟုတ်ဘဲ ရင်ထဲမှာ ပူလောင်နေတာ ..။

ဟိုမှာ ဝတ္တရားမြန်မြန်ကျေခဲ့ပြီး ပြန်ချလာခဲ့သည်။ ဒီရောက်တော့ ..၊

ပင့်သက်ရှိုက်သံနှင့် ဆတ်ခနဲ မျက်နှာမော့လိုက်သော ဒေါ်ခေမာဦး က ခေါင်းငိုက်စိုက်နှင့် သားကို ငဲ့ကြည့်၏။ နှုတ်ခမ်းသားတို့မှာ တင်းခနဲ ဖြစ်သွားလျက် သူမ တစ်စုံတစ်ရာပြောလိုက်မှာစိုး၍ တားဆီးရန် မော့ကြည့်အားယူလိုက်သော သားယာ့ ကိုလည်း မျက်နှာလွှဲသည်။

သူမ၏အကြည့်တို့က ကျည်အဖြစ်နှင့် မောင်းတင်၊ လက်တင် အားလုံးပြင်ဆင်ပြီးမှ နောက်ဆုံးထွက်သက်အတွက် ဘာဆုတောင်းမလဲ ဟု မေးလိုက်သလိုမျိုး ..။

ထိုအကြည့်သည် ဒေါ်မျိုးနွယ် ၏မျက်နှာထက်သို့ ရဲဝံ့စွာ ကျ ရောက်သွား၍ ...

"သည်းခံတယ်ဆိုတာ အတိုင်းအတာရှိပါတယ် မေနွယ်၊ သမီး လေးကို ဦး တို့က ကိုယ့်ဝမ်းနဲ့လွယ်မွေးထားခဲ့သလို ချစ်ခဲ့၊ အလိုလိုက် ခဲ့တာ .."

ဒေါ်မျိုးနွယ် မျက်နှာ ယှဲ့ယှဲ့ချလျက် ခေါင်းညိတ်ရှာသည်။ ဦးမြတ် ကျော် သည် မြေးဖြစ်သူ၏လုပ်ရပ်အတွက် ဘာမှမပြောလိုတော့သည့် ဥပေက္ခာနှင့် ရပ်နေလျက်မှ မထိုင်ဘဲ အားလုံးကို ကျောခိုင်းနေလေသည်။

"သားကြီးကို မကိုဋ္ဌ အရမ်းနိုင်တာ၊ မကိုဋ္ဌ ဆိုးလွန်းလို့ သားကြီး





စိတ်ဆင်းရဲခဲ့တာ၊ ဒါတွေလည်း ဦး တို့က ကျေနပ်ခဲ့တာပဲ၊ ဒီလောက်ထိ သူ လုပ်ရက်လိမ့်မယ်တော့ မထင်ခဲ့ဘူး။ မကြည်ဖြူရင် လက်မခံလို့ ရတာပဲ၊ အခုတော့ အားလုံးရဲ့မေတ္တာ၊ စေတနာတွေကို သူ နင်းချေ ဖျက်ဆီးသွားခဲ့တာ .."

"သမီးရယ် .. မြေးက .."

"စိတ်မကောင်းပါဘူး မေနွယ်၊ မကိုဋ္ဌ ကို ဦး တို့ဘက်က ခွင့် လွှတ်ဖို့ ဘယ်လိုကြိုးစားလို့မှ ရမှာ မဟုတ်တော့ဘူး"

ဒေါ်ခေမာဦး ပြတ်သွားစွာ ခေါင်းခါ၏။ ဦးအောင်ခန့် ကလည်း တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ဖျန်ဖြေမည့်ပုံ မရှိတော့ပါ။

ကိုယ့်ခင်ပွန်းဖြစ်သူကိုယ်တိုင် ခွင့်မလွှတ်နိုင်တော့သည့်အဖြစ်မှာ ဒေါ်မျိုးနွယ် အရှုံးပေးဖို့သာ ရှိပါတော့သည်။

"ကောင်းပါပြီကွယ် .. သမီးတို့ကို ဘွား နားလည်ပါတယ်၊ ဖြစ်ချင်သလိုသာ ပြောပါ"

"ဖြစ်ချင်တာ မဟုတ်ပါဘူး၊ ဦး တို့ကသာ မကိုဋ္ဌ ဆိုတဲ့ မိန်း ကလေးနဲ့ ဒီည မင်္ဂလာပွဲကို မေ့ပစ်လိုက်ဖို့ ကြိုးစားရမှာ .."

"မေမေ .."

ခေတ်ဦး ပျာပျာသလဲ ဖြစ်သွားလျှင် ...

"သား .."

ဒေါ်ခေမာဦး အသံက ရေကို ခုတ်ဖြတ်နိုင်စွမ်းသော ဓားသွား တစ်လက်လို ..၊

"ဒါဟာ မင်းတစ်ယောက်တည်း ဆုံးဖြတ်ဖို့မဟုတ်တော့ဘူး၊ သူ့ တော်ဝန်းကျင်ကိုရော၊ တခြားလူတွေအားလုံးကိုပါ ပုတ်ခတ်စော်ကား



www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ မင်းခွင့်လွှတ်မှာကို မေမေ ခွင့်မပြုနိုင်ဘူး၊ မေမေလည်း ခွင့်လွှတ်ပေးလို့ ရသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ချစ်ခဲ့ကြတာကိုး၊ ဒါပေမယ့် အချစ်နဲ့ဆိုရင် တုတ်ပဲဖြစ်ဖြစ်၊ ဓားပဲဖြစ်ဖြစ် ဘာနဲ့ပစ်ပစ် ခံနိုင်တယ်၊ ရက်စက်တဲ့ပစ်မှတ်နဲ့ဆို ပန်းနဲ့ပေါက်တာလည်း နာတာပဲ၊ ချစ်လွန်းလို့ မခံနိုင်တာ၊ မင်းလည်း အားလုံးကို အဆုံးသတ်ဖို့ ကြိုးစားရမယ်"

"ကျွန်တော် ဒီကိစ္စကို သေချာသိချင်တယ် မေမေ၊ မကိုင်မှ ကျွန်တော့်ကို ချစ်တယ်လို့ ဖြေပြီးသား၊ သူ့မှာ ကျွန်တော့်အပြင် .."

"တော်စမ်း ..၊ မင်းအပြင် ဘယ်သူရှိရှိမရှိရှိ အခု သူမရှိတော့တာက မေမေတို့အားလုံးအတွက် ရွေးချယ်ဖို့မလိုတော့တဲ့ လုပ်ရပ်ပဲ၊ မင်္ဂလာပွဲမဖြစ်မီ နာရီပိုင်းကလေးကပဲ ဒီလိုလုပ်လုပ် .. သူ လုပ်သွားလို့ ရတာယ်၊ သတို့သမီးပစ်ပြေးတဲ့ သတို့သားအဖြစ်က အရှက်ရရုံပဲပေါ့၊ အခု မင်း မနက်မိုးလင်းတာနဲ့ တစ်ခုလပ်ဖြစ်ပြီ၊ အားလုံး ပြီးစီးလွန်မြောက်ပြီးမှ သူ လုပ်သွားတာ .."

ဒေါ်ခေမာဦး သည် ပြောနေရင်း မျက်ရည်တို့ ပြိုဆင်းလာခဲ့၏။ ထို့နောက် နေရာမှ ထရပ်ကာ ဆန့်ချထားသည့်လက်နှစ်ဖက်မှာ လက်သီးဆုပ်ကို တင်းကျပ်နေအောင် ဆုပ်ထားလိုက်ပြီး ...

"ဒီညအဖြစ်ကို မေမေ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ ထ .. ပြန်မယ်"

ပြောပြီး ဒေါ်ခေမာဦး လှည့်ထွက်သွား၏။ ဦးအောင်ခန့် ချက်ချင်း ထလိုက်သည်။ သာယာ က လေးတွဲ့စွာ ထလျှောက်လာပြီး ထိုင်လျက်မှမလှုပ်သော ခေတ်ဦး လက်ကို ငုံ၍ဆွဲလိုက်ကာ ...





"ထကွာ ..၊ ပေါက်ကွဲနေတဲ့ကြားထဲကို အမိုက်ခံပြီး ဖြတ်ပြေးဖို့ မကြိုးစားပါနဲ့၊ အချိန်တွေ ရှိပါသေးတယ်"

ခေတ်ဦး သည် သာယာ ဆွဲလိုက်သည့်အတိုင်း ထရပ်လိုက်ကာ...

"ဘွား .."

ဒေါ်မျိုးနွယ် မျက်နှာမော့လာသည်။ ဒါပေမယ့် ခေတ်ဦး မျက်နှာဆီ မော့ကြည့်တဲ့အထိ မရောက်ဘဲ မျက်လွှာချလျက် ငြိမ်သွားခဲ့သည်။

ထိုစဉ် ဇရာထောင်းနေပြီဖြစ်သည့် ဘွား ၏ မျက်ဝန်းမှ ကြွေလွင့်သွားသော မျက်ရည်စက်တို့ကို သူ မြင်လိုက်ရ၏။ ရင်ထဲမှာ နင့်သွားသည်။

"ဘွား ရယ် .. ကျွန်တော် မကိုင်မှ ကို ဘယ်တော့မှ .."

"ခေတ်ဦး .."

စကားသံက ပြတ်တောက်သွား၏။ တံခါးဝမှာ ဒေါ်ခေမာဦး တောင့်မတ်စွာ ရပ်စောင့်နေ၏။ ခေတ်ဦး ကို ဒေါသဖြင့်ခေါ်လိုက်သံမှာ အက်ကွဲတုန်ခါနေလေသည်။

အံကြိတ်ထားသော်လည်း မရှိုက်ဘဲငိုနေခဲ့သည့် မျက်ရည်တို့က ပါးပြင်မှာ ..၊ မကိုင်မှ ကိုချစ်ခဲ့ကြသော သူတို့၏ရင်ထဲမှာ နာကြည်းခြင်းတွေ တူညီစွာ ရှိနေခဲ့ကြသလား ..။

ဒါဆို ဘယ်သူ ပိုချစ်ခဲ့တာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

လူတစ်ကိုယ်လုံးကို မျက်လုံးနှစ်လုံးကပဲ ချုပ်ကိုင်ဖို့ ကြိုးစားနေ၏။ လူက နိုးထနေပြီဖြစ်ပေမယ့် မျက်လုံးတို့ကို ဖွင့်လို့မရ ...။

မျက်လုံးတွေ ဖွင့်မိတာနှင့် မကြည်မလင် လေးလံကာ ပြန်မှိတ်ဖို့ အားရပါးရ ထပ်အိပ်ပစ်လိုက်ဖို့ဆိုကို မျက်လုံးတွေက တွန်းပို့နေ၏။

မဟုတ်ဘူး ...၊ မင်္ဂလာပွဲ မပြီးသေးဘူး၊ ငါ အိပ်ရာထဲ ရောက်နေလို့မှမဖြစ်တာ ...။ မကိုင်ရွှေ မှုးမှူးဝေဝေနဲ့ပဲ အိပ်ရာထက်မှာ ထထိုင်လိုက်မိသည်။ ထိုအခါကျမှ သူမ ဘယ်ရောက်နေသည်ကို သတိရလာကာ ...

"ဒါ .."

မကိုင်ရွှေ ရင်တွေ တဒိန်းဒိန်း ခုန်မြန်လာ၏။ အိပ်ချင်မူးတူး မူးတာ မဟုတ်ဘဲ ခေါင်းထဲမှာ အနီအပြာတွေ ရှုံးခနဲ ဒိုင်းခနဲ ပွင့်ထွက်ကုန်၏။

မင်္ဂလာအိပ်ခန်း မဟုတ်ပါ ..၊ သို့သော် ပန်းရင့်ရောင်ရဲနေသော မွေ့ရာ၊ ခေါင်းအုံးတွေနှင့် ဘေးမှာ မှန်တင်ခုံ၊ ခြေရင်းမှာ အဝတ်ဗီရိုတွေ၊ အကျီချိတ်စင်တွေ။





အားလုံး အသစ်စက်စက်တွေဖြစ်ကာ နှစ်ယောက်အိပ်ခုတင် မဟုတ်သည်မှလွဲလျှင် ခမ်းနားလှပအောင် တမင်စီစဉ်ထားမှန်း သိသာသည်။ ထို့နောက် ရေမွှေးနံ့ ...၊ ဒီရေမွှေးနံ့ဟာ ...

"မင်း နိုးပြီလား"

"ဟင်!..."

ငယ်ထိပ်ကို မိုးကြိုးပစ်ချခံရသူတွေ ဘယ်လိုနာကျင်သည် မကိုင်ရွှေ မသိ။ မြင်လိုက်ရကာမှ ကန်းသွားသည်၊ ကြားနေရသော်လည်း မသိဘဲ ခြစ်နေ၏။ ပခုံးနှစ်ဖက်အထက်မှာ သူမ၏ဦးခေါင်း ရှိနေသေးသလား၊ မရှိတော့ဘူးလား ...။

ဦးနှောက်ထဲ .. ရင်ဘတ်ထဲမှာ မယုံကြည်နိုင်သော၊ အံ့သြထိတ်လန့်သော ရှုပ်ယှက်ခတ်နေခြင်းများဖြင့် သူ ဝင်လာသည့်ခြေလှမ်းများအတိုင်း လိုက်ငေးနေမိ၏။

ဘာမေးရမလဲ၊ ဘယ်လိုပြောရမလဲ ...။ သူ မကိုင်ရွှေ ကို ဘာဖြစ်လို့ ခေါ်လာခဲ့တာလဲ .. ဘာမှမသိ။

ခနည်း က နက်ပြာရင့်ရင့် ဆွယ်တာလက်ရှည်နှင့် ဘောင်းဘီအနက်ကို ဝတ်ထား၏။ ခေါင်းရင်းပြတင်းကနေ ဖြာဆင်းနေသော နေခြည်နုနုမှာ ဖြူနုနေသည့် သူ့မျက်နှာက ရှင်းသန့်ချောမွေ့နေသည်။

ပထမဆုံး မြင်ဖူးလိုက်ရသော မျက်မှန်တပ်မထားသည့် သူ့မျက်လုံးများဟာ အညိုရောင်။ နီရွှေသော အညိုရင့်ရောင်မျက်လုံးတို့က အရည်သုံ့နေသည်။ တကယ်တော့ ရွှေးရဲခြင်းဟာ အကြည့်ရှိန်းများပဲ ဖြစ်နေသည်။ ပြောရလျှင် မျက်လုံးများက စိတ္တဇဆန်နေ၏။

တိုစိပ်စပ် ထူထဲသော မျက်တောင်မွှားတို့က ကော့ညွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာမန်ယောကျ်ားတို့ထက် ထူးကဲသော နီရွှေရောင်မျက်ဝန်းညိုများဟာ မျက်တောင်တို့ကြောင့် ဆွဲညှို့နိုင်စွမ်း ရှိ၏။

သူ စူးစိုက်ကြည့်နေသောအခါ မကိုင်ရှ် ဖျတ်ခနဲ မျက်နှာလွှဲပစ်၏။

"မကိုင်ရှ် .."

သူက မှန်တင်ခုံရှေ့က ကုလားထိုင်ကို နောက်ရောက်အောင် ဆွဲယူလိုက်ပြီး မျက်နှာချင်းဆိုင်မှာ ထိုင်၏။

"မင်း ကိုယ်ပေါ်က လက်ဝတ်ရတနာတွေကိုဖြုတ်ပြီး တစ်ယောက်ကို ပြန်ပို့နိုင်းလိုက်တယ်"

"ဟင်!..."

မကိုင်ရှ် ကိုယ့်လည်ပင်းကိုယ် ယောင်ယမ်းစမ်းမိ၏။ ပြီးတော့ သူမ ဆံပင်တွေဟာ ဖားလျားပြန့်ကျနေ၏။ ခေါင်းက ဆံထိုးတွေရော ရတနာဆိုလို့ သူမ ကိုယ်မှာ တစ်ခုတလေမှ မရှိတော့ပေ ..။

သို့သော် မင်္ဂလာဝတ်စုံက ဒီအတိုင်းပဲ ရှိနေသေးလျက် ...

"ခနသျှံ ..၊ ရှင် မကိုင်ရှ် ကို ဘာဖြစ်လို့ခေါ်လာတာလဲ"

"လိုချင်လို့ .."

"ဘာ!..."

သူ က မကိုင်ရှ် ကို စိုက်ကြည့်ရင်း စီးကရက်တစ်လိပ်ကိုထုတ်၍ မီးလည်းမညှိ၊ နှုတ်ခမ်းမှာ တပ်တာလည်းမဟုတ်ဘဲ ရွှေရောင်မီးခြစ်လေးနှင့် ရောကိုင်ထားလျက် ...

"မင်းကို ကိုယ်ကလွဲပြီး ဘယ်သူမှ ပိုင်ဆိုင်ခွင့်မရှိဘူးဆိုတာ ကိုယ့်ဘက်က အစကတည်းက သေချာခဲ့ပြီးသား .."

"ဘာဆိုင်လို့လဲ .. ရှင်နဲ့ မကိုင်ရှ် ..၊ ရှင့်ကို ... အို .. ဘာမှမဆိုင်ဘူး၊





ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ မကိုင်ရှ် က လက်ထပ်ခဲ့ပြီးပြီ"

"လက်ထပ်တာ ဘာဖြစ်လဲ၊ မင်းမှာ ကာမပိုင်ယောကျ်ား မရှိသေးဘူး၊ အဲဒီအတွက် ကိုယ်ပိုင်ဆိုင်ဖို့ ကြိုးစားတယ်၊ တကယ်ဆိုရင် ကိုယ့်အစီအစဉ် တစ်ချက်ကလေး တိမ်းစောင်းသွားလို့ ဒီမင်္ဂလာပွဲ ဖြစ်မြောက်သွားတာ၊ မင်းအတွက် ဒီဝတ်စုံ ကိုယ်ပို့ပေးလိုက်တာ .. သူနဲ့ လက်ထပ်ဖို့ မဟုတ်ဘူး၊ ကိုယ်နဲ့ လက်ထပ်ဖို့ .."

မကိုင်ရှ် နှုတ်ခမ်းသားလေးတွေ ပွင့်ဟသွား၏။ အံ့သြလွန်းသဖြင့် ပြောဖို့စကားတွေ အစပျောက်ကုန်သည်။

သူက စီးကရက်နှင့်မီးခြစ်ကို တောက်ဆော့နေရင်း မကိုင်ရှ် ကို မျက်လွှာပင့်ကြည့်၏။

"မင်းကို ကိုယ်တွေ့တာ နောက်မကျပေမယ့် မင်းလက်ထပ်တော့မှာကိုသိတော့ နောက်ကျသွားတယ်၊ အဲဒါကြောင့် ကိုယ် ပြင်ဆင်နေတုန်း မင်းတို့ လှုပ်ရှားခွင့်ရသွားတာ .."

"ခနသျှံ .."

သူ့မျက်လုံးတွေ စူးခနဲ လက်သွား၏။ နှုတ်ခမ်းသားတို့မှာ ရယ်ချင်တာမဟုတ်ဘဲ ရက်စက်တတ်သောအပြုံးရိပ်တစ်ချက် သန်းကာ ...

"ကိုယ့်နာမည်ကို မင်း ဘာလို့သိနေတာလဲ"

"ဩော် ..."

မကိုင်ရှ် ပြောဖို့စကားလုံးတွေ အစကနေ ခေါင်းထောင်လာသည်။ ကြောက်တာတွေ၊ လန့်တာတွေ ခဏအတွင်းမှာ ပျောက်ဆုံးသွားခဲ့ပြန်သည်။

"ရှင်က ပန်းစားဘီလူးပဲ၊ ရှင့်ကို မိန်းကလေးတွေ သိနေကြတာ

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဆန်းပါဘူး"

သူ့မျက်နှာမှာ ရေခဲပြင်လို အေးခဲသွားသလား မသိ။ မကိုင်ရှ ကို စိုက်ကြည့်နေသည့် မျက်ဝန်းများက တလက်လက် စူးတောက်လာသည်။

မကိုင်ရှ က မွေ့ရာကြီးကို ရွှံစရာပစ္စည်းတစ်ခုလို ငုံ့ကြည့်ပြီး ချက်ချင်းလျှော့ဆင်းသည်။ မတ်တတ်ရပ်လိုက်တော့ ခေါင်းထဲမှာ ရီးတိုးရိပ်တိတ် မူးဝေသွား၏။

"ဒီမှာ .. မိန်းကလေးတိုင်းကို ရှင့်သဘောကျ ထားလိုရာထား ပစ်ချင်ရာပစ် လုပ်လို့ရတဲ့အရုပ်တွေလို သဘောထားနေတာလား"

ခနသျှ က မတ်တတ်ရပ်လိုက်ပြီး စီးကရက်ကိုရော မီးခြစ်ကိုပါ မွေ့ရာပေါ် ပစ်တင်လိုက်၏။

ပြီးတော့ မကိုင်ရှ ဘက်ကို တည့်တည့်လှည့်ရပ်၍ ...

"သူများတွေအပေါ် ကိုယ် ဘယ်လိုသဘောထားခဲ့ ထားခဲ့ မင်း စိတ်ဝင်စားဖို့ မလိုဘူး၊ မင်းသိထားဖို့က မင်းဟာ ကိုယ့်အတွက် မဖြစ်မနေလိုအပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ"

ပြောပုံက ရိုင်းသည်။ မျက်လုံးတို့မှာ ရမ္မက်မပါဘဲ စူးရဲမောက်မာနေသည်။ နည်းနည်းလေးမှ ကြက်ခေါင်းဆိတ်မခံတတ်သော မာနများနှင့် ခနသျှ ၏ မျက်နှာပြင်သည် အစွမ်းကုန် နီမြန်းတင်းမာသွားခဲ့ပြီး ဖြည်းဖြည်းချင်း ပြေကျသွားသည်။

သို့သော် အဆုံးစွန်ထိ ပေးမချနိုင်သော မာနရိပ်က တင်းတင်းစေ့နေသော နှုတ်ခမ်းဖျားတို့မှာ ခိုတွဲနေသေးသည်။

"မကိုင်ရှ .."

သူ ရှေ့ကို တစ်လှမ်းထပ်တိုး၏။ နီးကပ်သွားတော့ မကိုင်ရှ နောက်





ကို တစ်လှမ်းဆုတ်ပစ်သည်။ သူ တိုးလိုက်မလာပါ။

"မင်းနဲ့ကိုယ် အယူအဆချင်းကတော့ အမြဲတမ်း အတိုက်အခံဖြစ်နေမှာပဲ"

"မှန်တယ် .. ရှင့်ကို မကိုင်ရှ ဘယ်တော့မှ အထင်ကြီးမှာ မဟုတ်ဘူး၊ ရှင့်အတွက် လိုအပ်တဲ့ မိန်းမဟာ မကိုင်ရှ ဖြစ်နေတာ ရှင် ကံဆိုးပြီ ခနသျှ ..၊ မကိုင်ရှ အတွက် လိုအပ်တာ ရှင်မဟုတ်ဘူး"

သူ က ခပ်မဲ့မဲ့ပြုံး၍ မကိုင်ရှ ကို စိုက်ကြည့်သည်။ သေလောက်သည့်ပစ်မှတ်ကို ထိထားပြီးမှ ရန်းကန်ထဖို့ မချိမဆန့် ကြိုးစားနေသည့် သားကောင်ကို ခါးထောက်ကြည့်နေသော မျက်ဝန်းများဖြင့် ..၊

ပြီးတော့ ခေါင်းညိတ်၍ ...

"ငါ့ဘဝတစ်လျှောက်လုံးမှာ ဒီနေ့ထိ ငါ မလုပ်ရဲခဲ့တာ မရှိဘူး၊ ဖြစ်ပါ့မလားလို့ ဘယ်တော့မှ မတွေးခဲ့ဘူး"

"ဟွန်း .. ငွေရှိသူတိုင်း ဒီလိုမာန်တက်ကြတာပဲ၊ အထင်ကြီးစရာမရှိဘူး၊ ရှင် သိထားဖို့က လောကဟာ လူတွေကို ကံဆိုး၊ ကံကောင်း နှစ်ရပ်လုံးကို ပေးတာ၊ လုပ်သမျှ ဖြစ်ခွင့်ရနေတဲ့လူတွေ ဖြစ်ခွင့်မရတော့တဲ့အခါ .."

မကိုင်ရှ က စကားကိုရပ်လိုက်ပြီး သူ့ကိုမကြည့်ဘဲ မဲ့ပစ်သည်။ မဲ့မဲ့လေးမှာပဲ မျက်ရည်တွေ အိခနဲ ပြည့်တက်လာကာ ...

"မကိုင်ရှ လည်း ဘာမဆို လိုတာ ရခဲ့တာ၊ မကိုင်ရှ ဘာပြောပြော အပြစ်ယူမယ့်သူ မရှိဘူး၊ ဘာလုပ်လုပ် မမုန်းကြဘူး၊ အခု .. အခု .. မကိုင်ရှ .. ရှင့်ကြောင့် ..."

မကိုင်ရှ ချက်ချင်းကြီး ရှိုက်ကြီးတငင် ငိုလေသည်။ သူ့ကြေရင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့လေး ထိုင်ချလိုက်ပြီး မျက်ရည်ကျသမျှကို လက်ခုံတို့နှင့် ဘယ်ရော ညာရော ပွတ်သုတ်ပစ်၍ ငိုသည်။ ရှိုက်သံမထွက်နိုင်အောင်လည်း မထိန်းနိုင်။ ကလေးလိုပဲ လွတ်လွတ်လပ်လပ် ရှိုက်ငိုပစ်လိုက်မိသည်။

ခုလောက်ဆို ဘိုးဘိုးနဲ့ဘွားဘွားတို့ ဘယ်လောက် အရှက်ရ ဒေါသထွက်နေပြီလဲ ...။

ဒီတိုင်းပျက်သွားတာဆိုလျှင် ဟိုဒီတွေး၍ ခွင့်လွှတ်ရှာဖွေကြလိမ့်ဦးမည်။ ခုတော့ လက်ဝတ်ရတနာတွေကို သူက ပြန်ပို့ပေးခဲ့သည်တဲ့။

ဒါတွေကိုမြင်ပြီး ဘယ်လိုတွေးသွားကြပြီလဲ။ ခုချိန်မှာ ဟိုစဉ်က ခေတ်ဦး ကို သူမ လက်မထပ်ချင်ဘူးလို့ ငြင်းခဲ့တာတွေ၊ သည်းခံနေမှန်း သိသိနှင့် အနိုင်ယူ ဆိုးနွဲ့ခဲ့တာတွေ ...။

ဒါတွေအားလုံးဟာ မကိုင်း ခေတ်ဦး ကို လက်မထပ်ချင်၍ တခြားတစ်ယောက်နှင့်လိုက်သွားခဲ့ပြီဆိုသော ယူဆဖွယ်တွေဖြစ်လာအောင် ကောင်းကောင်း ဒုက္ခပေးတော့မည် ဖြစ်သည်။

ခေတ်ဦးရယ် .. နင်လည်း ထင်မှာပဲ။

"ဒါကြောင့် ငါ့ကို မကိုင်း က လက်မထပ်ချင်ခဲ့တာ၊ အနိုင်ယူခဲ့တာ .." လို့။ မဟုတ်ပါဘူး .. ငါ နင့်ကိုချစ်တယ်လို့ ဖြေခဲ့တာကို တကယ်ချစ်တယ်လို့ ယုံပေးပါ ...။

ငါ့ဘက်က နင် ရပ်တည်ပေးပါဦး ခေတ်ဦး ရယ် ...၊

ကိုယ့်အဖြစ်ကို ဘယ်လိုတွေးလို့မှ မဖြေနိုင်။ သူကလည်း ချစ်ခင်ရင်းနှီးဖို့ ကြိုးစားခဲ့တာ မဟုတ်။ ဘယ်တုန်းကမှလည်း မကိုင်း အပေါ် နှစ်သက်မြတ်နိုးသည့်အမူအရာ၊ လှုပ်ရှားမှုတစ်စုံတစ်ရာ မပြခဲ့ဖူး။

အဖြစ်အပျက် တချို့တစ်ဝက်မှာ ဆုံမိကြသည်။ ပြောဆိုပတ်သက်





ခဲ့သည်။ အားလုံးဟာ ခရီးသွားဟန်လွှဲ တိုက်ဆိုင်မှုများသာ ဖြစ်သည်။

ဒါကို သူက ဘာဖြစ်လို့ ပိုင်ဆိုင်ဖို့ ကြိုးစားတာလဲ ...၊ နည်းနည်းနောက်ကျသွားလို့ဆိုတဲ့စကားဟာ မကိုင်း ကို ပိုးပန်းဖို့ အချိန်မရှိခဲ့တာလို့ ဆိုလိုတာလား။

ဒါဆို သူဟာ မကိုင်း ကို ခိုးယူဖျက်ဆီးဖို့ ရည်ရွယ်ချက်တစ်ခုပဲ ရှိခဲ့တာပေါ့။

မရဘူး ...၊ မကိုင်း မချစ်ဘဲ ရှင် ဖျက်ဆီးဖို့ကြိုးစားရင် အသက်ချင်း လဲပစ်မှာ ...၊ မျက်ရည်တွေမစဲသေးဘဲ မာနစိတ်ဖြင့် မကိုင်း ခေါင်းထောင်သွား၏။

အနားမှာ သူ မရှိတော့ပါ။ ကပျာကယာ မတ်တတ်ရပ်ပြီး တံခါးပြေးဖွင့်တော့ အပြင်ကနေအခိုင်အမာ ပိတ်သွားခဲ့ပြီဖြစ်၏။

"မနသျှံ ...၊ မန .. သျှံ ..."

မကိုင်း တံခါးကို လက်သီးဆုပ်၍ တအားထုခေါ်သည်။ ခိုင်ခံ့မာကျောလှသော တံခါးချပ်ထူထူကြီးက သူမ လက်သီးဆုပ်လေးများကို တုံ့ပြန်နာကျင်စေသည်သာ ရှိ၏။

တုန်ခါစေဖို့ နေနေသာသာ၊ တံခါးက တုတ်တုတ်မျှ မလှုပ်ပေ။ ထုနှက်သော်လည်း မည်သည့်ကျယ်လောင်သံမျှ မထွက်။

"ရှင် တံခါးဖွင့်ပေး ...၊ ရှင့်ကိုမုန်းတယ် သိလား .."

မကိုင်း တံခါးမှာပဲ ငိုရှိုက်လျှောကျရင်း ကြမ်းပြင်မှာ ပုံရက်လေး ထိုင်ကျသွားသည်။ ခြေချောင်းကလေးတွေ မြုပ်လောက်အောင် နူးအိရှည်လျားသော အနီရောင်မွေးပွကောဇောကို ထိုင်လျက်ကနေ ထုရိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မမိတာမိ ဆွဲကိုင်၍ အမွှေးလေးတွေကို မညှာမတာ ဆွဲနုတ်ပစ်သည်။ လက်ထဲမှာ လက်တောက်နေသည့် အမွှေးနုလေးတွေ ပါလာတော့ သေချာကြည့်ပြီး ထရပ်လိုက်သည်။

မှန်တင်ခုံပေါ်မှာ ဘူးတွေ၊ ပုလင်းတွေ အားလုံးကို သိမ်းကျုံးမွှေ့လိုက်၏။ တစ်ခုစီကိုင်၍ တံခါးကို ပစ်ပေါက်သောင်းကျန်းဖို့ ဖြစ်သော်လည်း ...

"လူယုတ်မာ ..."

ပစ္စည်းတွေကို မွေ့ထားလျက်နှင့် သူ ထိုင်ခဲ့သော ကုလားထိုင်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိလေသည်။ ပစ္စည်းတချို့သည် လက်ကြားထဲမှ ပြုတ်ကျကုန်လျက် တချို့က ရင်ခွင်ထဲမှာပဲ ရှိနေခဲ့၏။

မျက်ရည်စက်တို့သည် လက်ခုံနှစ်ဖက်ဖြင့် ပစ္စည်းတွေထက်သို့ ကြွေဆင်းရင်း ပြင်းထန်စွာ မပေါက်ကွဲတတ်ခဲ့သော မကိုင်း ကို နှစ်သိမ့်နေခဲ့လေသည်။

ငါ့ကို နင် တမ်းတနေဦးမှာလား ခေတ်ဦး ရယ် .. ဒါမှမဟုတ် နာကြည်းနေပြီလား၊ ဟုတ်ပါတယ် .. နင် နာကြည်းလိုက်ပါ။

ငါဟာ နင့်လို အချစ်စစ်သမားနဲ့ မထိုက်တန်တဲ့ မိန်းမ။





## အခန်း (၂၃)

မစားဘူး ...၊

အစားအသောက်တွေ ဘာလာကျွေးကျွေး မစားဘဲနေခဲ့သည်။ ခနသျှ က သူကိုယ်တိုင်တော့ လာခေါ်သည်။ အခန်းထဲကို ယူလာပေးတာတော့ မရှိပါ။

ပြီးတော့ စိတ်ရှည်လက်ရှည် ချော့မော့ကျွေးတာမျိုးလည်း မဟုတ်။ တစ်ခွန်းနှစ်ခွန်းပဲ စားသောက်ဖို့ပြောပြီး ပြန်ထွက်သွားတာပဲဖြစ်သည်။

"ဘာမှ လာမကျွေးနဲ့ .. မစားဘူးလို့ ပြောပြီးပြီ မဟုတ်လား၊ မစားဘူး"

မကိုင်း အိပ်ရာပေါ်ကနေ အော်ပစ်လိုက်သည်။ ဒုတိယအစ်ခါ လာပြီး သူ ရောက်မလာတော့ပါ။

ဒီအိမ်မှာ အိမ်ဖော်တွေဘာတွေ ရှိမှာပေါ့၊ ဘာဖြစ်လို့ တစ်ယောက်မှ မတွေ့တာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်းက မကျဉ်းပေမယ့် နံနက်နိုးကတည်းက အခန်းတံခါးက ပိတ်လျက်သား။ ခေါင်းရင်းမှန်ပြတင်းကလည်း အတွင်းကနေ သံပန်းခံထားသဖြင့် အပြင်ကို ခေါင်းပြူကြည့်လို့ မရ။ တိုက်က တော်တော်မြင့်တာတော့ မြင်နေရသည်။

မနက်က နေထွက်ပုံအရဆို တိုက်က တောင်မြောက်တန်းနေတာ ဖြစ်မည်။ နေရောင်အစွန်းအစလေးလောက်ပဲ မြင်လိုက်ရသည်။ အထဲမှာ နေမပူခဲ့ပေ။

ပတ်ပတ်လည်မှာ စိမ်းစိုမြင့်မားသော သစ်ပင်အုပ်ခဲခဲကြီးများနှင့် ဘယ်နေရာ၊ ဘယ်မြို့နယ်မှန်း ဘယ်လိုမှ မှန်းဆလို့ မရပေ။

ထို့ပြင် ကပ်လျက်ပတ်ဝန်းကျင်မှာ အိမ်ခြေတိုက်တာနှင့် တူတာဆိုလို့ ခေါင်မိုးအစွန်းအစလေး တစ်ခုတလေသော်မှ မမြင်ရ။

ရန်ကုန်မြို့ပေါ်မှာမှ ဟုတ်ရဲ့လား ..၊ ဆာနေတာရော ဝမ်းနည်းလာတာတွေ ရောထွေးကာ မကိုင်း မျက်ရည်တွေ ဝေ့လည်လာပြန်သည်။

ဘွားတို့ ဘိုးဘိုးတို့နဲ့ ဘယ်လောက်ဝေးသည့်နေရာအထိ သူမ ရောက်နေပြီလဲ။ အိမ်မှာဆို ခိုင်းဖို့ ကောင်မလေးတွေနဲ့..။ ဘွား ဂရုစိုက်တာတင် မကသေးပါ။

မေဦး တို့ တစ်မိသားစုလုံးကို မကိုင်း ဆိုးရဲသည်။ စိတ်ကောက်ခဲ့သည်။ ဘိုးဘိုးကိုယ်တိုင်က စိတ်ကောက်ပြီး ထမင်းမစားဘဲ မနေရအောင် အမိန့်ထုတ်ထားခဲ့တာ ..။

"စိတ်ကောက်တာ ကျွေးအောင်ကောက်နော်၊ မစားမသောက်ဘဲ နေရင် ကြိမ်လုံးစာ မိမယ်" တဲ့။ ကြိမ်လုံးပဲဖြစ်ဖြစ်၊ ကြိမ်ပြားပဲဖြစ်ဖြစ် မကိုင်း က စိတ်ကောက်ပြီဆို အပေါ်ထပ်ကို ခြေဆောင့်တက်သွားရုံပဲ





ဖြစ်သည်။ နောက်ကနေ ဘွား ပါလာတာပဲ ဖြစ်၏။

"မြေးက လိမ္မာပါတယ်၊ ဘိုးဘိုးကို မကြောက်ဘူးလား၊ ဘိုးဘိုး ရိုက်လိမ့်မယ်၊ လာ .. ထ .. ထမင်းစား၊ ထပါ .. မြေးရယ် .."

စသဖြင့် ချော့မော့ဆွဲထူပြီး ဖွတ်ခေါ်တတ်တာ ..။

တစ်ခါတလေဆို ခေတ်ဦး ရော သာယာ နှစ်ယောက်စလုံး အခန်းပြင်ကနေ မဖွင့်မချင်း တံခါးကို ထုနေကြတာ ..။

"မကိုင်း .. ဘိုးဘိုး ပြန်လာတော့မှာ၊ နင် မထွက်သေးဘူးလား၊ ငါ တိုင်ပြောမှာနော်၊ ဘွားကို စိတ်ကောက်ပြီး မနက်ကတည်းက ထမင်းမစားဘူးလို့ .. ဖွင့်စမ်းပါ"

"မကိုင်း .. တံခါးဖွင့်ကြည့်စမ်း၊ ငါတို့ ကြက်ဆီထမင်း ဝယ်လာတာ မွှေးနေတာပဲ၊ နင်ကြိုက်တဲ့ ယိုးဒယားသဘော်သီးသုပ်ရော .."

စိတ်ကူးတွေပျံ့လွင့်ကာ မကိုင်း တရှိုက်ရှိုက် ငိုမိပြန်သည်။ တစ်ယောက်တည်း ငိုလေ .. ဆာလေ။

ဟိုတုန်းက ယုယ အလိုလိုက်ခဲ့ကြသူတွေနှင့် သူမ ထာဝရ ဝေးကွာခဲ့ပြီမှန်း တွေးမိတော့ ဘယ်လိုမှ ဖြေမဆည်နိုင် ..။

ဗိုက်ထဲမှာလည်း တကျုတ်ကျုတ် မြည်နေသည်။ တကယ်ဆို သူမဟုတ်ဘဲ တစ်ယောက်ယောက်ကသာ စားသောက်ဖို့ လာခေါ်မည်လျှင် မကိုင်း ဒီလောက်ထိ ငြင်းဆန်နိုင်မှာမဟုတ်။ ထိုအခါ ဘိုးဘိုး ပြောဖူးတာကို သတိရလာပြန်သည်။

"ဘာလဲ .. ခင်ဗျားမြေးမ စိတ်ကောက်နေတာလား၊ နေပါစေ .. သွားမချော့နဲ့ .. လူသာ ကောက်ချင်ကောက်မယ်၊ ဗိုက်က ကြာကြာ ကောက်နိုင်မှာမဟုတ်ဘူး၊ ဆာရင် ဆင်းလာလိမ့်မယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါ တကယ်မှန်ပါသည်။ အိမ်မှာကျတော့ ချော့ကျွေးမယ့်လူတွေ ပိုင်နေခဲ့သည်မို့ ဗိုက်က စိတ်မကောက်ဘူးဆိုတာ မသိခဲ့ပေ ..။

ခုတော့ စားစရာကို အခန်းထဲ လာထည့်ပေးထားတာလည်း မဟုတ်။ ဒီလူကို မမြင်ချင်ပါဘူးဆိုမှ ရှေ့ကို သူပဲ ရောက်ရောက်လာသည်။ သူ့ကိုမြင်လိုက်တာနှင့် ဆာတာတွေက ဒေါသဖြစ်ကုန်၏။

သူ ကျွေးတာစားပြီး ပြောသမျှ နာခံပြီးသားဖြစ်ရမှာကို လက်မခံနိုင်။ ဒါပေမယ့် သူ ထွက်သွားတာနှင့် ဗိုက်က မြည်သံပေး၍ ကောင်းကောင်း နှိပ်စက်တော့သည်။

မကိုဋ္ဌ အခန်းတံခါးဆီ ခပ်နှဲ့နှဲ့လေး လျှောက်သွားမိသည်။ ဒီရှေ့ကို တစ်စုံတစ်ယောက် ရောက်လာမှ သူမ တံခါးဖွင့်ခိုင်းလို့ ရမည်။ ရောက်လာသည့်သူက သူ မဟုတ်ပါမှ စားသောက်ဖို့အတွက် အဆင်ပြေမည်။ မဖြစ်နိုင်တာတွေကိုတွေးရင်း တုန်ရင်သော လက်ဖဝါးလေးနှစ်ဖက်ဖြင့် တံခါးကိုပွတ်သပ်ရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

ထိုစဉ် လက်တို့က တံခါးလက်ကိုင်ဘုလေးဆီရောက်၍ ဖိဆုပ်လိုက်မိလျှင် တိုးညင်းသော မြည်သံလေးတစ်ချက်နှင့် တံခါးက ပွင့်သွား၏။

မကိုဋ္ဌ ဝမ်းသာအားရ ဖြစ်သွားသည်။ လောလောဆယ် ထွက်ပေါက်ရပြီမို့ ထွက်ပြေးဖို့ ဝမ်းသာတာမဟုတ်ပါ။ ဆာလောင်နေခြင်းကို ဖြေရှင်းဖို့ ဖြစ်သည်။

"ဟင်!..."

တံခါးကိုဆွဲဖွင့်ပြီး ခေါင်းပြူကြည့်လိုက်တော့ အပြင်မှာ ဧည့်ခန်း





ကျယ်ကြီးဖြစ်ပြီး ခေါင်းရင်းနှင့်ခြေရင်း စကြံလမ်းမှာ T ပုံသဏ္ဍာန် ဆက်လျက်တောက်လျှောက်မှာ မှန်တစ်ဝက်နှင့် အခန်းတွေချည်းဖြစ်သည်။ ပြီးတော့ တစ်ပြင်လုံးမှာ အနီရောင် မွေးပွကော်ဇောတွေအပြည့်မို့ ကြမ်းပြင်ကို မမြင်ရပေ။

နှစ်ယောက်တွဲဆိုဖာကြီးပေါ်မှာ ခနေသျှံ က ပက်လက် လက်ပိုက်လျက် မျက်နှာထက်မှာ ဂျာနယ်တစ်စောင်ကို ဖြန့်လျက်သား မှောက်တင်ထား၏။

ပုံစံက အိပ်ပျော်နေသည်လား ..၊ မကိုဋ္ဌ ကို အချုပ်သားတစ်ယောက်လို အထဲမှာ ထည့်ပိတ်ထားပြီး အပြင်က စောင့်နေတာလား မသိ။

စကြံလမ်းရှည်ကြီး၏ တစ်ဖက်ထိပ်ဝမှာ လှေကားထိပ်ကို လှမ်းမြင်နေရ၏။ မကိုဋ္ဌ ခြေသံဖွဖွလေးနှင့်လျက် လှေကားဆီကို သွားခဲ့သည်။

ဒီလောက် တိုက်ကြီးတခမ်းတနားမှာ အိမ်ဖော်တော့ ရှိရမည်သာ။ လောလောဆယ် စားသောက်ဖို့ကို ဖြေရှင်းမည်။ ဘာဖြစ်လဲ ..၊ သူ့မျက်နှာ မမြင်ချင်လို့ သူခေါ်တုန်းက မစားတာ။

ကိုယ့်ကိုယ်ကိုယ်လည်း အားတင်းရသည်။ ဒူးနှစ်ဖက်က ချောင်နေပါပြီ။ ထိုစဉ် လှေကားအတိုင်း ပြေးဆင်းလာသော ဖြူဖြူသဏ္ဍာန်လေးကိုမြင်လိုက်ရာ ...

"အို .. ဖြူဖွေးလေး .. ကြည့်စမ်း၊ ဒါ .. ဒါလေးက .."

ပတ္တမြားကဲ့သို့ မျက်လုံးလေးများနှင့် ကီးကီး ကို မကိုဋ္ဌ မသိပါ။ ကီးကီး နဲ့ ခနေသျှံ ကို တစ်လှည့်စီကြည့်လိုက်မိရင်း နားလည်သွား၏။

သူမ အဖြစ်ဟာ ရွှေသမင်ကိုချစ်မိလို့ ဒဿဂီရိလက်တွင်း သက်ဆင်းခဲ့ရသော သီတာဒေဝီလို ..၊



www.burmeseclassic.com

www.burmeseclassic.com



သူမ တပ်မက်ခဲ့မိတာနဲ့ ပေးဆပ်လိုက်ရတာ မတန်မရာပါလား ခုတော့ သူ့သခင်ထံ မရောက်ရောက်အောင် ဖြားယောင်းခေါ်ဆောင်သွားခဲ့သည့် ခွေးဖြူလှလှလေးဟာ သူမကို မော့မော့လေး ငေးခန့်ကြည့်ပြီး ချက်ချင်း ပြေးလာ၏။ ပြီးတော့ သူမ ခြေထောက်နားမှာ ဆောင့်ကြောင့်လေး မော့လိုက်သည်။

ဘာခိုင်းခိုင်း ဘာလုပ်လုပ် နာခံပါမယ်လို့ ပြောနေသလိုမျိုး။ ချစ်စရာကောင်းလိုက်တာ ..၊ ခွေးကလေးကိုမြင်ပြီး နာကျင်သွားခဲ့မိသည့် စိတ်တို့က ချက်ချင်း ပျော်ကျသွားသည်။

မဟုတ်ပါဘူး ..၊ တိရစ္ဆာန်ဆိုတာ သခင့်အလိုကျ နာခံရတာပဲ၊ ဒီခွေးလေးနဲ့မဟုတ်လည်း သူ တခြားနည်းနဲ့ ကြိုးစားမှာ ..။

မျက်ရည်တွေကို မကျမိအောင် မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်သိမ်းဆည်းကာ မကိုင်မှ ဒူးတုပ်လေး ထိုင်ချလိုက်သည်။

"ဖြူဖွေးလေး .. နင် သိပ်လည်တာပဲနော်၊ နင့်ကိုချစ်မိလို့ နင့်ရဲ့ သခင် လှည့်စားတာကို ငါ ခံခဲ့ရတာ .."

ကီးကီး ဘယ်လောက်နားလည်တတ်တာကို မကိုင်မှ မသိပါ။ ဒါပေမယ့် လည်ပင်းလေးမော့၍ သူမကို ပွတ်သပ် တိုးတိုက်လာသော အခါ ချစ်တတ်သည့်စိတ်တို့က အားလုံးနီးပါး ညွတ်ကျသွားခဲ့ရကာ ...

"နင်လည်း ငါ့ကို လှည့်စားခဲ့တာပဲ၊ ဒါပေမယ့် ထားလိုက်ပါတော့၊ နင် ငါ့နားမှာပဲနေ .. သိလား၊ ငါက နင့်ကိုချစ်လို့ ဒီရောက်ခဲ့တာ၊ သူ့ကို မခေါ်နဲ့ .. ငါ့ကိုပဲ ခေါ်ရမယ်၊ ပြောတာ မှတ်ထား .."

မကိုင်မှ က ကီးကီး ကို ရင်ခွင်ထဲကောက်ပွေ့၍ မြတ်မြတ်နိုးနိုး ဖက်ထားသည်။ ခွဲခြားရှောင်ဖယ်ဖို့ သတိမရဘဲ ပါးချင်းကပ်လိုက်၊





ခေါင်းလေးပွတ်လိုက်နှင့် ဆာတာကိုတောင် မေ့သွားသလိုလိုရှိစဉ် ...

"မွေးလို့ပါလား .."

ကီးကီး ကိုယ်မှ သန့်စင်ဖြူဖွေးသော အမွေးဖြူလေးများမှာ ခနသုံ့သုံးနေကျ ရေမွှေးနံ့ကို ရလိုက်သဖြင့် စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

"ဖြူဖွေး .. နင့်နာမည် ဘယ်သူလဲ၊ ငါကမသိတော့ ဖြူဖွေး လို့ပဲ ခေါ်မယ်၊ နင့်ကို ရေမွှေးတွေ ဆွတ်ပေးထားတာလား၊ ဒါမှမဟုတ် ဟိုလူကြီးရင်ခွင်ထဲ ဝင်ဝင်နေသလား၊ နောက် မဝင်နဲ့နော် .. အဲဒီရေမွှေးနံ့ ကို ငါ သိပ်မုန်းတယ်၊ နင် ငါ့ကို ထမင်းကျွေးမလားဟင်"

ကီးကီး သည် သူမ ရင်ခွင်ထဲမှာ မှီနွဲ့ခိုကပ်နေရင်းမှ မတ်ခနဲ ဖြစ်သွား၏။ ချက်ချင်းကြီး ဩမ်းပေါ်ခုန်ဆင်းကာ လှေကားထိပ်ကို ပြေးသွားသည်။ ပြီးတော့ ပြန်ပြေးလာပြီး မကိုင်မှ ထဘီစကို ဖွဖွလေး လာကိုက်သည်။

"အောက်မှာ ဘယ်သူတွေ ရှိသေးလဲ"

မေးနေရင်း မကိုင်မှ လှေကားထိပ်ထိ ပါလာခဲ့၏။ ဘယ်နှစ်ဆစ်ချိုးထားမှန်းမသိသော လှေကားကြီးကနေ အောက်ကိုဆင်းလာခဲ့ရင်း တော်တော်နှင့် အောက်ထပ်မြင်ကွင်းကို မတွေ့ရသေး။

ကီးကီး ခေါ်သွားတာက ထမင်းစားခန်း အမှန်ပဲဖြစ်လေသည်။ အောက်ထပ်ဧည့်ခန်းပုံစံက ဆိုဖာတွေကအစ အပေါ်ထပ်ဧည့်ခန်းက အပြင်အဆင်အရောင် အားလုံးအတူတူ ဖြစ်သည်။

ပြီးတော့ အပေါ်ထပ်ကနေ လှေကားနှင့်အောက်ထပ်အကုန် အနီရောင်ကော်ဇောတွေချည်း ဖြစ်နေသောကြောင့် ဖိုဟ်ဖိတ်လက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရဘဲ ဒီရွှေသောက်ကြီးကျယ်ခမ်းနားသောတိုက်ကြီးက လက်တောက်သန့်စင်နေတာ အံ့သြဖွယ် ဖြစ်လာခဲ့သည်။

နောက်တစ်ခုက သူမ ထွက်ပြေးဖို့ ဘယ်လိုမှ မလွယ်သည့်အဖြစ်ကိုလည်း သိလိုက်သည်။ တံခါးသုံးထပ်က ဒီတိုင်း လှမ်းမြင်နေရပြီး တကယ် အနိုင်အခံ့ပိတ်ထားခြင်း ဖြစ်သည်။

"မိန်းကလေး .."

"ဟင်!...ရှင် .."

ထမင်းစားခန်းရှေ့မှာ မတ်တတ်လေးရပ်လျက် မကိုင်ရှ ငေးမောနေစဉ် လူတစ်ယောက်၏ခေါ်သံကြောင့် လန့်ဖျပ်သွားမိ၏။ လှည့်ကြည့်လိုက်တော့ ဥပမိရုပ် အလွန်ခံ့ညားသော မျက်နှာပြည့်ပြည့်၊ အသားဖြူသော လူကြီးက ခေါင်းပေါင်းနှင့် ...

"မိန်းကလေး .. ဘာလိုချင်လို့လဲ"

လူကြီးမျက်နှာသည် ပကတိ အေးချမ်းရည်မွန်လျက် မပြုံးပါဘဲ ပြုံးနေသလို ကြည်လင်နေသည်။

"လာ .. သမီး၊ အထဲဝင် .."

မကိုင်ရှ ဘာမှမပြောဘဲ လူကြီး ဦးဆောင်ဝင်သွားသည့်နောက်ကို လိုက်ဝင်ခဲ့သည်။ အထဲမှာ နှစ်ထပ်ကျွန်းစားပွဲဝိုင်းကြီးနှင့် ကုလားထိုင်ကြီးလေးလုံးက မှန်တင်ခုံရှေ့မှာချထားသည့် ကုလားထိုင်လိုပဲ ရုပ်လုံးရုပ်ကြွများ ထွင်းထုထားကာ အနီရောင်ဆိုဖာတွေ တပ်ထားတာလည်း အတူတူ။

ထမင်းစား စားပွဲမှာတောင် ဒီသောက်တခမ်းတနား လုပ်စရာ





လား။ ထို့ပြင် ဒီလူကြီးသည် အလုပ်သမားပုံစံ ခပ်ကြမ်းကြမ်းဝတ်ထားသမယ့် အုပ်ထိန်းသူ လူကြီးလူကောင်းတစ်ဦး၏ ဥပမိရုပ်နှင့်ဖြစ်၏။

မီးဖိုခန်းတစ်ခုလုံး အိုးခွက်ပန်းကန်တွေ ပြိုးပြက်လက်နေတာ အံ့သြဖွယ်ပါလား ..။ ဒါမှမဟုတ် တခြားအလုပ်သမားတွေ ရှိနေသေးသလား။

မြင်မြင်သမျှအားလုံးကို မကိုင်ရှ အံ့သြနေမိဆဲ။ လူကြီးက ရေခဲသေတ္တာကို သွားဖွင့်နေရင်း နောက်ပြန်လှည့်ကြည့်ကာ ...

"သမီး .. ဗိုက်ဆာလို့ဆင်းလာတာလား .. တစ်ခုခု စားမလား"

"ဟုတ် ..၊ ဟိုလေ .. ဘဘ .. မကိုင်ရှ ဗိုက်ဆာလို့ .."

"ဟုတ်လား .. မိန်းကလေး ဘာမှမစားရသေးဘူးလား၊ လူလေးအပေါ်မှာယူသွားပြီး ကျွေးတယ်မှတ်လို့ ဘဘ နေလိုက်တာ၊ ကဲ .. ထိုင် .. ထိုင်၊ ဘဘ ဘာလုပ်ပေးရမလဲ၊ လူလေးကတော့ စားချင်လာမှ မိုင်းတာ၊ သူ့အတွက် ဘာမှ ကြိုတင်ချက်ပြုတ်ထားတာ မကြိုက်ဘူးကွယ့်၊ မနက်က သမီးအတွက် သူ ချက်ခိုင်းထားတာတွေကျတော့ ကောင်းတော့ပါဘူး၊ မြန်မြန်ဆန်ဆန် ချက်ပြုတ်လိုက်လို့ရမယ့် စားစရာတွေရှိတယ်၊ သမီး .. စောင့်နိုင်မယ် မဟုတ်လား"

"ဟုတ် .."

ပြောပြောဆိုဆို မကိုင်ရှ မီးဖိုတွေနား လျှောက်သွားလျှင် ...

"ဘာလုပ်မလို့လဲ သမီး"

"မကိုင်ရှ ကူလုပ်ပါရစေ၊ ဘဘက မကိုင်ရှ ရဲ့ ဆိုးဘိုးလောက်ရှိတဲ့ ဦးစွာ၊ ထိုင်စားရင် မကိုင်ရှ ငရဲကြီးမှာပေါ့"

လူကြီးက မကိုင်ရှ ကို နှစ်သက်ဖွယ်ကောင်းသောအပြုံးတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှူးစိုက်ကြည့်ပြီး ခေါင်းညိတ်သည်။ သို့သော် ...

"ဘာဖြစ်လို့ ငရဲကြီးရမှာလဲ၊ လူကလေးကို ဒီလိုပဲ ဘာဘတို့ ထိန်းကျောင်းလာခဲ့ရတာ၊ ခုချိန်ထိလည်း သူ့ဝေယျာဝစ္စတွေကို လုပ်ပေးချင်နေတုန်းပဲ၊ သူ အိမ်ကပ်နေတုန်းအချိန်လေး လုပ်ပေးခွင့်ရတာ၊ သင်္ကဆို ပိုပြီးငယ်သေးတဲ့ဥစ္စာ၊ ထိုင်သာနေ .. ဘာအပြစ်မှမရှိဘူး"

ပြောသမျှစကားတွေကို သဘောကျပေမယ့် သူနဲ့ပတ်သက်ခဲ့ရသည့်လူမို့လို့ အခွင့်အရေးပေးတာမျိုးတော့ မကိုင်ရှ မကြိုက်ပါ။

ကျောပေးထိုင်နေသည့် ဆံနွယ်ပျော့တို့ဖြင့် ဝေ့လျက် မကိုင်ရှ၏ ကျောပြင်လေးကို စိုက်ကြည့်ကာ ခနသျှံ ပြုံးလိုက်မိသည်။

အခန်းထဲက သူမ ထွက်လာကတည်းက သူ သိသည်။ ကီးကီးနဲ့ ပြောဆိုနေတာတွေကိုလည်း ကြားသည်။

စိုင်းကြီးနဲ့ကျတော့ သူ့မိဘဘိုးဘွားလို နူးနူးညံ့ညံ့နဲ့ ချော့လို့ ပါလား ...။

"ဘာဘ .. မကိုင်ရှ ဗိုက်ဆာလို့ .." တဲ့။

ပြောပုံလေးက ပါးပြင်လေးနှစ်ဖက်ကို ဆွဲညှစ်ပစ်လိုက်ဖို့ ကောင်းသည်။ မနူးညံ့တတ်ခဲ့သော နှလုံးသားမှာ မခံစားခဲ့ဖူးသည့် မြတ်နိုးခြင်းတို့ ပြည့်သိပ်လာခဲ့၏။

ဒီမိန်းကလေးကို ဘယ်လိုမှ မေ့ဖျောက်မရတော့ခြင်းကြောင့် မရမက သိမ်းပိုက်ဖို့ ကြိုးစားခဲ့သည့်ထဲမှာ သည်းသည်းလှုပ် မြတ်နိုးလွန်းလို့တော့ မဟုတ်ခဲ့ဘူး ထင်သည်။

ဒါပေမယ့် သူမလေးနှင့် နှစ်ဆယ့်လေးနာရီပြည့်အောင် မျက်နှာချင်းမဆိုင်ရသေးပါဘဲ မြတ်နိုးခြင်းတွေ ရင်မှာ ဖြစ်တည်ခဲ့ပါပြီ။





"နင် သူ့ကို မခေါ်ရဘူး၊ ငါနဲ့ပဲနေ .. သိလား"

ကီးကီး ကို လွတ်လွတ်လပ်လပ်ကြီး ဗိုလ်ကျနေသေးသည်။ ပြီးတော့ ငိုသံလေးစွက်သွားလိုက် .. ရှိုက်သံလေး ပါလာလိုက်။

သူ့ကိုရန်တွေ့တော့လည်း စကားလုံးတွေ ပြင်းပြင်းထန်ထန် မပါခဲ့ဘဲ ငိုဖို့ပဲ နားလည်ရှာသည်။ သူမသည် သူ ကြုံတွေ့ခဲ့ဖူးသော မိန်းမများနှင့် အနည်းငယ်မျှပင် ဆင်မတူခဲ့ပါ။

မိန်းမတချို့က သူ့ရုပ်သွင်ချောမောမှုကို စွဲလမ်းခဲ့သည်။ တချို့ကျတော့ ဘယ်လောက်ချမ်းသာသလဲ၊ ဘယ်လိုကောင်းစားလဲ ဆိုတာနောက်ကို တကောက်ကောက်လိုက်၏။

အားလုံးဟာ လောဘတွေကိုပွေ့ပိုက်၍ ပိုင်ဆိုင်လိုကြခြင်းသာဖြစ်သည်။ မကိုင်ရှ ဆိုသော သူမ သည် ..၊

ကီးကီး ထွက်လာတာမြင်တော့ သူ အတွေးတို့ကိုဖြတ်တောက်ကာ နေရာမှ လှည့်ထွက်လာခဲ့၏။

"ဘာဘ .. ဖြူဖွေးလေးရောဟင် .."

မကိုင်ရှ အသံလေးကို ကြားလိုက်ရသေးသည်။

မကိုင်ရှ တကယ်ပဲ နောက်လှည့်ကြည့်ပါသည်။ ထိုအချိန်မှာ ခနသျှံ မရှိတော့ပေ ...။

"ကီးကီး လား .. လူလေးမြင်လို့ ထွက်သွားပြီလေ"

"ဟင် .. ကီးကီး တဲ့လား"

"ဟုတ်တယ် သမီးရဲ့ .. ဒီကောင်က သိပ်လိမ္မာတာ၊ ပြန်မပြောတတ်ပေမယ့် ပြောသမျှ နားလည်တယ်၊ ခိုင်းလို့ရတယ်"

ယုံပါတယ်လို့ မကိုင်ရှ ပြောမိတော့မတတ်ပါ။ နောက်ထပ် သိချင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုကြောင့် ကီးကီး အကြောင်းကို ခဏထားလိုက်ကာ ...

"စောစောက သူ ဒီကိုရောက်လာသလား ဘဘ၊ ဟိုလူကြီး .."

တရှုံရှုံကြော်လှော်နေရာမှ စိုင်းကြီး က ပြုံး၍လှည့်ကြည့်၏။

"လူလေးကိုပြောတာလား .. သူ သမီးဝင်လာကတည်းက နောက်မှာရှိနေတာ .."

"ဟင်!..."

"စိတ်မြန်လက်မြန် သိပ်ရှိတာ၊ ဒီလိုမျိုး တစ်မနက်စာကုန်အောင်ထိုင်လိုက် ထလိုက်နဲ့ တုံးလုံးပက်လက် ဘယ်တုန်းကမှ မနေခဲ့ဖူးဘူး သူ မျက်လုံးတစ်ချက်မှေးပြီး တွက်ချက်လိုက်တာနဲ့ ငွေဖြစ်တယ် အခွင့်အလမ်းမှမသွားဘူး"

ဟုတ်မှာပါ ..၊ ဒါဆိုရင် သူ မကိုင်ရှ် နဲ့ ဆုံဖြစ်ခဲ့သမျှတွေဟာ တိုက်ဆိုင်တာ အားလုံးတော့ မဖြစ်နိုင်တော့ပေ။

သိပ်ကို မှင်မောင်းကောင်းတဲ့လူပါလား ..၊ ဒါဖြင့် သူ မကိုင်ရှ်ကို ချစ်လို့လား ..၊ ဒါလည်း မဖြစ်နိုင်ပါ။ ခုချိန်ထိ သူ့ပါးစပ်ကနေ နူးညံ့ချိုသာသော ချစ်ခြင်းစကား တစ်ခွန်းမှ မဟခဲ့သေး။

ပြောလာခဲ့ရင်ရော .. ယုံစရာလား၊ မာယာများတဲ့ယောကျ်ားပါ။

မကိုင်ရှ် မျက်နှာလေးပေါ်က မယုံကြည်ခြင်း၊ နာကြည်းခံခက်ခြင်းစသော ခံစားချက်တွေကို စိုင်းကြီး က ကျောပေးထားတော့ မမြင်ပါ။

"ဘဘတို့ကလည်း သူ့ကို သွားလာလှုပ်ရှားနေတာ မကြိုက်ကြပါဘူး၊ ဒါပေမယ့် သူ တကယ့်ကို အောင်မြင်နေတဲ့အချိန်မှာ ဘယ်လိုမှ တားမရနိုင်ဘူးဆိုတာ သိလို့ ကြည့်နေရတယ်"

"စီးပွားရှာနေတာကို ဘဘတို့က ဘာဖြစ်လို့ မကြိုက်တာလဲဟင်"





"ဘယ်ကြိုက်မလဲ ကလေးရယ် .. လူကလေးမှာ ဘယ်လိုသုံးသုံး မကုန်နိုင်အောင် များပြားတဲ့ စည်းစိမ်ဥစ္စာတွေရှိတယ်၊ ရှာဖို့မှမလိုတာ တကယ်ရှာစေချင်တာက ကြင်ရာ .."

မကိုင်ရှ် မျက်နှာလေး တင်းသွား၏။ သူ ဒီလိုလုပ်ခဲ့သည့်ကိစ္စတွေမှာ အားလုံး ဝိုင်းဝန်းကြံစည်ပေးကြတာမျိုးလား ...။

ထိုစဉ် စိုင်းကြီးက အငွေ့တထောင်းထောင်းထနေသည့် ထမင်းပန်းကန်တစ်ချပ်နှင့် ဒီဘက်လှည့်လာကာ ...

"သမီး အထင်မလွဲနဲ့နော် .. လူလေး သမီးကို ခိုးယူခဲ့တဲ့ကိစ္စဟာ အင်မတန် အန္တရာယ်ကြီးတာပဲ၊ ဒါမျိုးမလုပ်ဖို့ ဘဘတို့ ကြိုသိရင် ခွင့်ပြုမှာမဟုတ်ဘူး၊ အဲဒါ တကယ်ပါ"

မကိုင်ရှ် ရှေ့မှာ ထမင်းပန်းကန်ကို သေချာချပေးသည်။

"စားလိုက်ဦး သမီး ... အလွယ်တကူနဲ့ မြန်မြန်စားလို့ရအောင် ကြက်သားနဲ့ ထောပတ်ထမင်း လုပ်လိုက်တာ၊ ကြိုက်ရဲ့လား"

"ဟုတ် .."

ကြက်သားနဲ့ထောပတ်နံ့က မွှေးကြိုင်နေသည်။ ကြက်သားကြော်ဆို အလွန်နှစ်သက်သည့် မကိုင်ရှ် ဟန်မဆောင်နိုင် ..။

"ဒီမှာ ကြောင်လျှာပွင့်ချဉ်၊ ခွံထဲမှာ အပင်ရှိတယ်လေ၊ ဘဘကိုယ်တိုင်လုပ်ထားတာ၊ ထောပတ်နဲ့ သိပ်တော့မတည့်ဘူး ထင်တယ်၊ ဒါပေမယ့် ချဉ်ဖတ်ဖြစ်သွားပြီဆိုတော့ သဘာဝဓာတ် မရှိတော့ပါဘူး၊ ဘဘကတော့ ကြိုက်တယ်"

ပြောပြီး ရှေ့မှာထိုင်လိုက်၏။

မကိုင်ရှ် မစားဖူးပေမယ့် စားကြည့်လိုက်တော့ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြောင့်အိနေတာ ပြေသွားသဖြင့် တစ်ပန်းကန် ပြုက်ခနဲ ကုန်သွား၏။

"ယူဦးမလား သမီး"

"ဝပြီ ဘဘ .. ဘဘလက်ရာ အရမ်းကောင်းတာပဲ၊ အိမ်မှာဆို မကိုင်း ထမင်း အစားနည်းတယ်၊ မစားနိုင်လို့တော့ မဟုတ်ပါဘူး၊ ဘေး သရေစာပဲ စားမိနေတော့ ထမင်းစားဖို့နေရာ မရှိတာလေ"

"ဟုတ်လား ..၊ သရေစာလည်း စားပေါ့ ကလေးရယ်၊ ဒါပေမယ့် ဥပါဒ်ဖြစ်လွယ်တယ်၊ ထမင်းနဲ့ဟင်းက တင်းတိမ်တယ်၊ ဥပါဒ်ကင်းတယ်၊ နောက်ဆို ကလေးစားချင်တာ ပြော၊ ဘဘ ချက်ပေးမယ်"

"နောက် .." ဆိုသည့်စကားကြောင့် မကိုင်း မျက်နှာလေး ညှိုးသွားသည်။

"ဘဘ .."

"ဟင် .."

စိုင်းကြီး က ပန်းကန်ကိုကိုင်လိုက်သဖြင့် မကိုင်း ပြန်ဆွဲထားကာ...

"ဘဘနာမည်က ဘယ်သူတဲ့လဲဟင် .."

"စိုင်းဘဘရာ၊ လူလေးကတော့ ငယ်ငယ်ကတည်းက စိုင်းကြီးပဲ ခေါ်ခဲ့တာ .."

"ဟို .. မ .. မကိုင်း ကို ဘဘ ပြန်ပို့ပေးပါလားဟင်၊ မကိုင်း ကို သနားပါ ဘဘရယ်၊ မကိုင်း လေ.. ဟိုမှာ လက်ထပ်ခဲ့ပြီးပြီ၊ သူ အတင်း .."

"သူ ခိုးယူလာတာကို ဘဘ သိတယ်"

စိုင်းကြီး မျက်နှာမှာ တာကယ့်ကို မချိတရိ ကြေကွဲသောခံစားချက်များဖြင့် ဇက်ကျိုးမတတ်ပါ။





"မိဘဆိုတာ သားသမီးက ဆိုးနေလည်း ချောက်ထဲထိုးကျအောင်တော့ တွန်းမချနိုင်ဘူး သမီး၊ ဖြစ်လာမှာကို ရင်ဆိုင်းခံပေးဖို့ပဲ ပြင်ဆင်ရမှာ၊ ဒီလိုလုပ်တာကို ဘဘတို့ မကြိုက်ဘူး၊ ဒါပေမယ့် တားနေတဲ့ကြားထဲက သူ ဇွတ်လုပ်လာခဲ့ပြီးပြီ။ သူ ကျူးလွန်ခဲ့တဲ့ပြစ်မှုက သေးသေးကွေးကွေး မဟုတ်ဘူး၊ သမီးရဲ့နောက်ပိုင်းမှာ ဘယ်လိုတွေ ဖြစ်ကျန်ခဲ့သလဲ၊ ဘာပြဿနာတွေ ပါလာသလဲ၊ ဘဘ ဘာမှမသိသေးဘူး၊ ခုနေ သမီးကို ပြန်ပို့ပေးလိုက်ရင် လူလေးကို ကြိုးကွင်းစွပ်ပေးလိုက်သလို ဖြစ်သွားမှာပေါ့"

"ဟင့်အင်း ..၊ မကိုင်း သူ့ကို ဘာပြဿနာမှ မလုပ်ပါဘူး၊ သူ ဘာမှမဖြစ်စေရပါဘူး"

စိုင်းကြီး က ခေါင်းကို လေးတွဲ့စွာခါလိုက်ပြီး မကိုင်း လွှတ်မပေးဘဲထားသည့် ပန်းကန်ကို လွှတ်သည်။ နောက်မီးမှာ ခပ်လျှော့လျှော့ မှီလိုက်ပြီး မျက်ဝန်းအစုံသည် မျက်နှာကြက်ဆီသို့ ငေးကာ ...

"မဟုတ်ဘူး .. ခနဲ့သျှ ဆိုတဲ့ကလေးဟာ ငယ်ငယ်ကတည်းက 'ဟဲ့' လို့ အခေါ်ကိုမခံခဲ့ရဖူးဘူး၊ အဲဒါကြောင့် သူ့မှာ ကြောက်တတ်တဲ့အကျင့် မရှိဘူး၊ ဘာဖြစ်ဖြစ် လိုချင်တာကို မရခဲ့တာလည်း မရှိဖူးဘူး၊ ဒါကြောင့် လိုချင်ပြီဆို မရမချင်း ဇွဲမလျှော့တဲ့အကျင့်ရှိတယ်၊ ဆင်းရဲခြင်းကို ဘာမှန်းမသိခဲ့တဲ့ သူ့ရဲ့ပြည့်စုံခြင်းတွေဟာ သူ့ရဲ့ဖွားဖက်တော်တွေပေါ့၊ မကြောက်တတ်တဲ့သူ့မှာ ဂရုစိုက်မှု မရှိဘူးလေ၊ သမီးကို သူ ဘယ်လိုမှ လက်လွှတ်မှာမဟုတ်ဘူး၊ ဘဘကြောင့်ဖြစ်စေ .. တစ်စုံတစ်ယောက်ကြောင့်ဖြစ်စေ .. တစ်နည်းနည်းကြောင့် ဘယ်လိုပုံနဲ့ပဲ သမီး ထွက်သွားသွား၊ သူ ရအောင်ပြန်ယူမှာပဲ၊ အဲဒီအခါမှာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရားဘက်က သမီးရဲ့နောက်က အင်အားတွေနဲ့ သူ ရင်ဆိုင်ရတော့မယ်၊ သူက ရဲပေမယ့် ဘဘ ကြည့်မနေနိုင်ဘူး ..၊

အဲဒီတော့ လူကလေး မှားလာခဲ့တာကို သိပေမယ့်လည်း ဘဘက သူခိုးလက်ခံ လုပ်ရတော့မှာပဲကွယ်၊ တစ်ခုတော့ သမီးလေး ယုံပါ မိန်းမတစ်ယောက်ကို ကြင်ဖက်ရွေးဖို့အထိ သူ့ပါးစပ်မှာ တစ်ခါမှ ထည့်မပြောခဲ့ဖူးဘူး၊ သမီးကိုတော့ ဓာတ်ပုံကိုမြင်ကတည်းက သူ ရူးသွပ်နေခဲ့တာ .."

"ရှင်!... ဘယ်လို .. ဘဘ၊ ဓာတ်ပုံ .. ဟုတ်လား ..၊ မကိုင်ရွှ ဓာတ်ပုံ လားဟင် .."

"ဟုတ်တယ် .. သမီး အခုနေတဲ့အခန်းရဲ့ ညာဘက်နံရံက ကန့် လန့်ကာကို ဖယ်ကြည့်လိုက်၊ သမီး တွေ့လိမ့်မယ်"

မကိုင်ရွှ အံ့သြလွန်းသဖြင့် ဘာမှ ဆက်မမေးနိုင်။ ဘယ်ဓာတ်ပုံလဲ ဘယ်က ရသွားလဲ၊ ဒါ ဖြစ်မှမဖြစ်နိုင်တာ ..။

ဓာတ်ပုံကို ပြေးကြည့်ချင်စိတ်တွေ ချက်ချင်းဖြစ်လာသဖြင့် ဖိသိပ် ချိုးနှိမ်နေရသည်။ စိုင်းကြီး က ကိုယ်ကို မတ်မတ်ပြင်ထိုင်ပြီး စားပွဲပေါ် လက်တင်ကာ ...

"ကလေးကိုလည်း ဘဘ တောင်းပန်ချင်ပါတယ်၊ ဒီကနေ ထွက် သွားဖို့ မစဉ်းစားပါနဲ့တော့၊ ပြန်သွားလည်း ကျန်ခဲ့တဲ့ သမီးရဲ့အဖြစ် အပျက်တွေနဲ့ အနာဂတ်ကို အကောင်းအတိုင်း ပြန်ဆက်နိုင်တော့မှာ မဟုတ်တဲ့အတွက် မိန်းကလေးဆိုတဲ့ဘဝကို ပြန်ငဲ့လိုက်ပါ၊ သူ သမီးကို ချစ်တယ်၊ ဒါပေမယ့် သည်းခံဓာတ်တဲ့အကျင့် သိပ်မရှိဘူး၊ မဖြစ်နိုင် တော့တာကို တရိုရိုနားပူပြီး တကယ်တည်ဆောက်ရတော့မယ့် အိမ်





ထောင်ရေးမှာ သောကတွေ မဖြစ်စေချင်လို့ ဘဘ ပြောတာပါ၊ မနေသျှံ ဆိုတဲ့ လူကလေးဟာ 'မြမျိုးမြင့်မာန်'ရဲ့ တစ်ဦးတည်းသော မျိုးဆက် သွေး၊ သမီးလေးက သူချစ်တဲ့ ကြင်ရာတော်ပါပဲ၊ သမီး မချစ်မနှစ်သက် ဘဲ သူ ခိုးယူတဲ့အပြစ်ကလွဲရင် နောက်နောင်မှာ သမီး စိတ်တိုင်းကျ အားလုံးဖြစ်ဖို့ ဘဘတို့ တာဝန်ယူပါတယ်ကွယ်"

ဘာတွေလဲ ..၊ ဘဘတို့ ဆိုတာတွေက ဘယ်သူတွေလဲ ..။

ပြီးတော့ 'မြမျိုးမြင့်မာန်' ဆိုတာ ဘာလဲ ..။

ဒီလူတွေဟာ ကြီးကျယ်မြင့်မြတ်ကြတဲ့ 'အနွယ်တော်' လူမျိုးတွေ လား ..၊ ခေါင်းတွေသာ မူးဝေလာခဲ့သည်။ ဘာမှ တွေးကြည့်လို့ မရ။ နောက်ဆုံး "ဘဘ .. ဒါ ဘယ်နေရာလဲ"လို့ မေးတော့ ..

"ရန်ကုန်နဲ့ သိပ်မဝေးတဲ့ တစ်နေရာပါပဲ" တဲ့။

မြင်မြင်သမျှကတော့ တောကြီးမျက်မည်းထဲ ရောက်နေရသလို ပါပဲ။ သူမ လွတ်လမ်း မမြင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

"လမ်းလျှောက်မလား .. ခြံထဲမှာလေ .."

နောက်က စကားပြောသံကြောင့် မျက်စိတစ်ဆုံး လိုက်ငေးနေခဲ့သည့် မကိုင်း၏ မျက်နှာလေး တင်းသွားသည်။

နှုတ်ခမ်းလေး ကိုက်ပစ်လိုက်ရင်း ဘာမှပြန်မပြောဘဲ နေလိုက်၏။

"ဟိတ် .. ပြောနေတာ ကြားလား"

"မကြားဘူး .. ကန်းနေတယ်"

"ဟုတ်လား .."

မကိုင်း၏ ဝရန်တာတန်းတွေမှာ လွတ်လွတ်လပ်လပ် မှီရပ်နေရာက နေ မတ်မတ်ပြင်ရပ်၍ လက်ပိုက်ထားလိုက်သည်။

မနေ့ညက သူမ ဘေးမှာ လာရပ်ကာ သူ့အရပ်ကမြင့်တော့ ဝရန်တာမှာ လက်တင်ဖို့ကို နည်းနည်း ခါးညွတ်ရသည်။

ပြီးမှ ပြန်ငုံ့ကြည့်တော့ ကိုယ့်မျက်နှာရှေ့မှာမို့ မကိုင်း တစ်ဖက်လှည့်နေလိုက်၏။ သူ့ မျက်နှာ မလွှဲခဲ့ပါ။





ဝင်းစက်နုမွတ်နေသော ရွှေလည်တိုင်ကို စိုက်ကြည့်သည်။ ပခုံးစွန်းကလေးမှာ ဖေးတင်နေသော်လည်း ပါးကလေးတစ်ခြမ်းထိ လှုပ်လီလှုပ်လဲ့ နွဲ့ကျနေသည့် မဟူရာပိုးသွားနွယ်တို့ကို ငေး၏။

ပြီးတော့မှ ပြုံး၍ သူ့မျက်နှာ ပြန်လှည့်သည်။

လက်ကြားညှပ်လျက် ပါလာသည့် စီးကရက်ကို နှုတ်ခမ်းမှာတပ်၍ နှစ်ရှိုက်ခန့် ဖွာလိုက်ပြီးမှ ...

"မနက်ကျရင် မင်းနဲ့ကိုယ် လက်ထပ်မယ်"

"ဘာ!..."

"မနက်ကိုးနာရီ အပြီးလုပ်ပြီး ဆယ်နာရီခွဲတာနဲ့ ခရီးထွက်ရမယ်"

"ရှင် .. ရှင် .. အဲဒီလို ထင်သလိုလုပ်နေလို့ ရမလား၊ မကိုင်း က လက် ..."

"မင်း ထပ်မပြောနဲ့တော့ .."

တင်းမာနေခြင်းမဟုတ်ဘဲနှင့် သူ တားဆီးသံကြောင့် မကိုင်း စကားမဆုံးလိုက်နိုင် ...။

"မင်းရဲ့ သူငယ်ချင်းလိုလို .. ဘော်ဒီဂတ်လိုလို သတ္တဝါလေးကို မေ့ပစ်လိုက်၊ အားလုံးကို မင်း မေ့ထားရမယ်၊ အားလုံးဆိုတာ မိဘ ဘိုးဘွား ဘာညာကိုပြောတာ၊ မင်းကို ကိုယ်ပိုင်ဆိုင်နိုင်တဲ့ အတိုင်း အတာတစ်ခုထိပဲ၊ မင်း ကိုယ့်လက်ထဲက ရုန်းယွက်ဖို့ စိတ်လည်းမကူးနဲ့၊ ကြိုးလည်း မကြိုးစားနဲ့၊ ဒီခြံပတ်ဝန်းကျင်အားလုံးမှာ လျှပ်စီးကြောင်းတွေ ရှိတယ်၊ မင်း ကြိုးစားရင် ..."

"ရှင် တစ်ခါတည်းသာ သတ်ပစ်လိုက်ပါတော့လား"

သူ စကားမဆုံးခင် မကိုင်း အော်ပစ်လိုက်သည်။ မျက်ရည်က



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကြီးစွာ ပြည့်တက်လာကြ၏။

"ရှင်ဟာ ဘယ်သူမှ မရိပ်မိ၊ မတွေးမိနိုင်အောင် ဘေးထွက်ရပ်ပြီး သူတော်ကောင်းလို လုပ်နေခဲ့တာ .. ခုလိုတွေ လွတ်လွတ်လပ်လပ် ကျူးလွန်လို့ရအောင်လို့လေ၊ အခု မကိုင်မို့ က ချစ်သူနောက် လိုက်သွားသလိုလို မိန်းမရှုပ် ဖြစ်ခဲ့ရပြီ၊ ရှင့်ကိုတော့ ဘယ်သူတွေးမိမှာလဲ၊ တော်ပါတယ်၊ ရှင် အဲဒီလို ဉာဏ်နီဉာဏ်နက်တွေနဲ့ အောင်မြင်နေတာ ချီးကျူးပါတယ်"

"ဟုတ်တယ် .. ဉာဏ်နီဉာဏ်ဝါ ဘာရောင်တွေပဲသုံးသုံး အစိက က လိုချင်တာ ရဖို့ပဲ၊ ကိုယ့်ပစ်မှတ်က ဒါဆိုဒါပဲ၊ မဆိုင်တာကို ဘာမှ မထိခိုက်ဘူး၊ မင်းမှာ ကာမပိုင်ယောကျ်ား မရှိသေးဘူး၊ အဲဒါကြောင့် ကိုယ် လုယူခဲ့တယ်၊ ဖိတ်စာပေါ်မှာ အက္ခရာတင်ထားတဲ့ မင်းရဲ့ သတို့သားကို ကိုယ် ဂရုမစိုက်တာ ဘာဖြစ်သွားနိုင်လဲ"

"ဘာမှမဖြစ်ပါစေနဲ့လို့ ရှင် ဆုတောင်းနေပါ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိဘူး"

"ကိုယ်ချစ်တဲ့မိန်းမကို ရအောင်ယူတာ မကောင်းမှုလား"

"မကိုင်မို့ က လက်ထပ်ပြီးသား .."

"မင်း .. တိတ်စမ်း"

ခနသျှံ သူမ ရှေ့ကို ချက်ချင်းလှည့်ရပ်၏။ စီးကရက်ကို ဘယ်လို လွှင့်ပစ်လိုက်သည် မသိ ..။

"မင်းကို ကိုယ် အများကြီး စိတ်ရှည်ပေးနေတာ မကိုင်မို့၊ အဲဒါ မင်းဟာ ကိုယ်မြတ်နိုးတဲ့မိန်းမ ဖြစ်နေလို့ .."

"အဲဒါလည်း ရှင် တစ်ဖက်သတ်ပဲ၊ ရှင်နဲ့ပတ်သက်ပြီး မကိုင်မို့





ရင်ထဲမှာ ဘာမှမရှိခဲ့ဘူး၊ အခုကျတော့ မုန်းသွားပြီ၊ ရှင့်ရဲ့မြတ်နိုးမှုတွေကို ဘာလုပ်ရမှာလဲ"

"ဘာလုပ်ဖို့ဆိုတာ အခု ဆုံးဖြတ်ဖို့ မလိုသေးဘူး၊ လက်ထပ်မယ်ဆိုတာလည်း အများတကာရဲ့ သတ်မှတ်ချက် အတိုင်းအတာတစ်ခုအတွက် တရားဝင်ဖြစ်သွားဖို့ အက္ခရာတင်ရုံပဲ၊ ဒါနဲ့ မင်းကို ကိုယ်က ချုပ်ကိုင်ထားမှာ မဟုတ်ဘူး"

သူ ပြောတာကို မကိုင်မို့ နားမလည်သေး။ ရှေ့မှာမိုးနေသည့် သူ့မျက်နှာကိုမော့ကြည့်၍ နှုတ်ခမ်းသားလေးတွေကို နာကျင်နေတဲ့အထိ ဖိကိုက်ထားမိသည်။

မနသျှံ သည် ခက်ထန်နေသောအသွင်မှ နူးညံ့သွားပြန်ကာ ...

"မင်း လွတ်လွတ်လပ်လပ် နေလို့ရတယ်၊ ကိုယ့်ကိုမြင်တာနဲ့ မဟားတရား စော်ကားတော့မယ့် လူယုတ်မာတစ်ယောက်လို မင်း ကြောက်ရွံ့နေဖို့ မလိုဘူး၊ ကိုယ့်အတွက် ကာမဆန္ဒတစ်ခုအတွက်နဲ့ မိန်းမတစ်ယောက်ကို ဒီလောက် အပင်ပန်းခံပြီး ခိုးယူနေဖို့ မလိုဘူးဆိုတာ မင်း နားလည်ထားပါ၊ မင်းဆီက ကိုယ်လိုချင်တာ ဒီဆန္ဒကို ဖြေဖို့ မဟုတ်ဘူး"

မကိုင်မို့ မကြားချင်တော့ပါ။ သူ့ရှေ့မှာလည်း မနေချင်တော့ပေ။ နေရာမှ လှည့်ထွက်ဖို့ပြင်လိုက်သည်နှင့် သူ က မကိုင်မို့ ပခုံးလေးကို ဆတ်ခနဲ ဆွဲလှည့်ကာ ...

"မင်းဆီက အချစ်ကို ကိုယ် လိုချင်တယ်"

"ဘယ်တော့မှ မရဘူး"

သူ့မျက်နှာ အေးစက်စက်ဖြစ်သွားပြီး မကိုင်မို့ ကို စိုက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်ပြီးမှ မကိုင်ရှ မျက်လွှာချပစ်ကာ သူ့လက်တွေကို မရမက ဖယ်ချပစ်မိသည်။ သူက တစ်ဖက်ကို ဖြေချပေးလိုက်ပြီး တစ်ဖက်က ဆုပ်ကိုင်ထားလျက်နှင့် ...

"မပေးချင်တာကို ပိုလိုချင်တာ၊ မင်း ကိုယ့်ကိုချစ်ဖို့ ကြိုးစားပါ၊ ကိုယ့်ဘက်က မရိုးသားခဲ့ပေမယ့် သန့်စင်စွာ တောင်းဆိုနေတာကို နား လည်၊ အချစ်စိတ်တွေ များလာလေ လောဘကြီးလာလေပဲ၊ ကိုယ့်လောဘ တွေကြောင့် ကိုယ့်ရဲ့စောင့်ထိန်းမှုတွေ တစ်နေ့နေ့မှာ ကျိုးပေါက်ခဲ့ရင်.."

"ဟင့်အင်း .."

မကိုင်ရှ ခေါင်းခါပြီး သူ့လက်တစ်ဖက်ကို ပုတ်ချပစ်လိုက်သည်။ ထို့နောက် သူ့ရှေ့ကနေ ပြေးထွက်ခဲ့မိလေသည်။

ဘယ်တုန်းကမှ မမျှော်လင့်၊ မရင်းနှီးခဲ့သည့် ယောက်ျားတစ် ယောက်ကို ကြည်ဖြူစွာ ယုံကြည်အပ်နှင်းရမည်တဲ့လေ။

"ချစ်ဖို့ ကြိုးစားပါ" တဲ့။

အရှူး ..၊

အချစ်ဆိုတာ သင်ခန်းစာတစ်ပုဒ်မှ မဟုတ်တာ ..။





အခန်း (၂၅)

"ဘဘ .. ဘယ်လဲဟင်"

ကီးကီး လာခေါ်လို့ ဆင်းလိုက်လာခဲ့တော့ ဘဘ ခေါ်ခိုင်းတယ်ပဲ ထင်ခဲ့သည်။ သုံးထပ်သောတံခါးကို ဖွင့်ပြီးနေသည့် ဘဘမျက်နှာ တအံ့တသြ လှည့်လာတော့မှ ...

"ဟို .. ကီးကီး လာခေါ်တော့ ဘာမှန်းမသိဘဲ ဆင်းလာခဲ့တာ၊ ဘဘ ခြံထဲဆင်းမလို့လား .."

စိုင်းကြီး က ရှေ့ကိုပြေးဆင်းသွားသည့် ကီးကီး ကို အပြစ်တင်လို ပေမယ့် မကိုင်ရှ ကိုလည်း သနားစိတ်လေးဖြစ်ကာ ...

"ကီးကီး .. တွေ့လား .. သိပ်လည်တဲ့ကောင်၊ ဘဘ ခြံထဲဆင်းတော့ မယ်မှန်းသိလို့ သမီးကို သူ ပြေးခေါ်တာ၊ ဆူမှာစိုးလို့ ပြေးဆင်းသွား တာကြည့် .."

"မကိုင်ရှ မလိုက်ရဘူးလားဟင်"

ခဏတွေသွားပြီးမှ စိုင်းကြီးက ခေါင်းညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲ မဆင်းစေနဲ့လို့တော့ မှာသွားတာပဲ၊ ဒါပေမယ့် ဘဘ ပါတာပဲကွယ်၊ လာ .. လာ ..၊ သမီးလည်း တကုပ်ကုပ်နဲ့ ညောင်းနေမှာပေါ့"

မကိုရွှ် ပျော်သွားသည်။ သူ ခေါ်ပေမယ့် တမင်မလိုက်ဘဲနေခဲ့ခြင်းဖြစ်သည်။ ဒီခြံကြီးထဲကို စိတ်ရှိလက်ရှိ သွားပစ်ချင်ခဲ့တာ ကြာပြီ။

ပြီးတော့ ဒါ ဘယ်နေရာလဲ ..၊ ရန်ကုန်နဲ့ ဘယ်လောက်ဝေးသလဲ၊ ပတ်ဝန်းကျင်ကိုမြင်လျှင် ခန့်မှန်းကြည့်လို့ ရနိုင်၏။

ခေါင်းထဲမှာ အချိန်ပြည့် ထွက်ပြေးဖို့ချည်းပဲ တွေးနေမိတာတော့ မဟုတ်ပါ။ ဒါပေမယ့် ခုချိန်ထိ မကိုရွှ် ကို သူ သန့်စင်စွာ ထားခဲ့သည်။

မနက်ဖြန် လက်ထပ်မည်ဆိုသည့်နေ့ကစပြီး ဘယ်လိုအစီအစဉ်တွေနဲ့ ရက်ရွှေ့ပစ်လိုက်သည် မသိပါ။

ထိုကိစ္စကို နောက်ထပ်မပြောဘဲနေခဲ့တာ တစ်ပတ်ရှိသွားပြီ။

ရန်ကုန်ကို သူ ခဏခဏသွားနေတာလည်း မကိုရွှ် သိသည်။ မနေ့ကတော့ မိုးချုပ်မှ ပြန်ရောက်လာပြီး မကိုရွှ် ဆီ ရောက်လာသေးသည်။ ဗီရိုထဲမှာ အင်္ကျီတွေ ဆံ့သလောက် ထည့်ပေးထားပါလျက်နှင့် အဝတ်အစားတွေ စိတ်တိုင်းကျရဲ့လား ..၊ လိုသေးလားဟု မေးသည်။ ပြီးတော့...

"အိပ်မပျော်ဘူးလား .. မျက်နှာချောင်သွားတယ်" တဲ့။

ဘယ်လိုအိပ်ပျော်မှာလဲ ..၊ သူ့ဆီမှာ လူကို ပျော်ပွဲစားထွက်လာတယ်များ ထင်နေသလား။ ခေါင်းလျှော်ရည်ဘူးတွေ ချပေးသွားတာ.. တစ်ဆိုင်လုံးများ သွန်ချလာသလား ထင်ရလောက်အောင် အမျိုးအစားတွေ စုံနေသည်။

ဘာသုံးမှန်းမသိလို့ တဲ့။ မကိုရွှ် မျက်လုံးတွေပင် ပြူးကျယ်ကုန်သည်။ ဒီမနက် သူ့ကို မတွေ့ပါ။ တစ်နေ့လုံးလည်း မရှိ။ ရန်ကုန်ကို





သွားတာက သေချာပါသည်။

"ဘဘ .."

"ဟင် .."

"လူလေးနှစ်ယောက်တည်းနဲ့ ဒီလောက် ခြံကျယ်ကြီးနဲ့ တိုက်ကြီးက ဘာလုပ်တာလဲ၊ တခမ်းတနားတော့ ရှိတာပေါ့၊ ဒါပေမယ့် သန့်ရှင်းရေး၊ လုံခြုံရေးကျတော့ ဘဘ တာဝန်ကြီးမှာပဲ"

"မကြီးပါဘူး သမီးရဲ့ .. သန့်ရှင်းရေးက စက်နဲ့ကူတယ်လေ၊ လုံခြုံရေးက မလိုဘူး၊ လျှပ်စစ်ဓာတ်တွေ လွှတ်ထားတော့ လူ မပြောနဲ့၊ မြွေတောင် ဝင်လို့မရဘူး"

"ဘဘ .. အဲဒါ တကယ်လားဟင်"

"ဘာကိုလဲ .."

"လျှပ်စစ်ဓာတ်တွေ လွှတ်ထားတာ တကယ်လား"

"တကယ်ပေါ့ သမီးရယ် .. ခြံကြီး ဒီလောက်ကျယ်ပြီး ပတ်ဝန်းကျင် အိမ်ခြေတွေလည်း မနီးဘူး၊ ဒီလိုလုပ်မှ လုံခြုံမှာပေါ့"

"ဘာဖြစ်လို့ ဒီနေရာကိုမှ ဝယ်ရတာလဲ၊ ဒီတိုက်ကြီးက ခြံဝယ်ကတည်းက ပါတာလား၊ သူ့စိတ်ကူးနဲ့ ဆောက်တာလား"

"ဝယ်ကတည်းက ပါတာပါ၊ အတွင်းမှာ လေကားရွှေ့တယ်၊ ကျန်တာ နည်းနည်းပါးပါးပြင်တယ်၊ နားနားနေနေ ထိုင်နေဖို့ပြောတာ မရပေမယ့် လူလေးက စကားနည်းတယ်၊ လူစုလူဝေးနဲ့ ကြာကြာမနေတတ်ဘူး၊ သူ ဒီနေရာကို သိပ်ကြိုက်တာ၊ ပြောင်းခဲ့သမျှ နေရာတွေ အများကြီးပဲ၊ ဒီခြံကိုတော့ သူနေတော့မယ်လို့ ပြောတယ်၊ အဲဒါကြောင့် ဘဘ ဂရုစိုက် ပြုပြင်တယ်၊ စောင့်ရှောက်တယ်၊ အားလုံးဟာ သူ့ အိမ်မြဲ



www.burmeseclassic.com

www.burmeseclassic.com



မယ့်အချိန်ကို မျှော်လင့်နေကြတာပဲ၊ ကြိုက်သလို သုံး၊ ဘာတွေကုန်ကုန် ထင်သလိုနေ၊ မှားလာရင် ရှင်းမယ်၊ အချိန်တန် သူ ပြန်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့"

"အားလုံးဆိုတာ ဘယ်သူတွေ ရှိသေးလို့လဲ"

အုပ်ဆိုင်းအေးမြနေသော သစ်ပင်ရိပ်တို့ကို ကြည်နူးနှစ်သက်စွာ အရသာခံလျှောက်ရင်း မကိုငြိမ် ကလည်း မေးသည်။ စိုင်းကြီး ကလည်း ဖြေသည်။ ဖွင့်မပြောမိသေးပေမယ့် နေပြောက်မထိုးသာအောင် ယှက်ဖြာအုပ်မိုးနေသည့် သက်ရင့်ပင်အိုကြီးတွေကို မကိုငြိမ် သဘောကျနေမိသည်။

တောကြီးမျက်မည်းထဲမှာလို ပင်ခြေမှာ ရှုပ်ပွညစ်ပတ်နေတာလည်း မဟုတ်။ သစ်ရွက်ခြောက်တချို့မှလွဲလျှင် မြေသားပကတိက တချို့နေရာတွေမှာဆို သမံတလင်းလို ပြောင်နေတာတွေ ရှိသေးသည်။

မနေ့သျှ လို ခပ်ကြောင်ကြောင်လူ မဖြောနဲ့၊ သူမလည်း ဒီလိုအေးမြနေတာကို နှစ်သက်သည်။ မကိုငြိမ် နောက်မှာ ကျန်နေခဲ့တာကို စိုင်းကြီး က ရပ်စောင့်နေလိုက်၏။

"ဘဘက အခုကျန်ခဲ့တဲ့ မောင်နှမသုံးယောက်ထဲမှာ အငယ်ဆုံးပေါ့၊ လူလေးမှာ ဘကြီးတော်နဲ့ အကြီးတော်တစ်ယောက် ရှိသေးတယ်၊ ကလောမှာလေ ...၊ ဘယ်သူ့မှာမှ သားသမီးမျိုးဆက် မရှိကြဘူး၊ မိဘဘိုးဘွားရဲ့ အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသမျှ အမွေအားလုံး ဒီကလေးပဲ ဆက်ခံရမှာ၊ ဒါကြောင့် သူ့ကို အိမ်ထောင်ပြုစေချင်ကြတာ၊ မျိုးဆက်ပြတ်သွားမှာကို စိုးရိမ်နေကြတာ၊ သူကတော့ ရှာသမျှ ဖွေသမျှ ငွေဖြစ်နေတာလေ၊ အမွေလည်း မမက်ဘူး၊ အိမ်ထောင်ပြုဖို့ကို မျိုးဆက်ထွန်းကားစေချင်တာနဲ့ပတ်သက်ပြီး တိုက်တွန်းရင် မကြိုက်ဘူး၊ သူ့





ကိုယ်သူပဲ အထင်ကြီးနေတဲ့ တစ်ယူသန်စိတ်မှာ ဘယ်လောက် အတ္တကြီးသွားသလဲဆိုရင် သူကလွဲရင် ဘယ်သူ့ကိုမှ အထင်မကြီးဘူးဆိုတာလေ၊ အဲဒီထဲမှာ မိန်းမလည်း ပါတယ်၊ သူ အထင်ကြီးနိုင်တဲ့ မိန်းမမျိုးမှဆိုတော့ အားလုံးလက်လျှော့ပြီး စောင့်ကြည့်နေကြရတာပေါ့"

ပြောနေရင်း မကိုငြိမ် ကို လှည့်ကြည့်၍ စိုင်းကြီး က သွားတွေပေါ်အောင် ပြုံးသည်။

"သူ အထင်ကြီးနိုင်မယ့်မိန်းမဆိုတော့ ဂိုက်ဆိုက်ပုံစံတွေ အမျိုးမျိုးမှန်းပြီး ဘဘတို့က မျှော်လင့်နေတာ၊ သူ လိုချင်ချင် မချင်ချင် နီးစပ်မှုတစ်စုံတစ်ရာကြောင့်ပဲ သူ အိမ်ထောင်ပြုဖြစ်မယ်ဆိုတာ တွက်မိကြတာကိုး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘေးမှာ မစွမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိ ဆိုတာမျိုးတွေ၊ မခြွေခင်က ကြွေပါရစေဆိုပြီး ကမ်းလင့်ချင်ကြတာတွေ အများကြီးရှိနေတာပဲ၊ တကယ်ဖြစ်လာတော့ ဘဘ လုံးဝမထင်မှတ်တဲ့ မိန်းကလေးမျိုး ဖြစ်နေတယ်"

စိုင်းကြီး ရယ်လိုက်တာကို မကိုငြိမ် စိတ်ဆိုးရမည်လား .. ပြုံးလိုက်ရမလား၊ ဘာအဓိပ္ပာယ်ဆိုတာလည်း သိသလိုလိုနှင့် မသိဘဲ ဖြစ်နေပြန်သည်။ နေရာမှာ နှစ်ယောက်လုံး ရပ်လိုက်မိကြပြီး ...

"တကယ်တော့ အားလုံးကို ဟာခနဲ၊ ဟင်ခနဲ ဖြစ်အောင် သူ လုပ်ပြလိုက်တာ သမီးရဲ့၊ လိုချင်တဲ့သူတွေကို မပေးဘူး၊ မလိုချင်ပါဘူးဆိုတဲ့လူကို ဖွတ်ပေးချင်နေတာ၊ သူ့စိတ်ကိုက ဖွဲလုံ့လဝီရိယ သိပ်ကြီးတာ၊ အလွယ်တကူ ဘာရရ၊ ဘယ်လောက်တန်ဖိုးကြီးကြီး သူ မက်မောခဲ့တာမရှိဘူး၊ ခက်ခဲတာကို ဘယ်လိုယူမလဲဆိုတဲ့ လုံ့လစိုက်သေး၊ ဖွဲမလျှော့ဘူး၊ သမီးလေးက သိပ်ကိုချစ်စရာကောင်းတာကို မရမကယူ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ သူ့အကျင့်နဲ့ အချစ်စိတ် ရောမွှေခဲ့တာဟာ ဒီလိုတွေဖြစ်ဖို့ အကြောင်းဖန်လာတာ ထင်တယ်"

"ဟင့်အင်း .. မကိုင့် အဲဒီလို မထင်ပါဘူး"

"ဘာဖြစ်လို့လဲ .."

"သူ့မှာ တကယ်ချစ်တတ်တဲ့နှလုံးသား မရှိဘူး ဘဘ၊ အနိုင်လိုချင်တာ၊ ငါလုပ်ရင် ဖြစ်တယ်၊ ငါလိုချင်ရင် ရတယ်ဆိုတဲ့ မာနအတ္တတွေ ကြီးနေတာ၊ သူတော်လို့၊ သူတတ်လို့ ရရှိအောင်မြင်လာတာတွေကို ကျေနပ်နေတာ .."

စိုင်းကြီးက ခေါင်းညိတ်သည်။

"နည်းနည်းတော့ မှန်တယ်။ ဒါပေမယ့် သူချစ်တတ်ပါတယ်၊ သူ့မှာ အဖေတူအမေကွဲ ညီတစ်ယောက် ရှိသေးတယ်လေ၊ သူ့ကိုတော့ လူလေးက သိပ်ချစ်တာ၊ ဘုန်းစက် ကလည်း သူ့အစ်ကိုကိုတော့ ချစ်တယ်၊ သိပ်တော့မထူးပါဘူး၊ ညီအစ်ကိုနှစ်ယောက်စလုံး ခေါင်းမာတာချင်း တူတယ်၊ နိုင်ငံခြားထွက်သွားလိုက်တာ .. ပြန်မှမလာတော့ဘဲ.."

"ဒါဆို အဖေတူအမေကွဲဆိုတော့ မျိုးဆက်တစ်ယောက် ရှိသေးတယ်လို့ ပြောလို့ရတာပဲ၊ ဘုန်းစက် တဲ့လား"

"ဘုန်းစက်ရှိန်ဝါ၊ အစက လူလေးနာမည်ကလည်း နေသျှံ မဟုတ်ဘူး၊ မင်းစက်အာဏာ လို့ မှည့်ခဲ့တာ၊ ဒီနာမည်က နာမည်ကြီးပြီး လူကိုစီးတယ်လို့ သူ့ဘကြီးတော်တွေက တွက်ပြီး ကလေးကလည်း အရမ်းချူချာတော့ နေသျှံ လို့ ပြောင်းလိုက်ရတယ်"

"မင်းစက်အာဏာ၊ ဘုန်းစက်ရှိန်ဝါ .."

နာမည်နှစ်ခုကိုရွတ်ကြည့်ရင်း တော်တော်ကြီးကျယ်တဲ့အုပ်စုပါ





လားဟု စိတ်ထဲမှ ကြိတ်တွေးလိုက်မိသည်။

"တကယ်တော့ လူလေးက ချစ်တတ်ပါတယ်၊ ငယ်ငယ်ကတည်းက မိဘမဲ့ခဲ့တော့ ကျန်တဲ့လူတွေ ဘယ်လောက်ပဲ ချီပိုး ယုယခဲ့ပေမယ့် သူ့အတွက်ကတော့ မပြည့်စုံခဲ့တဲ့ အထီးကျန်မှုတွေရှိမှာပေါ့၊ လူကြီးတွေချင်း သိပ်မပြေလည်ခဲ့ကြပေမယ့် ဘုန်းစက် နဲ့ သူကတော့ ကြင်နာကြပါတယ်၊ ဘဘတို့ကတော့ အားလုံးအတွက် အဆင်ပြေစေချင်တယ်ကွယ်၊ ဘဘတို့လည်း တားဆီးကြပေမယ့် မရနိုင်လို့ ကြည့်နေခဲ့ရတယ်၊ သမီးလည်း မကြည်ဖြူနိုင်ပေမယ့် ရှောင်လွှဲထွက်သွားဖို့ မဖြစ်နိုင်တော့တဲ့ ရှေ့ရေးနောက်ရေးတွေ ရှိနေတယ်၊ အားလုံးကို စဉ်းစားပါ"

အတူတူ ဆက်လျှောက်ခဲ့ရင်း ရေစပ်စပ်ရှိသော အိုင်ကြီးတစ်ခုနှင့် စည်းရိုးတွေနား ရောက်လာခဲ့၏။

"ဘဘတို့ ပြန်လှည့်ကြရအောင်၊ ဒါ ခြံရဲ့အနောက်ထောင့်ပဲ"

စကားပြောနေစဉ် ကီးကီး ၏အသံလေး ပျာယိပျာယာကို ကြားလိုက်ကြရသည်။

"သမီး .. ဒီမှာ ခဏနေဦး" ဟု ပြောပြီး စိုင်းကြီး က ခပ်သုတ်သုတ် ထွက်သွား၏။

မကိုင့် လိုက်သွားမလို့ ခြေလှမ်းလိုက်ပြီးမှ မလိုက်စေချင်လို့ နေခဲ့ခိုင်းတာများလားဟု တွေးမိပြီး ကိုယ်ရှိန်ပြန်သတ်လိုက်၏။

ပြီးတော့ ပတ်ဝန်းကျင်ကို လိုက်လျှောက်ကြည့်ရင်း ကုက္ကိုပင်ကြီးထက်မှ ပင်နီမှိုလေးထက်သို့ တန်းဆင်းနေသော နွယ်ပင်လေးတွေကို စိတ်ဝင်စားသွားမိသည်။

အဖြူနှင့် ခရမ်းရောင်လေးတွေ ရောနှောနေသည့် ဖွန်ပန်းငုံအရွယ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးတွေကို နွယ်တစ်လျှောက်မှာ အဆုပ်လိုက်အခဲလိုက် ရစ်ပတ်တက်နေကြတာ ဖြစ်၏။

ထို့ပြင် အပင်တစ်ပင်ကတစ်ဖင် နွယ်တက်သွားကာ တစ်ဆုံးတစ်စ တိုးဝင်လျက်ရှိ၏။ ပန်းကလေးတွေကိုမြင်ရတာ ရှားပါးပစ္စည်းတစ်ခုလိုဖြစ်လျက် သေချာကိုင်ကြည့်ချင်စိတ်တွေ ဖြစ်လာခဲ့သည်။

။ သက်ရင့်ပင်အိုကြီးတွေ အများကြီးထဲမှာ ခြံရှေ့မျက်နှာစာ နည်းနည်းလောက်ပဲ ပန်းအလှပင် အနည်းငယ်ရှိသည်။

ဘာပဲဖြစ်ဖြစ် ရှားပါးတာကို မက်မောသလိုဖြစ်မိကာ ဒီပန်းလေးတွေ မွှေးသလား .. မမွှေးဘူးလား၊ ကိုင်ကြည့်ရင် ဘယ်လိုနေမလဲ စသည့် ဆန္ဒတွေ ဖြစ်လာမိ၏။

ပန်းနွယ်ကို လက်လှမ်းကြည့်တော့ မမီ။ နွယ်တစ်လျှောက်ကို နိမ့်တဲ့နေရာထိ တိုးလိုက်သွားရင်း မီလုမီခင်လေးမှာ ခြေဖျားထောက်၍ ဇွေ့ခနဲ ခုန်ဆွဲမိလျှင် ...

"ဟိတ် .. မဆွဲနဲ့"

"အား!..."

တစ်ကိုယ်လုံး ဒုန်းခနဲသံကြီး မြည်သွားကာ ထုံကျဉ်တောင့်တင်းသွား၏။ နောက်ကို ပုံပျက်ပန်းပျက် လဲကျသွားစဉ် တင်ပါးတစ်ဖက်မှာ ရှူးရှနာကျင်သွားခဲ့သည်။

"မိန်းကလေး .."

စိုင်းကြီး အော်သံကို ခပ်လှမ်းလှမ်းမှာ ကြားလိုက်ရပေမယ့် လူရောက်မလာသေးပါ။ မကိုင်ရွှေ နားကို ပြေးလွှားရောက်လာသူက ခနေသျှံ ဖြစ်သည်။





"မကိုင်ရွှေ .."

"အား!... နာတယ်၊ အင်း ..."

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်ပါ။ နွယ်ကို ဆွဲလိုက်မိသည့်လက်မှ ကိုယ်တစ်ခြမ်းလုံး ထုံခဲနာကျင်နေပြီး လှုပ်လို့မရ။ ပြီးတော့ ပေါင်ထိပ်မှာ လှုပ်ဖို့အားယူတာနှင့် နာ၏။

"မင်း .. ဘာဖြစ်သွားလဲ"

"နာတယ်၊ အား .. လက်က လှုပ်လို့မရတော့ဘူး၊ အဲဒါ ဘာကြီးလဲဟင် .."

"ဓာတ်ကြိုးလေ၊ အဲဒါကြောင့် ခြံထဲမဆင်းဖို့ မှာခဲ့တာကို .."

ခနေသျှံ သည် ဖြေလည်း ဖြေ၊ မကိုင်ရွှေ ကို ပွေ့ချီ၍ ထရပ်လိုက်သည်။

"မိန်းကလေး .. ဓာတ်လိုက်သွားသလား၊ ဘာဘ ဟိုနား ခဏသွားလိုက်မိတာ .."

စိုင်းကြီး အပြေးတစ်ပိုင်း ရောက်လာ၏။ ခနေသျှံ မျက်နှာက စိုးရိမ်ခြင်းတွေ ပြည့်သိပ်လျက် စိုင်းကြီး ကို ပြန်ငဲ့ကြည့်ကာ ...

"သူ့ကို ဘာဘ ဘာဖြစ်လို့ ဒီနား ခေါ်လာရတာလဲ၊ ကျွန်တော် သေချာမှာခဲ့ရဲ့သားနဲ့ .."

"ဘဘနဲ့ အတူတူဆိုတော့ ဘာမှမဖြစ်နိုင်ဘူးဆိုပြီးတော့ပါ၊ ဟိုဘက်မှာ ကီးကီး ပြဿနာရှာနေတဲ့ဆီ ခဏလေးသွားမိတုန်း ဖြစ်သွားတာ .."

"ရှင် လူကြီးကို သဟောက်သဟာမ်း မလုပ်ပါနဲ့၊ မကိုင်ရွှေ ဘာသာဖြစ်တာ မမြင်ဘူးလား၊ အား .."

မကိုင်ရွှေ မျက်နှာလေး ရှုံ့မဲ့ညည်းညူ ရန်တွေ့လိုက်လေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မနဲ့သျှံ သည် ဘာမှပြန်ပြောမနေတော့ဘဲ မကိုင်ရှ ကိုပွေ့၍ တိုက်ကြီးဆီသို့ ခြေလှမ်းကျဲကျဲကြီးများနှင့် တောက်လျှောက်သွား၏။

ကီးကီး က နေသျှံ ၏ရှေ့ကနေ ကြိုပြေးသွားပြီး သူ့ပဲ အပေါ်ကို တောက်လျှောက် ပြေးတက်သွားသည်။

မကိုင်ရှ ကို အခန်းထဲအရောက် မွေ့ရာပေါ် ချထားလိုက်ပြီး ...

"ကီးကီး .. တံခါးဝမှာ ငါ့အိတ် သွားသိမ်းထားလိုက် .."

ကီးကီး ခေါင်းလေး မတ်ခနဲ ဖြစ်သွားကာ ချက်ချင်းပြေးထွက်သွား၏။

"ခြေထောက် ဆန့်လိုက်စမ်း၊ ဒီဘက် ..ဒီဘက်အခြမ်း .."

မကိုင်ရှ ညာဘက်ခြေထောက်ကို ဆန့်ထုတ်လိုက်ပြီး အ,ခနဲ အော်၍ တွန့်သွား၏။

"နာတယ်၊ ခြေထောက်က နောက်ပြန်လဲကျလိုက်တော့ ကျောက်တုံးပေါ် ကျသွားသလား မသိဘူး"

"လက်ကရော .."

"အောင့်သက်သက်ကြီး ..၊ လှုပ်လို့မရဘူး"

မကိုင်ရှ က တံတောင်ဆစ်ကို ကွေးဆန့်ပြဖို့အတွက် ရှုံ့မဲ့မဲ့လေး ဖြစ်နေဆဲ ...

"ချလိုက် .."

"အမလေး .."

မနေသျှံ က ဖိုးဖိုးဇတ်ဇတ် ဆွဲယူပြီး လက်ကောက်ဝတ်ကို ဖိဆုပ်ထား၍ တံတောင်ဆစ်ထဲကို နှိပ်ပစ်လိုက်သည်။

"သေပြီ .. အား .."





နာလွန်းသဖြင့် မျက်ရည်လေးတွေ ပြည့်ဝိုင်းသွားကာ မကိုင်ရှ သူ့လက်မောင်းကို ထုပစ်လိုက်မိသည်။

"ရှင် .. ရှင်ကြီး လူကို မစာမနာ၊ သေပါပြီ .."

မနေသျှံ က မျက်မှောင်ကုတ်၍ ကြည့်သည်။ စိတ်မရှည်သည့် နှုတ်ခမ်းက မဲ့ခနဲဖြစ်လျက် ...

"မစာနာလို့ မင်း ကိုယ့်ကို အခု ထုနိုင်သွားပြီ မဟုတ်လား"

မကိုင်ရှ ကြောင်သွားသည်။ ကိုယ့်လက်ကို ပြန်ငုံ့ကြည့်ပြီး မော့လိုက်တော့ နေသျှံ က ပြုံး၍ ...

"မသေချာဘူးထင်ရင် ထပ်ထုကြည့်လေ၊ ကိုယ့်ပေါင်ကို .."

သူ့ကိုတော့ မထုနဲ့တော့လို့ ပြောလိုက်တာလား။ ဟွန်း .. ထုချင်လွန်းလို့ ..၊ မကိုင်ရှ အသံတိတ် မဲ့ပစ်လိုက်ရင်း ခြေထောက်ကနာတော့ ပိုမဲ့သွား၏။

"လူလေး .. ဒီမှာ လိမ်းဆေးနဲ့ပတ်တီး၊ ဘာလိုဦးမလဲ"

စိုင်းကြီး က မကိုင်ရှ နဲ့ မနေသျှံ မေးဖြေနေပြီးမှ လိုမယ်ထင်တာတွေကို ယူပေးခြင်းဖြစ်၏။ မနေသျှံ က ခပ်စောင်းစောင်း လှည့်ကြည့်ကာ...

"ရပြီ စိုင်းကြီး၊ ဘာဖြစ်သွားမှန်း မသိသေးဘူး"

ဟု ပြောကာ သူ့မ ဘက်လှည့်၍ ...

"ဒူးကို ချလိုက်၊ မင်း ပက်လက်နေ .."

"အို .. ပက်လက်ကြီး နေစရာလား၊ ဘာလုပ်မလို့လဲ .. ရှင်က ဆရာဝန်မို့လို့လား"

ဆက်တိုက်မေးကာ ပက်လက်နေပါဆိုမှ ထထိုင်ဖို့ ကြိုးစားနေသေးသည်။ စိုင်းကြီး က နောက်ဆုတ်ရပ်ကြည့်နေရာမှ အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"မကိုင်ရှ် .."

"ဘာလဲ .."

"မင်း ရောဂါဖြစ်နေလို့ လိုအပ်လို့ ပြောနေတာ၊ ဒုက္ခိတဖြစ်သွားချင်လို့လား"

"ဘာမှမဖြစ်ဘူး၊ လဲတာနဲ့ပဲ ဒုက္ခိတဖြစ်နေရင် အိမ်မှာ မကိုင်ရှ် သစ်ပင်ပေါ်က ပြုတ်ကျတိုင်း ဆေးရုံကတောင် ဆင်းရမှာမဟုတ်ဘူး"

"မင်း တော်တော်ခက်ပါလား"

"အမေ့!..."

မနေသျှံ သည် မပြောမဆိုနှင့် မကိုင်ရှ် ကို ပွေ့လိုက်ပြီး ကြမ်းပြင်ပေါ်မှာ ချပေးလိုက်သည်။

"ရှင် ဘာလုပ် .. အား!..."

သူ့လက်လွှတ်၍ နောက်ဆုတ်ရပ်လိုက်တာနှင့် မကိုင်ရှ် ဘယ်လိုမှ ထောက်ရပ်မနေနိုင်။ နာကျင်သွားကာ အလန့်တကြား သူ့ရင်ဘတ်ကို ဖမ်းဆွဲရင်း ခွေခနဲ ကျသွားလေသည်။

မနေသျှံ က မြန်သည်။ မကိုင်ရှ် ပုံကျမသွားမီ ဖမ်းဆွဲထားလိုက်ပြီး မွေ့ရာပေါ် သာသာလေး ပြန်တင်ပေး၏။

"သိပြီလား .. မင်းက လက်တွေ့ပြမှ သိမှာမို့လို့ ပြလိုက်ရတာ၊ တော်တော် အရသာရှိသွားလား"

မကိုင်ရှ် မျက်ရည်တွေ တလိမ့်လိမ့် ဆင်းကျလာလေသည်။ လက်တွေ့ပြမှ သိမှာမို့လို့တဲ့။ အသည်းခိုက်အောင် နာကျင်သွားသည့်ဝေဒနာကို ကိုယ်ပဲ ခံစားလိုက်ရတာ ...။ ဆေးမကုချင်ပါဘူးဆိုတာ မကုနဲ့ပေါ့။





သူများ ခံစားရတာကို ပြက်ရယ်ပြုပြီးမှ လက်ပိုက်ရယ်ချင်တဲ့ယောကျ်ား...။

ငယ်ငယ်တုန်းက ဘွား ပြောဖူးသည်။

"မြေးရဲ့ ဖေဖေနဲ့ဘိုးဘိုး သိပ်မတည့်ကြတာ သိလား၊ မြေး ငယ်ငယ်က သိပ်ဆိုးတာ၊ ဒီ့ထက်အဆပေါင်းများစွာပဲကွယ် .. တကယ်၊ လေးဖက်တွားသွားတဲ့အရွယ်ကတည်းက ဆွဲလေ ရှေ့တိုးလေ၊ မလုပ်နဲ့တားလေ ဖွတ်လုပ်လေ၊ ဘွားတို့ကတော့ မြေးဦးလေးဆိုတော့ တုန်နေကြတာကိုး၊ နောက်ကနေ အင်္ကျီစလေးဆွဲထားရင် ကလေးက ဖွတ်တိုးတော့ အင်္ကျီစနဲ့တင်းပြီး အသားလေးတွေနာမှာစိုးလို့ လျှော့ပေးရ၊ ရှေ့မှာ အန္တရာယ်ရှိနေတာကို ပြေးဆွဲ၊ ပြေးဖမ်းပေါ့၊ မြေးရဲ့ဖေဖေက ဒီလိုမဟုတ်ဘူး ...၊

မဆွဲနဲ့ မေမေ .. ကြည့်ထားလိုက်၊ ကလေးလည်း မှတ်တတ်နေပါပြီ၊ ဒါ လုပ်လို့ ဒီလိုဖြစ်မှန်းသိ နောက်မလုပ်တော့ဘူး တဲ့၊ အဲဒီလိုတွေ ပြောတတ်တော့ သမက်နဲ့ယောက္ခမ သိပ်မတည့်တော့ဘူး၊ နောက်ပြီး မြေးက မီးခြစ်ခြစ်နေရင် သိပ်သဘောကျတာ၊ မီးကို လိုက်ဆွဲတယ်၊ မီးငြိမ်းပစ်ရင် အော်ငိုပါလေရော၊ အဲဒါကို ချော့မရတာ၊ မြေးရဲ့ဖေဖေက ရော့ .. ကိုင်စမ်း ဆိုပြီး မီးတောက်ကို ရှေ့မှာ ခြစ်ပေးတယ်လေ၊ ကလေးက သိမှမသိတာ .. ဆွဲလိုက်တာပေါ့၊ လက်ဖဝါးလေး အပူလောင်ပြီး သည်းသည်းလှုပ်လည်း ထငိုရော .. မြေးရဲ့ဘိုးဘိုးနဲ့ ဖေဖေ စကားတွေ များကုန်ကြတာ .. ဘာပြောကောင်းမလဲ၊ တကယ်တော့ မိဘပဲကွယ် .. ဖြစ်စေချင်လို့တော့ ဘယ်ဟုတ်မလဲ၊ အယူအဆ၊ ခံယူချက်ချင်း မတူကြတာပါ၊ တစ်ယောက်က ကိုယ့်စေတနာ၊ ကိုယ့်ရဲ့ပေးဆပ်မှုကို တည့်တည့် မြင်စေချင်တယ်၊ များများ ပေးချင်တယ်၊ တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ကိုယ့်ဘက်က ဘယ်လောက်ပုံပေးပေး သူ လက်ခံချင်သလောက်ပဲ ယူပါစေဆိုပြီး တစိမ့်စိမ့်၊ တရေးရေး သိမြင်လာတာကိုပဲ ကျေနပ်နေတယ်၊ ဒါပါပဲ"

မကိုင်၌ အံလေးကြိတ် တွေးရင်း မျက်ရည်တွေ ထပ်မကျမိအောင် ထိန်းနေ၏။ ဘိုးဘိုးက နူးညံ့သည်၊ တယုတယ ချိုပိုးထိန်းကျောင်းလို့သူ။

ဖေဖေက စိတ်မြန်သည်။ စေတနာမေတ္တာ ထားတာတောင် လောဘကြီးတဲ့သူ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မကိုင်၌ ကို ချစ်ကြတာပါ။

နေသျှံ ဆိုသည့်လူကတော့ ဘယ်အမျိုးအစားထဲမှာမှ မပါနိုင်တာ သေချာသိနေသည်။ သူတော်တာ၊ သူတတ်တာကိုပဲ ကြွားဝါအနိုင်ယူချင်သည့်သူ ..။ ဘယ်သူဘာဖြစ်ဖြစ်၊ ဘယ်လိုနေနေ ..။

"ဟိတ် .. မျက်ရည်တွေ ကျကုန်ပြီလား၊ ဆောရီး ... မင်း သိပ်နာသွားလား၊ ဆေးစည်းဖို့ကို ပြောမရဆိုမရဖြစ်နေမှာစိုးလို့ စေတနာနဲ့ပါ"

"မလိုဘူး .. မကိုင်၌ မထနိုင်လည်း ဖြစ်သလို ထုပ်ပိုးချည်နှောင်ပြီး ဘိုးဘိုးတို့ဆီ ပြန်ပို့ပေးလိုက်၊ ရှင့်ကို ဒုက္ခပေးဖို့ ပတ်ချွဲနှပ်ချွဲ လုပ်နေတယ် မထင်နဲ့"

"ဘာတွေ ဒေါကန်နေတာလဲကွ၊ ဒီလောက် စိုးရိမ်တကြီးဖြစ်နေတဲ့လူကို မသိတတ်ဆိုးရွားလိုက်တာ၊ ဒီမှာ .. မင်း ခုနေ သေသွားရင်တောင် မပုပ်မသိုးအောင် ဆေးနဲ့စီရင်ပြီး ကိုယ်က အလှထိုင်ကြည့်နေဦးမှာ၊ ထုပ်ပိုး ပြန်ပို့စရာလား .."

မကိုင်၌ မျက်ရည်ဝေ့ဝဲ့နှင့် မျက်စောင်းရှယ်ပြီး လှည့်ကြည့်သည်။ နေသျှံ က ရယ်လိုက်ပြီး မကိုင်၌ ဘေးမှာ ဝင်ထိုင်၏။

"မျက်ရည်တွေ သုတ်လိုက်ဦး၊ ယောကျ်ားတွေ ကိုယ်ချစ်တဲ့မိန်း





ကလေး ကိုယ့်ရှေ့မှာ မျက်ရည်ကျရင် ထိုင်ကြည့်နေတတ်တာမဟုတ်ဘူး"

မကိုင်၌ မျက်နှာ ဆတ်ခနဲ လှည့်ပစ်သည်။ ဟိုဘက်လှည့်ပြီးမှ မျက်ရည်သုတ်တော့ နေသျှံ က ပြုံးလိုက်၏။

မကိုင်၌ ခြေထောက်ကို သူ့ဟာသူပဲ အသာလေး ဆွဲဆန့်ပြီး ...

"ထဘီ နည်းနည်းလှန်ပေး .."

"ဘာ!..."

"ပြဿနာပဲကွာ .. မင်းနဲ့ကိုယ် အမေမွှေတွေဖြစ်ကုန်တော့မယ် ထင်တယ်"

"ရှင်နော် ..၊ ဒီမှာ ထဘီမှမဟုတ်တာ၊ ဘယ်လိုလုပ် လှန်မလဲ.."

"မလှန်လို့ မရဘူး၊ မင်း .. ကျွတ်!.."

သူ နေရာမှ ထရပ်လိုက်သည်။ မကိုင်၌ အတွက် ဗီရိုကို သူကိုယ်တိုင်သွားဖွင့်ပြီး အထည်တွေကို ဖြစ်သလို ဆွဲချ၏။

ထိုထဲမှ အနက်ပြောင်စကတ်ကားကားလေးကိုမြင်တော့ သူ ကောက်ယူသည်။ ဒီအထည်တွေထဲမှာ သူကိုယ်တိုင်ဝယ်တာ မဟုတ်ပေမယ့် ဝယ်လာပေးသည့်လူက သူ့ကို ပြထားခဲ့ပြီးသားမို့ သူ သိနေ၏။

မွေ့ရာဆီပြန်လျှောက်လာပြီး စကတ်လေးကို ပစ်ချပေးကာ ...

"ရော့ .. မင်းလဲဖို့ အဆင်ပြေလား၊ မပြေရင် .."

"ရှင် .. ဘာစကားပြောတာလဲ"

မနေသျှံ က မျက်ခုံးပင့်ကြည့်ပြီးမှ ရယ်ချင်သည့်မျက်နှာနှင့် ပြုံးယောင်သမ်းသွားကာ ...

"မင်း ထဖို့၊ ကြွဖို့ ခက်ခဲမှာစိုးလို့ပြောတာ၊ ဘာဖြစ်လို့လဲ၊ မင်း ကိုယ့်မိန်းမပဲ၊ ဒါမှမဟုတ်ရင် လူနာနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုယ်ရှင် ဆရာဝန်ဂိုက်ဆိုက်ကြီးနဲ့ပါလား၊ အထဲမှာဖြစ်တာ အရိုး၊ အကြော ဘာတွေဖြစ်သွားလဲ၊ ရှင်က ဘယ်လောက်သိလို့လဲ"

ခနသျှံ က ခါးနှစ်ဖက်ထောက်၍ ခပ်ယဲ့ယဲ့ပြုံးနေသည်။

"ဘာလဲ .. ဒေါက်တာရမ်းကု လား"

"ရမ်းပဲကုကု၊ မှန်းပဲကုကု မင်း သက်သာဖို့လုပ်ပေးတာကို အေးဆေး နာခံရမှာပေါ့၊ တစ်အောင့်ကြာရင် ကိုယ် ဝင်လာမယ်"

သူ ထွက်သွားတော့ မဖြစ်မနေ လဲရတော့မည်ကို သိလိုက်၏။ နာလို့လည်း ငိုချင်သည်။ သူခိုင်းတာ လုပ်နေရတာကိုလည်း မခံရပ်နိုင်..။

လှုပ်ရှားလိုက်တော့ အနာနည်းနည်းရှိနေသေးသည်မှလွဲ၍ လက်တစ်ဖက်က သက်သာနေတာကို သတိထားမိလိုက်သည်။

ဒီလူက ဘာလဲ ..၊ ဆရာဝန်လား။ ခုမှတွေးမိသည့် ကိုယ့်အဖြစ်ကို ဒေါသဖြစ်မိ၏။ ဆရာဝန်မဖြစ်နိုင်ဘူးလို့ ခေါင်းခါမိသော်လည်း ဖြစ်နိုင်သလားဟု တွေးနေမိတာက ပျောက်မသွားပေ ..။

ပြီးတော့ 'မြမျိုးမြင့်မာန်'..၊ စိုင်းကြီး ပြောသွားတာတွေကို ပြန်သတိရ၏။ ဒီလူတွေဟာ ဘယ်လိုလူမျိုးတွေလဲ ..။

***ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန် ...။***

**ပရိသတ်အတွက်**
**ထာဝရ**



www.burmeseclassic.com